www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဦးမထိပါဒေဟုံ

စိစဉ်သူ
ပိုးနဲ့အိ

# အောင်ဇင်

# နတ်ပန်း နှင့် လက်သန်း

ဒုတိယအကြိမ်

စာမူခွင့်ပြုချက်အမှတ်–၁၂၅၇ /၂၀၀၄(၁၀)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂၄၁ /၂၀၀၄(၁၁)၊ ဒုတိယအကြိမ်–၂၀၀၅ခု၊ ဇန်နဝါရီလ၊ အုပ်ရေ–၅၀၀၊ တန်ဖိုး–၆၅၀၊မျက်နှာဖုံးပန်းချီ မောင်မောင်သိုက်၊ ကာလစွဲ–စိန်နဂါး၊ စာအုပ်ချုပ်–မောင်မောင်၊ဦးခင်မောင်သိန်းဆွေ (၀၇၄၇)၊ သလ္လဝတီစာပေ ၂၄၀၊ အခန်း (၃) ဓေယျာသုခလမ်း၊ ၂၅ရပ်ကွက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့မှထုတ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇) ပြည်ဦးအောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

အမှတ်–၁၉ /၂၁၊ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

အခန်း(၁)

အချိန်ကား အင်္ဂလိပ်နယ်ချဲ့များ မြန်မာပြည်ကို **အုပ်စိုး**နေသော ကိုလိုနီခေတ်ဖြစ်သည်။

နေရာကား မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်း၏ တောင်ဘက်အစွန်ဆုံးမြို့နယ်ဖြစ်သော လပွတ္တာမြို့နယ်အတွင်းမှ ပြင်စလူဟူသော ရွာတွင် ဖြစ်ပါသည်။

ပြင်စလူရွာသည်ကား ပြင်စလူမြစ်ပေါ် မေးတင်ပြီး ပင်လယ်ကို လှမ်းမြင်ရသော ရွာဖြစ်သည်။ ပြင်စလူရွာသည် ပြင်စလူမြစ်ကို အမှီသဟဲပြုပြီး ပြင်စလူရွာဟု ခေါ်သလား၊ ပြင်စလူရွာကို အကြောင်းပြုပြီး ပြင်စလူမြစ်ဟု ခေါ်သလားဟု ရှေးလူကြီးများသာ ဖြေပေးလိမ့်မည်။

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com



ယခုအခါ၌ကား ပြင်စလူမြစ်နှင့် ပြာမလေ့မြစ်အကြား ကျွန်းဆွယ်ကြီးလိုလို၊ ကျွန်းလိုလို နေရာတွင် ရွာတည်ထားခြင်း ဖြစ်သည်။ အချို့ကမူ ကျွန်းဟု ခေါ်ကြသည်။

ပြင်စလူရွာသည် အိမ်ခြေနှစ်ရာခန့်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပြီး အထိုက်အလျောက် စည်ကားနာမည်ကြီးသော ရွာဖြစ်သော်လည်း သူကြီးအုပ်ချုပ်သော ရွာကား မဟုတ်ပေ။

ပြင်စလူရွာကို တယ်ပင်ကိုင်းသူကြီးက အုပ်ချုပ်ထားသည်။ ပြင်စလူရွာ၌ ရွာခေါင်းခေါ် သူကြီးလက်အောက်ခံ လူကြီးသာ ရှိလေသည်။

ပြင်စလူရွာတွင် လယ်ယာ လုပ်ကိုင်စားသောက်သူများနှင့် ပင်လယ်ထွက် ငါးရှာ၊ ငါးခြောက်လှန်း၊ သမ္ဗန်ထောင်၊ နဝလီလိုက်သူများ နေထိုင်ကြသည်။

ထိုရွာ၏ ရွာနီးချုပ်စပ်၌ စလူဆိပ်၊ အိုင်မတ်၊ အမတ်ကလေးဟူသော မြန်မာရွာများရှိသလို ကရင်လူမျိုးများ အများစု နေထိုင်သော အမတ်ကြီး၊ ကွင်းယား၊ ကုန်းကြီးနှင့် နံ့သာဟူသော ရွာများလည်း ရှိလေသည်။

ထိုရွာကြီး၏ မြောက်ပိုင်းတွင် နာမည်အလွန်ထူးဆန်းသော နတ်ပန်းနှင့် လက်သန်းဟူသော လူငယ်ကလေးနှစ်ယောက် ရှိလေသည်။ နတ်ပန်းနှင့် လက်သန်းမှာ ညီအစ်ကို ဖြစ်သည်။ ထိုခေတ်အခါက စကားတိုင်းဆိုသော ဒွေးညီနောင်ဟု ဆိုကြရပေလိမ့်မည်။





သို့သော် နောက်ပိုင်း သူတို့ကြီးပြင်းလာသောအခါတွင်မူ သူတို့ညီအစ်ကိုနှစ်ယောက်ကို ပြင်စလူရွာသားများက ဒွေးညီနောင်ဟု မခေါ်ဘဲ ခွေးညီနောင်ဟု ခေါ်ကြလေသည်။

ငယ်စဉ်က ဒွေးညီနောင်ကြီးတော့ ခွေးညီနောင် ဖြစ်လာသော ထိုညီအစ်ကိုနှစ်ယောက်တွင် နတ်ပန်းက အကြီး၊ လက်သန်းက အငယ်။ သူတို့ညီအစ်ကိုနှစ်ယောက်သည် အသက်တစ်နှစ်သာ ခြားသည်။

နတ်ပန်းက ဆယ့်ခြောက်နှစ်။ လက်သန်းက ဆယ့်ငါးနှစ်။ နတ်ပန်းနှင့် လက်သန်းတို့သည် တစ်အူတုံဆင်း ညီရင်းအစ်ကို ဖြစ်ကြသော်လည်း အကြောင်းမသိသူများကမူ သူတို့နှစ်ယောက်သည် ညီအစ်ကိုအရင်းဟု ဘုရားစူးကျိန်ပြောရလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်သည် ရုပ်ရည်ခြင်း အလွန်ကွာခြားသောကြောင့် ဖြစ်သည်။ နတ်ပန်းသည် အသားညိုညို၊ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် ဖြစ်သည်။

နတ်ပန်း၏ သူငယ်ချင်းအပေါင်းအသင်းများက သူ့ကို ဗလကြီး၊ ဘီလူးကြီး၊ ကျွဲပေါက်ကြီးဟု ခေါ်ရလောက်အောင် ကာယဗလ ထွားကျိုင်းပြီး အရပ်ကြီးက မိုးထိုးနေလေသည်။

နတ်ပန်းမှာ ရုပ်ရည်မှာလည်း တင့်တယ်လှသူ မဟုတ်ပေ။ မျက်လုံးပြူး၊ နဖူးမောက်၊ နှာခေါင်းပွပွ၊ နှုတ်ခမ်းတွဲတွဲနှင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်း စကားပြောလျှင် ရယ်မောလျှင် အလွန်ကျယ်၏။ နတ်ပန်း၏ အသံကျယ်မှုကြောင့် သူ့အသံကို ပတ်မကြီးသော၌ ဝင်စားသောအသံဟု ပြောကြသည်။

နတ်ပန်း စိတ်ကောင်းဝင်နေလျှင် အသံက ကျယ်ကျယ်ဩဇာပါပါ စကားပြောတတ်သည်။ ဖွယ်ဖွယ်ရာရာလည်း ရှိ၏။ အာဝဇ္ဇန်းကလည်း ကောင်းသည်။

နတ်ပန်းသည် အပေါင်းအသင်းနည်းသော်လည်း စကားပြောလျှင် အချက်လည်းကျ၊ တရားလည်းထက်၊ ယုတ္တိလည်းရှိ၊ တန်ဖိုးရှိစွာ ပြောတတ်သည်။

သူ စိတ်ဆိုးနေလျှင်ကား ထုတ်ထိုးအိုးပေါက်သာ ပြောတတ်သည်။ ဘုတောတတ်သည်။ ခွကလန့် လုပ်တတ်သည်။ နတ်ပန်းသည် စိတ်ရင်းကောင်းသည်ဟု ပြင်စလူရွာသားများက ဆိုကြသည်။

နတ်ပန်း၏ညီ လက်သန်းကား နတ်ပန်းနှင့် လုံးဝမတူပေ။

နတ်ပန်းနှင့် လက်သန်းတို့အမေ ဒေါ်ဒွေးလှသည် ပထမဆုံးသားဖြစ်သော နတ်ပန်းကို ရုပ်ဆိုးစွာ မွေးဖွားခဲ့သည်ကို မခံချင်သောကြောင့်လား ဟူ၍လားမသိ။ လက်သန်းကိုကား ရုပ်ရည်တင့်တယ်စွာ မွေးဖွားခဲ့လေသည်။

အငယ်ကောင် လက်သန်းကား ဖြူဖြူနွဲ့နွဲ့၊ အရပ်ပုပုနှင့် လှပုံချောဖြစ်သည်။ နတ်ပန်း ရုပ်ဆိုးသလောက် လက်သန်းက ရုပ်





ရည်ဟန်ပန် အမူအရာ အလွန်ကြည့်ကောင်းသည်။

ပြင်စလူရွာရှိ ကာလသားများက လက်သန်းကို မင်းသားပေါက်စဟုပင် ခေါ်ကြသည်။

အချို့က လက်သန်းကို စိန်လက်သန်းဟု ခေါ်ကြသည်။ စိန်လက်သန်းဟူသော နာမည်သည် မင်းသားလား ဆိုင်းဆရာလား သူတို့ သိပုံမပေါ်။

လက်သန်းသည် ရုပ်ရည်ချောမောရုံမျှမက အဝတ်အစားကိုလည်း ကြည့်ကောင်းအောင် ဝတ်ဆင်ထားသည်။ ပြင်စလူရွာတွင် အလွန်ဟန်ပန်ကောင်းသည်။

ဖိုးရွှေဝဟူသော အဘိုးကြီးပုဆိုးဝတ်လျှင် ခါးပုံစကို သေချာကျန လှလှပပချတတ်သည်။ ထိုဖိုးရွှေဝ ခါးပုံစချပုံ လှသဖြင့် ပြင်စလူတွင် ဖိုးရွှေဝ ခါးပုံစဟုပင် ခေါ်ကြရသည်။ လက်သန်းသည် ဖိုးရွှေဝခါးပုံစကို မီအောင် ချနိုင်သူ ဖြစ်သည်။ လက်သန်းသည် ရုပ်လှရုံသာမက စကားပြောပါ ကောင်းသူ ဖြစ်သည်။

စကားပြောလျှင် လေအေးအေးနှင့် ချိုချိုသာသာ ပြောတတ်သည်။ အချို့ကလည်း လက်သန်းသည် အောက်လေနှင့် ခွပ်တတ်သည်ဟု ဆိုသည်။

လက်သန်းသည် သူငယ်ချင်းများ စိတ်ဝင်စားအောင် ပုံပြင်တိုပတ်စလေးများနှင့်လည်း ပြောတတ်သည်။ ရယ်စရာ မောစရာ ဟာသနှော၍လည်း ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဖြစ်သူ နတ်ပန်းသည် အိုးတိုးအတနှင့် ရှိသလောက် လက်သန်းက လူရည်လည်သည်။

ရွာသားများက နတ်ပန်းကို လူရိုးလူအဟု ဆိုကြပြီး လက်သန်းကိုမူ လူလည်ဟုပင် ထင်ကြသည်။ မှန်တော့လည်း မှန်သည်။

နတ်ပန်းမှာ လူလားမြောက်ချိန်မှစပြီး ဘုန်းကြီးကျောင်းတွင် စာသင်ရာ ပရိတ်ကြီး၊ သဂြိုဟ်၊ နာမကာရ၊ အတွင်းအောင်ချင်း၊ အပြင်အောင်ချင်း တက်ပြီးကတည်းက ကျောင်းမှထွက်ကာ မိဘတို့၏လယ်လုပ်ငန်းတွင် ဝိုင်းကူသည်။ နွားလည်း အငှားကျောင်းသည်။

မြင်စလူ၊ စလူဆိပ်၊ တယ်ပင်ကိုင်းရွာတို့မှ နွားများကို စပါးငါးတင်းနှင့် နတ်ပန်း နွားကျောင်းပေးသည်။

လက်သန်းကမူ ပရိတ်ကြီးတို့၊ သဂြိုဟ်တို့ တက်ပြီးသော်လည်း ဘုန်းကြီးကျောင်းတွင်ပင် ဆက်နေနေသည်။

လက်သန်းက ပရိယတ္တိတက်လိုက်ဖြီး စာသင်တော့မယောင်ယောင်။ မြို့သို့တက်ပြီး အင်္ဂလိပ်ကျောင်းသား လုပ်တော့မယောင်ယောင်နှင့် အိမ်က အလုပ်ကို ဝိုင်းကူမလုပ်။ ဘုန်းကြီးကျောင်းတွင်ပင် သက်သာရာခိုနေသည်။

လက်သန်း ယောင်သုံးဆယ် လုပ်နေသည်ကို မိဘများက သဘောမကျ။ သူတို့နှင့်အတူ ဒိုးတူဘောင်ဖက် လယ်ယာလုပ်စေချင်သည်။ လယ်မလုပ်ချင်လျှင်လည်း သားငါးရှာစေချင်သည်။





နတ်ပန်းကမူ သူ့ညီ စာသင်ချင်လျှင် သင်ပါစေဟု ဆိုကာ အိမ်အလုပ်များကို သူကသာ ဒိုင်ခံလုပ်ပေးနေသည်။

သူတို့ညီအစ်ကိုနှစ်ယောက်၏ဖခင် ဦးသိုင်းက စိတ်မြန်သူပီပီ လက်သန်း လူလည်ကျနေပုံကို နွားရိုက်နှင်တံနှင့် သွားရိုက်မည်တကဲကဲ လုပ်နေသည်။ မိခင်ဖြစ်သူ ဒေါ်ဒွေးလှက ကာဆီးကာဆီး လုပ်နေ၍ ဦးသိုင်း မရိုက်ဖြစ်။

ဒေါ်ဒွေးလှက နတ်ပန်းတစ်ယောက်တည်း ပင်ပန်းနေသည်ကို သိသော်လည်း ရှင်ပြုပြီးချိန်တွင် လက်သန်းသည် သာသနာ၌ ပျော်ပိုက်ပါက ရဟန်းသာမဏေဘဝနှင့် ဆက်နေစေချင်သည်။

ယခု နတ်ပန်းက ဆယ့်ခြောက်နှစ်၊ လက်သန်း ဆယ့်ငါးနှစ်အရွယ်သို့ ရောက်နေသည့်တိုင်အောင် သူတို့ညီအစ်ကို နှစ်ယောက်ကို ဦးသိုင်းနှင့် ဒေါ်ဒွေးလှတို့က သင်္ကန်းဆီးမပေးနိုင်သေးပေ။ ထိုသို့ သင်္ကန်းဆီးမပေးနိုင်သဖြင့် လက်သန်းသည် ဘုန်းကြီးကျောင်းသို့သွားပြီး ပရိယတ္တိပညာများကို ဆည်းပူးနေသည်ဟု ဒေါ်ဒွေးလှထင်ပြီး စိတ်မကောင်းပေ။

သားကိုလည်း ဒေါ်ဒွေးလှသည် အပြစ်မပြောရက်ရှာပေ။

ထိုအခါ ဒေါ်ဒွေးလှသည် သားနှစ်ယောက်ကို ရှင်ပြုပေးရန်အတွက် ခင်ပွန်းဖြစ်သူ ဦးသိုင်းအား နားပူနားဆာ လုပ်ရတော့သည်။ စင်စစ် ဦးသိုင်းနှင့် ဒေါ်ဒွေးလှတို့မှာ ချမ်းသာကြသည် မဟုတ်။

ဒေါ်ဒွေးလှ အမွေရသော လယ်တစ်တုံးထွန်ကလေးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ခြစ်ချုပ်ချုပ်နှင့် လုပ်ကိုင်စားသောက်နေရသည်။

လယ်ကောင်းသောနှစ်တွင် မရှိမရှားကလေး စားသုံးနေရသော်လည်း ရေကြီးသောနှစ် မိုးမမှန်သောနှစ်များတွင်မူ စပါးအထွက်နည်း၍ အလွန်ပင်ပမ်းကြသည်။

ပြင်စလူမှာကား လယ်တစ်မျိုးတည်း ခေါမဦးချ လုပ်နေ၍ စီးပွားမဖြစ်ထွန်းပေ။ မိုးတွင် လယ်လုပ်ပြီး နွေဘက်တွင် လှေတစ်စီးနှင့် ပင်လယ်ခရီးတွင် ငါးရှာထွက်၍ စီးပွားရေးရှာနိုင်သည်။

ဦးသိုင်းကမူ လယ်မှတစ်ပါး ဘာကိုမှ မလုပ်တတ်။

ဒေါ်ဒွေးလှက သူများတွေလို ငါးရှာဖားရှာ ထွက်ရန် တိုက်တွန်းသော်လည်း ဦးသိုင်းက

''မိလှရေ ငါ့ကို ဒီအကုသိုလ်အလုပ်တွေ မခိုင်းပါနဲ့''

ဟု ပြောဆိုပြီး ငြင်းဆန်လေ့ ရှိသည်။

ဒေါ်ဒွေးလှက ဦးသိုင်း ပျင်းရိသဖြင့် သူတို့မိသားစု နွမ်းပါးရသည်ဟု ထင်သည်။ အမှန်မှာ ဦးသိုင်းသည် အညာသားပီပီ ပင်လယ်ကို ကြောက်သည်။

ငါးရှာ၊ ဖားရှာရန် ဦးသိုင်း ပင်လယ်ထဲသို့ မထွက်ရဲပေ။

ဦးသိုင်းသည် ပြင်စလူရွာသား ဇာတိမဟုတ်။

ပဝတ္တိသာ ဖြစ်သည်။ ဦးသိုင်း၏ ဇာတိကို မည်သူမျှမသိ။

ဒေါ်ဒွေးလှပင် မသိ။ ဦးသိုင်းကလည်း မည်သူ့ကိုမျှ သူ့အကြောင်း ပြောသည်မဟုတ်။





ဒေါ်ဒွေးလှသည် ငယ်စဉ်က ရုပ်ရည်ချောမောသည်။ ပြင်စလူကွမ်းတောင်ကိုင် ဖြစ်ခဲ့သည်။

ပြင်စလူရွာတွင် ဒေါ်ဒွေးလှကို ပိုးပန်းသူ အတော်များခဲ့သည်။ သို့သော် ဒေါ်ဒွေးလှသည် မြောင်းမြရှိ ဆေးလိပ်ထောင်သော အဒေါ်တစ်ယောက်အိမ်တွင်သာ အနေများသည်။ ပြင်စလူရွာ၌ အနေနည်းသည်။

ဒေါ်ဒွေးလှ ရွာပြန်ရောက်လာသောအခါ သူ့ယောကျ်ား ဦးသိုင်းပါ ပြန်ပါလာသည်။

ဖြစ်ပုံမှာ ဒေါ်ဒွေးလှ၏အဒေါ် ဆေးလိပ်ခုံပိုင်ရှင် အဒေါ်ကြီးသည် နတ်ယုံကြည်သူ ဖြစ်ပြီး၊ ပိုက်ဆံကလည်း ရှိသဖြင့် နှစ်စဉ်တောင်ပြုံးပွဲ၊ ပခန်းပွဲသို့ သွားလေ့ရှိသည်။

ထိုဆေးလိပ်ပိုင်ရှင် အဒေါ်ကြီးနှင့်အတူ လိုက်သွားရင်း အညာသား ဦးသိုင်းနှင့် အကြောင်းပါခဲ့ခြင်း ဖြစ်သည်။

ဦးသိုင်းလို ပိုက်ဆံခြုံးတစ်ပြားသားမှ မရှိသော ခွကျကျ အညာသားကို ဒေါ်ဒွေးလှ ယူခဲ့ရပါမည်လောဟု ပြင်စလူရွာသားများက မကျေနပ်လှ။

ဦးသိုင်းနှင့် ဒေါ်ဒွေးလှတို့ ရောက်ခါစက ဦးသိုင်းကို လက်မခံနိုင်သော ပြင်စလူရွာသားများနှင့် တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်သေးသည်။ သို့သော် အညာသား ဦးသိုင်းကား ခေသူမဟုတ်။ ပြင်စလူရွာတွင် တစ်ယောက်တည်း လာနေသော်လည်း သူ့ကိုကားမ



www.burmeseclassic.com

www.burmeseclassic.com



သေး။ သူ့သတ္တိကို လာစမ်းသူများကို နည်းနည်းမျှ အလျှော့မပေးပေ။

သူများ ခါးကိုင်လျှင် ခါးကိုင်ချင်း၊ တုတ်ကိုင်လျှင် တုတ်ကိုင်ချင်း ဦးသိုင်းက တုံ့ပြန်တတ်သည်။

ကြာသော် ဦးသိုင်းသည် သူများကို မတရားလည်း မလုပ်တတ်။ ကိုယ့်ဘာသာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေမှန်း သိသဖြင့် မည်သူကမျှ ရန်မလုပ်တော့ချေ။

သို့သော်လည်း ယနေ့တိုင် ပြင်စလူရွာသားများ အနေနှင့် ဦးသိုင်း၏ နောက်ကြောင်း အတိတ်ရာဇဝင်ကို ဘဝင်မကျနိုင်သေးပေ။ အညာသူနှင့် အိမ်ထောင်ကျပြီး အညာသားဖြစ်နေသော ပြင်စလူရွာသားတစ်ယောက်၏ စကားအရဆိုမူ ဦးသိုင်းသည် ရာဇဝင်လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့သည်ဟု ဆိုသည်။

ဦးသိုင်းသည် အညာတစ်ခွင် ပြုပြုစင်၍ ရာဇဝတ်မှုပေါင်းများစွာ ကျူးလွန်ခဲ့ပြီး ပြင်စလူ၌ လာရောက်ခိုအောင်းနေသည်ဟု ဆိုကြသည်။ မည်သို့ပင် ဖြစ်စေ ပြင်စလူရွာသို့ ရောက်ပြီးကတည်းက ဦးသိုင်းကို လူဆိုးတစ်ယောက်ဟု စွပ်စွဲရန် မဆိုထားနှင့် ထင်ကြေးပေးရန်ပင် အလွန်ခဲယဉ်းလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ပြင်စလူရွာကို ရောက်ချိန်မှ ယနေ့အနှစ်နှစ်ဆယ်နီးပါးခန့် ကြာသည့်တိုင်အောင် ဦးသိုင်းသည် ဆယ်အိမ်ခေါင်းအိမ် မရောက်ဖူးခဲ့။ ဦးသိုင်းသည် မည်သူမျှနှင့်လည်း ပြဿနာမရှိခဲ့။





သူ့ဘာသာသူ အေးအေးဆေးဆေး ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသည်။ မိုးတွင်းလယ်လုပ်ချိန်များ၌ ဦးသိုင်းသည် ခါးချိုးပြီး လုပ်သည်။

မည်မျှပင်ပန်းသည် ဖြစ်စေ ညည်းညူခြင်း မရှိ။

လယ်လုပ်ငန်း ပြတ်ချိန်များတွင်မူ အပေါင်းအသင်းကောင်းကောင်းတွေ့လျှင် ဦးသိုင်း ဟိုရွာသည်ရွာ လျှောက်သွားတတ်သည်။ ဦးသိုင်းသည် ရခိုင်ရိုးမ၊ ချောင်းသာ၊ သာပေါင်းစသော မြို့များအထိ ခြေဆန့်တတ်သည်။ ဦးသိုင်း ပျောက်သွားလျှင် တစ်လနှစ်လခန့် ကြာတတ်သည်။

ဦးသိုင်း ပြန်လာလျှင် အပေါင်းအသင်းမိတ်ဆွေများ ပေးလိုက်သော အဝတ်အထည်များ၊ ငွေကြေးအနည်းငယ်၊ စားစရာများ ပါလာတတ်သည်။ သို့သော် စီးပွားဖြစ်လောက်အောင်ကား မဟုတ်ပေ။

ဦးသိုင်းအနေနှင့် လယ်လုပ်တတ်သည်မှတစ်ပါး ဘာမှမလုပ်တတ်သဖြင့် သားကလေးနှစ်ယောက် ရှင်ပြုဖို့ပင် ဦးသိုင်းနှင့် ဒေါ်ဒွေးလှတို့မှာ ငွေစုဆောင်းမိခြင်း မရှိ။

ထိုအကြောင်းကို ဒေါ်ဒွေးလှက နားပူနားဆာ လုပ်တိုင်း

"ကလေးတွေကို သင်္ကန်းမနိုင်သေးဘဲ သင်္ကန်းစည်းပေးရင် ကုသိုလ်ရမှာထက် ငရဲရောက်မှာက ပိုပြီးသေချာတယ်"

ဟု ဦးသိုင်း ပြန်ပြောလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိုင်းသည် သေးကလူ ချေးကလူပင် မသိတတ်သေးသော အရွယ်၌ သင်္ကန်းစည်းပေးသော အလုပ်ကို အလွန်ပင် စက်ဆုပ်သည်။ ဦးသိုင်းက သင်္ကန်းနိုင်သော အရွယ်ရောက်လာမှ သင်္ကန်း စည်း ပေးသင့်သည်ဟု ဆိုလေ့ရှိသည်။

ယခု ဦးသိုင်း သူ့စကားနှင့်သူ ပြန်မိနေလေပြီ။

သားအကြီး နတ်ပန်းက ဆယ့်ခြောက်နှစ်၊ သားအငယ် လက်သန်းက ဆယ့်ငါးနှစ်ဆိုသော အရွယ်မှာ သင်္ကန်းကို ကောင်းစွာနိုင်သော အရွယ်ဖြစ်ပြီ။ ထို့ပြင် သားနှစ်ယောက်စလုံးမှာ ဘုန်းကြီးကျောင်းတွင် ကျောင်းသားအဖြစ်နေခဲ့ပြီး ပရိတ်ကြီး၊ သဂြိုဟ်၊ နာမကာရတို့ တတ်မြောက်ခဲ့ပြီ။

ထို့ကြောင့် ဒီနှစ် တလင်းခေါက်ချိန်တွင် နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကိုကို ပဗ္ဗဇ္ဇ ရှင်သာမဏေဘဝသို့ သွတ်သွင်းနိုင်ရန် ဦးသိုင်း ကြိုးစားနေသည်။

ဦးသိုင်းသည် တစ်မိုးတွင်းလုံး လယ်ယာကိုသာ ဂရုစိုက်ပြီး သားနှစ်ယောက် ရှင်ပြုရန် လုံးပမ်းနေလေသည်။

စပါးပေါ်သည်နှင့် ဝမ်းစာချန်ကာ စတီးပွဲစားကို စပါးထိုးရောင်းသည်။ တစ်ခုခက်သည်မှာ ဦးသိုင်း စပါးရောင်းရငွေနှင့် ကလေးများ သင်္ကန်းစည်းပေးရန် မလောက်ပေ။

ထို့ကြောင့် ဦးသိုင်းသည် အညာသို့သွားပြီး ကလေးများ ရှင်ပြုရန်အတွက် ဆွေမျိုးများထံမှ အလှူသွားခံမည်ဟု ဆိုကာ ပြင်





စလှူမှ ထွက်သွားသည်။ ဒေါ်ဒွေးလှက အညာဆွေမျိုးများထံ ဆွေပြမျိုးပြ လိုက်ချင်သည်ဟု ဆိုသည်ကို ဦးသိုင်းက လက်မခံပေ။

''မိလှရယ် ကလေးတွေ ရှင်ပြုချိန်ရောက်မှ ဆွေပြမျိုးပြ သွားရမယ်လို့ လူကြားရင် ရယ်စရာ'' ဟု ဦးသိုင်းက ဆိုသည်။

ဒေါ်ဒွေးလှက အညာသို့ မရောက်ဖူးသဖြင့် လိုက်ချင်သည်ဟု အကြောင်းပြသော်လည်း ဦးသိုင်းက ခရီးစရိတ် ကုန်မည်ဟု အကြောင်းပြသဖြင့် ဒေါ်ဒွေးလှ ဘာမှ မတတ်နိုင်တော့ပေ။

မှန်သည်။ ဒေါ်ဒွေးလှ၏ ခရီးစရိတ်သည် သာမဏေငယ် တစ်ပါးအတွက် သင်္ကန်းတစ်စုံ ရနိုင်သည် မဟုတ်ပါလော။

ဦးသိုင်း အညာသို့ တက်သွားပြီး တစ်လကြာသောအခါ လပွတ္တာမြို့မှ ဘောက်တူတစ်စီး စင်းလုံးငှားပြီး ဦးသိုင်း ပြန်ရောက်လာသည်။ ဦးသိုင်းနှင့်အတူ ကလေးများအတွက် ပရိက္ခရာရှစ်ပါးလည်း ပါသည်။ အဝတ်အထည်များလည်း ပါသည်။

အစားအသောက်များလည်း ပါလာသည်။

ဘုန်းကြီးကပ်ရန် အညာမုန့်၊ အညာကုန်များလည်း ပါသည်။ ပြဝ်စလူတစ်ရွာလုံး မီးခိုးတိတ် ထမင်းရည်ချောင်းစီး လှူနိုင်လောက်အောင် လုံလောက်သော ငွေလည်း ပါလာသည်။

''ဘာလိုသေးလဲ မိလှရယ်''

ဟု ဦးသိုင်းက ဒေါ်ဒွေးလှအား တွေ့တွေ့ချင်း ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

ဦးသိုင်းသည် ကလေးများ ရှင်ပြုရန်အတွက် ရပ်ရွာနှင့် ခေါ်ပြီး တိုင်ပင်လေသည်။

ဦးသိုင်းသည် ပြင်စလူရွာသား မဟုတ်ဘဲ တစ်ရွာသား ဖြစ်နေသဖြင့် ရှင်ပြုကို သူ့သဘောနှင့်သူ မလုပ်ပေ။

သူ့သဘောနှင့်သူ လုပ်လျှင် ရပ်ရွာက ပြောစရာ ဖြစ်မည်။ ထို့ကြောင့် ဦးသိုင်းသည် ရပ်ရွာဓလေ့ ထုံးစံအတိုင်း ရွာခေါင်း၊ ဆယ်အိမ်ခေါင်းမှစ၍ ရပ်မိရပ်ဖ သက်ကြီးဝါအိုများကို သူ့အိမ်သို့ ဖိတ်ခေါ်လေသည်။

ဦးသိုင်းက ခေတနာကောင်းလှစွာနှင့် လက်ဖက်သုပ်၊ ယုပ်နှင့် ဘီစကွတ်မုန့်၊ မန်းမဈေးများကို အကြွေပေးပုဂ္ဂိုလ်ကြီး





များအား တိုက်ကျွေးရန် စီစဉ်လေသည်။

ရွာခေါင်းကြီးကား စောမြဒင် ဖြစ်သည်။

စောမြဒင်သည် နာမည်ရှေ့က 'စော' ဟု ပါသော်လည်း ကရင်အမျိုးသား မဟုတ်။

ထိုစဉ်က ကရင်အမျိုးသားများသာ အင်္ဂလိပ်စစ်တပ်ထဲသို့ ဝင်နိုင်သဖြင့် သူ့နာမည်ရှေ့မှ 'စော' တပ်ကာ ကရင်လူမျိုးဟန်ဆောင်၍ စစ်ထဲသို့ ဝင်ခဲ့ခြင်း ဖြစ်သည်။

ပထမကမ္ဘာစစ်ပြီးသောအခါ အင်္ဂလိပ်အစိုးရက သူ့အား ပြင်စလူဘက်တွင် ဂရန်လယ်များ ချပေးရာမှ ပြင်စလူသို့ ရောက်လာသည်။ ထို့ပြင် လပွတ္တာမြို့ပိုင်က ပြင်စလူရွာတွင် ရွာခေါင်းခန့်ထားခြင်း ဖြစ်သည်။

အကယ်၍ စောမြဒင်သည် တယ်ပင်ကိုင်းတွင် သွားနေလျှင် တယ်ပင်ကိုင်းသူကြီး ဖြစ်ပေလိမ့်မည်။

စောမြဒင်ကား ရွာခေါင်းဖြစ်သော်လည်း လူမှုရေး၊ ဘာသာရေး ဘာတစ်ခုမျှ နားလည်သူ မဟုတ်ပေ။

သူသည် အရက်ကိုယ်တိုင်ချက်ပြီး တစ်နေ့လုံး သောက်နေသူသာ ဖြစ်သည်။ စောမြဒင်သည် ပြင်စလူရွာတွင် အနေနည်းပြီး သူ့လယ်တွင်သာ အနေများသည်။

သူ့လယ်ထဲတွင် သူ၏ သူရင်းငှားများနှင့် အရက်သောက်၊ ကြက်တိုက်၊ ဖားရှာ၊ ငါးရှာပြီး ပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း အချိန်ကုန်နေသူသာ ဖြစ်သည်။

စောမြဒင် ရွာကို အုပ်ချုပ်ရာတွင် တစ်ခုကောင်းတော့ ရှိသည်။ ဘာမျှ နားမလည်သဖြင့် မည်သူတွေ ဘာပဲလုပ်လုပ် စောမြဒင် ဘာမျှဝင်မပြောပေ။

ထို့ကြောင့် အမြော်အမြင်မရှိသော ပြင်စလူရွာသားအချို့က စောမြဒင်ကို ကြိုက်ကြသည်။

''တို့ရွာခေါင်းကြီးက အလွန်အေးတယ်''

ဟု ချီးကျူးကြသည်။

အမြော်အမြင်ရှိသော ရွာသားများကမူ

''ရွာခေါင်းဆိုသည်မှာ အေးရုံမျှနှင့် တာဝန်မကျေ။ ရပ်ရွာတိုးတက်အောင် ဆောင်ရွက်ပေးမှ တာဝန်ကျေမည်''

ဟု ဆိုကြသည်။

သို့သော် အမြော်အမြင်ရှိသူဟူ၍ ရွာတွင်ရှိသော ကျောင်းဆရာ ကိုဖိုးမြစ်နှင့် မြောင်းမြတွင် ကျောင်းသွားနေဖူးသူများသာ ရှိသည်။ ထို့ကြောင့် ပြင်စလူရွာထဲ၌ ရွာခေါင်း စောမြဒင်ကို သဘောကျသူက ပိုများသည်ဟု ဆိုရပေမည်။

စောမြဒင်သည် တစ်နေ့လုံး အရက်သောက်ထားသဖြင့် မျက်နှာကြီးနီရဲနေပြီး ကွမ်းအလွန်စားသဖြင့် သွားများမှာလည်း မည်းနက်နေသည်။

ခန္ဓာကိုယ်မှာလည်း ဝဝပုပုနှင့် ဗိုက်ကြီးရွှဲနေရာ သူ လမ်း





လျှောက်လာလျှင် စဥ့်အိုးကြီး လိမ့်လာသည်နှင့် အလွန်တူလေသည်။

ယခု ဦးသိုင်းက အလုပ်လုပ်လိုသည်ဟု ဖိတ်ခေါ်သဖြင့် စောမြဒင်သည် သူ့လယ်ထဲမှ ပြင်စလူသို့ တက်လာရခြင်း ဖြစ်သည်။

စောမြဒင်နှင့်အတူ ရောက်လာသူမှာ ပြင်စလူရွာ၌ အချမ်းသာဆုံး မြေပိုင်ရှင်ကြီး ဘုရားဒကာကျန်ခေါ် ဦးကျန် ဖြစ်သည်။

ဦးကျန်အား ပြင်စလူ တစ်ရွာလုံးက မြေပိုင်ရှင်ကြီးဟု ခေါ်ရသော်လည်း လယ်ဧက မြောက်မြားစွာ ပိုင်ဆိုင်ခြင်း မရှိလှ။

ဦးကျန်သည် မြေဧက ငါးဆယ်ခန့်လောက်ကိုသာ ပိုင်ဆိုင်သူဖြစ်ရာ အခြားသော မြေပိုင်ရှင်များနှင့် စာလျှင် ဦးကျန်ပိုင်သော မြေဧက ငါးဆယ်မှာ ကလေးကစားစရာမျှသာ ဖြစ်ပေလိမ့်မည်။

သို့သော် ပြင်စလူ၌မူ အလွန်ဆုံးလယ်ပိုင်သူမှာ ဧကနှစ်ဆယ်ခန့်သာရှိရာ ပြင်စလူ၌မူ ဦးကျန်သည် လယ်အများဆုံး ပိုင်သော မြေပိုင်ရှင်ကြီး ဖြစ်နေလေသည်။

ထို့ပြင် ဦးကျန်အား ဘုရားဒကာဟု ပြင်စလူရွာက ခေါ်ခြင်းမှာလည်း အလွန်ဆန်းလေသည်။ ဦးကျန်သည် အများသူငါ ဘုရားဒကာများကဲ့သို့ ဘုရားကျောင်းကန် မြေပေါက်စေတီပုထိုးများ ဆောက်လုပ်လှူဒါန်းခဲ့သူ မဟုတ်ပေ။ ရွာဦးကျောင်းဆရာတော်အား ဘုရားခန်းအတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှ တကဲ



www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်၊ ဒက္ခိဏာသာခါ ဘုရားနှင့် ကျောင်းဆောင် လှူဒါန်းခဲ့၍ ဖြစ်သည်။

ယခုလည်း ဦးကျန်သည် ချည်ကြမ်းပုဆိုးကြီးကို တိုတိုဝတ်ပြီး အပေါ်ပိုင်း ဗလာကျင်းပြီး မျက်နှာသုတ်ပဝါကို ညာပခုံးတင်ပြီး ဦးသိုင်းတို့အိမ်ဂေဟာသို့ ရောက်လာခြင်း ဖြစ်သည်။

ဘုရားဒကာကျန်ကား အသက်ခြောက်ဆယ်ခန့်ရှိပြီး ပင်ပင်ပန်းပန်း လုပ်ရဟန် မတူဘဲ အသားလတ်လတ်နှင့် အရပ်ခပ်ပြတ်ပြတ်ဖြစ်သည်။ အုန်းဆီထည့်ရန် ပိုက်ဆံကုန်မည်စိုး၍ သျှောင်ကိုဖြုတ်ပြီး ခေါင်းတုံးတုံးထားသည်။

ရွာခေါင်းကြီးကို ဘုရားဒကာကျန်တို့နှင့် မရှေးမနှောင်း ရောက်လာသူမှာ အဘိဓမ္မာတုတ်ဆိုသော ရပ်မိရပ်ဖ လူကြီးတစ်ဦး ဖြစ်သည်။

အဘိဓမ္မာတုတ်ဆိုသော လူကြီး၏ နာမည်ရင်းမှာ ဦးဘ တုတ်ဖြစ်သည်။ ဦးဘတုတ်သည် ဘုန်းကြီးလူထွက် ဖြစ်သဖြင့် ရွာထဲတွင် စကားပြောလျှင် ပရိယတ္တိ စာပေအကြောင်းသာ ပြောသည်။

အလှူအတန်းတိုင်း အိမ်ဦးခန်းတွင် ထိုင်ပြီး ဘာဝနာ ဝိပဿနာအကြောင်း၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာအကြောင်းတို့သာ ပြောသည်။ ဦးဘတုတ်အား ဝိနည်း၊ အဘိဓမ္မာအကြောင်း အပြော ကောင်း၍ အဘိဓမ္မာတုတ်ဟု ခေါ်ရခြင်းမဟုတ်။





ဦးဘတုတ်သည် အဘိဓမ္မာကိုကား တတ်ကျွမ်းပုံရသည်။ သို့သော် သူများနားလည်အောင် ကောင်းကောင်းပြောတတ်ပုံမရ။

တစ်ခါတစ်ရံ ရှင်းရင်းနှင့် ရှုပ်ကုန်သည်။ ထို့ကြောင့် ဦးဘ တုတ်သည် အဘိဓမ္မာစကားပြောရင်း လက်ဖက်နှင့် ချင်းသုပ်ကို နာနာအုပ်သောကြောင့် အဘိဓမ္မာတုတ်ဟု ခေါ်ကြခြင်း ဖြစ်သည်။

အဘိဓမ္မာတုတ်ကို လူချင်းခင်သော်လည်း အဘိဓမ္မာတုတ် တရားစကား၊ ဝိပဿနာစကားပြောတော့မည်ဆိုလျှင် လူအံများ ရှောင်ပြေးလေ့ ရှိသည်။

အဘိဓမ္မာတုတ်မှာ စကားပြောမကောင်းရုံမျှမက စကား ကြောကပါ ရှည်သေးသည်။

သူနှင့် စကားပြောမိလျှင် လေကြောက မပြတ်တော့သဖြင့် ထိုင်မရ ထမရ ဖြစ်ရတော့သည်။ ထို့ကြောင့် အဘိဓမ္မာတုတ်နှင့် တရားဆွေးနွေးရမှာ လူအများ အလွန်ကြောက်ကြသည်။ အဘိဓမ္မာ တုတ် စကားရှည်ပုံကား အလွန်ကြောက်စရာကောင်းသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုဆိုလျှင် မြန်မာလူမျိုးများ လုံးဝမ သိတ်တောင် ရေးတေးတေး သဘောပေါက်ပြီး ဖြစ်သည်။ အဘိဓမ္မာ တုတ်ကား ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တအကြောင်းကို သုံးနာရီနီးပါးမျှ ရှင်းတတ်သည်။

စကားပြောလောကြီးသူဖြစ်ရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပြော နေရာမှ ဥပါဒ်၊ ဌီ၊ ဘင်သို့ ရောက်ချင်ရောက်သွားပြန်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဘိဓမ္မာတုတ် ရှင်းတော့မည်ဆိုလျှင် . . .

''မရှင်းပါနဲ့ သူ့အတိုင်းထားပါ၊ သူ့အတိုင်း ထားတာက ရှင်းပါတယ်၊ ဦးဘတုတ်ရှင်းရင် ပိုရှုပ်ကုန်ရော''

ဟု ဘုရားဒကာကျန်တို့လူစုက ဆိုလေ့ရှိသည်။

အဘိဓမ္မာတုတ်သည် အသက်ငါးဆယ်ခန့်ရှိပြီး အသားညို ညို၊ ပိန်ပိန်ကပ်ကပ်နှင့် အရပ်အလွန်ရှည်သည်။ အချို့က အဘိဓမ္မာ တုတ်ကို ကြည့်ပြီး လူရှည်သလောက် စကားရှည်သည်ဟု ဆိုကြ သည်။

အဘိဓမ္မာတုတ်ကား ရွာတွင် ဘိသိက်သွန်းသူ၊ မင်္ဂလာ ဆောင် ဩဘာစာဖတ်သူ၊ အလှူအတန်းရှိလျှင် ဗျို့ဟစ်ပြီး ဖိတ် ကြားရသူ ဖြစ်သည်။

ကျောင်းဆရာ ဦးဘိုးမြစ်သည် ဦးသိုင်းက ဖိတ်ကြားထား သော်လည်း ကလေးများ စာသင်ပျက်မည်စိုး၍ မလာပါရစေနှင့် လိုသမျှကူညီပါမည်ဟု ကာလသားခေါင်း ကိုရွှေပွားနှင့် စကားလက် ဆောင်ပါးလိုက်သည်။

ကာလသားခေါင်း ကိုရွှေပွားမှာ အသက်လေးဆယ်နား နီးနေပြီဖြစ်သော်လည်း အိမ်ထောင်မပြုသေးပေ။ ကိုရွှေပွားမှာ ရုပ် ရည်က မဆိုးလှသဖြင့် အိမ်ထောင်ပြုမည်ဆိုလျှင် ရွာထဲက မိန်းမ ပျိုတစ်ယောက်ကို အချိန်မရွေး ခေါင်းခေါက်ယူနိုင်စွမ်း ရှိပါသည်။

လူပုံက ယဉ်စစနှင့် ပြုံးလိုက်လျှင် ရွှေသွားပေါ်နေသဖြင့်





အချို့ ရွှေပွားအ၏ နာမည်ရင်းကို မခေါ်ဘဲ ရွှေသွားဟုသာ ခေါ်သည်။

သို့သော် ရွှေပွားသည် အိမ်ထောင်ပြုလိုက်လျှင် ကာလ သားခေါင်းရာထူးကို တခြားသူများကို လွှဲပြောင်းပေးရမည်စိုး၍ ဖြစ်သည်။ ရွာသားများက အခြားရွာများတွင် ကာလသားခေါင်း များသည် အိမ်ထောင်ပြုကြသည်။ အိမ်ထောင်ပြုပြီး ကလေးသား မြေးနှင့် ကာလသားခေါင်း ဆက်လုပ်ကြသည်ဟု ဆိုသော်လည်း ကိုရွှေပွားက လက်မခံပေ။

ကိုရွှေပွားက အခြားရွာတွင် ကာလသားခေါင်းများသည် အိမ်ထောင်ပြုကြသော်လည်း ပြင်စလူရွာ၌မူ ကာလသားခေါင်း လုပ်လျှင် အိမ်ထောင်မပြုရဟု ဆိုသည်။

ထိုအစဉ်အလာကို ပြင်စလူ ရွာသူရွာသားများကို အမွေ ပေးခဲ့ရမည်ဟု ကိုရွှေပွားက ကြီးကြီးကျယ်ကျယ် ဆိုနေသည်။ အမှန် မှာ အခြားရွာများတွင် ကာလသားခေါင်းရာထူးကို အိမ်ထောင်ပြု ခြင်း၊ မပြုခြင်းနှင့် မဆိုင်ဖြတ်ပေ။ အသက်အရွယ်နှင့်သာ ဆုံးဖြတ် လေသည်။

အခြားရွာများ၌ အသက်သုံးဆယ့်ငါးနှစ်ကျော်လျှင် ကာလ သားခေါင်း မလုပ်ကြတော့ပေ။ ထိုအရွယ်သည်လည်း လူလတ်ပိုင်း ဖြစ်လာပြီဖြစ်၍ လူငယ်များနှင့် ရောနှောပြီး ဟေးလားဝါးလား လုပ် နေရန် မသင့်တော်တော့ပေ။

ထို့ကြောင့် အသက်ကြီးလာသော ကာလသားခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



ရွာခံလူငယ်များကို စည်းရုံးနိုင်စွမ်းရှိသော အခြားလူငယ်လူတက်များကို ကာလသားခေါင်းရာထူးကို လွှဲပေးလေ့ရှိသည်။

မြန်မာ ရှေးဟောင်းဓလေ့ ကျေးလက်အုပ်ချုပ်ရေးတွင် ကာလသားခေါင်းရာထူးမှာ မည်သည့်အစိုးရကမှ ခန့်သော ရာထူး မဟုတ်ပေ။ ကာလသားခေါင်းရာထူးသည် မည်သည့်အစိုးရကမှလည်း ခန့်အပ်ခြင်း မရှိသော်လည်း ကျေးလက်တောရွာများ၌ အလွန်အရေးကြီးလေသည်။

ကာလသားခေါင်းရာထူးသည် လူငယ်ခေါင်းဆောင်ရာထူးဖြစ်ရာ လူငယ်များကို လမ်းမှားသို့ မရောက်စေရန် စည်းရုံးရသော တာဝန်ရှိလေသည်။

ကာလသားခေါင်းများသည် ကျေးလက်လူငယ်များကို အလှူအတန်းများ၌ ပါဝင်ကူညီရုံ သဘောမထားဘဲ ကျေးလက်ပြုပြင်ရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာများ၌ ကာလသားခေါင်းသည် သူကြီးနှင့် ရွာခေါင်းတို့ထက်ပင် လူငယ်များအပေါ် ဩဇာရှိလေသည်။

ကာလသားခေါင်းသည် အရည်အချင်း ရှိသလောက် ကောင်းသလောက် လူငယ်များ၏ ချစ်ကြောက်ရိုသေခြင်းကို ခံရသည်။ အချို့ကျေးရွာများဆိုလျှင် ကာလသားခေါင်း၏ စကားတစ်ခွန်းပြောရုံမျှနှင့် အရာအားလုံး ပြီးနော်တတ်သည်။

အချို့ရွာများ၌ ကာလသားခေါင်းသည် ရွာရှိလူငယ်များ





၏စံပြ အကျင့်စာရိတ္တကောင်းသူ ဖြစ်သည်။

အချို့ရွာများ၌မူ ကာလသားခေါင်းသည် အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်သော မကောင်းမှု အလုပ်များ၌သာ ကျေးရွာလူငယ်များကို ဦးဆောင်သည်။

အချို့ရွာများ၌ ကာလသားခေါင်းက လူငယ်များအကျင့်စာရိတ္တကောင်းစေရန် ဝတ်ရွတ်အသင်းများဖွဲ့စည်း၊ ဓမ္မာရုံများဆောက်၍ ရွာကို သာသနာပြုလေသည်။

ထိုကြောင့်ပင်လျှင် ရွာရှိလူငယ်များ၏ အကျင့်စာရိတ္တကို သိချင်လျှင် ထိုရွာရှိ ကာလသားခေါင်း၏ အကျင့်ကို ကြည့်ကာ သိနိုင်သည်ဟု ဆိုကြသည်။

ပြင်စလူရွာမှ ကာလသားခေါင်း ကိုရွှေပွားက အလယ်အလတ်တန်းစားသမား ဖြစ်သည်။

သူသည် ကျေးလက်လူငယ်များကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်စွမ်းလည်း မရှိသလို အကျိုးယုတ်အောင် ကြက်တိုက်၊ ဖဲရိုက်အလုပ်ကိုလည်း သင်ပေးသူ မဟုတ်။

ကိုရွှေပွားမှာ အတီးအမှုတ် ဝါသနာပါသူ၊ အကအခုန် ဝါသနာပါသူ ဖြစ်သည်။

သူကဲ့သို့ပင် အတီးအမှုတ် ဝါသနာပါသူ အကအခုန် ဝါသနာပါသူများ ရပ်ရွာထဲတွင် များနာရှိသည်။

သယ်ယာလုပ်ငန်းပြတ်သော နွေကာလ လသာသော ည



www.burmeseclassic.com

www.burmeseclassic.com



များတွင် ရွာပြင်သလင်းပြင်၌ ကိုရွှေပွား အဖွဲ့သားများသည် ဝိုင်းဝန်းသိဆို တီးမှုတ်ကြသည်။

ထိုအချိန်များ၌ ကာလသားများ ကြက်ခိုးပြီး ဘူးသီးနှင့်ချက်ခြင်း၊ မြှုံးခိုးဖော်ခြင်း၊ ငါးဟင်းချက်ကာ အရက်ကလေးတမြမြ ရှိတတ်သည်။

ထိုအခါများ၌ ကိုရွှေပွားသည် လူကြီးပီပီ မသိချင်ဟန်ဆောင်နေတတ်သည်။ ကိုရွှေပွား ဦးသိုင်းတို့အိမ်ရောက်ပြီး လက်တင်လက်ချ ရောက်လာသူမှာ ကမ်းနားပိုင်းမှ ဒေါ်သေးတာ ဖြစ်သည်။

ဒေါ်သေးတာသည် နာမည်နှင့် မလိုက်သူ ဖြစ်သည်။

နာမည်က ဒေါ်သေးတာ ဖြစ်သော်လည်း လူက လေးလုံးခြောက်ဖက်ကြီး ဖြစ်သည်။

ဒေါ်သေးတာ၏ ယောကျ်ား ကိုကျော်ရီမှာ ပင်လယ်ထွက်ပြီး ငါးရှာသောအလုပ်ကို လုပ်သူဖြစ်သည်။

ကိုကျော်ရီတို့ ဒေါ်သေးတာတို့သည် လှေသုံးလေးစီးပိုင်ပြီး ဝင်ငွေလမ်းဖြောင့်သဖြင့် ပြင်စလူရွာတွင် ငွေကြေးချမ်းသာသော လူတန်းစားထဲက ဖြစ်သည်။

ဒေါ်သေးတာကို ကြည့်လျှင်လည်း တစ်ကိုယ်လုံး လူကို မမြင်ရဘူး၊ ရွှေထည်များကိုချည်း မြင်ရမည် ဖြစ်သည်။

ဒေါ်သေးတာ၏ နားတွင် ရွှေအိုးစည်နားကပ်၊ လည်ပင်းတွင် ဆောက်ဖြတ်ဆွဲကြိုး၊ လက်တွင် ကြုံဆစ်လက်ကောက် တစ်





တောင်ဆစ်လောက်ကို အမြဲဝတ်ထားသူ ဖြစ်သည်။

ပြင်စလူရွာတွင် ဘုရားဒကာကျန်တို့မှာ မျိုးနှင့်ရိုးနှင့်ချမ်းသာလာသူများ ဖြစ်သော်လည်း ယခုအခါတွင်မူ ပြင်စလူ၌ ကိုကျော်ရီနှင့် မသေးတာတို့က အချမ်းသာဆုံးဟု ဆိုကြသည်။

အချို့ကလည်း ဘုရားဒကာကျန်တို့မှာ အနေကုပ်သဖြင့်သာ လူမသိဘဲ ကိုကျော်ရီတို့ထက် ဆယ်ဆမက ချမ်းသာသည်ဟု ဆိုသည်။ မည်သို့ဆိုစေ ဘုရားဒကာကျန်၏ဇနီး ဒေါ်သိန်းမေသည် ဒေါ်သေးတာလို ရွှေများကို သီးနေအောင် ဝတ်ဆင်လေ့ မရှိပေ။

ဒေါ်သိန်းမေသည် စိန်နားကပ်တစ်ရံကိုသာ အမြဲဝတ်ထားလေ့ရှိသည်။ ပြင်စလူ၌ ဘုရားဒကာကျန်နှင့် ကိုကျော်ရီ၊ မသေးတာတို့မှာ ပစ္စည်းချင်း ပြိုင်နေကြသူများ ဖြစ်သည်။

ဦးသိုင်းနှင့် ဒေါ်ဒွေးလှတို့သည် လာသမျှ ဧည့်သည်တိုင်းကို ဆီးကြိုနေရာချထားရာ ယခုအခါတွင် သူတို့အလှူကိစ္စကို တိုင်ပင်ရန် ဖိတ်ခေါ်ထားသူများမှာ တစ်ဦးစ နှစ်ဦးစသာ ကျန်တော့သည်။

ထိုလူများကို မစောင့်တော့လဲ သူ့အလှူကိစ္စ တိုင်ပင်ရန် ဦးသိုင်းက အာလုတ်ရှင်းပြီး ပြောတော့သည်။

''ကိုင်း . . ရွာခေါင်းတို့၊ ဘုရားဒကာတို့ ဦးဘတုတ်တို့ ကိုရွှေပွား မသေးတာတို့ ရောက်မှဖြင့် လူစုံသလောက်ရှိပါပြီ၊ ရွာခေါင်းကြီးတို့ စောင့်နေတာလည်း အားနာလို့ ကျွန်တော်တို့ အလှူကိစ္စကို တိုင်ပင်ချင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

ဦးသိုင်းက ရွာခေါင်းကြီး ခေစာမြဒင်ကို ကြည့်ပြီး စကားစ ပြောသည်။

''လုပ်လေ ကောင်းသလိုသာ ကြည့်လုပ်ကြပေါ့''

''ကျွန်တော်တို့ သားကလေး မောင်နတ်ပန်းနှင့် လက်သန်းတို့ဟာ အရွယ်ရောက်ပြီဖြစ်လို့ ပဗ္ဗဇ္ဇရှင်သာမဏေပြုဖို့ အလှူအတန်း လုပ်ချင်ပါတယ်။ ကျွန်တော်တို့မှာ ဘယ်လိုလုပ်ရင် ဘာဖြစ်မယ်ဆိုတာ သိပြီးပါပြီ၊ လုပ်လဲလုပ်တတ်ပါတယ်။ ဒါပေမယ့် ရွာလွန်ရွက်တိုင်ဆိုသလို မဖြစ်ရအောင် အခုခေါ်ပြီး တိုင်ပင်ရတာပါ''

ထိုအချိန်တွင် ဒေါ်ခွေးလှက လက်ဖက်ပွဲ၊ ချင်းသုပ်ပွဲများနှင့် ရေနွေးကရားများကို လိုက်လံချပေးနေသည်။

ဘုရားဒကာကျွန်က

''အိမ်း . . ကောင်းတာပေါ့၊ အခုလို ရပ်ရွာကို တိုင်ပင်ပြီး လုပ်တယ်ဆိုတာ ကောင်းတာပေါ့ ကိုသိုင်းရဲ့''

အဘိဓမ္မာတုတ်က လက်ဖက်ပွဲကို ဦးဦးဖျားဖျား နှိုက်စားလိုက်ပြီး

''ဒီမှာ ကိုသိုင်းရယ်၊ လှူမယ်ဆိုတာက ဟုတ်ပါပြီ၊ ခေါင်းခေါက်ဖိတ်ပြီး လှူမှာလား၊ တစ်ရွာလုံး မီးခိုးတိတ် လှူမှာလား၊ ငွေကြေးဘယ်လောက် အကုန်ခံပြီး လှူမယ် စိတ်ကူးထားသလဲ''

ဦးသိုင်းက အဘိဓမ္မာတုတ်ကို မကျေနပ်သလို ကြည့်လိုက်ပြီး . .





''ပြောပါမယ် ဦးဘတုတ်ရယ်၊ ကျွန်တော်က အစီရင်ခံမယ် လုပ်နေတုန်း ရှိသေးတယ်။ ဦးဘတုတ်က ဝင်မေးတော့တာကိုး''

''ဟုတ်သားပဲ ကိုဘတုတ်ရဲ့၊ စကားဆုံးအောင် နားထောင်ဦးမှပေါ့''

ဒေါ်သေးတာက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

အားလုံးကလည်း အဘိဓမ္မာတုတ်ကို မကျေနပ်သလို စောင်းခဲ့ကြသည်။ စကားစ စကားနကို မကြည့်ဘဲ ဝင်ပြော၍လား လက်ဖက်ပန်းကန်ကို အရင်နှိုက်၍လား မသိ။

ထို့နောက် ဒေါ်ခွေးလှက မန်းမရွှေကို ပန်းကန်နှင့် ထည့်ပြီးချပေးပြန်သည်။ ဦးသိုင်းက . . .

''လှူမှဖြင့် ခေါင်းခေါက်ပြီး မဖိတ်ပါဘူး ခင်ဗျ၊ တစ်ရွာလုံး မီးခိုးတိတ်ပေါ့။ ဒါအပြင် ရွာနီးချုပ်စပ်က ကျွန်တော်တို့ အပေါင်းအသင်း ညာတကာတွေလဲ ဖိတ်ရမှာပေါ့။ ငွေအနေနဲ့ကတော့ ငါးရာကနေ တစ်ထောင်လောက် မှန်းထားတယ်''

ကာလသားခေါင်း ကိုရွှေပွားက . . .

''ဘာကျွေးမလဲ''

''ထုံးစံအတိုင်းပေါ့ မောင်ရွှေပွားရယ်၊ ဝက်သားနီချက်နဲ့ ငါးသလောက်ပေါင်းပေါ့၊ မအီအောင် သရက်သီးသုတ်နဲ့ မယ်ဇလီဟင်းချိုပေါ့''

ဒေါ်သေးတာက . .


www.burmeseclassic.com

www.burmeseclassic.com

''ရှင်လောင်းလှည့်ဦးမလား''

ဦးဘတုတ်က . .

''လှည့်ရမှာပေါ့ မသေးတာ၊ အလှူအတန်းကြီးပဲဟာ၊ ဘာနဲ့လှည့်မယ်သာ စဉ်းစားကြပေါ့၊ တို့ ပြင်စလူက ရေပတ်လည် ဝိုင်းနေတဲ့ နေရာဆိုတော့ လှေနဲ့ရှင်လောင်လှည့်ရမှာပေါ့''

ဘုရားဒကာကျန်က . . .

''ငွေသာ တတ်နိုင်လို့ကတော့ မြောင်းမြဘက် တက်ပြီး မြင်းငှားလို့ ရပါတယ်။ ငါးရာပါ သမ္ဗန်နဲ့ မြင်းတွေ တင်ခဲ့ပေါ့၊ မင်းတို့ မြင်းငှားချင်ရင် ငါ့ပြောပါ၊ သမ္ဗန်တွေ ဘာတွေ ငါစီစဉ်ပေးပါ့မယ်''

ဦးသိုင်းက . .

''ဟာ . . မြင်းငှားရမှာပေါ့ ခင်ဗျာ၊ သားတွေအတွက် ရှင်လောင်းဝတ်စုံတွေ ချုပ်ထားတာ မြင်းနဲ့ရှင်လောင်းလှည့်ဖို့ အစကတည်းက စီစဉ်ထားပြီးပါပြီ''

ဘုရားဒကာကျန်က . . .

''ဒါနဲ့ ရှင်လောင်းဘယ်နှစ်ပါးလဲ''

ဦးသိုင်းက . . .

''ကျွန်တော့်သားနှစ်ယောက်နဲ့ ဟောဒီက မိလှရဲ့တူလေး တစ်ယောက် မြောင်းမြက လာလိမ့်မယ်ခင်ဗျာ၊ အားလုံးပေါင်း သုံးပါးပေါ့''





''ဒါဆိုရင် မြင်းသုံးကောင် အတော်ပဲ၊ ငါ စီစဉ်ပေးမယ်''

အဘိဓမ္မာတုတ်က မြေပိုင်ရှင်ကြီး ဦးကျန်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး . . .

''ဒီမှာ ဦးကျန်ရဲ့၊ စီစဉ်ပေးမယ် ပြောရုံနဲ့ မရဘူးနော်၊ ခုရှပ်မှ နော်ဝင်ရှင်း၊ သေသေချာချာ တာဝန်ယူမှာလား၊ တာဝန်ယူနိုင်မှ ယူနိုင်တယ်ပြော၊ မြင်းမရရင်လဲ လှေတွေရှာပြီးတော့ ကျွန်းပတ် ရှင်လောင်းလှည့်ရမှာ၊ အခုချက်ချင်း လှေတွေက ရမှာမဟုတ်ဘူး၊ မသေးတာအစုက လှေသွားပြီး အကူအညီတောင်းရမှာ၊ ဒီရွာက လှေမလောက်ရင် တခြားရွာတွေပါ အကူအညီတောင်းရမှာ''

ဘုရားဒကာကျန်က အဘိဓမ္မာဘတုတ်ကို မကျေနပ်သလို ကြည့်ပြီး သံပြတ်နှင့် ပြောလေသည်။

''ငါ တာဝန်ယူပါတယ်ကွ''

''ကောင်းပြီ . . ဒါဆိုရင် ကိုသိုင်းတို့အဖို့ မြင်းကိစ္စတစ်ခု ပြီးသွားပြီ၊ တစ်ကယ်လို့ ရှင်လောင်းလှည့်တဲ့နေ့မှာ မြင်းမရရင် ဘုရားဒကာရော ဘာရော နားမလည်ဘူး၊ ဦးကျန်ကိုပဲ မြင်းလုပ်စီးရမှာပဲ''

အဘိဓမ္မာဘတုတ်၏ စကားကို ကြားရသောအခါ အားလုံး ဝိုင်းရယ်ကြလေသည်။

''ဝါး . . ဟား . . ဟား''

ဘုရားဒကာကျန်မှာ မျက်နှာကြီး နီရဲသွားလေသည်။

ထိုအချိန်တွင် ကာလသားခေါင်း ကိုရွှေပွားက ဆေးသားဝိုင်း


www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ တစ်ချိန်လုံး ဝင်မပါသော ရှာခေါင်းကြီး စောမြဒင်ဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

''ဘယ်လိုလဲ ရှာခေါင်းကြီးရဲ့ ပင်ပြီး အကြွဲလေး ဘာလေး ပေးပဦး''

စောမြဒင်က ကွမ်းအစ်ကို ကိုင်နေရာမှ . .

''လုပ်လေ ကောင်းသလိုသာ ကြည့်လုပ်ကြပေ့ါ''

ထိုအချိန်တွင် ဦးသိုင်းသည် တစ်စုံတစ်ရာ သတိရသွားပြီး ဒေါ်ခွေးလှကို မျက်ရိပ်ပြလိုက်သည်။

''ဟာ . . ရှာခေါင်းကြီး၊ ကွမ်းစားပလို့လား၊ ကွမ်းမစားနဲ့ဦး၊ ရှာခေါင်းကြီးအတွက် ရေနွေးကြမ်း အထူးစီစဉ်ထားတယ်''

ဒေါ်ခွေးလှသည် အိမ်ထဲသို့ ဝင်သွားပြီး ရေနွေးကရား အသစ်တစ်ခု ယူလာလေသည်။

ထိုရေနွေးကရားအတွင်း ရေနွေးကြမ်းမပါဘဲ ချက်အရက်များပါလေသည်။ ရှာခေါင်းကြီး စောမြဒင်မှာ အရက်ကို ကစွပ်စွပ် သောက်တတ်မှန်းသိ၍ ကြိုတင်စီစဉ်ထားခြင်း ဖြစ်သည်။

ရှာခေါင်းကြီးကလည်း ဒေါ်ခွေးလှ ချပေးသော ရေနွေးကြမ်းကရားကို ဣန္ဒြေမဆည်တော့ဘဲ လက်ဖက်ရည်ပန်းကန်ထဲ လောင်းထည့်ကာ လက်တုန်တုန်နှင့် စုပ်ခနဲနေအောင် သောက်ချလေသည်။

အရက်တစ်ပန်းကန်မျှ သောက်ပြီးမှ စောမြဒင်သည် ဟာ အားနှင့် လေချဉ်တက်ကာ နေသာထိုင်သာ ရှိသွားလေတော့





သည်။ ထိုအချိန်တွင် ဘုရားဒကာကျန်သည် သူ့ကို မြင်းလုပ်စီးမည်ဟုပြောသော အဘိုမ္မောတုတ်ကို ဒေါသဖြစ်နေရာ ရှာခေါင်းကြီးအတွက် အရက်ကို ရေနွေးကရားနှင့် စီစဉ်ပေးသည်ကို မသိ။

စောမြဒင် ရှေ့တွင် ချထားသော ရေနွေးကရားထဲမှ အရက်များကို အကြမ်းပန်းကန်ထဲ လောင်းချပြီး မော့လေတော့သည်။

ဘုရားဒကာကျန်မှာ အရက်သောက်သူ မဟုတ်ရာ ပါးစပ်ထဲသို့ အရက်များ ဝင်သွားသောအခါ သီးကုန်တော့သည်။

''ရူး . . ဝါး . . ဝွပ် . . ခွမ်း''

ဘုရားဒကာကျန်၏ လည်ချောင်းထဲသို့ အရက်ဝင်သွားရာ မီးစနှင့်အထိုးခံလိုက်ရသလို ဖြစ်သွားပြီး ရေနွေးကြမ်းပန်းကန်ကို ဆောင့်ချလိုက်ရာ ရေနွေးကြမ်းပန်းကန်သည် ကွဲသွားလေသည်။

''ဟ . . ဘာတွေလဲ''

ဦးသိုင်းက ဘုရားဒကာကျန့်ကို အားနာစွာ ကြည့်ပြီး

''ရှာခေါင်းအတွက် အရက်တိုက်တာပါ၊ လူတွေရှေ့မှာဆိုတော့ ပုလင်းနဲ့တိုက်လို့ မကောင်းလို့ ရေနွေးကရားနဲ့ ထည့်တိုက်တာ''

ဘုရားဒကာကျန်ကလည်း ပန်းကန်ကွဲသွားသဖြင့် ဦးသိုင်းအား အားနာသော မျက်နှာနှင့် ကြည့်နေသည်။

အဘိုမ္မောတုတ်က ရယ်ကျဲကျဲပြုံးပြီး . . .

''ဒါ ဘာမှမဟုတ်ဘူး၊ ငါတို့သောက်နေတဲ့ ရေနွေးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကရားနဲ့ သောက်ရင် ဘာမှဖြစ်မှာ မဟုတ်ဘူး၊ ရွာခေါင်းကို တိုက်တဲ့ ရေနွေးကရားနဲ့ဆိုတော့ ပိုပြီး ကောင်းမလားဆိုပြီး ဘုရားဒကာကျန် အကြံလုပ်တာ''

ဒေါ်သေးတာက နှုတ်ခမ်းတလန် ပန်းတလန်နှင့် . .

''အောင်မယ် . . ဘုရားဒကာကျန်က သိလျက်သားနဲ့ သောက်တာပါ ခွက်ပုန်းကြီးပါ၊ အခု သီးသွားလို့ လူမိသွားတာ၊ တကယ်လို့ မသီးရင် အသာငြိမ်နေပြီး နောက်တစ်ခွက် ထပ်သောက်မှာ''

ကာလသားခေါင်း ကိုရွှေပွားကမူ ဘာမျှပြန်မပြောဘဲ ဘုရားဒကာကျန်ကိုသာ ပြုံးပြီး ကြည့်နေသည်။

ဘုရားဒကာကျန်က လက်ဖက်ပန်းကန်ကို လက်ညှိုးညွှန်ပြပြီး . . .

''ခွေးမသား ဘာတုတ်၊ ငါက မင်းကို လက်ဖက်နဲ့ ရှင်းသုပ်နာနာအုပ်တဲ့ အဘိဓမ္မာတုတ် မဟုတ်ဘူး။ ငါက လက်ဖက်ကို တို့တောင် မတို့ရသေးဘူး။ မင်းစားတာ တစ်ပန်းကန်တောင် ကုန်ပြီ''

အဘိဓမ္မာတုတ်သည် သူ့အပြစ်နှင့်သူ ဖြစ်၍ ရယ်ကျဲကျဲ လုပ်နေလေသည်။ ထို့နောက် ကာလသားခေါင်းက ရေနွေးကြမ်း သောက် အာလုတ်ရှင်းပြီး . . .

''ရှင်ပြုက ဆိုင်းပါရမှာပေါ့၊ အလုပ်အကိုင်က ညကတည်း ချောစတင်ဝင်မှာပေါ့၊ ရှစ်လောင်းလှည့်တော့ ကိုရင်တို့က ဗိုး





ဗက်ပိုင်းနဲ့ လိုက်ပေါ့''

ကိုရွှေပွားက မပြောသင့် ပြောသင့် စဉ်းစားနေရာမှ . . .

''ဒီလိုလုပ်ဗျာ အလှူပိုပြီးစည်ကားအောင် အငြိမ့်ပါ ထည့်ဗျာ၊ ကျွန်တော်တို့ရွာက ကာလသားတွေနဲ့ ပေါင်းပြီး အငြိမ့်ကမယ်၊ မင်းသမီးတော့ လပွတ္တာက မြသန်းကြည်ဆိုတဲ့ မင်းသမီးကို ချိုကောက်နဲ့ငှားပြီး နည်းနည်းပါးပါး ပိုက်ဆံပေးလိုက်ရင် ပြီးတာပဲ၊ ကျွန်တော်တို့ရွာက ကာလသားတွေအတွက်တော့ ရေတောင် တိုက်စရာမလိုဘူး၊ ကိုယ့်ရေနဲ့ကိုယ် သောက်ပြီး အလှူကို ကူညီသွားမယ်''

ထိုစကားကို ကြားသောအခါ အဘိဓမ္မာတုတ်က ကာလသားခေါင်း ကိုရွှေပွားကို သရော်တော်တော်ကြည့်ပြီး . .

''ဘာလဲ ရွှေပွားရဲ့၊ ရေတောင် မတိုက်ရဘူး၊ ဒံပေါက်ထုပ် အထုပ်ငါးဆယ် ဆိုတာလိုလား''

ထိုစကား၏ အဓိပ္ပာယ်ကို ရွှေပွားက နားမလည်ပေ။

''ဘကြီးတုတ် ဘာပြောတာလဲ၊ ရေတောင် မတိုက်ရဘူး၊ ဒံပေါက် အထုပ်ငါးဆယ်ဆိုတာ''

အဘိဓမ္မာတုတ်က နှုတ်ခမ်းမွှေးကြီးထောင်အောင် ပြုံးလိုက်ပြီး . . .

''ဒီလိုလေကွာ . . ငါတို့ငယ်ငယ် မြောင်းမြမှာ နေတုန်းက ဆိုင်တရုတ်ကပြားတစ်ယောက်က အလှူလုပ်ရော၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြမှာရှိတဲ့ ဇာတ်ပွဲကလေးတစ်ဖွဲ့က သူတို့ဇာတ်တိုက်ထားတော့ မကြာသေးဘူး။ အစမ်းသဘောနဲ့ အလှူမှာ ကပြပါရစေ၊ ငွေတစ်ပြားမှ မယူပါဘူး၊ ရေတောင် မတိုက်ပါနဲ့၊ သူတို့ရေနဲ့ သူတို့လာပါ့မယ်၊ ဇာတ်စင်ကလေးသာ ထိုးပေးပါ။ သူတို့ ကူညီချင်ပါလို့ ပြောတယ်။ ဒါနဲ့ အဲဒီတရုတ်ကပြားက အလှူရှင်ကလဲ က ချင်ရင် ကဆိုပြီး ဇာတ်စင်ထိုးပေးတယ်။ ဇာတ်လဲကရော လူပြတ်က အလှူရှင်က သူတို့ကို ထမင်းတောင်မကျွေးဘဲ အလကား ကရကြောင်း ပြောပါလေရော၊ ဒါနဲ့ အလှူရှင်တရုတ်ကပြားလဲ ချက်ပြုတ်ကျွေးမွေးရင် ကြာနေပြီး ဇာတ်သမားတွေ ဆာနေမှာစိုးလို့ ဒံပေါက်အထုပ်ငါးဆယ် ဝယ်ကျွေးရရော''

ထိုစကားကို ကြားရသောအခါ ကာလသားခေါင်း ကိုရွှေပွားက ကပျာကယာ ဝင်ပြောပြန်သည်။

''ဟာ .. ကျွန်တော်တို့အဖွဲ့ကတော့ ဒီလို ဘယ်တော့မှ မဖြစ်စေရပါဘူး၊ မင်းသမီးသာ ငှားပေးပါ''

အလှူရှင် ဦးသိုင်းက ...

''ဒီလို ဘယ်ဟုတ်မလဲ၊ ကိုယ့်အလှူကို လာကူညီတဲ့လူ ထိုက်သင့်သလို စားရသောက်ရဖို့ ကျုပ်တို့မှာ တာဝန်ရှိပါတယ်။ ကိုရင်တို့ကသာ တာဝန်ကျေပါစေ၊ ကျုပ်ကလဲ တာဝန်ကျေရပါစေမယ်''

ဘုရားဒကာကျန်က ...





''မင်းတို့ကာလသားအဖွဲ့က ဇာတ်ကနေတော့ အလှူမှာ ဝိုင်းလုပ်ဖို့ ဘယ်သူရှိဦးမလဲ၊ ပြောတော့သာ လွယ်တာနော်၊ အလှူမှာ တကယ်လုပ်မယ့်သူက လိုနေမှာ''

ကိုရွှေပွားက ..

''ဟာ .. ဒါကတော့ သူ့တာဝန်နဲ့သူပေါ့၊ ဇာတ်ကတဲ့လူက က၊ အလှူမှာ အောက်ခြေသိမ်း လုပ်တဲ့သူက လုပ်ပေါ့၊ အလှူမှာလဲ မလစ်ဟင်းစေရပါဘူး''

ဒေါ်ခွေးလုက ..

''ကိစ္စမရှိပါဘူး .. မောင်ရွှေပွားကို ကာလသားတွေက ပွဲသာစည်အောင် လုပ်ပါ၊ ကျွန်မတို့ မိန်းမသားတွေနဲ့ ကျွန်မရဲ့ ဆွေမျိုးတွေလဲ ရှိပါသေးတယ်၊ ဒေါ်သေးတာတို့ ကမ်းနားပိုင်းကလဲ ကူညီမယ် မဟုတ်လား''

အဘိုးမွှာတုတ်က ...

''ပွဲကတာက အရေးမကြီးဘူး၊ ပွဲမိန့်လေး ဘာလေးရဖို့ ရွာခေါင်းကြီးကို မေးထားဦး၊ ဘယ်လိုလဲ ရွာခေါင်းကြီး၊ ဦးသိုင်းတို့ အလှူမှာ ရွာက ကလေးတွေ ပွဲကကြမလို့တဲ့၊ အဲဒါ ဘယ်လိုသဘော ရသလဲ''

စောမြဒင်က သူ၏ကိုယ်ပိုင်ရေနွေးကြမ်းကရားကို ငုံ့နေရာမှ ...

''လုပ်လေ လုပ်ကြပါ၊ ကောင်းသလိုသာ ကြည့်လုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့''

ယခုအချိန်ထိ စောမြဒင်မှာ အလှူအတန်းနှင့် ပတ်သက်ပြီး ဝင်ရောက်အကြံပေးခြင်း၊ ဆွေးနွေးခြင်းမရှိဘဲ အရက်ကိုသာ ကရားကိုသာငုံ့၍ တဇွတ်ဇွတ်သောက်နေသည်။

အလှူရှင်ဦးသိုင်းက . . .

''ရွာခေါင်းကြီးကလဲ အကြံလေး ဘာလေး ပေးပါဦး''

ဘုရားဒကာကျန်က . . .

''ဟုတ်သားပဲ ရွာခေါင်းကြီးရဲ၊ စိတ်ကူးစိတ်သန်းလဲ ပြောပါဦး''

အဘိမ္မောတုတ် ကာလသားခေါင်း ကိုရွှေပွားနှင့် ဒေါ်သေးတာတို့ကလည်း ရွာခေါင်းကြီး၏ အကြံအစည်ကို မျှော်လင့်စောင့်စားဟန်နှင့် ရွာခေါင်းကြီး စောမြဒင်ကို ဝိုင်းကြည့်နေကြသည်။

ရွာခေါင်းကြီး ဦးစောမြဒင်က အရက်သောက်ထား၍ စိုနေသော နှုတ်ခမ်းပေါ်မှ အရက်များကို နမြောဟန်နှင့် လျှာနှင့် သုတ်နေသည်။ ထို့နောက် စောမြဒင် အရက်ရေချိန်ကိုက်နေဟန် မျက်လုံးပေကလပ်ပေကလပ်နှင့် မျက်တောင်စင်းနေရာမှ . . .

''ကျုပ် ပေးချင်တဲ့ အကြံကတော့ အလှူမှာ အရက်များများဝယ်ဗျာ''



## အခန်း [၃]

နတ်ပန်းနှင့် လက်သန်းတို့ကို ရှင်ပြုမည့် ဦးသိုင်းနှင့် ဒေါ်ဗွေးလှတို့၏ အလှူကြောင့် ပြင်စလူရွာကလေးသည် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

ကိုရွှေပွားတို့ ကာလသားအဖွဲ့ကလည်း အငြိမ့်သာမက ပြဇာတ်ပါ ထွက်နိုင်အောင် ဇာတ်တိုက်နေကြသည်။

အလှူအတွက် ဝက်သား ထွက်ဝယ်သူများလည်း ဝက်သုံးကောင်ကို လှေနှင့်တင်လာပြီး ကမ်းပေါ်သို့ ထမ်းတင်ကြသည်။

ဝက်များ၏ အော်သံကြောင့် ကလေးများက ဝိုင်းကြည့်ကြသည်။ ထိုစဉ်တွင် ဝက်တစ်ကောင်လွတ်ပြီး ထွက်ပြေးရာ ရွာသားများက ဝက်လိုက်ဖမ်းသည်မှာလည်း တရုန်းရုန်းနှင့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေပွားတို့ ဇာတ်တိုက်နေသော ဓမ္မာရုံအနီးသို့ ဝက်က ပြေးသွားရာ ဇာတ်တိုက်နေသော ဆိုင်းအဖွဲ့က ဗိန်းမောင်းတီးလေရာ ပြင်စလူရွာသားများသည် ဆူညံစွာ ပျော်ရွှင်နေကြလေသည်။

နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကိုလည်း ရှင်မပြုခင် ခုနစ်ရက်ခန့်ကစပြီး ရွာဦးကျောင်းတွင် ရှင့်ကျင့်ဝတ်ကို နေ့စဉ်သွားသင်နေရသည်။

နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကိုမှာ ဝတ်ကောင်းစားလှနှင့် ဖြစ်နေရာ ရွာရှိကလေးများက သူတို့ညီအစ်ကို အားကျသောစိတ်နှင့် ဝိုင်းကြည့်ကြသည်။

ရှင်လောင်းလှည့်ရန်အတွက် မြင်းတစ်ကောင်ကို ငွေအစိတ်ပေးရသည်။ အလှူရက်မတိုင်မီ ငါးရက်လောက်ကစပြီး ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့အိမ်တွင် နေ့စဉ် လူလေးငါးဆယ်ကို အိုးကြီးအိုးငယ်နှင့် ထမင်းကျွေးနေရသည်။

အလှူကို ကူညီလုပ်ကိုင်မည်ဟု ဘာအကြောင်းပြချက် ညာအကြောင်းပြချက်တွေပေးပြီး ထမင်းဝင်စားနေကြသည်။

ကိုရင်များ ဆံချပြီးချိန်တွင် ခေါင်းကို နနွင်းလူးရန် အကြံလာပေးသူကလည်း ထမင်းစားသွားသည်။

ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့မှာ ပြဿနာမျိုးစုံ ဖြေရှင်းနေရသည်။ ဒေါ်သေးတာက အလှူမှ လိုသလောက် ငါးသလောက် ရမည်ဟု တာဝန်ခံသွားပြီးမှ ကိုကျော်ရီ၏ ငါးသလောက်ပိုက်တွင်





ငါးမကျသဖြင့် အခြားရွာသို့ လူလွှတ်ဝယ်ဖို့ စီမံရသေးသည်။

သရက်သီးကိစ္စ၊ မယ်ဇလီဖူးကိစ္စကလည်း လွယ်မယောင်နှင့် ခက်သေးသည်။

ကိုရွှေပွားတို့ ကာလသားတစ်သိုက်နှင့် ဇာတ်တိုက်နေသော မင်းသမီး မြသန်းကြည်က စိတ်ကောက်ပြီး လပွတ္တာသို့ ပြန်မယ်တကဲကဲ လုပ်နေသဖြင့် ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့က ချော့မော့ရသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်သည်။

ရွာရှိ တောင်ကျောင်းနှင့် မြောက်ကျောင်းမှာ သုဓမ္မာနှင့် ရွှေကျင်ဂိုဏ်း ကွဲနေသဖြင့် ဆွမ်းတစ်စားပွဲတည်း မစားနိုင်ဟူသော ပြဿနာကိုလည်း ကြိုတင်စီစဉ်ရသည်။

ရွာခေါင်းကြီး သဘောကျရန် အရက်ကိုလည်း ကြိုတင်စီစဉ်ရသည်။ ကိုရွှေပွားတို့ ကာလသားများက ရှင်လောင်းလှည့်မည့် ဒိုးပတ်အဖွဲ့ကို အရက်တိုက်ရမည်ဟု တောင်းဆိုသဖြင့် စီစဉ်ပေးရသေးသည်။

ပထမက မဏ္ဍာပ်ကို ငှက်ပျောပင်စိုက်၊ အုန်းလက်နှင့် ရာဇမတ်ကာမည်ဟု ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့ စိတ်ကူးထားသည်။ သို့သော်လည်း ကိုယ့်ပိုက်ဆံ မဟုတ်တိုင်း အကျယ်ချဲ့လိုသူများက စပ်ပန်းချီဖြင့် တိုက်မဏ္ဍာပ်လုပ်ရန် အကြံပေးသဖြင့် မြောင်းမြတတ်ပြီး ကတ္တူများ၊ ဆေးများ၊ ပန်းစက္ကူများ ဝယ်ရသေးသည်။

ရှင်လောင်းလှည့်ရန်အတွက် ကွမ်းတောင်ကိုင် မိန်းမချော



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ရသော ပြဿနာကလည်း စဉ်းစားရသေးသည်။

ပြင်စရုတွင် အချောအလှ မိန်းကလေးများအပိုင်းတိုင်း ရှိနေသဖြင့် မည်သူ့ကို ပန်းတောင်ကိုင် ရွေးရမလဲဟု စဉ်းစားရသည်။

ပန်းတောင်ကိုင် အရွေးမှားပါက အပိုင်းလိုက် အလှူကို သပိတ်မှောက်တာကို ခံရနိုင်သည်။

ဥပမာ ရွာတောင်ပိုင်းက မိန်းကလေးကို ပန်းတောင်ကိုင် ရွေးပါက ရွာမြောက်ပိုင်းက စိတ်ကောက်ပြီး ရှင်ပြုလှည့်ရန် မလိုက်လိုကြချေ။ သူတို့ ရှင်ပြုလှည့်၍ မလိုက်၊ အလှူသို့လာပြီး မစားလျှင် အကုန်သက်သာသည်ဟု ယူဆရမည် ဖြစ်သည်။

သို့သော် ရပ်ရွာနှင့် ဆန့်ကျင်ရသောကိစ္စ။

ကိုယ့်အလှူကို လှူဒြိုဖြင်ရမည့် ကိစ္စမျိုးကို ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့ မဖြစ်ချင်ပေ။ ဤအဖြစ်မျိုး အဖြစ်မခံနိုင်ပေ။

အလှူနားနီးမှ ပရိက္ခရာရှစ်ပါးကို စစ်ဆေးရာ သင်တုန်းဓားလိုနေသဖြင့် မြောင်းမြသို့ လူလွှတ်ပြီး ဝယ်ခိုင်းရသေးသည်။

သို့နှင့် အလှူရက်သို့ ရောက်လာပြီး ရှင်လောင်းလှည့်မည့်နေ့သို့ ရောက်လာသည်။ ညပိုင်းတွင် ဖြောစဝင်သည်။

ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့ အလှူမှာ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာသဖြင့် ဘုရားဒကာကျန် ရင်လေးနေမိလေသည်။

ဦးသိုင်းတို့က တစ်ထောင်ကုန် မှန်းထားသော်လည်း ဘယ်နည်းနဲ့မှ တစ်ထောင်နှင့် မလောက်နိုင်ဟု ဘုရားဒကာကျန် အတွေ့





အကြုံအရ သိနေသည်။ ဖြောသံကလည်း ဘယ်လယ်ပေါင်၊ ဘယ်လယ်ပေါင်နှင့် မြည်နေသည်။

အသံက မိုးလိုဟိန်းကျယ်လှ၏။

ဘုရားဒကာကျန်သည် ဖြောသံကို နားထောင်ရင်း အဘိဓမ္မာတုတ်ကို လှမ်းပြောလေသည်။

''ဒီမှာ ကိုဘတုတ်ရေ ခင်ဗျားဖြောသံကို သေသေချာချာ နားထောင်ရဲ့လား၊ ဘာသံထွက်နေသလဲ''

''နားတော့ ထောင်ပါတယ်၊ ဘာသံထွက်နေလို့လဲ''

''ဖြောသံက ဘယ်လယ်ပေါင်၊ ဘယ်လယ်ပေါင်နဲ့ အော်နေသံ မကြားဘူးလား၊ ကျုပ် စိတ်ထဲမှာတော့ ဟောဒီ အလှူပြီးရင် ကိုသိုင်းတို့၊ ခွေးလှတို့ ချစ်တီးဆီမှာ လယ်ပေါင်သွားထားရမှာ မြင်ယောင်နေသေးသဗျာ၊ ဖြောသံကို မကြားဘူးလား ဘယ်လယ်ပေါင်၊ ဘယ်လယ်ပေါင်နဲ့''

အဘိဓမ္မာတုတ်ကလည်း အားကျမခံ ပြောပြန်သည်။

''ဦးကျန်ကလဲ ဒါတင် ဘယ်ကမလဲ၊ အလှူရေစက်ချပြီးရင် တီးတဲ့ဖြောသံကိုတော့ ကြားဖူးသလား''

''ဘယ်လိုတဲ့တုန်း''

ဘုရားဒကာကျန်က စိတ်ဝင်စားစွာ မေးလိုက်သည်။

အဘိဓမ္မာတုတ်က

''အလှူရေစက်ချပြီးရင် တီးတဲ့ ဖြောသံက ပြုတ်ပြုတ်ဖြုံး၊



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ပြုတ်ဖြိုး ဆိုတာလေ။ အလုပ်လုပ်လိုက်လို့ ရှိသမျှ ပြုတ်ပြုတ် ပြန်းကုန်ပြီလို့ ကြေညာနေတာနဲ့ မတူဘူးလား''

ဘုရားဒကာကျန်က . .

''ဒါကြောင့် ကျုပ် ကြားဖူးတာ၊ တစ်ခါတုန်းက အလွန် ပကာသန မက်မောတဲ့ လူတစ်ယောက်က ပိုက်ဆံချေးပြီးတော့ အလှူ လုပ်တာ၊ အလှူက လုပ်ရင်းလုပ်ရင်းနဲ့ ကြီးကျယ်လာတော့ ငွေတွေ ဟိုကချေး၊ ဒီကချေးနဲ့ အကြွေးသုံးထောင်တင်သွားရော၊ အဲဒါကို အလှူရှင်လူကြီးက စိတ်ထဲမှာ မသက်မသာဖြစ်ပြီး စွဲလမ်းနေရော အလှူရေစက်ချတဲ့အခါကျတော့ အားလုံး ကြားကြားသမျှ အမျှ . . အမျှ . . အမျှလို့ အော်ရမယ့်အစား သူ့အကြွေးသုံးထောင် တင်တာ ကို ပူပန်စွဲလန်းနေလို့ ယောင်ပြီး ဘယ်လိုအော်မိသလဲဆိုတော့ အား လုံးကြားကြားသမျှ အကြွေးသုံးထောင် တင်ပါသဗျ၊ အကြွေးသုံး ထောင် တင်ပါသဗျနဲ့ ယောင်ပြီး 'အော်မိသတဲ့''

''ကြားတဲ့ ပရိတ်သတ်လဲ ကြောင်ပြီး ရယ်ကြ၊ ပြုံးကြမှာ ပဲနော်''

''အေးပေါ့ဗျ . . ရယ်ကြ ပြုံးကြရင်းနဲ့ အဲဒီလူကြီး အကြွေး သုံးထောင် တင်တာကို ကောင်းတယ် . . ကောင်းတယ်ဆိုပြီး သာဓု သုံးကြိမ်ခေါ်ပြီး အားပေးလိုက်ကြသေးသဗျ''

သို့နှင့် ရှင်လောင်းလှည့်မည့် နံနက်ပိုင်းသို့ ရောက်လာလေ သည်။ နံနက်ခုနစ်နာရီ ပြင်စလွှမှ စထွက်ရန် စီစဉ်ထားသော်လည်း





ရှစ်နာရီအထိ မထွက်နိုင်သေးရာ နေက အတန်ပူလာပြီ။

ကိုရင်သုံးပါးကို မန္တလေးပိုးအဝါ ထိုင်မသိမ်းအင်္ကျီ၊ ရွှေဖ လားရောင် ဇန်ကောက်ပုဆိုး၊ မင်းမြောက်တန်ဆာ ငါးပါးဖြစ်သော မကိုဋ်၊ စလွယ်၊ လက်စည်းတို့ကို ဝတ်ဆင်ပေးထားသည်။

ကော်ဇောပေါ်တွင် ကုန်းနီးတပ်ထားသော မြင်းများက လည်း လှနေသည်။

နတ်ပန်းကား ရုပ်ဆိုးသူ၊ အသားမည်းသူ ဖြစ်ရာ ရွှေဖ လားရောင် ဇန်ကောက်ပုဆိုး၊ မန္တလေး ကျစ်ပိုးအင်္ကျီအဝါနှင့် မလိုက် ဖက်ပေ။ အဝတ်တခြား အသားတခြား ဖြစ်နေသည်။

နတ်ပန်း၏ မျက်နှာကို ဘဲဥမျက်နှာချေများ လူးပေးထား ရာ မျောက်မျက်နှာ ပြာလူးသလို ဖြစ်နေသည်။

သည်ကြားထဲ နတ်ပန်းမှာ ချွေးထွက်သန်သူ။

မျက်နှာမှ ချွေးများကြောင့် မျက်နှာချေများ ပျက်နေရာ မျက်နှာပေါ်တွင် ပွေးကွက်များ ထွက်သလို ဖြစ်နေပြန်လေသည်။

နတ်ပန်းကား ရုပ်ရည်ဆိုးဝါးရုံမျှမက အမူအရာပါ ဆိုးဝါး သေးသည်။ နတ်ပန်း မြင်းစီးသောအခါ ခါးကြီးက ခိုင်ပြီး ကုန်းကွကွ ကြီး ဖြစ်နေသည်။

ထို့ပြင်၊ မြင်းပိုင်ရှင်နှင့် ရွှေထီးမိုးသမားက နတ်ပန်းအား ခန္ဓာကိုယ်အကြောကို လျော့၍ မြင်းကျောပေါ်တွင် အလိုက်သင့်နေ ရန် ပြောသော်လည်း နတ်ပန်းက မနေတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်း၏ အမူအရာမှာ ရှင်လောင်းလှည့်သည်နှင့် မတူဘဲ မြင်းစီးပြီး စစ်တိုက်ထွက်တော့မည့်ပုံ ဖြစ်နေသည်။

နတ်ပန်း၏ မျက်လုံးများက ဘယ်ကိုမှ မကြည့်ဘဲ ရှေ့ကိုသာ မျက်လုံးပြူးပြီး ကြည့်နေသည်။

သည်ကြားထဲ နတ်ပန်းသည် အံကိုလည်း ကြိတ်ထားသေးသည်။ မြင်ရသူအားလုံး နတ်ပန်းရုပ်ကြောင့် စိတ်ညစ်ကြရပေသည်။

နတ်ပန်းကို ကြည့်ပြီး ရှင်လောင်းလှည့်ရာတွင် ပါသူများက ပြုံးကြသည်။

''တို့ရှင်လောင်းကတော့ကွာ ဝိဓူရအမတ်ကို တောင်စဉ်ခုနစ်ထပ်နဲ့ တိုက်သတ်တော့မယ့် ပုဏ္ဏကဘီလူးကျနေတာပဲ''

လက်သန်းကမူ အသားဖြူ ရုပ်ရည်ချောသူဖြစ်ရာ ရွှေလားရောင် ဇနီကောက်၊ မန္တလေးကျစ်ပိုးအကျီရင်ဖုံးနှင့် အလွန်လိုက်ဖက်တင့်တယ်သည်။

မြင်းပေါ်ထိုင်နေပုံကလည်း ပုံပုံ့ကလေးနှင့် အလွန်ကြည့်ကောင်းသည်။ လက်သန်း၏ မျက်နှာကလေးက ပျော်ရွှင်ကြည်လင်နေပြီး မြင်သူအပေါင်းကို စိတ်နှလုံး ရွှင်ပြုံးစေသည်။

ပြင်စလူရွာမှ ကလေးများကလည်း မကိုင့်၊ စလွယ်၊ လက်စည်းတို့နှင့် တင့်တယ်နေသော လက်သန်းကို အားကျကြလေသည်။

ယခုလို မြင်းကြီးစီးပြီး ရွှေထီးဆောင်းကာ ရှင်လောင်းလှည့်သည်ကိုလည်း အထင်ကြီးကြသည်။





ရှင်လောင်းအဝတ်အစားနှင့် လက်သန်းကို မြင်ရသောကာလသားများက သဘောကျစွာနှင့် ကောင်းချီးပေးကြလေသည်။

''လက်သန်းကတော့ကွာ နန်းသိမ်းပွဲခံနေတဲ့ အိမ်ရှေ့မင်းသားလေး ကျနေတာပဲ၊ တယ်စတိုင်ကျသကိုးကွ''

နောက်ဆုံး ရှင်လောင်းဖြစ်သော ဒေါ်ခွေးလှ၏ တူမောင်သာရင်ဆိုသူမှာလည်း လက်သန်းလို မတင့်တယ်သော်လည်း နတ်ပန်းထက်မူ အပုံကြီး ကြည့်ကောင်းနေသည်။

ရှင်လောင်း သုံးပါးအနက် နောက်ဆုံးမှ လိုက်ရသူမှာ ဒေါ်ခွေးလှ၏တူ မောင်သာရင်ကလေး ဖြစ်သည်။

မောင်သာရင်ကလေးမှာ အငယ်ဆုံး ဖြစ်သည်။

မောင်သာရင်သည် နေမကောင်းပြီးခါစတွင် ရှင်ပြုသဖြင့် အသားအရေမှာ ဖြူဖတ်ဖြူရော်နှင့် ညှင်းသိုးသိုး ဖြစ်နေလေသည်။

ထို့ပြင် မြင်းပေါ်မှ လိမ့်ကျမှာလည်း ကြောက်နေသဖြင့် မျက်လုံးကလေးမှာ ကလည်ကလည် ဖြစ်နေသည်။

ရှင်လောင်းများကို ကြည့်ပြီး ဥပမာပေးကောင်းသော ကာလသားတစ်ဦးက မောင်သာရင်ကလေးကိုလည်း ချမ်းသာမပေးပေ။

''ဒီရှင်လောင်းကတော့ ဝိဠူချပ လိုက်သတ်လို့ ထွက်ပြေးသာတဲ့ စစ်ရှုံးသာကီဝင်မင်းသားကျနေတာပဲ''

ထိုကာလသား၏စကားကို ပရိသတ်များက ဝိုင်းရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟား ‥ ဟား ‥ ဟား''

ရှင်လောင်းလှည့်သူများသည် ပြင်စလူရွာထဲသို့သာမက ဘဲ ရွာနီးချုပ်စပ်သို့ပါ လှည့်လေသည်။

ရှင်လောင်းလှည့်ရာတွင် ပါလာသော ဒိုးပတ်ဝိုင်းနှင့် အ ယိုင်ကသမားများသည် အရက်ရှိန်ကြောင့် တကာယ်ယိုင်ကနန်ကြ သည်။ ရှင်လောင်းလှည့်ရာတွင် ရွာခေါင်းကြီး စောမြဒင်ကလည်း ပါသည်။ သူ၏တပည့်က လွယ်အိတ်တစ်လုံးတွင် ကွမ်းအစ်နှင့် အ ရက်ပုလင်းကို လွယ်လာရသည်။

ဦးသိုင်းနှင့် ဒေါ်ခွေးလှတို့မှာလည်း ပျော်ရွှင်နေကြသည်။ ဦးသိုင်းက ဝတ်ကောင်းစားလှနှင့် သက်န်းထည့်ထားသော မောင်း ဆောင်းခွက်ကို ကိုင်လေသည်။ ဒေါ်ခွေးလှကတော့ ကန်တော့ပွဲကို ရွက်လာသည်။

ဒိုးပတ်ဝိုင်းက ဦးရွှေရိုးအကမှာလည်း အကကောင်းသူ ဖြစ် သဖြင့် ပရိသတ်မှာ တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြသည်။

ရှင်လောင်းလှည့်ပြီး ရွာဦးကျောင်းသို့ ရောက်သောအခါ နှစ်ချက်ထိုးပေပြီ။

ရှင်လောင်းများကို ထမင်းကျွေးပြီးသည်နှင့် ဆံချလေတော့ သည်။ ထိုနေ့ညတွင် သင်္ကန်းစည်းပေးပြီး နောက်တစ်နေ့တွင် ဆွမ်း ကျွေးတရား နာရမည် ဖြစ်သည်။

ရှင်လောင်းများ ကိုရင်ဝတ်နေစဉ် ချက်ပြုတ်ရန် တာဝန်





ကျသူများနှင့် အငြိမ့်ပြဇာတ်ကရန် ကိုရွှေပွားတို့ကာလသားများ ရွာထဲရှိ ဦးသိုင်းတို့အိမ်ရှေ့ အလှူမဏ္ဍပ်သို့ ပြန်လာကြသည်။

မဏ္ဍပ်နှင့် အတော်ခပ်လှမ်းလှမ်း တလင်းထဲတွင် ဇာတ်စင် ထိုးထားပြီး ဖြစ်သည်။ တိုင်ဖုံးနှင့် လိုက်ကာများလည်း တပ်ဆင်ပြီး ဖြစ်သည်။ ဆိုင်းအဖွဲ့လည်း နေရာယူပြီး ဖြစ်သည်။

ရွာနီးချုပ်စပ်မှ ပွဲဝတ်နေသူများလည်း ပွဲကြည့်ရန် တဖွဲဖွဲ ရောက်လာကြသည်။ ဦးသိုင်း၊ ဒေါ်ခွေးလှတို့နှင့် ရင်းနှီးသူများက ပွဲကြည့်လာရင်း အလှူရှင်အိမ်တွင် ထမင်းဝင်စားကြသည်။ ဦးသိုင်း တို့ကလည်း ရွာနီးချုပ်စပ်မှ ပွဲကြည့်ရောက်လာသူများ စားရန် အတွက် ကြက်သုံးကောင်နှင့် ဘူးသီးဟင်း ချက်ထားသည်။ ပထမပိုင်း စားသူများက ကြက်သားဖတ်များချည်း ရွေး၍ စားသွားသလားမသိ။ နောက်ပိုင်း စားသူများမှာ ကြက်သားဖက်ကို ရှာမတွေ့ပေ။

ထို့ကြောင့် ဦးသိုင်းတို့နှင့် ရင်းနှီးသော ညော့သည်ရွာသား တစ်ဦးက နောက်ပြောင်သွားပေသည်။

''ဦးသိုင်းရေ ကြက်သားဟင်းထဲ ဘူးသီးရောက်တာလား ဘူးသီးဟင်းထဲ ကြက်သားရောက်တာလား၊ ကျုပ်တော့ ဘူးသီးဖတ် ပဲ တွေ့တယ်၊ ကြက်သားဖတ် မတွေ့ဘူး''

ဦးသိုင်းကလည်း ရယ်ကျဲကျဲနှင့် တုံ့ပြန်လေသည်။

''အရက်ထဲ ရေပဲရောရော၊ ရေထဲ အရက်ပဲရောရော မူး နေပြီးတာပဲ မဟုတ်လား ဟကောင်ရ''



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသိပ်များရင် မမူးတော့ဘူး ဦးသိုင်းရ၊ ဒီလိုမှန်းသိရင် ကျွန်တို့ရွာက လက်ဖွဲ့ဆရာဆီက မှန်ဘီလူးယူခဲ့ပါတယ်ဗျာ''

''ဘာလုပ်ဖို့လဲပါ''

''ဟင်းအိုးထဲက ကြက်သားဖတ်ကို မှန်ဘီလူးနဲ့ ရှာဖို့လေ ဗျာ''

မထင်မှတ်ဘဲနှင့် ပွဲကြည့်ရန် လူအတော်များများ ရောက်လာကြသည်။ လှည်းဝိုင်းများလည်း ပါလာသည်။ လှေများနှင့်လည်း လာကြသည်။ ပွဲကြည့်လာသူများထဲတွင် ကာလသားများလည်း ပါလာသည်။ အချို့ကာလသားများ အရက်များမူးနေရာ အခြားရွာသားများနှင့် ရန်ဖြစ်မည် တကဲကဲ ဖြစ်နေသည်။

အလှူရှင်ဦးသိုင်းနှင့် ဘုရားဒကာကျန်၊ အဘိဓမ္မာတုတ်တို့မှာ ပွဲခင်း၌ ရန်ဖြစ်မည်စိုး၍ ခေါင်းကြီးနေကြသည်။

ထို့ကြောင့် လူငယ်တစ်ယောက်အား ရွာခေါင်းစောမြဒင်ကို အရှာခိုင်းပြီး ပွဲထိန်းရန် အကူအညီတောင်းရသည်။

စောမြဒင် ရောက်လာသောအခါ နှစ်လုံးပြူးသေနတ်ကြီး ပါလာပြီး ပွဲထိန်းရန် သူ့တာဝန်ထားပါဟု အာမခံထားလေသည်။

ထို့နောက် ရွာခေါင်းစောမြဒင်က အဖြူရောင် ကုန်ထုပ်စက္ကူတစ်ခုပေါ်တွင် မဲနယ်နှင့် ပန်းချီဆရာကို စာရေးခိုင်းလေသည်။

စောမြဒင် စာရေးခိုင်းသည်မှာ . . .





> သောက်စားမူးယစ်ခြင်း
> မပြုရ။
> (ပုံ) ရွာခေါင်းအမိန့်။

ဟူ၍ ဖြစ်သည်။

ထိုစာတန်းရေးပြီးနောက် စောမြဒင်သည် ပွဲခင်းအနီး သစ်ပင်တစ်ပင်တွင် ချိတ်ဆွဲရန် ထွက်သွားလေသည်။

ဦးသိုင်းနှင့် ဘုရားဒကာကျန်တို့က ရွာသားတစ်ဦးဦးကို ချိတ်ဆွဲခိုင်းမည်ဟု ပြောသော်လည်း စောမြဒင်က လက်မခံပေ။

စောမြဒင်က ထိုစာတန်းကို သစ်ပင်တွင် သူကိုယ်တိုင် ချိတ်ဆွဲမှ လူများပိုကြောက်မည်။ ပိုပြီး အာဏာတည်မည်ဟု ဆိုသည်။

ထိုအချိန်တွင် တစ်နေကုန် အရက်များသောက်ထားသဖြင့် ရွာခေါင်းကြီး စောမြဒင်သည် အတော်ပင်မူးနေပြီ ဖြစ်သည်။

ထို့ကြောင့် စောမြဒင် သစ်ပင်ပေါ် ထိုစာတန်းကို တက်ချိတ်စဉ် လိမ့်ကျမည်စိုးသဖြင့် လူကြီးများက အတန်တန်တားမြစ်သည်။ သို့သော် စောမြဒင်က လက်မခံပေ။

စောမြဒင်က ထိုစာတန်းကို သူကိုယ်တိုင် ချိတ်ဆွဲမှ ဖြစ်မည်ဆိုကာ ထွက်သွားသည်။

အလှူရှင်ဦးသိုင်းက စာတန်းချိတ်ဆွဲပြီးပါက ထမင်းစားကြပါဟု ရွာခေါင်းစောမြဒင်အား မှာကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောမြဒင်သည် အချိန်အတော်ကြာသည်အထိ မဏ္ဍပ်သို့ ပြန်ရောက်မလာပေ။ ထို့ကြောင့် ဦးသိုင်းနှင့် လူကြီးများသည် စိတ်မချဘဲ ရွာခေါင်းကြီး ဆိုင်းဘုတ်သွားချိတ်ရာသို့ လိုက်သွားသည်။

သစ်ပင်တစ်ပင်တွင် သောက်စားမူးယစ်ခြင်း မပြုရဟူသော ဆိုင်းဘုတ်စာတန်းကို တွေ့ရသော်လည်း စောမြဒင်ကိုကား မတွေ့ရပေ။ အဘိမ္မောတုတ်က တွေ့ရာကာလသားများကို လူစုခွဲပြီး ရွာခေါင်းကို ရှာခိုင်းလိုက်သည်။

ထိုစဉ် ဘုရားဒကာကျန်သည် သစ်ပင်အောက်၌ လူတစ်ယောက်ကို ခလုတ်တိုက်မိလေသည်။

''အောင်မယ်လေး တောက်ပလုပ်တုတ်''

ဦးသိုင်းက မြေကြီးပေါ်တွင် လူတစ်ယောက် လဲနေသည်ကို တွေ့သွားသည်။

''ဟာ . . လူတစ်ယောက် မူးလဲနေပါလား၊ အရက်နံ့လည်း တထောင်းထောင်းနဲ့''

အဘိမ္မောတုတ်က ပါလာသောမီးခြစ်ကို ခြစ်ပြီး သစ်ပင်အောက်တွင် လဲကျနေသူအား ကြည့်လိုက်ရာ ရွာခေါင်းကြီး စောမြဒင် ဖြစ်နေလေသည်။

ဘုရားဒကာကျန်က စိတ်မသက်မသာစွာဖြင့် သက်ပြင်းချလေသည်။

''ကောင်းရောကွာ . . သောက်စားမူးယစ်ခြင်း မပြုရ





တဲ့ အမိန့်ပေးတဲ့ရွာခေါင်းက သူ့ဆိုင်းဘုတ်အောက်တည့်တည့်မှာ အရက်မူးပြီး လဲနေတယ်''

* * *

ထိုအချိန် ကာလသားခေါင်း ကိုရွှေပွားတို့ ဓာတ်စင်မှာလည်း ပြဿနာဖြစ်နေသည်။

ညဖက်မှောင်ရီပျိုးချိန်တွင် ဆိုင်းအဖွဲ့က ဆိုင်းတီးနေလေသည်။ ဓာတ်ခင်းမှာ မီးမလင်းသေးပေ။

အငြိမ့်နှင့် ပြဇာတ်ကရန်အတွက် အားလုံးလည်း ဓာတ်တိုက်ပြီးပြီ။ အဝတ်အစားလည်း လဲပြီးပြီ။

မင်းသမီးကလည်း အငြိမ့်ထွက်ရန် ပြင်ဆင်ပြီးပြီ၊ ပွဲဈေးတန်းလည်း စည်ကားနေပြီ။

ပွဲကြည့်ပရိသတ်ကလည်း တစ်ကွင်းလုံး ပြည့်လျှံအောင် နေရာယူပြီးကြပေပြီ။ ဓာတ်စင်ပေါ်တွင်ကား မှောင်နှင့်မည်းမည်း ရှိနေဆဲပင်။

အောက်လင်းဓာတ်မီးများ ညနေကတည်းက ကြိုတင်ငှားထားရန် မေ့နေကြကြောင်း ထိုအချိန်ကျမှ သတိရတော့သည်။

ပရိသတ်ကလည်း ပွဲကရန် ဆူညံနေပြီ ဖြစ်သည်။

''ကပါတော့ဗျို့ မြသန်းကြည်ကို ကြည့်ချင်လှပြီ''

ကာလသားခေါင်း ကိုရွှေပွားကိုယ်တိုင် ဘုန်းကြီးကျောင်း



www.burmeseclassic.com

နှစ်ကျောင်းသို့ပြေးပြီး အောက်လင်းဓာတ်မီး ငှားရသည်။ ရွှေကျင်ကျောင်းမှာ အောက်လင်းဓာတ်မီး မရှိပေ။ သုဓမ္မာကျောင်းက အောက်လင်းဓာတ်မီးတစ်လုံး ရလာသည်။

သို့သော်လည်း ရလာသော အောက်လင်းဓာတ်မီးမှာ မသုံးတာကြာပြီဖြစ်၍ မီးထွန်း၍ မရပေ။

သည်ကြားထဲ လေထိုးရင်း မီးဇာကြွေသွားလေသည်။ ပြင်စလူရွာရှိ တရုတ်အဖဲ ကုန်စုံဆိုင်ကလည်း မီးဇာမရှိပေ။

ထို့ကြောင့် ကာလသားခေါင်း ကိုရွှေပွားသည် ခြေမြန်တော် ကာလသားများကို ရွာနီးချုပ်စပ်သို့ အောက်လင်းဓာတ်မီးငှားရန် သမ္မာန်တစ်စီးနှင့် လွှတ်ရလေသည်။

ထိုအချိန်တွင် ညဥ့်အတော်နက်လာပြီဖြစ်ရာ ပွဲကြည့်ပရိသတ်က ဆူညံနေပြီဖြစ်၍ မီးတုတ်များအမြန်ဆုံးလုပ်ကာ ပွဲထွက်ရလေသည်။

မင်းသမီး မြသန်းကြည် နစ်ကျော့လောက်ကပြီး လူပြက်များ ချိတ်လုံးနှင့် ပြက်လုံးထုတ်နေစဉ် မီးတုတ်မှမီးသည် ဇာတ်စင်နဖူးစီးကို မီးလောင်တော့သည်။

လူပြက်များက ပြက်လုံးကိုရပ်ပြီး မီးကို ငြိမ်းသတ်သော်လည်း ဇာတ်စင်တိုင်ဖုံးနှင့် လိုက်ကာများကိုပါ မီးစွဲလောင်တော့သည်။

ထို့ကြောင့် မင်းသမီးမြသန်းကြည်သည် ထဘီမနိုင် ပဝါ





မနိုင်နှင့် ဇာတ်စင်ပေါ်မှ ဆင်းပြေးရလေသည်။ ဆိုင်းသမားများကလည်း ကိုယ့်ဆိုင်းကိုယ်သယ်ပြီး ထွက်ပြေးရလေသည်။

ပွဲကြည့်ပရိသတ်လည်း မီးလန့်ပြီး သူ့ထက်ငါ ထွက်ပြေးကြလေသည်။ ပွဲဈေးတန်း ဈေးဆိုင်များလည်း ပြေးသူပြေး၊ မှောက်လဲသူလဲနှင့် ဖြစ်ကုန်သည်။

လှည်းဝိုင်းနှင့် ပွဲလာကြည့်သူများလည်း လှည်းတပ်ပြီး မီးလွတ်ရာသို့ ပြေးလေသည်။ လှေနှင့် ပွဲလာကြည့်သူများလည်း မိမိတို့လှေရှိရာ ကမ်းနားသို့ ပြေးဆင်းကုန်ကြသည်။

အလှူမဏ္ဍပ်အတွင်းမှ ချက်ပြုတ်နေသူများလည်း ထွက်ပြေးကြကုန်သည်။

အမှန်မှာ ဇာတ်စင်နှင့်မဏ္ဍပ်မှာ တစ်ခေါ်လောက်ဝေးသဖြင့် မီးသည် မဏ္ဍပ်နှင့် အလှူအိမ်ကိုကား မကူးစက်ပေ။

''ဒိုင်း . . ဒိုင်း . . ''

အခြေအနေ ပို၍ဆိုးသွားသည်မှာ ဇာတ်စင်မီးလောင်၍ လန့်သည်ကို ရွာခေါင်းစောမြဒင်က ဓားပြဝင်တိုက်သည်ထင်ပြီး သူ့နှလုံးပြူးသေနတ်ကို မိုးပေါ်ထောင်၍ ပစ်လေသည်။

ပွဲကြည့်သူများ အထိတ်တလန့်ဖြစ်ပြီး ထွက်ပြေးကုန်ကြသည်။ မီးသည် လိုက်ကာများနှင့် ဇာတ်စင်တစ်ခုလုံးကို ဝါးမျိုးပြီးသောအခါ ငြိမ်းသွားလေသည်။

ထိုအချိန်တွင် ရွာနီးချုပ်စပ်သို့ အောက်လင်းဓာတ်မီး ငှား

www.burmeseclassic.com



ထားသူများ ခ‌ေတ်မီးလေးလုံးကို ပြိုင်တူထွန်းပြီး ဝါးလုံးတွင်လျှို၍ ထမ်းကာ ကမ်းနှားမှ တက်လာသည်။

သူတို့ရောက်လာသောအခါ ပွဲကြည့်ပရိသတ်လည်း မရှိတော့။ ဓာတ်စင်လည်း မရှိတော့။ ပွဲဈေးတန်းလည်း မရှိတော့ပေ။

''ဟာ . . ဘယ်လိုဖြစ်တာလဲ''

အောက်လင်းဓာတ်မီး ထမ်းလာသူများက ပွဲခင်းကို ကြည့်ပြီး အံ့သြနေလေသည်။

မလှူမကွာပ်ထဲမှ အောက်လင်းဓာတ်မီးထမ်းလာသူများကို လှမ်းခေါ်သည်။

''ဘယ်လိုမှ မဖြစ်ဘူးဟေ့၊ ဓာတ်စင်မီးလောင်ပြီး ပွဲလန့်လို့ တစ်ယောက်မှ မရှိတော့ဘူး''

ရက်ပေါင်းများစွာ ဓာတ်တိုက်ထားသော အငြိမ့်နှင့် ပြဇာတ်ကို မကြည့်လိုက်ရသဖြင့် လူငယ်တစ်ဦးက ကျိတ်မနိုင်ခဲမရ ပြောပေသည်။

''ဟာဗျာ . . ဓာတ်စင်မီးငြိမ်းရင် ပြန်ကရအောင် ပတ်မကြီးတီးပြီး ပရိသတ်ကို ထိန်းထားပေါ့''

ဦးသိုင်းက မချိတင်ကဲလေသံနှင့် . . .

''ပြန်ကဖို့ ဓာတ်စင် ဘယ်မှာရှိတော့မလဲကွ၊ ဟိုမှာ မတွေ့ဘူးလား။ ကိုဖိုးဘအိမ်ဆောက်မယ့်သစ်တွေ ခဏငှားပြီး ဓာတ်စင်လုပ်တာ မီးလောင်လို့ ငါလျှော်ရတော့မှာကွ''

မိုးဆမ်းပန်းစာပေ



နောက်တစ်နေ့တွင် လာသမျှဧည့်ပရိသတ်ကို လက်သီးဆုပ်နှံ့ရှိသော ဝက်သားတုံးနှင့် ငါးသလောက်ပေါင်း သရက်သီးသုပ်၊ ယိုဇလီဟင်းချိုတို့နှင့် အလှူမဏ္ဍာပ်တွင် ထမင်းရုံလုပ်ပြီး ဧည့်ခံလေသည်။

သံဃာစင်တွင်လည်း ရှင်ပြုတရားချီးမြှင့်ရန် ရဟန်းပရိသတ် ရောက်နေလေပြီ။

နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကိုလည်း ကိုရင်ဝတ်နှင့် သံဃာများနောက်တွင် အဆီရစ်ပြီး အိပ်ငိုက်နေလေပြီ။ အလွန်အဆာသန်သော ကိုရင်သာရင်ကလေးပင်လျှင် တကယ့်ဝါတော်ရ ဘုန်းကြီးလို ငြိမ်နေသည်။

နတ်ပန်းမှာ အရုပ်ဆိုးသူဖြစ်ရာ သင်္ကန်းနှင့်လည်း မလိုက်ဖက်လှပေ။ လက်သန်းမှာမူ အသားဖြူညိုဖြစ်ရာ သင်္ကန်းဝါဝါနှင့် အလွန်ကြည်ညိုစရာ ကောင်းနေလေသည်။

မွန်းတည့်နှစ်နာရီခန့်တွင် အလှူရေစက်ချ တရားဟောရန် ဆရာတော် ဦးဝိမလက ပြင်ဆင်လေပြီ။

ဆရာတော် ဦးဝိမလကား ရဟန်းသိက္ခာပုဒ်နှင့် ပြည့်စုံသော သူတော်စင်ရဟန်းတစ်ပါး ဖြစ်သည်။ ဆရာတော်သည် တရားဟောလည်း အလွန်တတ်သည်။ စကားပြောလည်း အလွန်ပြတ်သည်။

ဆရာတော်သည် မျက်နှာကြီးငယ်မရွေး ပြောစရာရှိလျှင်

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပစ်လိုက်ရမှ ကျေနပ်သူ ဖြစ်သည်။

အလှူအတန်းမျက်နှာ အခြွေအရံ မျက်နှာအတွက် ဆရာတော်သည် ရေလိုက်ငါးလိုက် နေတတ်သူမဟုတ်။

ဆရာတော်သည် တရားဓမ္မ၌သာ မွေ့လျော်သူဖြစ်ရာ အလှူအတန်းပေါခြင်း၊ အခြွေအရံ သင်းပင်းများခြင်းကို ဂရုစိုက်သူ မဟုတ်ပေ။ သူ့ကျောင်းသို့ ပရိသတ် လာလာမလာလာ အရေးမထားပေ။ မလာလေ ကြိုက်သူ ဖြစ်၏။

ဆရာတော်၏ မျက်စိနှင့် အမြင်မတော်လျှင် ပိဿာလေး နှင့် ဘောပစ်သလို ပြောတတ်သူ ဖြစ်သည်။

ထို့ကြောင့် သီလကြောင်သူများသည် ဆရာတော်အနီးသို့ မကပ်ဝံ့ပေ။ ဆရာတော်သည် တရားဟောကောင်းသော်လည်း ယခုအခါတွင် မည်သည့်မြို့ရွာမှ တရားဟော မထွက်တော့ပေ။ ဘုန်းကြီး လောကတွင်လည်း ဆရာတော်အမြင်၌ တရားဟောဓမ္မကထိကများ အနေအထိုင်မတတ်လျှင် . . .

''ဒကာမလည်း ဒူးပေါ်ပေါင်ပေါ်၊ ဘုန်းကြီးကလည်း စိန်ခြူးကြာညောင်''ဟု ပြောတတ်သည်။

တရားနာလာသော ပရိသတ်များ တရားနာရင်း အိပ်ငိုက်နေလျှင်လည်း . . . .

''ဘုန်းကြီးကတော့ ပါးစပ်က အမြှုပ်ထွက်မတတ် ဟောရတယ်၊ မင်းတို့ကတော့ အိပ်ငိုက်လို့ပေါ့လေ၊ တရားလဲရ အိပ်ရေးလဲ





ဝ၊ ထပြီးပြန်ခဲ့တယ်ဆိုတာ မင်းတို့လို ဟာမျိုးကိုး''

ဟု ဆရာတော်က မာန်မဲတတ်သည်။

အထူးသဖြင့် ဆရာတော်သည် ကုသိုလ်လိုလို ဘာလိုလို နှင့် အပိုလုပ်ပြီး ပကာသနဖက်သူများကို အလွန်စက်ဆုပ်ပေသည်။

ဆရာတော် ဦးဝိမလသည် ပရိသတ်ကို သီလပေးပြီးနောက် တရားဟောလေသည်။

ဦးသိုင်းနှင့် ဒေါ်ဒွေးလှသည် တရားနာပရိသတ်၏ ရှေ့ဆုံးမှ ရေစက်ခွက်ကိုင်ပြီး ရိုသေပျပ်ဝပ်စွာ ထိုင်နေကြသည်။

ဦးသိုင်းသည် သူ၏အလှူကို ဆရာတော်ဦးဝိမလ ကဲ့ရဲ့ရှုတ်ချမည် စိုးရိမ်သဖြင့် ကြောက်ရွံ့တုန်လှုပ်နေလေသည်။

ဆရာတော်ဦးဝိမလကလည်း ပြောစရာရှိလျှင် အကြွေးထားတတ်သူ မဟုတ်ပေ။ ဆရာတော်ဦးဝိမလသည် တံတွေးကို ထွေးခံထဲထွေးကာ အာလုတ်ရှင်းလိုက်လေသည်။

''အဟမ်း . . အဟမ်း''

ဆရာတော် ဦးဝိမလက အောင်မြင်ကြည်လင်သော အသံနှင့် . . .

''အလှူရှင်ဒကာ ဦးသိုင်းလား''

ဦးသိုင်းက ဆရာတော်ကို ရိုသေစွာ မော့ဖူးပြီး . . .

''မှန်လှပါ ဘုရား''

''ဒကာကြီးရဲ့သားတွေ ရှင်ပြုတရားတော်နာမှာ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တရားဟောခဲ့ရမှာပေါ့ ဟုတ်လား''

''မှန်လှပါ ဘုရား၊ နိဗ္ဗာန်ရောက်ကြောင်း တရားများ ချီးမြှင့်ပေးပါဘုရား''

''အောင်မယ် ရာရာသသ၊ နိဗ္ဗာန်ရောက်ကြောင်း တရားတဲ့၊ အပါယ်မရောက်ကြောင်း တရားကိုပါ အလျင်နာဦး ဒကာသိုင်းရဲ့''

''မှန်လှပါ အရှင်ဘုရား သင့်တော်ရာ တရားကိုသာ ချီးမြှင့်ပါဘုရား''

''သင့်တော်ရာ တရားဆိုလို့ ငါက တရားတောင် မဟောချင်ဘူးကွယ့်''

''ဒီလိုတော့လဲ မလုပ်ပါနဲ့ ဘုရား''

''အောင်မယ် ဒီလိုတော့လဲ မလုပ်ပါနဲ့ ဟုတ်လား''

''မှန်လှပါ ဘုရား''

ဆရာတော် ဦးဝိမလသည် အလှူ့ရှင် ဦးသိုင်းကို မျက်တောင်ပင့်၍ ကြည့်လိုက်ပြီး . . .

''ကိုင်း . . ကိုင်း၊ ဘုန်းကြီးမေးတာ ဖြေစမ်း၊ အခု ရှင်ပြုမင်္ဂလာကို လွှမ်းစားကြွလာတဲ့ သံဃာတော်တွေကို ဝတ္ထုဘယ်လောက်ကပ်သလဲ''

ဦးသိုင်းက . . .

''ငါးကျပ်စီပါ ဘုရား''





ဆရာတော် ဦးဝိမလက . .

''ငါးကျပ်စီနော်''

''မှန်လှပါ ဘုရား''

''ဒါနဲ့ ဒကာဦးသိုင်းရယ်၊ မင်း သားတွေ ရှင်လောင်းလှည့်ဖို့ မြောင်းမြကနေ မြင်းငှားရတာ တစ်ကောင်ကို ဘယ်လောက်ပေးရသလဲ''

''မြင်းတစ်ကောင်ကို ငွေအစိတ် ပေးငှားရပါတယ် ဘုရား''

ဆရာတော် ဦးဝိမလ ချောင်းဟန့်လိုက်ပြီး . . .

''မြင်းတစ်ကောင်ကို ငွေအစိတ်ပေးငှားပြီး ဘုန်းကြီးတွေတော့ တစ်ပါးကို ငါးကျပ် လှူတယ်ပေါ့''

ပကာသန အပိုလုပ်မိသော ဦးသိုင်းသည် ခေါင်းမဖော်ရဲတော့ပေ။ ဆရာတော်၏ အမေးကိုလည်း မဖြေဝံ့တော့ပေ။

''ဖြေပါဦး ဒကာမောင်သိုင်းရဲ့၊ မြင်းတစ်ကောင်ကို ငွေအစိတ်ပေးငှားပြီး ဘုန်းကြီးတစ်ပါးကိုတော့ ငွေငါးကျပ်လှူတယ် ဟုတ်လား''

ဦးသိုင်းသည် ခေါင်းမဖော်ဝံ့ဘဲ တုန်တုန်ရီရီနှင့် ဖြေလိုက်သည်။

''မှန် . . မှန် . . လှပါ ဘုရား''

''အိမ်း . . ဒီလိုဆိုရင် မြင်းက ရဟန်းသံဃာထက်တောင် မြတ်နေပါပကောလားကွယ့် . . ဟေ''



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုတော့လဲ မယူဆပါနဲ့ ဘုရား”

“ဘာဖြစ်လို့ ဒီလို မယူဆရမှာလဲ၊ ဒီအတိုင်း ဖြစ်နေပြီ မဟုတ်လား”

“မှန်လှပါ ဘုရား”

“ဒီလိုဆိုရင်လဲ ဘုန်းကြီးတွေကို ဘာဖြစ်လို့ တရားဟော နိုင်းနေရသလဲကွယ်၊ ဘုန်းကြီးထက်မြတ်တဲ့ မြင်းတွေကို တရားဟော နိုင်းပါလား ဒကာသိုင်းရဲ့”

* * *

**ဆန်း** ကွန်ပျူတာစာစီ၊ ဒီဇိုင်းနှင့် သင်တန်း
၁၂၉၊ မြိတ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း



## အခန်း [၄]

ဆရာတော် ဦးဝိမလသည် ပကာသနဖက်သော အလှူရှင် ဦးသိုင်းအား ပိဿာလေးနဲ့ ဘေးပစ်သလို ပြောပြီးနောက် တရား ဆက်ဟောလေသည်။ ဆရာတော်ဟောသော တရားမှာ အာသော ကမင်းကြီးအကြောင်း ဖြစ်သည်။

အာသောကမင်းကြီးသည် စစ်ပွဲပေါင်း အလီလီကို ဆင်နွှဲ ပြီးမှ စိတ်နှလုံးငြိမ်းချမ်းသိမ်မွေ့သွားကာ သာသနာ ဒါယကာ ဖြစ် လာပုံ။ အာသောကမင်းကြီးသည် သာသနာ ပြန့်ပွားစေရန် အ နှယ်နှယ်အရပ်ရပ်သို့ သာသနာပြု စေလွှတ်ပုံ။

ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်။ ရေကန်ပေါင်း ရှစ် သောင်းလေးထောင်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပုထိုး စေတီများ တည်ထားကိုးကွယ်ပုံတို့ကို ဆရာတော်က သေချာစွာ ဟောပြသည်။

နောက်ဆုံးတွင် ထိုမျှအလှူဒါန လက်နဲ့မကွာ ပြုခဲ့သော အာသောကမင်းကြီး နတ်ရွာစံသောအခါ စပါးကြီးမြွေ ဖြစ်ရပုံကို သံဝေဂရလောက်အောင်ကို ဆရာတော်က ဟောလေသည်။

ဆရာတော် ဦးဝိမလ ဆိုလိုသောအဓိပ္ပာယ်မှာ ဘုရား၊ ပုထိုး၊ စေတီ၊ ရေတွင်း၊ ရေကန် မြောက်မြားစွာ လှူခဲ့သော သာသနာ့ဒါယိကာပင်လျှင် အယူလွဲသဖြင့် တိရစ္ဆာန်ဖြစ်ရပုံ ဖြစ်လေသည်။

ဦးသိုင်းနှင့် ဒေါ်ဖွေးလှတို့ကဲ့သို့ တစ်သက်မှာတစ်ခါလောက် လှူသူများ အပယ်စခန်း ငရဲလမ်းသို့ မလိုက်မိစေရန် ဆရာတော်က သတိပေးလိုခြင်း ဖြစ်၏။

ဆရာတော် တရားဟောပြီးသောအခါ ရေစက်ချရုံသာ ကျန်တော့သည်။ သို့သော် တရားနာသူအချို့မှာ ငြီးငွေ့သလို အိပ်ငိုက်သလို ဖြစ်နေသည်။

ထိုအချိန်တွင် တစ်ချိန်က တရားဟောကထိက လုပ်ခဲ့သော ဆရာတော် ဦးဝိမလက အခြေအနေကို အကဲခတ်၍ လူများအိပ်ချင်ပြေစေရန် စကားကို ပြောလိုက်သည်။

''ကဲ . . ရေစက်ချမယ် . . ရေစက်ချမယ်၊ ဒကာကြီး ဦးသိုင်း အသင့်ပြင်ထား''

ဦးသိုင်းသည် ရှပ်လုံးကြွထုထားသော ငွေဖလားတွင် ရေ





ထည့်ပြီး အောက်က ကြေးဇလုံတစ်ခုကို ခံထားရင်း အသင့်ပြင်ထားသည်။ ဦးဝိမလက ပရိသတ်အား ဤုန္ဓြေရရနှင့် ပြုံးကြည့်လိုက်ပြီး

''ဘုန်းကြီးတို့ငယ်ငယ် အညာမှာ စာသွားသင်တုန်းက ပါဠိပါဠိသား ပရိယတ္တိစာပေ မသင်ကြားဖူးတဲ့ တောထွက်ရဟန်းကြီးနဲ့ အလွန်အကြွားသန်တဲ့ ဒါယိကာမကြီး ဒေါ်သီလရဲ့ အလှူမှာ ရေစက်ချပုံကို သွားသတိရတယ်''

ဦးသိုင်းက

''အမိန့်ရှိပါဘုရား''

''တောထွက် ရဟန်းကြီးကလဲ ပါဠိပါဠိသား မရ၊ အလှူရှင် ဒါယိကာမကြီးကလည်း အလွန်အကြွားသန်ပြီး ရေစက်ချတဲ့ အထဲမှာ သူလှူသမျှကို ထည့်ပြီး ရေစက်ချစေချင်တယ်။

အကြွားသန်တဲ့ ဒါယိကာမကြီးက ဘာတွေ လှူသလဲဆိုတော့ တိုင်ကပ်နာရီကြီးတစ်လုံး၊ တံမြက်စည်း တစ်ချောင်း၊ ပဲလင်းမြွေသီး၊ ငါးပုတ်ခြောက်ပြား၊ ပြောင်းဖူး၊ အုန်းသီး၊ ငှက်ပျောသီးတို့ကို လှူတယ်''

''မှန်ပါ့ဘုရား''

''အဲဒီအလှူတွေကို တောထွက်ဘုန်းကြီးက အလှူစာရင်းထဲထည့်ပြီး ရေစက်ချပေးရာမှာ တကယ်တော့လဲ ပါဠိလိုပြောသာပြောရတာ တချို့ပစ္စည်းတွေက ပါဠိစကားမှာ မရှိဘူး၊ အဲဒါကြောင့် သူ့နာမည်အတိုင်းပဲ ပြောင်းဖူးဆိုရင် ပြောင်းဖူး၊ အုန်းသီးဆိုရင် အုန်း



www.burmeseclassic.com

www.burmeseclassic.com



သီးပေါ့။ ဒါပေမယ့် ဒါယိကာမကြီး ဒေါ်သီလက အရှင်ဘုရားရဲ့ စာသံပေသံ ပါဠိသံကလေးနဲ့ ရေစက်ချပေးပါလို့ တောထွက်ရဟန်းကြီးကို ပူဆာသတဲ့။

ရဟန်းကြီးကလည်း သူ ပါဠိမတတ်ကြောင်း ပြောရမှာ ရှက်တယ်။ တချို့ပစ္စည်းတွေ ပါဠိလို မရှိဘူးဆိုတာလဲ သူမသိဘူး။ အဲဒီတော့ ပစ္စည်းတွေအားလုံး ပါဠိလို ရှိတယ်လို့ချည့်ပဲ သူ ထင်တယ်။ အဲဒါနဲ့ တောထွက်ရဟန်းကြီးက ဘယ်လို ရေစက်ချသလဲ ဆို သိသလား ပရိသတ်များ''

''အမိန့်ရှိပါ ဘုရား''

ဆရာတော် ဦးဝိမလ၏ စကားကို ကြားရသောအခါ တရားနာပရိသတ်သည် စိတ်ဝင်စားပြီး ခေါင်းမော်ထောင်လာ၏။

တရားပွဲတစ်ခုလုံးလည်း အပ်ကျသံ ကြားရအောင် ငြိမ်သက်နေသည်။ ဆရာတော် ဦးဝိမလသည် ချောင်းဟန့်လိုက်ပြီး

''တောထွက်ရဟန်းကြီး ရေစက်ချပုံက . . .

''ကျောင်းအစ်မကြီး ဒေါ်သီလ နိဗ္ဗာန်ကို ရည်သန်ပြီး နီရာ နာရီကိုလည်းကောင်း၊ တမြီးစက် . . တံမြက်စည်းကိုလည်းကောင်း၊ ရှည်တော်တေစ ပဲလင်းမြွေသီးကိုလည်းကောင်း၊ ပြားတားတားစ ငါးပုတ်ပြားကြီးကိုလည်းကောင်း၊ လုံးတုံးလုံးစ အုန်းသီးကိုလည်းကောင်း၊ လုံးတုံးပြွတ်ရှည်စ ငှက်ပျောသီးကိုလည်းကောင်း စေတနာသုံးတန်ပြဋ္ဌာန်း လှူဒါန်းရသော အကျိုးတို့ကြောင့် ကိုယ်





စိတ်ချမ်းသာပါစေသော်။ မျက်နှာမြင် ချစ်ခင်စေလျက် နှုတ်မြွက်စကားသံကြားက သနားပါစေ၊ မေတ္တာဝေလျက် ရွှေငွေဘောဂ ပေါ်ကြွယ်ဝပြီး နိဗ္ဗာန်ကို ထုတ်ချောက်ချက်ချင်း ရောက်နိုင်ပါစေ များတဲ့''

ဆရာတော်ဘုရား စကားမဆုံးမီပင် ပရိသတ်များ တဝါးဝါးနှင့် ရယ်မောကြရာ မဏ္ဍပ်တစ်ခုလုံးမှာ သောသောညံသွားလေသည်။

''ဝါး . . ဟား . . ဟား . . ဟား''

ပရိသတ်မှာ ဆရာတော် ဟောပြောပုံကို အလွန်သဘောကျလေသည်။ ပရိသတ်သည် အချင်းချင်း သဘောကျစွာနှင့် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ဆရာတော် ဟောသမျှထဲမှ သူ သတိပြန်ရသည်ကို ပြန်ရွတ်ကြသည်။

အချို့က နီရာ . . နာရီကိုလည်းကောင်း၊ တံမြီးစက် . . တံမြက်စည်းကိုလည်းကောင်း၊ သတိရပြီး ပြန်ရွတ်ပြရာ ပြုံးနေ၏။

အချို့က ရှည်တေတေစ . . ပဲလင်းမြွေသီးကိုလည်းကောင်း၊ ပြားတားတားစ . . ငါးပုတ်ပြားကြီးကိုလည်းကောင်း သတိရသည်။

အချို့ကလည်း လုံးတုံးတုံးစ အုန်းသီးကိုလည်းကောင်းနှင့် လုံးတုံးပြွတ်ရှည်စ ငှက်ပျောသီးကိုလည်း သတိရပြီး ပြုံးနေကြသည်။

ဆရာတော် ဦးဝိမလသည် ပရိသတ်ကား ရယ်မောပြီး သဘောအကျကြီး ကျနေသော်လည်း ဆရာတော်ကား ပြုံးရုံမျှပင်



www.burmeseclassic.com

www.burmeseclassic.com



မပြုံးပေ။ ဖန်ခွက်ထဲမှ ရေကိုသောက်ကာ ပါးစောင်ထဲမှ ကျန်သော ရေကို ထွေးခံတွင်းသို့ ထွေး၍နေသည်။

ဆရာတော်က မျက်နှာထားတည်တည်ကြီး လုပ်နေလေ ပရိသတ်မှာ ပို၍သဘောကျနေလေ ဖြစ်နေသည်။

''အဟမ်း . . အဟမ်း''

ဆရာတော်က ချောင်းဟန့်၍ ဆူညံနေသော ပရိသတ်ကို ထိန်းလိုက်သည်။ ထို့နောက် ဆရာတော် ဦးဝိမလက . . .

''ဒကာ မောင်သိုင်း''

''ဘုရား''

''တောထွက်ဘုန်းကြီးလို ရေစက်ချပေးရမလား''

''ဆရာတော့် သဘောအတိုင်းပါပဲ''

''ကိုင်း . . ဒကာကြီးရဲ့ ကန်တော့ပွဲထဲမှာ ဘာတွေပါသ တုန်း၊ ပါဠိလို ရွတ်ရအောင်''

''မှန်ပါ အုန်းသီး၊ ငှက်ပျောသီးပဲ ပါပါတယ် ဘုရား''

ဆရာတော် ဦးဝိမလက ကန်တော့ပွဲ ပြင်ထားသော ဧြ ဖလုံကို လှမ်းကြည့်ပြီး ပြောလေသည်။

''ဟဲ့ . . ဒကာသိုင်းရဲ့၊ ဒကာသိုင်းရဲ့ ငှက်ပျောသီးတွေ လဲ ရေသီကန်တွေထင်ပ့ါ၊ ငှက်ပျောသီးက ပိန်ခြောက်ခြောက်နဲ့ အ ဆုပ်ရောဂါ ရထားတဲ့လူနာကျနေတာပဲ''

''မှန်လှပါ ရခိုင်နှင့်ဖီကြမ်းကို ရှာမရလို့ပါဘုရား၊ ရွှေငှ





ပျောသီးတောင် လှူချင်ပါတယ်ဘုရား''

ထိုစကားကို ကြားရသောအခါ ဆရာတော် ဦးဝိမလသည် ပြုံးရောင်သမ်းပြီး . .

''ပြောလက်စနဲ့တော့ မထူးပါဘူး၊ ဒကာမက ငှက်ပျော ပေါ်ဘဲ ကန်တော့ပွဲပြင်လို့ ဘုန်းကြီးကလဲ ဂဏ္ဍာမိ မထည့်ပုံပြင် ကြား ဖူးလား''

''မကြားဖူးပါ ဘုရား''

''ဒကာမောင်သိုင်း ကြားဖူးတာ ဘာများရှိသေးသလဲ''

အလှူရှင်ဦးသိုင်းကလည်း စိတ်ပျော်ရွှင်နေသဖြင့် ဆရာ တော်အား ပြန်ပြီး ကျီစယ်လိုက်သည်။

ဆရာတော် ဦးဝိမလက ပြုံးလိုက်ပြီး . . .

''အောင်မယ် ဒါတော့ တယ်တတ်ပါလား၊ ကိုင်း . . ငှက် ပျောသီးမပါ ဂဏ္ဍာမထည့်တဲ့ ပုံပြင်ကို နားထောင်ချင်လား''

''နားထောင်ချင်ပါတယ်''

''ဒီလိုလေ တစ်ခါတုန်းက ရွာတစ်ရွာမှာ ဒကာမကြီးတစ် ယောက်ရဲ့သားက သေသွားရော၊ အဲဒါနဲ့ သူ့သားရဲ့ အသုဘမှာ သရဏဂုံတင်ပေးဖို့ ဘုန်းကြီးတစ်ပါးကို ပင့်တယ်။ သချိုင်းကုန်းရောက် ကို့ သရဏဂုံတင်မယ်လို့ ကြည့်လိုက်တော့ ကန်တော့ပွဲက ငှက်ပျော သီးမပါဘဲ အုန်းသီးချည့်သာ ဘုန်းကြီးက တွေ့လိုက်တယ်''

''မှန်လှပါဘုရား''



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ ဘုန်းကြီးက သရဏဂုံတင်ကဲ့အခါ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သရဏံ၊ သံဃံ သရဏံ ဆိုပြီး ရွတ်တယ်။ ဂစ္ဆာမိ မထည့်ဘူးတဲ့''

''မှန်လှပါဘုရား''

''အဲဒါကို မိန်းမကြီးက သတိထားမိပြီး သူ့သား သေတာကို ဝမ်းနည်းလို့ ငိုသလိုနဲ့ ဘုန်းကြီးကို စောင်းဆိုတယ်။ မိန်းမကြီး ဘယ်လိုဆိုသလဲဆိုတော့ ဂစ္ဆာမပါ ငါ့သားမှာ မြေသို့ဘယ့်နှယ်ချမလဲတဲ့''

ပရိသတ်များ ရယ်မောစပြုလေပြီ။

ဆရာတော် ဦးဝိမလက . .

''ဒါနဲ့ ဘုန်းကြီးကလဲ အားကျမခံ ဘယ်လိုပြန်ရွတ်သလဲဆိုတော့ ငှက်ပျောမပါ အုန်းသီးသာ ဂစ္ဆာဘယ်လိုထည့်မလဲတဲ့''

တရားနာပရိသတ် တဟားဟားနဲ့ ပွဲကျလေပြီ။

ဉာဏ်ကောင်းသောသူများက ဆရာတော် အပြန်အလှန် ရွတ်ပြသော 'ဂစ္ဆာမပါ ငါ့သားမှာ မြေသို့ ဘယ်နှယ့်ချမလဲ' ဟူသော မိန်းမကြီးက ရွတ်ပုံနှင့် 'ငှက်ပျောမပါ အုန်းသီးသာ ဂစ္ဆာဘယ်လို ထည့်မလဲ' ဟူသော ဘုန်းကြီး၏ ရွတ်သံတို့ကို ပြန်ဆိုနိုင်လေသည်။

အများပရိသတ်ကမူ ပြန်၍ အလွတ်မရွတ်တတ်သော်လည်း ဘုန်းကြီးနှင့် ဒကာမတို့ အပြန်အလှန် ရွတ်ကြသည်ကို သဘောကျပြီး ပြုံးရွှင်ရယ်မောကြလေသည်။

ပရိသတ် ပြုံးရွှင်ရယ်နေသဖြင့် အလှူရှင် ဦးသိုင်းနှင့်





ဇေါ်ဒွေးလှတို့မှာလည်း ပြုံးရွှင်ပျော်မြူးနေကြလေသည်။

ထိုအချိန်တွင် ပြင်စလူမြစ်အတွင်းမှ အစိုးရမော်တော်ဖြူကလေးတစ်စီး ခုတ်မောင်းလာသည်ကို မဏ္ဍပ်တွင်းမှ လူများ လှမ်းမြင်ရလေသည်။ မဏ္ဍပ်တွင်းမှ တရားနာပရိသတ်သည် အစိုးရမော်တော်ဖြူကလေးကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

တရားဟောသော ဆရာတော် ဦးဝိမလပင်လျှင် တရားပလ္လင်ပေါ်မှ ပြင်စလူမြစ်အတွင်းမှ မော်တော်ဖြူကလေးကို လှမ်းကြည့်မိသည်။

မဏ္ဍပ်အတွင်းမှ အချို့သော ကလေးများသည် မော်တော်ကို ကြည့်ချင်သဖြင့် ကမ်းနားဆိပ်သို့ ပြေးဆင်းသွားသည်။

မဏ္ဍပ်ဘေးအနီးတွင် ထိုင်နေသော ရွာခေါင်း စောမြဒင်သည် ဆရာတော်ကို ဝတ်ချပြီး ကမ်းနားဆိပ်သို့ ဆင်းသွားလေသည်။

ရေစက်ခွက် ကိုင်ထားသော ဦးသိုင်းသည်လည်း မော်တော်ကို လှမ်းကြည့်နေသည်။ ဦးသိုင်းသည် ရေစက်ခွက်ကို ဖျာချောပေါ် အသာချပြီး ကမ်းနားသို့ ငေးကြည့်ရင်း သက်ပြင်းချလိုက်သည်။

ယမန်နေ့ညက ပွဲကရင်း ဇာတ်စင်မီးလောင်သော ကိစ္စကို သူ့ဇွာမြို့က သိသွားသဖြင့် ဆင်းလာပုံရသည်။

ရေမှာ ရေကျချိန်ဖြစ်၍ ပြင်စလူသို့ ရောက်လာသော အစိုးရအရာရှိများသည် ယနေ့ည ပြင်စလူတွင် အိပ်ရတော့မည်။

ရေစစ်သွားလျှင် မော်တော် ပြန်ထွက်နိုင်တော့မည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ မိမိက ညွှန်ခံရဦးမှာပါလားဟု ဦးသိုင်း သက်ပြင်းချမိလိုက်သည်။ ကွမ်းတစ်ရာညက်ခန့် မကြာမီပင် ရွာခေါင်း စောမြဒင်နှင့်အတူ ပုလိပ်အမှုထမ်းများ မဏ္ဍပ်အနီးသို့ ရောက်လာလေသည်။

ထိုပုလိပ်အမှုထမ်းများထဲတွင် ရာဇဝတ်အုပ်နှစ်ယောက်ပါလာပေသည်။ တစ်ယောက်က လပွတ္တာဌာနမှဖြစ်ပြီး တစ်ယောက်ကိုတော့ ဦးသိုင်း မမြင်ဖူးပေ။

ရွာခေါင်း စောမြဒင်က ပုလိပ်အမှုထမ်းများကို မဏ္ဍပ်အတွင်းသို့ မခေါ်လာပေ။ စောမြဒင်က ပုလိပ်အမှုထမ်းများကို မဏ္ဍပ်နှင့်မနီးမဝေးရှိ ဦးသိုင်းအိမ်သို့ ခေါ်သွားလေသည်။

ရေစက်ချ တရားဟောမည့် ဆရာတော် ဦးဝိမလသည် အကာဦးသိုင်းကို ငေးပြီး ကြည့်နေသည်။

ဆရာတော်၏ မျက်လုံးထဲတွင် ကရုဏာရိပ်လွှမ်းပြီး ဆရာတော်၏စိတ်ထဲတွင် အသိရခက်နေပုံ ရလေသည်။

ပရိသတ်သည်လည်း ရေစက်မချရသေးသဖြင့်လော၊ ဦးသိုင်းထံသို့ ပုလိပ်များ ဘာကြောင့်ရောက်လာသည်ကို သိလို၍လောမသိ ထပြီး မပြန်ကြသေးပေ။

ဦးသိုင်း အိမ်ရှေ့သို့ ရောက်သောအခါ ပုလိပ်ရာဇဝတ် နှစ်ယောက်နှင့် ရွာခေါင်းစောမြဒင်က အိမ်ရှေ့တွင် မတ်တပ်ကြီး စောင့်နေကြသည်။ ဦးသိုင်းက ဘာကိစ္စရှိလို့လဲ မမေးဘဲ အိမ်ထဲဝင်ရန် လောကွတ်စကား ပြောလေသည်။





''ဟာ . . ရာဇဝတ်အုပ်မင်းတို့ကလဲ ဘာဖြစ်လို့ ရပ်နေရသလဲ အိမ်ထဲဝင်ပါခင်ဗျာ''

လပွတ္တာဂါတ်တဲမှ ရာဇဝတ်အုပ်က . .

''ကျွန်တော်တို့ ဦးသိုင်းမပါဘဲ အိမ်ထဲဝင်လို့ မရလို့ပါ''

''ဟာ . . ရပါတယ်၊ ဘာဖြစ်သလဲ''

''မဟုတ်ဘူးဗျ . . ကျွန်တော်တို့ ခင်ဗျားအိမ်ကို ဥပဒေအရ ရှာဖွေချင်လို့၊ ခင်ဗျားမပါဘဲ အိမ်ထဲဝင်ရင် ဘယ်တရားဝင်မလဲ၊ ဟောဒီမှာ ခင်ဗျားအိမ်ကို ရှာဖွေဖို့ ရှာဖွေဝရန်း ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ''

ထိုစကားကို ကြားရသောအခါ ဦးသိုင်းသည် အလွန်အံ့သြသွားပုံရလေသည်။

''ဗျာ . . ကျွန်တော့်အိမ်ကို ရှာမလို့ဟုတ်လား၊ ဘာကိစ္စကြောင့်လဲ ကျွန်တော် မသိရဘူးလားခင်ဗျာ''

လပွတ္တာဂါတ်တဲမှ ရာဇဝတ်အုပ် ဦးသိုင်း မမြင်ဖူးသောရာဇဝတ်အုပ်ကို လက်ညှိုးထိုးပြပြီး . . .

''ဟောဒီရာဇဝတ်အုပ်က ရေစကြိုဂါတ်တဲက ရာဇဝတ်အုပ် ဦးစံထူး၊ လင်းကာတောရွာ ဓားပြမှုအတွက် လိုက်လာတာ၊ ဒီလောက်ဆိုရင် ဦးသိုင်း သဘောပေါက်လောက်ပြီ ထင်တယ်၊ ကျွန်တော်တို့မှာ အချိန်သိပ်မရှိဘူးဗျာ၊ ရေကျချိန်ဆိုတော့ ရေစစ်သွားရင် ပြင်စလူမြစ်ကနေ ပြာမလော့မြစ်ထဲကို ကူးလို့ရမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မော်တော် သောင်တင်နေမှာ''

ဦးသိုင်းက မျက်စိမျက်နှာပျက်သွားပြီး . . .

''ရေစကြိုက လင်းကတောရွာ ခားပြတိုက်မှုက ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ''

ထိုအခါ ရာဇဝတ်အုပ်ကိုစံထွေးက မျက်မှောင်ကြုတ်ပြီး . .

''ဦးသိုင်းရယ် အပိုတွေ ပြောမနေပါနဲ့ဗျာ၊ ခင်ဗျားတို့နဲ့ အမှုတွဲဖြစ်တဲ့ ကုလားကြီးတို့ အုန်းဟန်တို့က ဖော်နေပါပြီ၊ အချိန်ကုန်အောင် မလုပ်ပါနဲ့၊ ပြီးတော့ ခင်ဗျားမှာလဲ ဒီမှာ အကြီးအကျယ် ရှင်ပြုနေတယ်ဆိုတာ ထင်ရှားနေပြီ၊ ကျွန်တော်တို့ကို စိတ်တိုအောင် အချိန်ကုန်အောင် မလုပ်ပါနဲ့ဗျာ၊ လူဆိုးပီပီ လစ်ရင်စား၊ မှားရင်ခံပေါ့၊ ဘာတွေ ဝေ့လည်ကြောင်ပတ်လုပ်ပြီး အတည်ပေါက်နဲ့ ပုလိပ်ကို တစ်ပတ်ရိုက်နေတာလဲ၊ ကျွန်တော်တို့မှာ အချိန်မရှိဘူး''

ထိုစကားကို ကြားရသောအခါ ဦးသိုင်း ငိုင်ကျသွားပါသည်။ သို့သော် ဦးသိုင်းက လေပြည်ထိုးလိုက်သေးသည်။

''ရာဇဝတ်အုပ်မင်းတို့ ကျွန်တော့်အပေါ် အထင်မှားရင်လဲ ကျွန်တော် ဖြေရှင်းရမှာပေါ့ခင်ဗျာ၊ ကျွန်တော့်ကုသိုလ်က ဆိုးတာကို၊ ရှေးဘဝဝဋ်ကြွေးပဲ ခေါ်ရမလား၊ ဟောဒီရွာက ရွာခေါင်းကြီးကိုသာ မေးကြည့်ပါ၊ ကျွန်တော်ဟာ ဆယ်ခေါင်းအိမ်တောင် မရောက်ဖူးပါဘူးခင်ဗျာ၊ ဒီလောက်ရိုးရိုးသားသား အေးအေးဆေးဆေး နေပါတယ်''





ရာဇဝတ်အုပ် ကိုစံထွေးက ဦးသိုင်း၏စကားကို သဘောကျသလို ခေါင်းညိတ်လိုက်ပြီး . . .

''ဟုတ်မှာပါလေ ဦးသိုင်း ဒီရွာမှာတော့ လူကောင်းဖြစ်မှာပါ၊ ဘုရားဒကာ ကျောင်းဒကာ ဖြစ်ချင်တောင် ဖြစ်မှာပါ၊ ဒါပေမယ့် ကျွန်တော်တို့ ပုလိပ်တွေကလဲ တစ်ရွာမှာ နွားဟာ တခြားတစ်ရွာမှာ ကျားဖြစ်တတ်တယ်ဆိုတဲ့ လူဆိုးတွေရဲ့သဘောကို နားလည်ထားပါတယ်၊ များသောအားဖြင့်လဲ လူဆိုးတွေဟာ ကိုယ်မှီတင်းနေထိုင်တဲ့ရွာမှာ လက်စလက်န မပေါ်အောင် မျက်နှာဖုံးစွပ်ပြီး သူတော်ကောင်း ဟန်ဆောင်နေတတ်ပါတယ်၊ ဒါမှလဲ အမှုမပေါ်မှာကိုး၊ ဦးသိုင်းရယ် ကျွန်တော်တို့ ရေအမီပြန်ရမှာမို့ အချိန်မရှိပါဘူး၊ နောက်မှ ဖြေရှင်းပေါ့၊ ဦးသိုင်းမှာ ဖြေရှင်းခွင့် ချေပခွင့် ရှိပါတယ်၊ ဦးသိုင်း ဖြေရှင်းတာ မလုံလောက်ဘူးဆိုရင် ရှေ့နေငှားခွင့်လဲ ရှိပါတယ်၊ ကဲ . . အခုခင်ဗျားအိမ်မှာ ရှာရအောင် ကျွန်တော်တို့မှာ အချိန်မရှိဘူး''

လပွတ္တာမှ ရာဇဝတ်အုပ်ကရော ရေစကြိုက ရာဇဝတ်အုပ်တပါ အချိန်မရှိကြောင်းချည့် လက်သုံးစကားကို ပြောနေသည်။

ထိုအချိန်တွင် လပွတ္တာမှ ပါလာဟန်ရှိသော ပုလိပ်အမှုထမ်းလေးယောက်သည် ဦးသိုင်းအိမ်၏ အိမ်ရှေ့အိမ်နောက်တို့တွင် နေရာယူထားပြီး ဖြစ်နေသည်။ အကယ်၍ ဦးသိုင်း ထွက်ပြေးပါက အလွယ်တကူ ဖမ်းနိုင်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ် ကိုစံထူးက . .

''ကဲ . . ရွာခေါင်းကြီးနဲ့ သက်သေနှစ်ယောက်က အရင်ဆုံးအိမ်ပေါ်တက်ပါ၊ ကဲ . . လာ ဦးသိုင်း ခင်ဗျားအိမ်ပေါ်တက်၊ ဒီမှာ ဦးသိုင်း လင်းကတောက တိုက်သွားတဲ့ တိုက်ရာပါပစ္စည်းတွေ ကျွန်တော်တို့ ရှာချင်လို့၊ ဦးသိုင်းဘာသာ အပ်မယ်ဆိုရင် ဦးသိုင်းကို သက်ညှာစွာ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်''

ဦးသိုင်းက ခေါင်းကို ခါယမ်းလိုက်ပြီး . . .

''ဆရာတို့ ကျွန်တော့်ကို အထင်လွဲနေတာပါ၊ လူချင်းလွဲတာလား၊ နာမည်ချင်း လွဲတာလား မသိဘူး၊ ဒီနှစ် ဆောင်းအတွန်မှာ ကျွန်တော် အညာပြန်တာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဆားလင်းကြီးကပါ၊ ရေစကြိုတို့ လင်းကတောတို့ဆိုတာ နာမည်သာ ကြားဖူးပါတယ်။ ရောက်တောင် မရောက်ဖူးပါဘူး၊ ဆရာတို့ အကြီးအကျယ် လွဲနေပြီ ထင်ပါတယ်''

ဦးသိုင်းက အကြောက်အကန် ငြင်းဆန်လိုက်သည်။

''ကဲလေ . . ရေစကြိုဂါတ်တဲရောက်လို့ ကုလားကြီးတို့ အုန်းဟန်တို့နဲ့တွေ့တော့ ခင်ဗျား ဖြေရှင်းပေါ့''

''တရားခံက ပြောတဲ့စကား ယုံရမှာလား ဆရာရယ်''

''ယုံရမလား မယုံရလားတော့ မသိဘူး၊ လပွတ္တာမြို့နယ်မှာ ပြင်စလူရွာရှိတယ်ဆိုတာရယ်၊ အဲဒီရွာမှာ ဦးသိုင်းဆိုတဲ့လူ နေတာရယ်၊ အဲဒီလူဟာ အကြီးအကျယ် ရှင်ပြုမယ်ဆိုတာကတော့ ကုလားကြီးတို့ အုန်းဟန်တို့ ထွက်ချက်က မှန်နေပြီ''

''သူတို့က ကျွန်တော့်ကို မကျေနပ်လို့ ဆွဲထည့်ရင်ကော''

''ဟော . . ပြောရင်းဆိုရင်း ပေါ်လာပြီ၊ စောစောက ပြောတော့ ဦးသိုင်း ရေစကြိုလဲ မရောက်ဖူးဘူး၊ လင်းကတောလဲ မရောက်ဖူးဘူးဆို၊ ကုလားကြီးတို့ အုန်းဟန်တို့နဲ့ မသိဘူးဆိုရင် သူတို့က ဘာမကျေနပ်စရာရှိမလဲ၊ ရှေ့ကဖုံး နောက်ကပေါ်နေပါလား ဦးသိုင်းရဲ့၊ ခင်ဗျားဗျာ ကိုယ်ချင်းမစာဘူး၊ လင်းကတောက ဦးကျော်ရန်ခများလဲ ခင်ဗျားလို သားတွေ ရှင်ပြုဖို့ အနှစ်နှစ်အလလက စုဆောင်းထားတဲ့ငွေနဲ့ အတွင်းပစ္စည်းတွေကို ခင်ဗျားက ဓားပြတိုက်ပြီး ပြင်စလူမှာ ခင်ဗျားက သားတွေကို ရှင်လာပြုနေသကိုး၊ ခင်ဗျားကတော့ ရှင်ပြုနိုင်သေးတာပေါ့၊ လင်းကတောက ဦးရန်ကျော်ခများမှာတော့ ရှင်ပြုမယ့်ဆဲဆဲ သူ့သားကလေးကို ခင်ဗျားတို့က သတ်ခဲ့တော့ ငွေပြန်ရဦးတော့ ရှင်ပြုစရာ သားမရှိတော့ဘူး''

ရေစကြိုဂါတ်တဲမှ ရာဇဝတ်အုပ်ကိုစံထူး၏ စကားကို ကြားရသောအခါ ရွာခေါင်းကြီး၊ စောမြဒင် လွန်စွာ အံ့ဩသွားသည်။

ရေစကြိုဂါတ်တဲအပိုင် လင်းကတောရွာက ဦးရန်ကျော်ဆိုသူ သားရှင်ပြုရန် စုဆောင်းထားသောငွေကို ဦးသိုင်းက ဓားပြတိုက်နိုက်ပြီး ပြင်စလူရွာတွင် လာရောက်ပြီး သူ၏သားများကို ရှင်ပြုနေခြင်းပါလား။

ထိုစကားကို ကြားရသောအခါ ဦးသိုင်းဘက်မှ အာကွယ်






www.burmeseclassic.com

www.burmeseclassic.com



ပေးရန် တစ်ချိန်လုံးစောင့်နေသော ရွာခေါင်းကြီး စောမြဒင်သည် လွန်စွာအံ့ဩသွားသည်။

ယခုအတိုင်းဆိုလျှင် ဦးသိုင်း၏ လုပ်ပုံမှာ အတော်ပင် တရားမျှတမှု မရှိပါလား။ သူတစ်ပါး သားရှင်ပြုရန် ငွေကို ခါးပြတိုက်ခိုက်ရုံမျှမက ရှင်ပြုမည့်ဆဲဆဲ သားကလေးကို သတ်ခဲ့ပြီး သူက သူ့သားများကို ရှင်ပြုနေခြင်းပါလား။

စောမြဒင်သည် ဦးသိုင်းအား အတော်ပင် စက်ဆုပ်ရွံရှာသွားလေသည်။ သားသမီးချင်း မစာနာဘဲ ကလေးကို သတ်ခဲ့ပါလား။

ထို့ကြောင့် ရွာခေါင်း စောမြဒင်ကပင် ရာဇဝတ်အုပ် ကိုစံထွန်းကို . . .

''ကဲ . . ဆရာတို့ ပြန်ဖို့ အချိန်မရအဲနေမယ်၊ ရှာကြရအောင်''

စောစောက ဦးသိုင်းအိမ်ကို ရှာဖွေရန် စိတ်မပါလက်မပါနှင့် အားနာနေသော ရွာခေါင်းစောမြဒင်သည် သူကပါ စိတ်အားထက်သန်စွာနှင့် ဦးဆောင်၍ ဦးသိုင်းအိမ်အနှံ့ ဆန်အိုးထဲပါမကျန် လှန်လှောရှာဖွေနေတော့သည်။

ထိုအချိန်တွင် ဦးသိုင်းအိမ်နှင့် မလှမ်းမကမ်းမှ ရှင်ပြုမဏ္ဍပ်မှာ ရေစက်ချဖို့ တန်းလန်းနှင့် တရားပွဲလည်း ရပ်နေသည်။

ပထမတွင် မဏ္ဍပ်တွင်းရှိ ပရိသတ်က ပုလိပ်များသည် ဦးသိုင်းအလှူသို့ လာပြီး စားကြသောက်ကြ ပျော်ပါးကြမည်ဟု ထင်





လေသည်။ ယခုမူ အရိပ်အကဲ ဖမ်းကြည့်သောအခါ ဦးသိုင်းမှာ ခါးပြ တစ်ခုနှင့် ပတ်သက်နေသလို ဖြစ်နေသည်။

မဏ္ဍပ်တွင်းရှိ ဒေါ်ခွေးလှနှင့် ပရိသတ်များသည် ဦးသိုင်းလာနီး လာနီးနှင့် လည်ပင်းရှည်ကာ စောင့်မျှော်နေကြသည်။

မဏ္ဍပ်တွင်းရှိ ပရိသတ်မှာ ရှုစိရှုစိနှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေလေပြီ။ တချို့က ထပြန်ရန်ပင် ပြင်ဆင်နေကြသည်။

ဦးသိုင်းနှင့် ဆရာတော်ကို အားနာသော လူရင်းများကသာ ဖင်တကြွကြွ ဖြစ်နေသော်လည်း ထိုင်ရာမှ မထသေးပေ။

မဏ္ဍပ်အတွင်းရှိ လူအားလုံး၏မျက်လုံး အစုံများကမူ ဦးသိုင်းတို့အိမ်သို့ စုပြုံ၍ ရောက်နေကြသည်။

ဆရာတော် ဦးဝိမလကမူ ဦးသိုင်းအိမ်သို့ လှမ်းမြင်နေရပါလျက် မကြည့်ဘဲ ယပ်တောင်ကြီးနောက်တွင် စက္ခုန္ဒြေချပြီး ထိုင်နေသည်။

ဒေါ်ခွေးလှသည် သူ့လင် ဦးသိုင်းအတွက်လည်း ပူပန်၊ ဆရာတော်နှင့် ပရိသတ်ကိုလည်း အားနာနှင့် ရင်ထဲ၌ နေမထိ ထိုင်မသာ ဖြစ်နေသည်။

ဦးသိုင်း၏ ရောက်လာသော ပုလိပ်အမှုထမ်းများမှာ အလှူသို့ လာရောက်ပြီး စားသောက်ကြမည့်ပုံ မပေါ်ပေ။

အမှုကိစ္စနှင့် လာပုံရသည်။

ဦးသိုင်းနှင့်လည်း ပတ်သက်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒွေးလှ အိမ်သို့ တစ်ချက်တစ်ချက် လှမ်းကြည့်ရင်းမှ ယခုအခါတွင်မူ ဒေါ်ဒွေးလှ၏ မျက်လုံးသည် အိမ်မှ မခွာနိုင်တော့ပေ။ ထိုအချိန်တွင် ရွှေခေါင်းကြီး စေ့မြဒင်ရော ပုလိပ်အရာရှိကြီးများပါ သူတို့အိမ်ပေါ် တက်သွားပြီး ပစ္စည်းရှာနေပုံရသည်။

ဒေါ်ဒွေးလှ၏ ရင်သည် တဒိတ်ဒိတ်ခုန်နေပြီး ထိတ်လန့်တုန်လှုပ်ခါ ခြေဖျားလက်ဖျား အေးနေသည်။ မျက်နှာမှာလည်း ချွေးစေးကြီးများ ကျလာသည်။

ဦးသိုင်းသည် ရာဇဝတ်မှု တစ်ခုခုနှင့် ပတ်သက်နေပြီကို ဒေါ်ဒွေးလှ နားလည်လိုက်သည်။ အရှက်အိုးတော့ ကွဲပြီဟု ဒေါ်ဒွေးလှ ယူဆကာ သတိလစ်မလို တက်မလို ဖြစ်သွားသည်။

ထိုအချိန်တွင် ဒေါ်ဒွေးလှ ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းပြီး ရှင်ပြုမဏ္ဍပ် သံဃာစင်နောက်တန်း၌ ဘုန်းကြီးများနောက်ရှိနေသော သူ့သား ကိုရင်နှတ်ပန်းနှင့် လက်သန်းတို့ကို လှမ်းကြည့်မိလိုက်သည်။

သားနှစ်ယောက်မှာ လူလားမြောက်သော ဆယ့်ခြောက်နှစ်၊ ဆယ့်ငါးနှစ် အရွယ်မှ ရှင်ပြုရခြင်းဖြစ်၍ အခြားကိုရင်သာမဏေများထက် ထွားခြေရသည်။

သိက္ခာရှိသည်။

ယခု သားကိုရင်နှစ်ပါးသည် သံဃာစင်ကို ကာထားသော ရာဇမတ်ကြားမှ အိမ်ကို ကြည့်နေသည်။

အကြီးဖြစ်သော နှတ်ပန်းကမူ လူအကြီးပီပီ အခြေအနေကို မသုံးသပ်တတ်ဘဲ သူ့အိမ်ကိုသာ ငေးကြည့်နေသည်။





အငယ်ဖြစ်သူ လက်သန်းကမူ အိမ်ကိုကြည့်လိုက် သူ့အမေ ဒေါ်ဒွေးလှ၏မျက်နှာကို ကြည့်လိုက်နှင့် စိတ်ထဲတွင် သောကရောက်နေကြောင်း မျက်လုံးများက ဖော်ပြနေသည်။

အခြေအနေမှာ တစ်မျိုးဖြစ်နေသည်။

မဖြစ်သင့် မဖြစ်ထိုက်သော မလိုလားအပ်သော အခြေအနေ ဖြစ်နေသည်။

မဏ္ဍပ်တွင်းရှိ ပရိသတ်ကလည်း ချောင်းဟန့်ပြီး ဖင်တကြွကြွနှင့် ရှိနေသည်။ ထိုင်ရမလို ထရမလိုနှင့် စကားသံများက ဆူညံလာသည်။ ဆရာတော် ဦးဝိမလ ဒီအတိုင်းထိုင်စောင့်နေရသည်မှာလည်း အားနာဖို့ကောင်းနေသည်။

ဘုရားဒကာကျန်နှင့် အဘိဓမ္မာတုတ်တို့နှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ပြီး ကာလသားခေါင်း ကိုရွှေပွားအား ရေစက်ချဖို့ ဦးသိုင်းအား သွားခေါ်ခိုင်းသည်။

ကိုရွှေပွား ထွက်သွားပြီး မကြာမီ ပြန်ရောက်လာသည်။ ကိုရွှေပွားက ဘုရားဒကာကျန်နှင့် အဘိဓမ္မာတုတ်တို့ကို ခေါင်းခါပြလေသည်။

ထို့ကြောင့် ဘုရားဒကာကျန်က ဒေါ်ဒွေးလှအား လက်ရိပ်ပြပြီး ခေါ်လိုက်သည်။ ဒေါ်ဒွေးလှ အနီးသို့ ရောက်လာသည်။

ဘုရားဒကာကျန်က . . .



www.burmeseclassic.com

www.burmeseclassic.com



''ဆရာတော်ကို အားနာစရာ ကောင်းတယ်၊ မောင်သိုင်းက လာနိုင်ဦးမှာ မဟုတ်ဘူး။ နင်ပဲ ရေစက်ချဖို့ ဆရာတော်ကို လျှောက်လိုက်၊ ပရိသတ်ကလည်း ပြန်ချင်လို့ ဖင်တကြွကြွဖြစ်နေပြီ''

ဒေါ်ဒွေးလှက အခြေအနေကို ရိပ်စားမိသော်လည်း သူ့လင်ဦးသိုင်းအား ရှာလွန်ရှာတိုက်လိုစိတ် မရှိပေ။

''ကောင်းပါ့မလား၊ ကိုသိုင်းက အိမ်ထောင်ဦးစီး အလှူရှင်ပဲ၊ သူ ရေစက်ချမှ ကောင်းမှာပေါ့''

''ဘယ်သူပဲ ရေစက်ချချပါဟာ အလှူထမြောက်ဖို့ အရေးကြီးတာပဲ''

''စောင့်လက်စနဲ့ စောင့်ပါဦး ဘုရားဒကာကြီးရယ်၊ ကိုသိုင်းလာမှာပါ။ သူကိုယ်တိုင် ရေစက်ချမှာပါ''

အဘိဓမ္မာတုတ်ကလည်း အကျိုးသင့်အကြောင်းသင့် ရှင်းပြလေသည်။

''ညနေစောင်းနေပြီ၊ ဆရာတော် ဦးဝိမလသာမကဘူး၊ ရွာနီးချုပ်စပ်က ကြွလာတဲ့ ရဟန်းတွေ ပြန်ဖို့က ရှိသေးတယ်၊ ဒီကိစ္စမှာ နင် ခေါင်းမမာသင့်ဘူး''

ဒေါ်ဒွေးလှမှာ အများက ဝိုင်းပြောနေသဖြင့် ဆရာတော် ဦးဝိမလအား ရှက်ရွံ့ရိုကျိုးစွာနှင့် လျှောက်တင်ရပေသည်။

''အရှင်ဘုရား ဘုရားတပည့်တော်ရဲ့ ခင်ပွန်းဟာ အစိုးရ





ခင်းများနဲ့ အလုပ်ကိစ္စရှိပုံ ရပါတယ် ဘုရား။ တပည့်တော်ပဲ ရေစက်ချပါတော့မယ်''

ထိုစကားကို ကြားရသောအခါ စောစောက ပရိသတ်ကို ရယ်စရာ ပြောခဲ့သော ဆရာတော် ဦးဝိမလ၏ မျက်နှာသည် လွန်စွာရင့်ကျက် တည်ငြိမ်သွားသည်။

ဆရာတော် ဦးဝိမလက လေးနက်စွာ စဉ်းစားနေပုံနှင့် မျက်လုံးကြီးကို ဝင့်နေသည်။ နဖူးပြင်မှ အရေများလည်း တွန့်နေသည်။

ဆရာတော် ဦးဝိမလက ခေါင်းကို ဖြည်းဖြည်းခါယမ်းလိုက်သည်။ ထို့နောက် ဆရာတော် ဦးဝိမလ၏နှုတ်မှ လေးနက်ပြီး တစ်စုံတစ်ရာကို ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီးသော လေသံမျိုး သံဃာခင်မှ ရဟန်းပရိသတ်ကို ပြောလိုက်သည်။

''ရပ်ဝေးကျောင်းမှာ သီတင်းသုံးကြတဲ့ အရှင်ဘုရားများ ပြန်ကြွနိုင်ပါပြီ ဘုရား၊ ဘုရားတပည့်တော်တော့ ဒီအလှူမင်္ဂလာပ်မှာ ရေစက်ချပြီးမှ ပြန်ပါ့မယ် အရှင်ဘုရားတို့''

ထို့နောက် ဆရာတော် ဦးဝိမလသည် လူပရိသတ်ဘက်သို့ လှည့်ပြီး ပြတ်သားခိုင်မာသော လေသံဖြင့် အမိန့်ရှိလိုက်သည်။

''ကိုင်း ., ပြန်ချင်ကြလို့ ဖင်တကြွကြွ လုပ်နေတဲ့လူတွေ ပြန်ကြတော့၊ ဟောဒီမင်္ဂလာပ်မှာ အလှူ့ဒါယိကာနစ်ယောက်တည်းနဲ့ ငါဖြစ် ရေစက်ချမယ်။ အားလုံး ပြန်နိုင်တယ်''

သံဃာစင်မှ သံဃာအချို့နှင့် ပရိသတ်အချို့က ပြန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဏ္ဍပ်ထဲမှ ထပြန်သူများမှာ အများစုဖြစ်သဖြင့် မဏ္ဍပ်ထဲ တွင် ရဟန်းပရိသတ် လူပရိသတ် ကျိုးတို့ကျဲတဲသာ ရှိတော့သည်။

သံဃာစင်တွင် ပြင်စလူရွာကျောင်းနေ သီတင်းသုံးနေသော သံဃာတော်များသာ ကျန်တော့သည်။

အချိန်သည် ထပ်မံကြာသွားပြန်သည်။

ဒေါ်ဒွေးလှက ဆရာတော် ဦးဝိမလအား အလွန်အားန ပြီး မျက်နှာမထားတတ်အောင် ဖြစ်နေလေသည်။

ကျန်နေသော လူပရိသတ်ထဲမှ လူအချို့ ထပြန်သွားကြ ပြန်သည်။ ပြင်စလူကျောင်းမှ သံဃာများထဲမှလည်း ဝေယျာဝစ္စရှိ ရဟန်းများ ပြန်ကြွကုန်လေသည်။

စောစောပိုင်းက စည်ကားခဲ့သော အလှူမဏ္ဍပ်ကြီးသည် ကျိုးနှင့် ခြောက်ခြောက်သာ ရှိတော့သည်။

* * *



အခန်း [၅]

ထိုအချိန်တွင် ဦးသိုင်း၏အိမ်ထဲ၌ ပုလိပ်အရာရှိများနှင့် ရွာခေါင်းကြီး စောမြဒင်တို့သည် ဖြောင်းဆန်အောင် ရှာဖွေနေလေ ပြီ။ ပုလိပ်အရာရှိများသည် ရှာဖွေရာတွင် အလွန်စေ့စပ်ပြီး ပညာ ပါလေသည်။ သေတ္တာလို ဗီရိုလိုနေရာမျိုးတွင် အလေးထားပြီး မရှာဖွေ ပေ၊ မမျှော်လင့်သော နေရာမျိုးတွင် ဂရုစိုက်သည်။

ဥပမာအားဖြင့် ရေတံလျှောက်လို နေရာမျိုး၊ ထင်းပုံ၊ ထဘီ ဘန်းအောက်၊ ဆန်ပုံနှင့် မီးဖိုလို နေရာများတွင် ဂရုစိုက်ရှာသည်။

လှေကားခုံအောက်ကိုပါ အလစ်မပေးဘဲ ရှာသည်။

လပွတ္တာဂါတ်ထဲမှ ရာဇဝတ်အုပ်နှင့် ရာဇဝတ်အုပ် ကိုစံသူ တို့သည် တစ်အိမ်လုံးအနှံ့ ရှာဖွေပြီးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာတွင်မှ တိုက်ရာပါပစ္စည်းကို မတွေ့ပေ။

သူတို့နှစ်ယောက်သည်လည်း ချွေးပြန်နေကြလေပြီ။

နောက်မှ ကိုစံထူးသည် အခြေအနေကို ပြန်သုံးသပ်ကြည့် သည်။ လူဆိုးများသည် သာမန်အချိန်တွင် ပုလိပ်အရာရှိများ မ မျှော်လင့်သော နေရာတွင် ထားလေ့ရှိသည်။

ယခု ဦးသိုင်းမှာ အလှူအတန်း လုပ်နေသည်။

အလှူအတန်း လုပ်နေလျှင် အိမ်သို့ လူအဝင်အထွက် များပေမည်။ လူအဝင်အထွက်များလျှင် မမျှော်လင့်သော နေရာတွင် တိုက်ရာပါပစ္စည်းကို သူ့ခိုးလက်က သူဖွက်လုပြီး အခြားသူများ မ သွားနိုင်သည်။

ထိုကြောင့် မမျှော်လင့်သောနေရာတွင် ထားမည် မဟုတ် ပေ။ သမာရိုးကျပစ္စည်း လုံခြုံသောနေရာတွင်သာ ထားပေမည်။

ထိုကြောင့် ပစ္စည်းများထည့်ထားသော သံသေတ္တာကိုသာ သေသေချာချာ လှန်လှောရှာဖွေကြည့်သည်။

သေတ္တာထဲ၌ ဘာမျှမရှိပေ။

သို့ရာတွင် အဝတ်အစားများကို တစ်ခုချင်းလှန်၍ လှ ခါကြည့်သောအခါ တိုက်ရာပါ ဆွဲကြိုးတစ်ကုံး၊ ရုပ်ကြယ်သီးတစ် နှင့် လက်ကောက်တို့ ထွက်ကျလေသည်။

မဏ္ဍပ်အတွင်းမှ လူများမှာ တဖြည်းဖြည်း ထပြန်ကုန် မဏ္ဍပ်တွင်း၌ ဘုရားဒကာကျန်၊ အဘိဓမ္မာတုတ်နှင့် ဒေါ်ခွေးလှ





သာ ကျန်တော့သည်။

ကာလသားခေါင်း ကိုရွှေပွားမှာ မယောင်မလယ်နှင့် ဦးသိုင်းတို့အိမ်အနီး သွားကြည့်ရာမှ မဏ္ဍပ်ဆီသို့ ပြန်မလာတော့ သေး။ ထို့နောက် ဘုရားဒကာကျန်နှင့် အဘိဓမ္မာတုတ်တို့သည် လည်း နေမကောင်းတော့ဘဲ အကုန်ပြန်သွားလေပြီ။

မဏ္ဍပ်အတွင်း၌ ဒေါ်ခွေးလှ၊ ဆရာတော် ဦးဝိမလနှင့် ကိုရင် သုံးပါးသာ ကျန်တော့သည်။

ရေစက်ချပြီးလျှင် ပြုတ်ပြုတ်ပြုံးဟု ဆိုင်းတီးမည့် ဆိုင်း သမားများပင် မရှိတော့ပေ။

ဒေါ်ခွေးလှလည်း မဏ္ဍပ်အတွင်းမှ အိမ်သို့ သွားချင်လှပေ ပြီ။ သို့သော် ဆရာတော်တစ်ပါးတည်း ထားခဲ့ရမည်ဖြစ်၍ နေရာမှ မရွှေ့ရဲပေ။

ဒေါ်ခွေးလှက ဆရာတော် ဦးဝိမလ သည်အတိုင်း ငူငူကြီး ထိုင်စောင့်နေရသဖြင့် ဘိလပ်ရည်ပုလင်းကို ဖွင့်ပြီး ဘိလပ်ရည်ကပ် ည်ပြုလေသည်။

ဘိလပ်ရည်ပုလင်းကို ဖွင့်သောအခါ အသံမြည်သွားသည်။

‘‘ဖောက်’’

ထိုသို့ အသံမြည်သောအခါ ဦးသိုင်း၏အိမ်ကို ဝိုင်းထား သော ပုလိပ်များသည် ပျာရိပျာယာနှင့် ဟိုကြည့် သည်ကြည့် လုပ် ကြသည်။ ဆရာတော် ဦးဝိမလက . .



www.burmeseclassic.com

www.burmeseclassic.com


''ဒကာမကြီး ဘယ်လောက်ပဲ ကြာကြာ ဘယ်အချိန်ပဲ ရောက်ရောက် ဘုန်းကြီး ဦးသိုင်းကို ရေစက်ချပေးမယ်၊ ဘုန်းကြီးကို အားမနာနဲ့''

''မှန်လှပါဘုရား''

ဒေါ်ထွေးလှသည် ဆရာတော်အား ဘိလပ်ရည်ကပ်ပြီးနောက် ဘိလပ်ရည်ပုလင်း နှစ်ပုလင်းကို ဖွင့်ပြန်ရာ ဖောင်းခနဲ ဖောင်းခနဲ မြည်သွားပြန်သည်။

ပုလိပ်များလည်း တောင်ကြည့် မြောက်ကြည့် လုပ်ကြပြန်သည်။ ဒေါ်ထွေးလှက ဘိလပ်ရည်နှစ်ပုလင်းကို ဖန်ခွက်သုံးလုံးတွင် မျှထည့်ပြီး သံဃာစင်ပေါ်မှ ကိုရင်သုံးပါးကို သွားကပ်လေသည်။

ကိုရင်ကြီး နတ်ပန်းက ငြင်းဆန်လေသည်။

''ကျွန်တော် မသောက်ချင်ဘူး အမေ''

လက်သန်းကမူ . . .

''အဖေ ဘာဖြစ်တာလဲ အမေ''

ဒေါ်ထွေးလှက . . .

''အမေလဲ မသိပါဘူးကွယ်''

ကိုရင် သာရင်ကလေးကမူ ဘိလပ်ရည်များကို တရှိုက်မက်မက် သောက်နေသည်။

တိုက်ရာပါ ပစ္စည်းများ ဝှက်ထားသည်ကို တွေ့သည်နှင့် ရာဇဝတ်အုပ် ကိုစံထူးသည် ဦးသိုင်းအား လက်ထိပ်ခတ်လေတော့ သည်။ ဦးသိုင်းမှာ ဘာမှမပြောတော့ဘဲ ခေါင်းကြီး စိုက်စိုက်ကျ သွားသည်။

ဦးသိုင်း ခေါင်းစိုက်စိုက်ကျပုံမှာ ထန်းလက်ကျိုးသလို ဖြစ်နေသည်။ ရာဇဝတ်အုပ် ကိုစံထူးက အောင်မြင်သော လေသံဖြင့်

''ကဲ . . ဦးသိုင်း၊ ခင်ဗျား ငြင်းနိုင်သေးရဲ့လား''

ဦးသိုင်းမှာ စကားတစ်ခွန်းမှ မပြောတော့ပေ။

ရာဇဝတ်အုပ် ကိုစံထူးမှာ တိုက်ရာပါပစ္စည်းများကို ရှာဖွေ ...ခံ ရေးသွင်းလေသည်။

အတန်ကြာသောအခါ ဦးသိုင်းက တုန်ယင်သော အသံ ဖြင့် . . .

''ကျွန်တော် မငြင်းတော့ပါဘူး၊ ဝန်ခံပါတယ်ဆရာ၊ ကျွန်တော့်သားကလေးတွေ မျက်နှာမငယ်ရအောင် ခမ်းခမ်းနားနား ရှင်ပြုချင်လို့ မှားခဲ့ပါတယ်။ ကျွန်တော့်ကို သက်ညှာတဲ့အနေနဲ့ ရေစက် ချခွင့်ရစေခင်ဗျာ၊ အလှူလဲ မပျက်အောင်ပေါ့''

''ခင်ဗျားကတော့ လှူနိုင်ပါသေးတယ်ဗျာ၊ ဦးရန်ကျော် ... မှာတော့ ရေစက်ချဖို့ နေနေသာသာ လှူတောင်မလှူနိုင်တော့ ဘူး''

ထိုအချိန် လပွတ္တာဂါတ်တဲမှ ရာဇဝတ်အုပ်မှာ သူ့လက် ... မှ နာရီကို တကြည့်ကြည့်နှင့် ဖြစ်နေသည်။

''ကဲ . . ဦးသိုင်း ခင်ဗျား အဝတ်အစားရယ်၊ စောင်ရယ်

www.burmeseclassic.com



ပြီးတော့ လိုချင်တဲ့ ပစ္စည်းလေးတွေယူပြီး ကမ်းနားကို ဆင်းကြရအောင်၊ ရေမစစ်မီ မော်တော်ပြန်ထွက်နိုင်မှ ပြင်စလူကနေ ပြာမလော့မြစ်ထဲ ပြန်ကူးနိုင်မှာ''

''နေပါဦး ဆရာရယ်၊ ကျွန်တော် အလှူမြောက်သွားအောင် ရေစက်ချပါရစေဦး''

''ဟာ . . ရေစက်ချလို့ ဘယ်မိမလဲ၊ တော်ကြာ မော်တော်သောင်တင်ပြီး ပြင်စလူမှာ ညအိပ်နေရဦးမယ်''

''ညအိပ်ရင်လဲ ကျွန်တော် လိုလေသေးမရှိအောင် ပြုစုပါမယ် ဆရာရယ်''

ထိုအခါ ရေစကြိုဂါတ်မှ ကိုစံထူးက ဝင်ပြောလေသည်။

''ဒီမှာ ညအိပ်လို့ မဖြစ်ဘူးဗျ၊ ဟိုမှာ ကုလားကြီးနဲ့ အုန်းဟန်ကို ရီမန်ယူထားတာ၊ ရီမန်မလွန်ခင် ရေစကြိုကို အချိန်မီ ပြန်ရောက်မှ ဖြစ်မယ်၊ ဒါကြောင့် ခင်ဗျားတို့ ပြင်စလူမှာ ညအိပ်လို့ မဖြစ်ဘူး''

''ညအိပ်လို့ မဖြစ်ရင်လဲ အလှူမြောက်သွားအောင် ရေစက်ချသွားပါရစေ ဆရာ၊ ဒါကလေးကိုတော့ နောက်ဆုံးအနေနဲ့ ကျွန်တော့်ကို သက်ညှာတဲ့အနေနဲ့ ခွင့်ပြုပါ ဆရာရယ်''

ဦးသိုင်း၏ တောင်းဆိုချက်ကို ရာဇဝတ်အုပ်နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်သည်။

ထို့နောက် ရေစက်ချခွင့်ပြုရန် သဘောတူလိုက်ကြလေ





သည်။ လပွတ္တာဂါတ်တဲမှ ရာဇဝတ်အုပ်က စိတ်မချမ်းသာသော အမူအရာနှင့် . . .

''ကိုင်း . . ခပ်မြန်မြန်သာ ရေစက်ချပေတော့၊ ကျွန်တော်တို့ကလဲ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဆိုတော့ ဒီလိုဘာသာရေးကိစ္စကို လိုက်လျောရမှာပေါ့၊ အခုလို သားရှင်ပြုတဲ့အချိန်မှာ လာဖမ်းရတာ ကျွန်တော်တို့လဲ စိတ်ထိခိုက်ရပါတယ်၊ တကယ်ပါ ကိုင်း . . ဆရာတော်ကို ခပ်မြန်မြန်သာ ရေစက်ချနိုင်းပေတော့''

ရာဇဝတ်အုပ်နှစ်ယောက်သည် ဦးသိုင်းကို အိမ်ပေါ်မှ ခေါ်လာပြီး မဏ္ဍပ်အတွင်းသို့ ခေါ်လာသည်။

လမ်းတွင် ကိုစံထူးက . . .

''ဦးသိုင်းရယ် ခင်ဗျားတို့လုပ်ပုံ တယ်ဆိုးတာပဲ၊ ခင်ဗျားကတော့ ခင်ဗျားသားတွေကို ရှင်ပြု၊ သူများကျတော့ ရှင်ပြုမယ့်ငွေကို ဓားပြတိုက်ရုံ မဟုတ်ဘူး၊ ရှင်ပြုမယ့်ကလေးကိုတောင် သတ်ခဲ့တာပဲ၊ ဦးရန်ကျော်ခမျာ ကလေးရှင်ပြုဖို့ ငွေထပ်ရှာချင် ရှာနိုင်မယ်၊ ရှင်ပြုဖို့ ကလေးတော့ မရှိတော့ဘူး''

ဦးသိုင်းသည် ခေါင်းငိုက်စိုက်ချပြီး မဏ္ဍပ်အတွင်းသို့ ဝင်လာသည်။ ဦးသိုင်းကို လက်ထိပ်ခတ်သွားသည်ကို တွေ့သောအခါ ဒေါ်ဒွေးလှသည် ဦးသိုင်းကိုဖက်ပြီး ငိုလေသည်။

''အောင်မယ်လေး . . ဘယ်လိုဖြစ်တာလဲ ကိုသိုင်းရဲ့ ဒီလို . . လိပ်တွေက မတရားလုပ်ဖမ်းတိုင်း ခံရမှာလားတော့ ရွာခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပြီး မြောင်းမြအရေးပိုင်ကို ကျုပ် သွားတိုင်မယ်''

ဒေါ်ဒွေးလှသည် ငိုလည်းငို၊ သူ့ရင်ထဲ မကျေနပ်ပုံကိုလည်း အော်ပြောနေသည်။ ဦးသိုင်းက ဒေါ်ဒွေးလှအနားသို့ ကပ်ပြီး

''ရှူး . . တိုးတိုး မတရားအဖမ်းခံရတာ မဟုတ်ဘူး မလှရဲ့၊ ငါ့သားတွေ ခမ်းခမ်းနားနား ရှင်ပြုရအောင်လို့ ငါမှားမိပြီ၊ ငါ့ ဓားပြတိုက်မိတာ အမှန်ပဲ''

ထိုအချိန်တွင် ကိုရင်နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကို နှစ်ယောက်သည်လည်း သံဃာစင်မှ ခုန်ချကာ သူ့အဖေကို ဖက်ငို ကြသည်။

''ဟီး . . ဟီး . . ဟီး . . ဘယ်လိုဖြစ်တာလဲ အဖေရဲ့''

ဦးသိုင်းလည်း သားနှစ်ယောက်ကို ဖက်၍ ငိုလေသည်။

''ဟီး . . ဟီး . . အဖေမှားပြီ၊ သားတို့ကို ခမ်းခမ်းနားနား ရှင်ပြုချင်လို့ ဓားပြတိုက်မိလို့ကွယ်''

ထို့နောက် နတ်ပန်းသည် သူ့အဖေကို မဖက်တော့ဘဲ မဏ္ဍပ်တိုင်ကို ဖက်ပြီး ငိုနေလေသည်။ လက်သန်းကမူ သူ့အဖေကို ဖက်ပြီး ပီယဝါစာ ပြောလေသည်။

''အဖေ့ကို ဒီလိုဖြစ်ပယ်မှန်းသိရင် ကျွန်တော်တို့ ရှင်မပြု ချင်ပါဘူး အဖေရဲ့''

နတ်ပန်းကမူ ပြောပြီး မငိုတတ်သဖြင့် မဏ္ဍပ်တိုင်ကိုသာ ဖက်ပြီး ငိုနေသည်။





''ဟီး . . ဟီး . . ဟီး''

ဦးသိုင်းတို့ အဖြစ်ကို သိချင်ဇောနှင့် မဏ္ဍပ်အနီး မယောင်မလည် လုပ်နေသူများသည် ဦးသိုင်းတို့ သားအမိ သားအဖတစ်တွေ ဖက်ငိုနေကြသည်ကို တွေ့သောအခါ ရင်ထဲ မချမ်းမြေ့ ဖြစ်သွားကြရလေသည်။ လက်သန်းက ပြောတတ်ငိုတတ်သည်။

''အဖေ ဒီလိုဖြစ်မယ်မှန်းသိရင် ကိုရင် မဝတ်ချင်ပါဘူး အဖေရဲ့၊ မြင်းလဲမစီးချင် ရှင်လောင်းလဲ မလှည့်ချင်တော့ပါဘူး အဖေရဲ့''

လက်သန်းက အပြောကျကျနှင့် ငိုလေ ဘေးနားက ကြည့်နေသူများ ရင်ထုမနာ ဖြစ်ရလေပင်။

လက်သန်းသည် ကိုရင် ဝတ်ထားသော သင်္ကန်းများကို ချွတ်မည် ပြုလေသည်။ ဦးသိုင်းက တားထားရလေသည်။

ထို့နောက် ပုလိပ်များသည် မဏ္ဍပ်ကို လေးဘက်လေးတန်မှ ဝိုင်းလိုက်သောအခါ မဏ္ဍပ်အနီး၌ ရစ်သီရစ်သီ လုပ်နေသော ဧရိသတ်များသည် ဝေးရာသို့ ရှဲသွားကြလေသည်။

ဆရာတော် ဦးဝိမလသည်လည်း ဦးသိုင်းတို့ သားအဖ ဖြစ်နေပုံကို ကြည့်ပြီး သံဝေဂရနေသည်။

ဆရာတော်သည် တရားရှင်ဖြစ်သော်လည်း မျက်နှာမှ စိတ်မချမ်းသာမှုက ထင်ဟပ်နေသည်။

ရာဇဝတ်အုပ် ကိုစံထူးသည် ဖိနပ်ချွတ်ပြီး မဏ္ဍပ်သို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ထို့နောက် ဆရာတော်ဦးဝိမလကို ဝပ်ချပြီး ဦးသိုင်းဘက် လှည့်လိုက်သည်။

''ကဲ . . ဦးသိုင်းရေ၊ ရေစက်ချမယ်ဆိုရင်လဲ မြန်မြန်ရေစက်ချဗျာ၊ ကျွန်တော်တို့ သက်ညှာသလို ကျွန်တော်တို့ကို သက်ညှာပါဦး။ ဒီလို အလွမ်းသယ်နေလို့ အချိန်မရှိဘူး''

ဒေါ်ခွေးလှက ငိုရှိုက်နေရာမှ ဦးသိုင်းကို မေးနေပြန်လေသည်။

''အခု သူတို့က ရှင့်ကို ဘယ်ခေါ်သွားမှာလဲ''

''ရေစကြိုကိုပေါ့ ဒါပေမယ့် မင်း လိုက်မလာနဲ့ကွာ၊ ကလေးတွေ သာမဏေဝတ်တဲ့ ကိစ္စသာ ဂရုစိုက်ပါ၊ လွတ်တဲ့နေ့ကျရင် ငါ ပြန်လာမှာပေါ့ကွာ''

ထိုသို့ပြောလိုက်ရင်း ဦးသိုင်း၏ အသံသည် တိမ်ဝင်သွားသည်။ ဦးသိုင်းသည် ဒေါ်ခွေးလှကို လှည့်စားပြီး အားပေးသည့် အနေနှင့် လွတ်တဲ့နေ့ လာမည်ဟု ဆိုသော်လည်း ဒီတစ်သက်တွင် ပြင်စလူသို့ ပြန်ရတော့မည် မဟုတ်တော့ဟု ထင်နေသည်။

ဦးသိုင်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုမှာ လူသတ်ခါးပြမှု ဖြစ်သည်။ သေဒဏ်ခံရပြီး ကြိုးစင်ပေါ်သို့ ရောက်နိုင်သည်။

အကယ်၍ တစ်သက်တစ်ကျွန်း ခံရလျှင်လည်း ယခုလို အသက်ငါးဆယ်ကျော်နေသော ဦးသိုင်းအဖို့ ပြင်စလူသို့ ပြန်ရောက်ဖို့ မလွယ်တော့ချေ။





ပြန်ရောက်လျှင်လည်း အသက်ခုနစ်ဆယ်ကျော် အရွယ်မှသာဖြစ်ပြီး ထိုအရွယ်အထိ ဒေါ်ခွေးလှကလည်း အသက်ရှင်နေပါဦးမလား။

ဦးသိုင်းသည် တွေးမိလေ ရင်ထုမနာလေဖြစ်မိခါ မျက်ရည် တွေတွေ စီးကျလာသည်။

ဦးသိုင်းသည် မျက်ရည်ဖုံးလွှမ်း၍ ရီဝေသော မျက်လုံးအစုံ တုန်ရီသော အသံနှင့် ဆရာတော် ဦးဝိမလအား တောင်းပန်လေသည်။

''တပည့်တော်ကို သနားသဖြင့် ရေစက်ချပေးပါဘုရား''

ဆရာတော် ဦးဝိမလသည် အိပ်မက်မက်နေရာမှ လန့်နိုးသူပမာ ဖြစ်သွားသည်။

ထို့နောက် ဆရာတော် ဦးဝိမလက ရေစက်ချပေးသည်။

လက်ထိပ်ခတ်ထားသော လက်အစုံနှင့် ဦးသိုင်းက ရေစက်ကို တစ်စက်ချင်း ချလေသည်။

လက်ထိပ်ခတ်ခံထားရသောလက်၊ ရေစက်ခွက် ကိုင်ထားသော လက်များသည် တုန်နေသည်။

အတန်ကြာသောအခါ ရေစက်ချ၍ ပြီးသွားလေသည်။

ဦးသိုင်းက ရေစက်ခွက်ကိုင်ပြီး ငိုင်နေသည်။ ဆရာတော် ဦးဝိမလက သတိပေးရသည်။

''အိမ်း . . ဒကာကြီးသိုင်း အမျှပေးဝေလိုက်လေ ရေစက်



www.burmeseclassic.com

www.burmeseclassic.com



ချပြီးတိုင်း ကိုယ့်ရဲ့ကုသိုလ်ကောင်းမှုကို အမျှဝေရတယ်''

ဦးသိုင်းက ရှုတ်တရက် အမျှဝေရန် အော်၍မထွက်ပေ။ ထို့နောက် ဦးသိုင်း၏ ဆို့နစ်အက်ကွဲနေသော အသံကြီး ထွက်လာသည်။

''အားလုံး ကြားကြားသမျှ အမျှ . . အမျှ . . အမျှ . . ယူတော်မူကြပါခင်ဗျာ''

ထို့နောက် ဦးသိုင်း၏ တုန်ယင်သော အသံကြီး ထွက်လာပြန်သည်။

''အားလုံးကြားကြားသမျှ အမျှ . . အမျှ . . အမျှ . . ယူတော်မူကြပါခင်ဗျာ''

နောက်ဆုံးအမျှဝေချိန်တွင် ဦးသိုင်းသည် ကြေကွဲလှိုက်လှဲနေသော အသံကြီးသည် တိမ်ဝင်သွားလေသည်။

''အားလုံးကြားကြားသမျှ အမျှ . . အမျှ . . အမျှ . . ယူတော်မူကြပါခင်ဗျ''

ဦးသိုင်း၏ အမျှဝေသံမှာ ငိုသံများ ရောစွက်နေသည်။

တစ်ခုထူးခြားသည်မှာ ဦးသိုင်းသည် သုံးကြိမ်တိုင်တိုင် အမျှဝေသော်လည်း မည်သူမျှ သာဓုမခေါ်ကြပေ။

ဒေါ်ဒွေးလုံ့ကိုယ်တိုင်ကလည်း ဗျာပါဒသောကကြောင့် သာဓုခေါ်ရမှန်း မသိအောင် ဖြစ်နေသည်။

အလှူရှင်က အမျှဝေသည်ကို သာဓုခေါ်လျှင် အလှူရှင်





နှင့်အတူ ကုသိုလ်ရနိုင်သည်ဟု ဆိုရိုးစကားရှိသော်လည်း မဏ္ဍပ်အနား၌ ရစ်သီရစ်သီလုပ်နေသော ပရိသတ်သည် သာဓုမခေါ်ပေ။

သာဓုမခေါ်ခြင်းမှာ မေ့နေ၍လော။ ဦးသိုင်းသည် သားအမိသားအဖတွေ၏ အဖြစ်ကိုကြည့်ပြီး ငိုင်နေမိ၍ မသိနိုင်ပေ။

ဦးသိုင်းသည် ငွေနှစ်ထောင်နီးပါးခန့် အကုန်ခံပြီး သားများကို ရှင်ပြုသော်လည်း ဓားပြတိုက်လူသတ်ပြီး ပြုလုပ်သော အလှူဒါနကို လူတွေက ဝမ်းမြောက်ဝမ်းသာမရှိ၍ ကောင်းချီးသာဓု မပေးကြသလော။

သာဓုမခေါ်သော ရှင်ပြုအလှူကား မျက်ရည်များ၊ ရှိုက်သံများ၊ အော်ဟစ်ငိုကြွေးသံများ ဖုံးလွှမ်းသွားသည်။

အဘယ်ကြောင့်ဆိုသော် ဦးသိုင်းအား ပုလိပ်များက ကမ်းနားသို့ ခေါ်ရန် ပြင်ဆင်နေသောကြောင့် ဖြစ်သည်။

ကိုရင်နတ်ပန်းသည် မဏ္ဍပ်တိုင်ကို ခေါင်းနှင့် ဆောင့်ပြီး ငိုနေသည်။

''ဟီး . . ဟီး . . ဟီး''

ကိုရင်လက်သန်းက ဦးသိုင်း၏ ခြေထောက်ကို ဆွဲထား၏။ ဒေါ်ဒွေးလှကား ငိုရင်း တစ်ခါ သတိလစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

နတ်ပန်းနှင့် လက်သန်းတို့ ညီအစ်ကိုအပေါ် ပြင်စလူရွာက စီရင်ချက်က ပြင်းထန်လှသည်။

ဦးသိုင်းသည် ရေစကြိုအပိုင် လင်းကတောရွာ၌ လူသတ်မားပြမှုကျူးလွန်ပြီး တစ်သက်တစ်ကျွန်းဒဏ် အစိုးရကပေးလိုက်သည်။ ဦးသိုင်းသည် အက်ဒမန်ကျွန်းခေါ် တစ်ကျွန်း၌ သွားနေရလေသည်။

နတ်ပန်းနှင့် လက်သန်းတို့ညီအစ်ကိုကား ရှင်လိုင်ပြန်ချိန်မှစပြီး မိခင်ဒေါ်ဒွေးလှနှင့် လက်ရေတပြင်တည်း လုပ်ကိုင်စားသောက်နေသည်။

ပြင်စလူရွာကား သူတို့ညီအစ်ကိုနှစ်ယောက်အပေါ် ရာ





ခင်လူဆိုးကြီး၏သား၊ ကျွန်းကျလူဆိုးကြီး၏သားအဖြစ် စီရင်ပြီး ဆက်ဆံကြသည်။

သူတို့ငယ်စဉ် ရှင်လိုင်ပြန်စက မသိမသာလှသော်လည်း ခုလို အသက်နှစ်ဆယ်ကျော် လူပျိုကြီးဖားဖား ဖြစ်လာအချိန် တွင် ရွာသားများက သူတို့ညီအစ်ကိုအား ရှောင်တောင်တောင် ကြည့်တင်တင်နှင့် ဆက်ဆံကြသည်။

သူတို့ညီအစ်ကိုနှင့် ဆက်ဆံရာတွင် ရွာသားများက မလွှဲသာချာထူး လုပ်နေကြသည်။

ပြင်စလူရွာအနေနှင့်လည်း သူတို့ညီအစ်ကို၏ဖခင် တစ်ရွာသားဦးသိုင်းကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရဖူးသည်။

ရွာအနေနှင့် နာမည်ပျက်ခဲ့ရသည်။ ရွာအနေနှင့် သိက္ခာချခဲ့ရသည်။ ပြင်စလူရွာအနေနှင့် နစ်နာမှုကလည်း သေးငယ်သည်တော့ မဟုတ်ပါ။ ရွာနီးချုပ်စပ်သာမက ရောဝတီတစ်တိုင်းလုံးတွင် ပြင်စလူရှင်ပြုဆိုလျှင် လူတိုင်းပြောစမှတ် ဆန်းနေကြသည်။

ပြင်စလူရွာသူနှင့် အိမ်ထောင်ကျသော တစ်ရွာသား ဦးသိုင်း သူ့သားများကို ခမ်းခမ်းနားနား ရှင်ပြုချင်သဖြင့် အညာက ကြီးမြို့နယ် လင်းကတောရွာတွင် ရှင်ပြုရန် စုဆောင်းထားသော များကို ဓားပြတိုက်ခဲ့ရုံမျှမက ရှင်သာမဏေယ်လောင်းကလေး သတ်ခဲ့သော အဖြစ်က ယနေ့အထိ လူတိုင်း၏ နှုတ်ဖျားတွင် သွားထပ်တုန်းပင် ဖြစ်သည်။

www.burmeseclassic.com



ရောဝတီတိုင်းအတွင်း ရွာတစ်ရွာ၌ သားယောကျ်ားက လေးကို ခမ်းခမ်းနားနား ရှင်ပြုမည် စီစဉ်တိုင်း မင်းတို့ ပြင်စလူရှင် ပြုလိုတော့ မလုပ်ကြနဲ့နော်ဟု အလှူရှင်များကို ပြောကြဆဲ၊ နောက် ပြောင်ရယ်မောကြဆဲ ရှိပါသေးသည်။

ဦးသိုင်း ပြုလုပ်သွားသော ပြင်စလူရှင်ပြုကား လူများအဖို့ မေ့နိုင်စရာလည်း မရှိပေ။ သက်ကြီးစကား သက်ငယ်ကြားရန် မျိုး ဆက်ဟောင်းမှ မျိုးဆက်သစ်ကို ထိုအဖြစ်အပျက်ကို လက်ဆင့်ကမ်း ပြောကြပေဦးမည်။

ထိုအဖြစ်အပျက်ကို ပြင်စလူရွာအနေနှင့် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ခါးစည်းခံရဦးမည်။

အဆောက်အဦတစ်ခုပျက်လျှင် ပြင်ရလွယ်သည်။ နာမည် ကား ပျက်ပြီးလျှင် ပြင်ရခက်သည်။

ထိုကြောင့် ပြင်စလူရွာအနေနှင့် သူတို့ရွာကို အမွေဆိုးပေး သွားသော ဦးသိုင်း၏ သားများဖြစ်သော နတ်ပန်းနှင့် လက်သန်း တို့အပေါ် နာကျင်ကြသည်။

ထိုကြောင့် သူတို့ညီအစ်ကိုအား ရာဇဝင်လူဆိုးကြီး၏ သား ကျွန်းကျလူဆိုးကြီးသားအဖြစ် ဒဏ်ခတ်ကြခြင်း ဖြစ်သည်။ ရွာသား များ၏ ဒဏ်ခတ်ခြင်း အခံရဆုံးလူမှာ ဟိုစပ်စပ် သည်စပ်စပ်နှင့် ရွာ သားများနှင့် ရောနှောဆက်ဆံသော အငယ်ကောင် လက်သန်း ဖြစ် သည်။





လက်သန်းက လူရေးလှသူ ဖြစ်ရာ ရွာသူရွာသားနှင့် ရင်း နှီးနှီး ဆက်ဆံလိုသည်။ ပေါင်းသင်းမိတ္တသန္ထပြုလိုသည်။ လက် န်းက လူတွေနှင့် ရောနှောဆက်ဆံရသည်ကို လိုလားပျော်မွေ့သူ သည်။ ရွာသားများက လူဆိုးကြီး၏သား လူဆိုးကလေးဖြစ်လာ ဟူသော ကြိုတင်ဆုံးဖြတ်ချက်နှင့် ဆက်ဆံကြသည်။

လက်သန်းကို မယုံကြည်ကြပေ။

နှစ်နှစ်ကာကာ ဆက်ဆံရန် ဝန်လေးကြ၏။

မလှသော ဗျာထူးနေသော်လည်း နှာခေါင်းရှုံ့ကြသည်ကို တင်းပါးသော လက်သန်းရိပ်မိပြီး စိတ်မချမ်းသာ ဖြစ်ရသည်။

မိခင်ဒေါ်ဒွေးလှ ရင်ခွင်ထဲတွင် ခေါင်းစိုက်ပြီး လက်သန်း ရည်ကျခဲ့သည်မှာလည်း အကြိမ်ပေါင်း မနည်းတော့ပါချေ။

လက်သန်းက ပြင်စလူရွာမှ အခြားရွာသို့ ပြောင်းကြရန် ကြာခဏ တိုက်တွန်းဖူးသည်။

သို့သော် ဒေါ်ဒွေးလှက ဤရွာတွင် သူတို့ ဘိုးဘွားပိုင် ယ်မြေရှိသဖြင့် ဤလယ်က မစွန့်ခွာလိုပေ။

ထို့ပြင် အခြားရွာသို့ ပြောင်းရွှေ့ပြီး ယခုလို ရာဇဝင် လူ ကြီး၊ ကျွန်းကျလူဆိုးကြီး၏ သားမှန်းသိလျှင် ယခုလိုပင် ဆက်ဆံ မည် ဒေါ်ဒွေးလှက လူကြီးပီပီ ကြို၍ မြင်သည်။

မည်သို့ပင် ဖြစ်စေ ပြင်စလူရွာတွင်ကား ဒေါ်ဒွေးလှ၏ ဆွေ များ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မနာလို ရွာတစ်ဝက်။ ကိုယ့်မနာလို ရွာတစ်ဝက် ဖြစ်သည်။ အရေးအကြောင်းရှိလျှင် ကိုယ့်ဘက်က ရပ်မည့် ဆွေမျိုးညာတိက ရှိကောင်းရှိဦးမည်။

လက်သန်းက . .

''အမေ့ဆွေမျိုးကအစ ကျွန်တော်တို့ကို နှိမ်တာ၊ အမေ့ဆွေမျိုးကအစ အမေ့ကြောင့် ဆွေမျိုးတွေပါ နာမည်ပျက်ရတယ်ဆိုပြီး ကျွန်တော်တို့ကို မုန်းနေတာဗျ''

ဟု ပြန်ပြီး တုံ့ပြန်ဖူးသည်။

ဒေါ်ဒွေးလှက ရှေးရိုးဆန်သည်ပဲ ပြောပြော။ ဆွေမျိုးဆိုသည်မှာ မည်မျှပင် အနေဝေးသော်လည်း အရေးကြီးလျှင်ဖြင့် သွေးနီးမည်ဟု ယုံကြည်သည်။

ယခုအချိန်တွင် ဆွေမျိုးများက သူတို့ကို အဆက်အဆံ မလုပ်လိုသူတို့ကိုလည်း ဒေါ်ဒွေးလှ သိသည်။

သို့သော် . . .

တစ်နေ့နေ့ တစ်ချိန်ချိန် အရေးအကြောင်း ပေါ်လျှင်ဖြင့် အခြားသူများထက် ဆွေမျိုးများက ပို၍အားကိုးရမည်ကို ဒေါ်ဒွေးလှ ယုံကြည်သည်။ ပြင်စလူရွာက ကြဉ်သောဒဏ်ကို မခံရသူမှာ နတ်ပန်းပင် ဖြစ်သည်။

နတ်ပန်းသည် ပြင်စလူရွာက သူ့ကို မကြဉ်မီကပင် စောစီးစွာ မကြဉ်ခင်ကတည်းကပင် ပြင်စလူရွာကို သူက ကြဉ်ပြီးသား





ဖြစ်နေသည်။

နတ်ပန်းအား ပြင်စလူရွာက လူဆိုးကြီးသားအဖြစ် ကြဉ်သောဒဏ်ကို နတ်ပန်းက နာကြည်းသဖြင့် ရွာကို ပြန်ကြဉ်သလော။

နတ်ပန်း၏ ပင်ကိုသဘာဝကိုက အထီးကျန်ဆန်စွာ တစ်ကိုယ်တည်း နေတတ်၍လောမသိ။

နတ်ပန်းမှာ ပြင်စလူရွာသားများနှင့် မဆက်ဆံဘဲ နေလေသည်။ နတ်ပန်းက မည်သူ့ကိုမျှ အခေါ်အပြော မလုပ်ဘဲနေလည်း နေတတ်သည်။

နေလည်း နေနိုင်သည်။

နေလည်း နေရဲသည်။

နတ်ပန်း စိတ်ထဲတွင် ပြင်စလူရွာသားများက သူတို့ညီအစ်ကိုအား ရှောင်ဖယ် ရှောင်ဖယ် လုပ်သည်ကိုမူ ယိုစဉ်ကလေးအဝကပင် ခံစားခံရဖူးသည်။

သူတို့ညီအစ်ကို နှစ်ယောက် ရှင်လိင်ပြန်စက ရွာသို့ ဦးမလယ်ဟူသော ရှမ်းအဘိုးကြီးတစ်ယောက် ရောက်လာသည်။

ဦးမလယ်မှာ တစ်ကိုယ်လုံးတွင် ထိုးကွင်းမှင်ကြောင်းများ ထိုးထားရာ မျက်လုံးနှစ်လုံးသာ လွတ်သည်။

ဦးမလယ်မှာ ရှမ်းသိုင်းဆရာကြီး ဖြစ်သည်။

ပြင်စလူရွာမှ ကာလသားများကို သိုင်းသင်ပေးသောအခါ နတ်ပန်းနှင့် လက်သန်း ညီအစ်ကိုနှစ်ယောက်ကလည်း ပူငယ်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ သိုင်းပညာ သွားရောက်သင်ကြားသည်။

ထိုအခါ ကာလသားများက နတ်ပန်းနှင့် လက်သန်းတို့မှာ ရာဇဝင်လူဆိုးသားဖြစ်၍ သူတို့ကို သိုင်းမသင်ပေးရန် ပြောကာ ကုန်းချော၏။

ဦးမလယ်က . . .

''သင်းတို့အဖေ ရာဇဝင်လူဆိုးဖြစ်တာနဲ့ သင်းတို့ လူဆိုး ဖြစ်မှာလား၊ သင်းတို့ လူဆိုးမှ မဟုတ်တာ၊ ကျုပ် သင်ပေးမယ်''

ဟု ဆိုကာ ခေါင်းမာသည်။

ဦးမလယ်အား သိုင်းသင်သူများထဲမှ ဆန်တစ်ပြည်၊ ငွေ တစ်ကျပ်ယူကာ နတ်ပန်းတို့ ညီအစ်ကို၏ သင်ကြားက ဆန်နှစ်ပြည် နှင့် ငွေနှစ်ကျပ်ကို ကာလသားများက ပေးမည်။

သူတို့ညီအစ်ကိုကို သိုင်းမသင်ပါနှင့်ဟု တစ်ဆင့်တက်ပြ သည်။ ဦးမလယ်က အားငယ်သူကို ဖေးကူသူဖြစ်ရာ ထိုအစီအ စဉ်ကို လက်မခံပေ။

ဦးမလယ်က သူ့မှာ တပည့်ချင်း ကျောသားရင်ကသား မလုပ်နိုင်။ ခွဲခြားခွဲခြား မလုပ်နိုင်ဟု ငြင်းဆိုလိုက်သည်။

ထိုကြောင့် လွန်စွာ ခေါင်းမာသော ဦးမလယ်ကို ကာလ သားများက ဝိုင်းကြဉ်ကြသည်။ ထိုအခါ ဦးမလယ်သည် နတ်ပန်းနှ လက်သန်းတို့ညီအစ်ကို နှစ်ယောက်ကိုသာ သိုင်းသင်ပေးလေသည်

သူတို့ကြောင့် ဦးမလယ်အား ကာလသားများ ဝိုင်းကြ





သည်ခြင်း ခံရသည်ကိုသိသော နတ်ပန်းသည် ဦးမလယ်ထံမှ သိုင်း မသင်တော့ပေ။

လက်သန်းကမူ မည်သူက မည်သို့ပင်ထင်ထင် ရှမ်းကြီး သိုင်းကုန်အောင် ဦးမလယ်ကို အိမ်ဦးခန်းတွင် တင်ပြီး သင်ကြား သည်။ လက်သန်းက လူရေလည်သူပီပီ ဤရွာတွင် သူတို့ညီအစ် ကိုနှစ်ယောက်ကို ဝိုင်းနှိမ်ကြသည်။

အကြောင်းရှိ၍ ပြေးပြီးရေတွက်လျှင် သူတို့ညီအစ်ကို နှစ်ယောက်တင် ကျန်သည်။

ဘာပြဿနာမဆို သူတို့ညီအစ်ကိုနှစ်ယောက်သာ ကျော ခြင်းကပ်ရမည်ကို ကြိုတင်တွေးမိသည်။

ထို့ပြင် လူအစော်ကားမခံရအောင် ကိုယ်ခံသိုင်းပညာကို တတ်မြောက်ထားမှ ဖြစ်မည်ဟုဆိုကာ သိုင်းပညာကို လိုက်စား သည်။ ဦးမလယ် ပြန်သွားပြီးနောက် ရွာသို့ သိုင်းဆရာ ရောက် တိုင်း လက်သန်းက သိုင်းပညာ သင်ကြားသည်။

အခြားရွာတွင် သိုင်းဆရာရောက်နေသည်ဟု ဆိုလျှင် လည်း လက်သန်းသည် တကူးတကသွားပြီး သိုင်းပညာ သင်ကြား သည်။ ထို့ပြင် လက်သန်းသည် သိုင်းပညာသာမက မြန်မာလက် ဝှေ့ကိုလည်း သင်ကြားသေးသည်။

ကရင်လူမျိုးများ အနေများသော အမတ်ကလေးရွာတွင် ယားရွာတို့တွင် သထုံ၊ ကျိုက္ခမီ၊ ဘားအံ၊ သံဖြူဇရပ်၊ အလံရှပွဲများ

www.burmeseclassic.com



သို့ သွားသော ကရင်လူမျိုး လက်ဝှေ့ကျော်များရှိလေသည်။

လက်သန်းသည် ထိုကရင်လက်ဝှေ့ကျော်ကြီးများထံတွင် တပည့်ခံပြီး လက်ဝှေ့ပညာကို သင်ကြားလေသည်။

လက်သန်း၏ ရုပ်ရည်မှာ ချောမောပြီး နုဖပ်နေရာ ကြမ်းတမ်းသော လက်ဝှေ့နှင့် မလိုက်ဖက်လှပေ။

ကရင်လက်ဝှေ့ကျော်ကြီးများ လက်သန်း၏ နုနုဖပ်ဖပ် ရုပ်ရည်ကို ကြည့်ပြီး . .

''ဟေ့ ပရော၊ နင် လက်ဝှေ့သင်မယ့်အစား နတ်ကတော် လုပ်စားပါလား'' ဟု ကျီစယ်လေ့ရှိသည်။

လက်သန်းကို တကယ်လက်ဝှေ့သင်ပေးသောအခါ ရုပ်ရည် နုဖပ်သော်လည်း စိတ်ဓာတ်ခိုင်မာရဲရင့်ကြောင်း၊ ကရင်လက်ဝှေ့ ကျော်များ တွေ့ရသည်။ လက်သန်းသည် သတ္တိလည်း ရှိသည်။ အကြမ်းပတမ်းလည်း ခံနိုင်သည်ကို တွေ့လာရသည်။

လက်သန်းက ပြင်စလူရွာက သူတို့ကို လူဆိုးသားဟု နှိမ်သည်ကို မခံချင်စိတ်ကြောင့် တစ်နေ့ကျလျှင် နှိပ်စက်ညှဉ်းပန်းခံရမည်ကို အစိုးရိမ်ကြီးပြီး ကိုယ်ခံပညာများကိုသာ သင်ကြားနေသည်။

နတ်ပန်းက ထိုသို့မဟုတ်။

ဦးမလယ်ကို အားနာသဖြင့် သိုင်းကိုလည်း မသင်။ လက်ဝှေ့ကိုလည်း မလေ့လာပေ။ နတ်ပန်းက ပြင်စလူရွာက ကာလသားများက သူတို့ညီ အစ်ကိုကို ဝိုင်းကြဉ်သည်ကို သူ့နည်း သူ့ဟန်ဖြင့်





တုံ့ပြန်လေသည်။

နတ်ပန်း တုံ့ပြန်ပုံမှာ မည်သူနှင့်မျှ မဆက်ဆံသော ဝါဒနှင့် ဖြစ်သည်။

နတ်ပန်းသည် ပြင်စလူရွာထဲတွင် မည်သည့်အရေးကိစ္စရှိရှိ မသွား။ ဘယ်သူ့အိမ်မှလည်း မလည်။

နတ်ပန်းကစပြီး မည်သူ့ကိုမျှ မနှုတ်ဆက်။ သူ့ကို နှုတ်ဆက်လျှင်သာ သူကပြန်ပြီး နှုတ်ဆက်သည်။

အချို့က ရင်းရင်းနှီးနှီး ဆက်ဆံလိုကြသည်။

သို့သော် နတ်ပန်းက စတင်ပြီး ထိုလူများကို စွန့်ခွာသည်။

မည်သူနှင့်မျှ ရင်းရင်းနှီးနှီး မနေပေ။ မေးထူးခေါ်ပြော အဆင့်ထက် မပို။ နတ်ပန်းသည် ပြင်စလူရွာထဲတွင်လည်း အနေနည်းသည်။ သူတို့လယ်ထဲရှိသော ပြင်စလူမြစ်ဘေးမှ လယ်ထဲတွင်သာ အနေများသည်။

မိုးတွင်း လယ်လုပ်ပြီးလျှင် နွေနှင့်ဆောင်း၌ ကိုင်းလုပ်နေသည်။ နတ်ပန်းက အလုပ်ကို ကြိုးစားလုပ်သည်။

ပြင်စလူရွာက သူတို့ညီအစ်ကိုအား မသထီသလို ဆန့်ကျင်နေမှုကို အလုပ်ထဲ၌ စိတ်ကို မြှုပ်ထားပြီး ကြိုးစားဖြေဖျောက်သည်။ နတ်ပန်း၏ အယူအဆမှာ အလုပ်ကြိုးစားလုပ်၍ ငွေကြေး ချမ်းသာလာလျှင် မည်သူမျှ မနှိမ်နိုင်ဟူသော အယူအဆ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲလျှင် လူအနိုင်ကျင့်ခံရသော လောကထုံးတမ်းကို သိထားသော နတ်ပန်းသည် ငွေကြေးချမ်းသာရန် ကြိုးစားအား ထုတ်နေပုံရသည်။ နတ်ပန်းသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး လယ်ထဲမှ မတက်တော့ပေ။

နွားနစ်ကောင်နှင့် ကုန်းရုံးပြီး လက်လယ်လိုက် ကိုင်းထွန် လိုက်ကာနေသည်။ လက်သန်းကား နုဂိုက် နုနုဖပ်ဖပ်နှင့် အချောင် ခိုသောစိတ်ရှိရာ နွားနှင့်ဖက်ပြီး ရုန်းကန်ရသော အလုပ်မျိုးကို မလုပ်။ လက်သန်းက အပင်ပန်းမခံနိုင်။

ညီဖြစ်သူ လက်သန်းသည် ရေသာခိုနေသည် အချောင် လိုက်နေသည် ဟူ၍လည်း နတ်ပန်းက မငြိုငြင်။

လယ်ထဲ၌ သူကသာ ဒိုင်ခံပြီး အလုပ်ဟူသမျှကို ကြိုးရုန်း ပြီး လုပ်နေသည်။ စပါးပေါ်ချိန် ကိုင်းပေါ်ချိန်များ၌ မြို့တက်ပြီး စပါးရောင်းသောကိစ္စ၊ ကိုင်းထွက်ပစ္စည်း ဖောက်သည်ပေးသော ကိစ္စများကိုမူ လူရည်လည်သော လက်သန်းကသာ လုပ်ကိုင်သည်။

နတ်ပန်းသည် ထိုအလုပ်မျိုးကို မလုပ်တတ်။ နတ်ပန်းသည် ပြင်စလူရွာသို့ လာလျှင်လည်း ခဏတဖြုတ်မျှသာ နေပြီး တစ်မိုင် ခန့်ဝေးသော သူ့လယ်ထဲ၌သာ သူပြန်နေသည်။

နတ်ပန်းသည် တော်တော်ငယ်ငယ်ကတည်းကပင် ဆေးတံ သောက်တတ်သည်။ ဆေးတံကြီးကို ပါးစပ်က မချွတ်ဘဲ အမြဲကိုက် ထားတတ်သည်။ သူ သွားလေရာ သူ့ဆေးတံကြီး ပါသည်။





ဆေးတံသောက်ခြင်း၌ နတ်ပန်းတွင် ရည်ရွယ်ချက် ရှိပုံရ သည်။ တစ်ခါက သူ့လယ်တဲအနီး ကရင်အဘိုးကြီးက . . .

"ဟော့ . . ပရော မင်းမလဲ ဆေးတံကို ပါးစပ်က မချွတ်ဘူး၊ မင်းဆေးတံကလဲ ပုသိမ်ဆန်စက်က မီးခိုးခေါင်းတိုင်ကျနေတာပဲ၊ မီး ကို မပြတ်ဘူး" ဟု ပြောဖူးသည်။

ထိုအခါ နတ်ပန်းက . . .

"ဖထီးကလဲ ဘာသိလဲ၊ ပါးစပ်ထဲမှာ ဆေးတံအမြဲကိုက် ထားတော့ ဘယ်သူနဲ့မှ စကားမပြောရဘူး၊ ဘယ်သူမှ စကားမပြော တော့ လေကုန်သက်သာတာပေါ့"

ဟု ပြန်ပြောလေ့ရှိသည်။

နတ်ပန်းသည် မည်သူ့ကိုမျှ စကားပြောလိုစိတ် မရှိသဖြင့် ဆေးတံကြီးကို အမြဲတမ်းကိုက်ထားသည်ဟူသော စကားမှာ သူ မည်သူ့ကိုမျှ စကားမပြောသဖြင့် ဟုတ်သလိုလိုပင်။

နတ်ပန်းသည် လယ်တဲတွင် အထီးကျန်တစ်ယောက်တည်း နေရသူ ဖြစ်သည်။

ထို့ကြောင့် သူ့ဘဝသည် အလွန်ပင် ပျင်းစရာကောင်း သည်။ ထိုပျင်းစရာကောင်းသော ဘဝကလေးကို နတ်ပန်းသည် ပျော် မွေ့ဖွယ်ဖြစ်အောင် ဖန်တီးထားခြင်း ဖြစ်သည်။

နတ်ပန်းသည် သူ တစ်ယောက်တည်းနေသော လယ်တဲ ကလေးကို ပြင်စလူမြစ်ဘက်သို့ မျက်နှာမူပြီး သေသပ်ချနစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသည်။

ပတ်ခန်းကျင် လှပသာယာအောင် သစ်ပင်ပန်းပင်များကို စိုက်ပျိုးထားသည်။ ထို့ပြင် ငွေလည်းရ အစာလည်းဖြစ်သော ဝက်နှင့်ဘဲတို့ကို သူ့တဲတွင် မွေးထားသည်။

ဝက်ကား ငွေစုရန်ဖြစ်ပြီး ဘဲကား ဥစားရန်ဖြစ်သည်။ ထို့ပြင် အချိန်ကို အလဟသမထားဘဲ လယ်နားချိန် ကိုင်းနားချိန်များ၌ နတ်ပန်းသည် ဖားရှာငါးရှာလည်း ထွက်သည်။ နတ်ပန်းသည် တဲတွင် ငါးဖမ်းပိုက်ကွန်လည်း ရှိသည်။

ငါးမျှားချိတ်လည်း ရှိသည်။ ငါးထောင်သော မြှုံးလည်း ရှိသည်။ လက်ထွန်ပစ်ရန် ငါးမျှားချိတ်တန်းလည်း ရှိသည်။ အချိန်ရလျှော်ရသလို ပြင်စလူမြစ်ထဲ၌ နတ်ပန်း ငါးရှာသည်။ ပုစွန်ဖမ်းသည်။ လက်ထွန်ပစ်သည်။

ထိုမျှနှင့် အားမရသော နတ်ပန်းသည် ငါးရှဉ့်လည်းတူး၍ ဖားလည်း ရိုက်သည်။ ကြွက်ဆူသော ရာသီတွင် ကြွက်လိုက်သော ခွေးကိုလည်း မွေးထားသေးသည်။

လယ်သမားများ အစားကောင်း မရဟူသော စကားကို နတ်ပန်းက ရယ်သည်။ နတ်ပန်းကား လယ်သမားဖြစ်သော်လည်း လှေဦးစိုသော တံငါတစ်ပိုင်း လယ်သမားတစ်ပိုင်းဘဝကို ခံယူထားသည်။ နတ်ပန်း၏တဲတွင် အစားအစာမျိုးစုံရှိသည်။

ဖားရှာ ငါးရှာရန် အချိန်မရလျှင်ပင် နတ်ပန်း ဘဲဥဟင်း





နှင့် စားနိုင်သည်။ နတ်ပန်းသည် သူ့မိခင် ဒေါ်ဒွေးလှကိုမူ ဘယ်တော့မှ မေ့လေ့မရှိပေ။

လယ်တဲတွင် ဖားရှာရင်း အစားကောင်း အသောက်ကောင်းလေးရသည်နှင့် နတ်ပန်းသည် သူ့အမေ ဒေါ်ဒွေးလှကို သတိရသည်။ နတ်ပန်းသည် သူ့အမေကို အလွန်ချစ်သည်။ ထို့ကြောင့် သူ့အမေ အစားအသောက် မချို့တဲ့စေရန် သူ့လယ်ထဲမှ အမြဲစီစဉ်ပေးသည်။

အစားကောင်း အသောက်ကောင်းရလျှင် သူ့အမေ့ထံသို့ နတ်ပန်း လာပို့လေ့ရှိသည်။

နတ်ပန်းသည် သူ့အမေ ဒေါ်ဒွေးလှ နေမကောင်း ထိုင်မကောင်းသာ ဖြစ်သောအခါများ၊ အစားအသောက်ရသောအခါများတွင်သာ ပြင်စလူသို့ လာလေ့သာရှိသည်။ လာလျှင်လည်း ညအိပ်လေ့မရှိ။ သူ့လယ်တဲကလေးကို သူပြန်လေ့ရှိသည်။

နတ်ပန်းသည် ဘယ်လိုအချိန်မျိုးတွင်ဖြစ်စေ သူ့လယ်တဲသို့ သူ အရောက်ပြန်လေ့ရှိသည်။

လယ်တဲကို ထိုမျှသံယောဇဉ်ကြီးသဖြင့် တဲနားနီးချင်းများက . . .

''နတ်ပန်းရယ် မင်းမှာလဲ ကိုယ့်တဲကို ကိုယ်ဒီလောက် သံယောဇဉ်ဖြစ်ရသလား၊ ငါတို့ စောင့်ရှောက်ပေးမှာပေါ့''

ဟု ပြောယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းက . . .

''မဟုတ်ဘူးဗျ . . ကျွန်တော်ကလဲ ကျွန်တော့်တဲကလွဲရင် ဘယ်မှ အိပ်လို့မရဘူး'' ဟု ဆိုသည်။

လသာသောညများတွင် ဆရာကိုထွန်းလူ ပေးခဲ့သော ဟွန်းတယောကလေးကို ထိုးနေလေ့ရှိသည်။

နတ်ပန်းသည် သူ့ဘဝကို အလုပ်၌မြှုပ်နှံပြီး သူ၏သာယာပျော်ရွှင်မှုကို ဟွန်းတယောကလေးနှင့်သာ ဖြေဖျော်နေလေသည်။

နတ်ပန်းက ယခုကဲ့သို့ ပြင်စလူရွာနှင့် ခပ်ကင်းကင်းနေသဖြင့် သူ့ဘဝသည် အေးချမ်းသည်။

လက်သန်းကမူ ရွာထဲတွင် နေသူဖြစ်၍ ပြင်စလူရွာရှိ ကာလသားများ၏ စိမ်းကားသော ဆက်ဆံရေးကို ခံနေရသည်။

လက်သန်းသည် သူတို့ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လူဆိုးအဖြစ် ဆုံးဖြတ်စီရင်ခံရသောအခါ စိတ်ထိခိုက်သည်။

တစ်ခါတစ်ရံ လက်သန်းသည် သူ့အစ်ကို နတ်ပန်း၏ လယ်တဲသို့ ရောက်လာပြီး သူ့ရင်ထဲရှိသမျှကို ဖွင့်ထုတ်လေ့ရှိသည်။

''အစ်ကိုရယ် အစ်ကိုကတော့ ဒီမှာအေးချမ်းနေတာပဲနော်''

နတ်ပန်းက . . .

''ဒီနေရာက အေးချမ်းလို့ မဟုတ်ပါဘူးကွာ၊ ငါက အေးချမ်းအောင်နေလို့ပါ၊ ဘယ်နေရာပဲဖြစ်ဖြစ် ရေခဲတောင်ပေါ်မှာပဲဖြစ်ဖြစ် စိတ်အေးချမ်းအောင်မနေရင် ပူလောင်နေမှာပေါ့ကွာ၊ နေရာက အရေးမကြီးပါဘူးကွာ၊ နေတတ်ဖို့ အရေးကြီးပါတယ်''

''အစ်ကိုက အေးကွက်ကို ရှာတတ်တာကိုး''

''မင်းတို့ကို ငါပြောသားပဲ၊ အမေရော မင်းရော လယ်တဲမှာ လာနေဖို့ ငါပြောသားပဲ''

''ကျွန်တော်တို့သားအမိ ဒီမှာလာနေရင် ရွာနဲ့မတည့်လို့ ရွာပြင်ထုတ်ထားတယ်လို့ ပိုပြီးပြောကြမှာပေါ့''

''ပြောပါစေကွာ . . ကိုယ့်နောက်ကွယ်မှာ ပြောတာအတွက်တော့ စိတ်ဆိုးဖို့ အချိန်ကုန်မခံစမ်းပါနဲ့''

''ပြီးတော့ ရှိသေးတယ်၊ ကျွန်တော်တို့ ဒီမှာနေလို့ ရွာထဲမှာ တစ်ခုခုဖြစ်ရင် လက်ထောက်ချတယ်လို့ စွပ်စွဲကြဦးမှာ၊ အခုတောင် ကျွန်တော်တို့ကို မသင်္ကာတဲ့မျက်လုံးနဲ့ ဝိုင်းကြည့်နေကြတာ''

''ကြည့်ပါစေကွာ . . ကိုယ်သာ အနေမှန်ရင် မသင်္ကာတဲ့မျက်လုံးတွေ ညောင်းသွားမှာပေါ့''

''ကျွန်တော်တော့ ဒီရွာကို မကျေနပ်ဘူး အစ်ကိုရာ''

''ဘာမကျေနပ်စရာ ရှိသလဲ လက်သန်းရယ်၊ ပြင်စလူဟာ တို့ မွေးဖွားကြီးပြင်းခဲ့တဲ့ရွာ၊ တို့ချက်မြှုပ် တို့ရဲ့ဇာတိရွာ၊ ဒီရွာဟာ တို့ရွာ၊ ကိုယ်နေထိုင်ကြီးပြင်းတဲ့ရွာကို မမုန်းရဘူးကွ''

''ဒါဖြင့်ရင် အစ်ကိုက ဒီလယ်တဲမှာ ဘာဖြစ်လို့ လာပျော်

www.burmeseclassic.com



နေရတာလဲ''

''ဟ . . ငါဒီမှာ လာနေတာ ပြင်စလူရွာကို မုန်းလို့မဟုတ်ဘူး၊ ငါတို့ကို မုန်းတဲ့လူတွေကို ရန်ရန်ချင်း မတုန့်နှင်းချင်လို့ ရန်ရှောင်နေတာ''

''ကျွန်တော်တော့ ပြင်စလူကို မကျေနပ်ဘူး၊ အစ်ကိုရာ အဖေက ရာဇဝင်လူဆိုးပေမယ့် ကျွန်တော်တို့ ဆိုးရမှာလား၊ ကျွန်တော်တော့ မကျေနပ်ဘူး''

''သူ့ဘက် ကိုယ့်ဘက် မျှကြည့်မှပေါ့ကွာ၊ အဖေ လုပ်သွားတာကလဲ ရွာကို နာမည်ဖျက်သွားသလိုကိုးကွ၊ ရွာဘက်ကနေ ကြည့်ရင်လဲ ကိုယ့်မိသားစုအပေါ် ဘယ်ကျေနပ်နိုင်မှာလဲ၊ မင်းလိုပဲရှိတော့မှာပေါ့''

''ဒီလိုဖြစ်ခဲ့တာ ကြာခဲ့ပြီ အစ်ကိုရာ''

''အေးလေ ဒါကတော့ မေ့တဲ့လူလဲ ရှိသလို မမေ့တဲ့လူလဲ ရှိမှာပေါ့၊ တို့ကသာ အနေမှန်ရင် တစ်နေ့ကျရင် အားလုံးမေ့သွားမှာပေါ့''

''ဘာမှားတာလဲ အစ်ကို''

''လူဆိုးရဲ့သားဟာ လူဆိုးလို တေမှာပဲလို့ ထင်အောင် ...က ကိုယ်ခံပညာတွေ သင်ကြားထားတယ်။ အဲဒီတော့ တစ်ရွာ ...ာ မင်းကို မသင်္ကာတဲ့မျက်လုံးနဲ့ စောင့်ကြည့်နေတာပေါ့''

''ကိုယ်ခံပညာ သင်တာနဲ့ ကျွန်တော်က လူဆိုးဖြစ်ရမှာ





လား''

''မင်း လူဆိုးဖြစ်တာထက် မင်းဟာ တစ်နေ့နေ့မှာ သိုင်းပညာနဲ့ ရွာကို လက်တုံ့ပြန်လိမ့်မယ်လို့ ရွာသူရွာသားတွေ မင်းကို စိုးရိမ်နေရအောင် မင်းလုပ်တာ၊ မင်း ဒီသိုင်းပညာတွေ၊ လက်ဝှေ့ပညာတွေ သင်တဲ့ရည်ရွယ်ချက်ကလဲ အဲဒါတွေ ပါတယ်မဟုတ်လား၊ ကိုယ့်ကိုနှိမ်ရင် မခံရအောင်လို့ဆိုပြီး ဒီပညာတွေ သင်တာ မဟုတ်လား၊ အဲဒီကိုယ်ခံပညာတွေကြောင့် မင်းကို ရွာက စိုးရိမ်နေကြတာ၊ ကိုယ်ခံပညာဆိုတာ ရန်လိုပညာမဖြစ်သင့်ဘူး၊ ရန်လိုလို့ ကိုယ်ခံပညာ မသင်သင့်ဘူး''

နတ်ပန်းက အကျိုးသင့်အကြောင်းသင့် ပြောသောအခါ နှုတ်ရွေးကြွယ်ပြီး စကားလယ်သူ လက်သန်း ငြိမ်ကျသွားသည်။ နတ်ပန်း ပြောသည်မှာ မှန်သင့်သလောက် မှန်နေသည် မဟုတ်ပါလော။

ထို့နောက် နတ်ပန်း သူအေးအေးဆေးဆေး ရွာပြင်ထွက်ပြီးနေသည်ကိုလည်း ရွာကလူများက ချမ်းသာမပေးပေ။ အမြင်တစ်မျိုးနဲ့ အထင်မှားနေကြောင်း လက်သန်း ပြောပြလေသည်။

''အစ်ကို အခုလို ရွာပြင်ထွက်ပြီး အေးအေးဆေးဆေး ရန်ရှောင်နေတာကိုလဲ ချမ်းသာပေးမယ် ထင်သလား၊ ရွာပြင်ထွက်ပြီး လူဆိုးတွေကို လက်ခံပြီး လက်ထောက်ချနေတာတဲ့''

''ဒါကတော့ ထင်ချင်သလို ထင်ပါစေကွာ၊ ငါ မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲ၊ ငါတို့တဲနားမှာ တို့ပြင်စလူရွာသားတွေ အများကြီးရှိတာ ပဲ။ ငါ ဘယ်လိုနေသလဲဆိုတာ သူတို့ သိကြပါတယ်။ အေး . . တစ်ခုတော့ ရှိတယ်၊ ငါလဲ မှားတာတစ်ခု ရှိတယ်''

''အစ်ကိုက ဘာမှားသလဲ''

''မင်းကို ကိုယ်ခံပညာကြောင့် မသကာခံရသလို ငါက ဥစ္စာစီးပွားအရှာကောင်းလို့ မနာလိုခံရတယ်။ ငါက ဖအေက ကျွန်းကျလူဆိုးကြီးဖြစ်လို့ အနှိမ်ခံရမှာစိုးလို့ ငါက စီးပွားတက်အောင် ဖိကြိုးစားတယ်။ အဲဒီတော့ အဖေမရှိပေမယ့် အမေက ရွာထဲမှာ စီးပွားရေးတောင့်တင်းတယ်။ အဲဒီတော့ တစ်ချို့လူတွေက မနာလိုကြဘူး၊ အဲဒီလို မနာလိုကြတဲ့ လူတွေက တို့ကို လူဆိုးသားမို့ မုန်းသလိုလို သတင်းလွှင့်ကြတာ၊ သူတို့စိတ်ထဲမှာ ဖအေမရှိတဲ့ သားတွေဆိုပြီး နံချာဆင်းရဲပြီး တို့ရဲ့လယ်တွေ ယာတွေရောင်း ဟိုအိမ်ဒီအိမ်ဝင်ပြီး မျက်နှာအောက်ချ လယ်ကူလီလုပ်တာ မြင်ချင်ကြတာ ကိုးကွ''

''အဲဒီလို စီးပွားရေး အဆင်ပြေနေတော့လဲ ဟချို့က ပြောကြသေးတယ်။ အစ်ကို လယ်လုပ် ကိုင်းစိုက်လို့ မဟုတ်ဘူးတဲ့၊ အဖေက ခိုးရာပါပစ္စည်းတွေ ထားသွားလို့တဲ့။ အမေ့မှာ ခိုးရာပါပစ္စည်းတွေ အများကြီး ရှိသေးသတဲ့''

''ပြောကြပါစေကွာ ပါးစပ်ညောင်းရင် ပိတ်သွားကြမှာပေါ့''





''ကျွန်တော်တော့ မခံချင်ဘူးဗျာ''

''မင်းကလဲ ရောက်လာကတည်းက မခံချင်တာဘဲ ပြောနေတယ်၊ မခံချင်လို့ မင်းက ဘာလုပ်ချင်သလဲ၊ ငါ့ကို ပြောစမ်းပါဦး''

လက်သန်းသည် နတ်ပန်းထံလယ်တဲသို့ လာခြင်းမှာ သူ့စိတ်ထဲက အကြံအစည်ကို တိုင်ပင်ရန် လာခဲ့ခြင်း ဖြစ်သည်။

ယခုလို နတ်ပန်းက သူ့အကြံအစည်ကို မေးသောအခါတွင်မူ 'ပြောရကောင်းမလား၊ မပြောရကောင်းမလား' ချီတုံချတုံ ဖြစ်နေသည်။ လက်သန်းက နှုတ်ဆိတ်နေသဖြင့် နတ်ပန်းက စိတ်မရှည်တော့ပေ။

''ပြောလေကွာ မခံချင်လို့ မင်းက ဘာလုပ်ချင်သလဲ''

လက်သန်းသည် ပြောရန် ဝန်လေးနေရာမှ . .

''ဒီလိုလေ အစ်ကိုရာ၊ ကျွန်တော်တို့အပေါ် မကောင်းတဲ့ ရွာကို ကျွန်တော်တို့ကလဲ ပြန်ဆိုးကြမယ်''

''ဘယ်လိုဆိုးမှာလဲ''

''အစ်ကိုက လူဆိုး၊ ကျွန်တော်က ပုလိပ်လုပ်မယ်၊ ပုလိပ်ထဲဝင်မယ်၊ ဒါမှမဟုတ်ရင် အစ်ကိုက ပုလိပ်လုပ်၊ ပုလိပ်ထဲဝင်၊ ကျွန်တော်က လူဆိုးလုပ်မယ်၊ လူဆိုးနဲ့ ပုလိပ်နှစ်ဖက်ညှပ်ပြီး ဒီရွာကို နှိပ်စက်ပြမယ်''

''ဘယ်လို နှိပ်စက်မှာလဲ ပြောစမ်းပါဦး ရွှေညာသိုက်ရှင်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုပဲဖြစ်ဖြစ် ကျွန်တော်ပဲဖြစ်ဖြစ် လူဆိုးလုပ်မယ်လူက လူဆိုးကိုဏ်းထောင်ပြီး ဒီရွာကို ခေါ်ပြတိုက်မယ်၊ ပြန်ပေးဆွဲမယ်၊ မီးရှို့မယ်၊ ပုလိပ်လုပ်တဲ့လူလဲ ဒီရွာသားတွေကို မသင်္ကာဘူးဆိုပြီးဖမ်း၊ ဂါတ်တဲမှာ ရိုက်နှက်၊ ညှဉ်းပမ်း၊ ဒဏ်ငွေရိုက်၊ ထောင်ချအမျိုးမျိုးနှိပ်စက်မယ်၊ ဘယ်လိုလဲ မကောင်းဘူးလား''

ထိုစကားကို ကြားရသောအခါ နတ်ပန်းသည် လက်သန်းကို ရွံရှာစက်ဆုပ်စွာ ငေးကြည့်နေသည်။

လက်သန်းက သူ့ပါးစပ်ကို ဘရိတ်မအုပ်သေးဘဲ အားရပါးရ ဆက်ပြောနေသေးသည်။

''ဒီရွာကို ဥပဒေဘက်ကရော ဥပဒေအပြင်ဘက်ကရော နှစ်ဖက်ညှပ်ပြီး လက်တုံ့ပြန်မယ်၊ ကျွန်တော်တို့ကို လူဆိုးရဲ့သားတွေဆိုပြီး နှိမ်ဦးဟဲ့ဆိုပြီး အမျိုးမျိုးညှဉ်းဆဲမယ်၊ ဘယ်လိုလဲ မကောင်းဘူးလား၊ ပြီးတော့ . . ''

နတ်ပန်းက ဒေါသဖြစ်သွားပြီး အော်ဟစ်လိုက်သည်။

''တော်စမ်းပါကွာ မင်းရဲ့အကြံအစည်က မကောင်းရုံ မဟုတ်ဘူး၊ ယုတ်မာပက်စက်လွန်းတယ်၊ ပြောပုံဆိုပုံက ပြင်စလူရွာသား မဟုတ်တာကျနေတာပဲ''

လက်သန်းက သူ့အကြံအစည်ကို သူ့အစ်ကို နတ်ပန်းသဘောကျလိမ့်မည်ဟု မျှော်လင့်ထားရာ ယခုလို အော်ဟစ်သောအခါ အံ့သြသွားသည်။ ဘာမျှ ဆက်မပြောတော့ဘဲ သူ့အစ်ကို





နတ်ပန်းကိုသာ အံ့သြစွာမော့ကြည့်နေသည်။

နတ်ပန်းသည် လက်သန်းအား မျက်စောင်းထိုးကြည့်ပြီး . .

''မင်း ဖြစ်စေချင်တာက ပြင်စလူရွာသားတွေက တို့အပေါ် လူဆိုးရဲ့သားဟာ လူဆိုးဖြစ်လာမယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ အနှိမ်ခံနေရတာကို ပျောက်ကင်းစေချင်တာလား၊ ဒါမှမဟုတ်ရင် ငါတို့ကို နှိမ်ရမလားဆိုပြီး လက်တုံ့ပြန်ချင်တာလား''

အမှန်ကား လူဆိုးတို့၏သား တော်တော်များများသည် သူတို့အပေါ် လူဆိုး၏သားဆိုသော စွပ်စွဲခံရသော နာမည်ဆိုးကြီးမှ လွတ်ကင်းအောင် ရှောင်တိမ်းလိုသည်ထက် ထိုနာမည်ဆိုးကြီးပေးထားသော ကျေးရွာကို လက်တုံ့ပြန်ချင်လိုကြသည်သာ များသည်။

လက်သန်း ကိုယ်တိုင်ကလည်း အထင်မှားခံရတာကို မပျောက်စေချင်တာထက် လက်တုံ့ပြန်ချင်စိတ် အရွဲ့တိုက်ချင်စိတ်ကများနေသည်။

သို့သော် လက်သန်းက သူ့အစ်ကိုနတ်ပန်း၏ စိတ်သဘောထားကို သိပြီးဖြစ်ရာ အကင်းပါးသူပီပီ အစ်ကို၏ဆန္ဒအတိုင်း လိုက်လျောညီထွေ ပြောလိုက်သည်။

''ကျွန်တော်တို့ညီအစ်ကိုအပေါ် အထင်မှားခံရတာ ပျောက်စေချင်တာ အစ်ကိုရာ''

''သွား . . အဲဒီလိုဆိုရင် မင်း ပြင်စလူမှာ မနေနဲ့၊ လပွတ္တာသွားနေ၊ မင်းကို ငါ ရှင်လိုင်ပြန်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တဲ့ လပွတ္တမှာ ကျောင်းသွားနေဆိုတာ၊ မင်း ဟိုယောင်ဒီယောင်ယောင်လုပ်ပြီး မင်း စာမသင်ဘူး။ အခု မင်း အထင်မှားတာ ပျောက်စေချင်ရင် မြို့ကိုသွားပြီး ပညာသွားသင်၊ ငါ မင်း ပညာသင်ဖို့ ငါ့ပခုံးက မီးထတောက်ပါစေ ငါ ငွေရှာပေးမယ်။ အမေ့အတွက် ဘာမှမပူနဲ့။ ငါ ဒီမှာ ခေါ်ထားလိုက်မယ်။ ရှင်းရှင်းပြောရရင် မင်းရှိနေလို့လဲ စီးပွားရေးအတွက် ဘာမှလုပ်တာ မဟုတ်ဘူး။ အဲ တော့ ပညာသင်''

''ဟာ . . အစ်ကိုရာ၊ အသက်နှစ်ဆယ်ကျော်မှ ပညာသင်ရမယ်လို့''

''မင်းကို ပညာသင်ဖို့ ငါ ငယ်ငယ်ကတည်းက ပြောခဲ့တာပဲ၊ အခု အသက်နှစ်ဆယ်ကော ဘာဖြစ်လဲ၊ ပညာလို အိုသည်မရှိတဲ့''

''ကဲ . . ပညာတတ်တော့ကော ဘာဖြစ်လဲ အစ်ကိုရာ ပညာတတ်ရင် ဒီရွာက ကျွန်တော်တို့ကို အထင်မှားနေတာ ပျောက်သွားမှာလား''

''ဒါနဲ့တော့ မပျောက်သေးဘူးပေါ့ကွာ၊ မင်း ပညာတတ်လာရင် ခုနစ်တန်းလောက်ပဲ အောင်ဦး၊ ရွာကို ပြန်ပြီး ကျောင်းဆရာလုပ်၊ တို့ပြင့်စလူက ကလေးတွေကို စာတတ်အောင် သင်ပေး အကျင့်စာရိတ္တကောင်းအောင် ပြုပြင်ပေး။ ပြီးတော့ ရွာရဲ့ကောင်းကျိုး ကျေးလက်ပြုပြင်ရေးတွေလုပ်၊ ရွာမှာလိုတဲ့ ကျောင်းဆောက်





စာကြည့်တိုက်တွေဖွင့်၊ တံတားဆောက်၊ ကန်တူး၊ လမ်းခင်း၊ ရွာရဲ့ကောင်းကျိုးကိုလုပ်''

''ရွာရဲ့ကောင်းကျိုးကိုလုပ်ရင် ကျွန်တော်တို့ကို အထင်မှားတာတွေ ပျောက်သွားမှာလား''

''ပျောက်ရုံတင် မကဘူး။ မင်းကို ရွာရဲ့ကျေးဇူးရှင် ရွာရဲ့သူရဲကောင်းဆိုပြီး ဖူးဖူးမှုတ်ထားကြမှာ''

''ဒါဖြင့်ရင် အစ်ကိုက ဘာဖြစ်လို့ ဒီလိုမလုပ်တာလဲ''

''ငါက ပညာမတတ်ဘူး၊ ငါက ပညာသင်လို့လဲ မဖြစ်ဘူး၊ မင်းနဲ့အမေ့ကို လုပ်ကျွေးဖို့ ငါက စီးပွားရှာရမှာ၊ ပြီးတော့ ငါ့မှာလဲ ငါ့ရည်ရွယ်ချက်နဲ့ငါ ရွာက အထင်မမှားအောင် လုပ်ဖို့ စီစဉ်ရှိပြီးလို့''

ထိုစကားကို ကြားရသောအခါ လက်သန်းသည် အလွန်စိတ်ဝင်စားသွားသည်။

''အစ်ကို့မှာ ဘယ်လိုအစီအစဉ်ရှိသလဲ''

''အမေ သေသွားပြီးရင် ငါဝတ်ကြောင်ကိုစွန့်ပြီး ရဟန်းဝတ်တော့မှာ၊ ငါက ဟောဒီရှုပ်ထွေးတဲ့ လောကကြီးမှာ လူဝတ်ကြောင်ဘဝနဲ့ မနေချင်တာလဲ တစ်ကြောင်း၊ နောက်တစ်ကြောင်းက ဘုန်းကြီးဘဝနဲ့ အရိုးထုတ်သွားပြီး လူဆိုးရဲ့သားဟာ လူဆိုးမဖြစ်ဘဲ သာသနာ့အာဇာနည် ရဟန်းတစ်ပါးဘဝနဲ့ အရိုးထုတ်သွားတယ်ဆိုတာ ပြင်စလူရွာသားတွေကို သက်သေပြချင်တယ်။ ပြီးတော့ . .''

www.burmeseclassic.com

လက်သန်းက တန်ဖိုးရှိလှသော သူ့အစ်ကို နတ်ပန်း၏ အကြံအစည်သည် မြင့်မြတ်မှန်း သဘောပေါက်သွားသည်။ သူ့အစ်ကို နတ်ပန်းကိုလည်း အလွန်လေးစားသွားမိသည်။ လက်သန်းက သူ့အစ်ကို၏ အကြံအစည်ကို ဆက်ပြီး သိလိုဇောနှင့် မေးလိုက်သည်။

''ပြီးတော့ကော အစ်ကို''

''ပြီးတော့ ငါက ဟောဒီပြင်စလူက လူငယ်ကလေးတွေကို သာသနာပြုချင်တယ်၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ ဘာလဲ။ ဒါနနဲ့ ပကာသနဆိုတာ ဘာလဲဆိုတာ ရှင်းပြချင်တယ်။ တို့ ရှင်ပြုတုန်းက ဆရာတော် ဦးဝိမလ အဖေ့ကိုပြောတာ မင်း မှတ်မိသေးလား၊ ရှင်လောင်းလှည့်တဲ့ မြင်းကျတော့ ငွေအစိတ်ပေးငှားပြီး ဘုန်းကြီးကျတော့ ဝတ္ထုငါးကျပ်ပဲ လှူတာလေ။ အဲဒါတွေဟာ တို့ဗုဒ္ဓဘာသာတွေဟာ အယူလွဲမှားနေတာ အများကြီးရှိသေးတယ်ကွ''

လက်သန်းသည် နတ်ပန်း၏ ရည်ရွယ်ချက်ကို နှလုံးသားက လက်မခံနိုင်သော်လည်း ဦးနှောက်ကမူ မလေးစားဘဲ မနေနိုင်ချေ။ နတ်ပန်းက . . .

''ကဲပါ ညီလေးရယ်၊ မင်းကလဲ လောကီနည်းနဲ့ ကျောင်းဆရာမလုပ်နိုင်တောင် ရွာရဲ့ကောင်းကျိုးလုပ်၊ ငါကလဲ လောကုတ္တရာနည်းနဲ့ ရွာရဲ့ကောင်းကျိုးလုပ်မယ်။ တို့ညီအစ်ကိုနှစ်ယောက် လောကီလောကုတ္တရာ နှစ်ဖက်ညှပ်ပြီး ရွာကို သာသနာပြုရအောင်ပေါ့''





ထိုနေ့က နတ်ပန်း၏ ဟင်းအိုးထဲတွင် ပင်လယ်ငါးရှဟင်းချက်ထားသော်လည်း သူ့ညီလက်သန်း ကြိုက်သော ဘဲသားဟင်းကို ချက်ကျွေးလေသည်။

ညဘက်သို့ ရောက်သောအခါ သူတို့လယ်တဲရှေ့ရှိ နဘဲပင်ကြီးအောက်တွင် နတ်ပန်းက ပွန်းတယောထိုးပြသည်။

ပွန်းတယောထိုးရင်းမှာ နတ်ပန်းက သူ့စိတ်ရင်းကို လက်သန်းအား ပြောပြလေသည်။

''ငါတော့ အားအားရှိရင် ဟောဒီနဘဲပင်ကြီးအောက်မှာ ထိုင်ပြီး တယောထိုးနေတာပဲ၊ ဂီတသံဟာ ဒေါသကိုလဲ ပြေပျောက်စေတယ်ကွ။ ပြီးတော့ ငါ့မှာ ကိုယ်ခံပညာလဲ မတတ်ထားတော့ ရွာက ငါ့ကို မစိုးရိမ်ဘဲ ဂီတပညာတတ်ထားတဲ့ ငါ့ရဲ့စိတ်နှလုံး နူးညံ့တယ်ဆိုတာ ပြင်စလူရွာက ကြားအောင် ဟောဒီနဘဲပင်ကြီးအောက်မှာ သက်သေပြနေတာကွ''

ထိုစကားကို လက်သန်းက လက်မခံနိုင်ဘဲ . . .

''အစ်ကို ဒီလယ်ထဲက ပွန်းတယောထိုးနေတာ တစ်မိုင်လောက်ဝေးတဲ့ ပြင်စလူရွာက ကြားပါ့မလား''

''ငါ့ရဲ့ငြိမ်းချမ်းတဲ့တေးသံကို လေညင်းကတော့ ပြင်စလူရွာကို ဘယ်ယူဆောင်သွားမလဲကွာ၊ ဒါပေမယ့် သတင်းကတော့ ယူဆောင်သွားမှာပေါ့''

ရုပ်ဆိုးသဖြင့် လူဆိုးရုပ်ပေါက်နေသော နတ်ပန်းက သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သူ နှလုံးသားနူးညံ့သော ဂီတသမားကြီးဟု ဆိုသဖြင့် လက်သန်းက ရယ်ချင်နေသည်။

ပုဏ္ဏက ကဗျာဆန်နေသလိုပင်။

နတ်ပန်းက လေးနက်သောအသံနှင့် . . .

''တကယ်တော့ ငါဟာ စိပ်ပုတီးကို မကိုင်နိုင်မိ မေတ္တာစိတ်၊ ကြင်နာစိတ်၊ ကရုဏာစိတ်တွေကို ဖော်ကျူးတဲ့ဟွန်းတယော ကို ကိုင်နေတာ။ တကယ်ဆိုတော့ ဂီတသမားတွေဟာ စိတ်နှလုံးနူးညံ့တဲ့ ငြိမ်းချမ်းရေးသမားတွေပါကွာ၊ ငါတို့အပေါ် ရွာက အထင်လွဲမှားမှုတွေကိုလဲ ကုန်ဆုံးလွင့်မြောက်သွားပါစေ၊ ငါတို့ကလဲ ရွာအပေါ်မှာ မေတ္တာထားနိုင်ပါစေဆိုတာ ဟောဒီဂီတနဲ့ မေတ္တာပေါင်းကူးပေးနေတာကွ''

ထို့ညက နတ်ပန်းသည် သူ၏ဟွန်းတယောနှင့် ကြက်ဖတညင်တောကိုဝင် သီချင်းကို ထိုးပြသည်။

သို့သော် ထိုကြက်ဖတညင်သီချင်းကို နတ်ပန်းက ပြောင်းပြန် အဓိပ္ပာယ်ဖွင့်ပြသည်။

ကြက်ဖတညင် တောကိုမဝင်ရအောင် မောင်ရင်ကလည်း လေးနဲ့မပစ်ပါနှင့်။

ကြက်ဖတညင်ကလည်း မရှုးပါနဲ့။

သူတို့ကြက်ဖလည်း မရှုံးပါစေနဲ့။

ငါတို့ ကြက်ဖလည်း မနိုင်ပါစေနှင့်။



## အခန်း [၇]

လက်သန်းသည် ရှုပ်ရည်က နူးညံ့သလောက် သူ့နှလုံးသားက ကြမ်းထော်နေသည်။

ပြင်စလူရွာက သူ့ကို နှိမ်သည်ဟု လက်သန်း အထင်လွဲနေသည်။ ခံစားရသည်မှာ များလှသဖြင့် လက်သန်း၏ နှလုံးသား၌ ကျွဲပခုံးထပြီး ဒဏ်ရာရနေသည်ဟု ထင်သည်။

လက်သန်း၏ စိတ်ထဲ၌ ဆူးတောင်ပေါက်နေလေပြီ။

ထို့ကြောင့် . . .

သူ့ဇာတိရွာ ပြင်စလူကို ဘယ်လိုနှိမ်ရမလဲဟု အကွက်ချောင်းနေသည်။ နေသေးသပ ချုံထဲက ချိုးသွေးသမျှ တမြမြနှင့် ဖြစ်နေလေသည်။ လက်သန်းသည် နှုတ်ရေးကြွယ်ပြီး လူရေးလည်


www.burmeseclassic.com

www.burmeseclassic.com

သူပီပီ ပြင်စလူရွာကို နိမ်နင်းသည့် နိုင်ပေါက်များကို ရှာထား၏။

လက်သန်းက အကွက်လည်း မြင်၏။

လာဘ်လည်း မြင်၏။

ထို့ကြောင့် . . .

ပြင်စလူရွာခေါင်း စောမြဒင်ကို အသေကပ်ပေါင်း၏။

ပြင်စလူရွာကို အုပ်ချုပ်ရသော တယ်ပင်ကိုင်းသူကြီး ဦးထွန်းသာကိုလည်း ဆရာသမားရင်းသဖွယ် ဆည်းကပ်သည်။

ထို့ပြင် လက်သန်းက ခြေလှမ်းကျဲလိုက်သေး၏။

လပွတ္တာမြို့ပိုင်ကြီးနှင့် ဂါတ်တဲကိုလည်း အောက်ကျခံပြီး မရရအောင် ပေါင်းသည်။ လက်သန်းက ပေါင်းသင်းဆက်ဆံရေး၌လည်း အမြင်ကျယ်သည်။

ပြင်စလူရွာ၌ အချမ်းသာဆုံး ဘုရားဒကာကျန်လို ပုဂ္ဂိုလ်မျိုး၏ လက်ကတုံး တောင်ဝှေးသဖွယ် ကျွဲညီ၏။

ထို့ပြင် ကမ်းနားဆိပ်၌ အချမ်းသာဆုံးဖြစ်သော ဦးကျော်ရီ၊ ဒေါ်သေးတာနှင့်လည်း လက်သန်း ပေါင်းသင်းထားလေသည်။

ဦးကျော်ရီ ဒေါ်သေးတာတို့မှာ ငါးရှာသော တပည့်တပန်းများပေါများသူဖြစ်ရာ ထိုလူအားလုံးနှင့် ပေါင်းပြီး ရင်းနှီးအောင် လုပ်ထားသည်။ ဦးကျော်ရီနှင့် ဒေါ်သေးတာတို့၏ တပည့်တပန်းများ၏အားကို ကျောထောက်နောက်ခံအဖြစ် ရထားလျှင် ကမ်းနားပိုင်း၌ လက်သန်း လူတွင်ကျယ်လုပ်နိုင်သည်။





ထို့ပြင် အရေးအကြောင်းရှိလျှင်လည်း အားကိုးရမည် မဟုတ်ပါလော။

ရှင်းရှင်းဆိုရလျှင် ပြင်စလူရွာ၌ ဆင်းရဲသူ ဆွေမျိုးစု အားနည်းသူ မှန်သမျှကို လက်သန်း ဆေးဖော်ကြောဖက် မလုပ်ပေ။

နွမ်းပါးသူဆိုလျှင် လက်သန်း၏ မိတ်ဆွေ မဖြစ်နိုင်ပေ။

အာဏာရှိသောအပိုင်း ငွေကြေးဥစ္စာရှိသော အပိုင်းကို လက်သန်းက သူ့အိတ်ထဲသို့ ထည့်ထားနိုင်လိုက်၏။

ထို့ကြောင့် . . .

ပြင်စလူရွာ၌ လက်သန်း အရေးပါအရာရောက်သူ ဖြစ်လာသည်။ ထို့ကြောင့် လက်သန်းအား ရာဇဝင်လူဆိုး ကျွန်းကျ၏သားဟု မည်သူမျှ မနိမ်ရဲတော့ပေ။ သို့သော် . . .

နောက်ကွယ်မှ မလိုမုန်းထားမှုများ ပို၍ကြီးထွားကျယ်ပြန့်လာသည်ကိုမူ လက်သန်း သဘောမပေါက်ပေ။

ဉာဏ်လည်း မမီပေ။

ရွာ၏ အရေးပါအရာရောက်သူဘဝနှင့် ရွာ၏ ချစ်ကြည်လေးစားခြင်း ခံရသူတို့၏ ဘဝခြားနားခြင်းကို လက်သန်း နားမလည်ပေ။ နောက်ပိုင်းတွင် လက်သန်းအား ရာဇဝင်လူဆိုး၏ သားဟုမုန်းသည်ထက် စောမြဒင်၏ နှစ်လုံးပြူးကိုထမ်းပြီး ဩဇာအာဏာပြသူအဖြစ် မုန်းသူက ပိုများလာ၏။

လက်သန်းသည် မျက်နှာငယ်ဘဝမှ လွတ်မြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရင်းက မျက်နှာမာ ဖြစ်လာသည်။

အနှိမ်ခံဘဝမှ လွတ်မြောက်အောင် ကြိုးစားရင်းမှ ဖိနှိပ်သူ ဖြစ်လာသည်။ ထို့ကြောင့် . . .

ပြင်စလူရွာက လက်သန်းအပေါ် မုန်းတီးမှုများမှာ ရာဇဝင်လူဆိုး၏သားကို မဟုတ်တော့ဘဲ လက်သန်းကို မုန်းတီးမှုသက်သက်သာ ဖြစ်သည်။ ထိုကြားထဲတွင် လက်သန်းအပေါ် ပို၍ မုန်းတီးစေရန် အမှားနှစ်ခုကို လက်သန်း ဆက်တိုက်ကျူးလွန်မိ၏။

ပထမအမှားမှာ လက်သန်းသည် ရွာခေါင်းစောမြဒင်အားကိုးနှင့် ကာလသားခေါင်းဖြစ်ရန် ကြိုးစားခြင်းပင် ဖြစ်သည်။

ရွာရှိ ကာလသားခေါင်း ဦးရွှေပွားမှာ အသက်ကြီးပြီဖြစ်၍ သူ့နေရာ ကာလသားခေါင်းအဖြစ် ရွေးချယ်ရန် နေရာလစ်လပ်နေ၏။ ကာလသားခေါင်းဆိုသူမှာ တစ်ရွာလုံးရှိ ကာလသားများ အပေါ် ဩဇာညောင်းသူဖြစ်ရာ ထိုနေရာကို လက်သန်း လိုချင်သည်။

လက်သန်း၏ ရည်ရွယ်ချက်က ကာလသားခေါင်းဘဝမှ ရာအိမ်မှူးဖြစ်အောင် ကြိုးစားပြီး အရက်အိုးထဲ၌ အမြဲခေါင်းထိုးနေသော စောမြဒင်နေရာကိုပါ အရယူရန် ဖြစ်၏။

လက်သန်း ရွာခေါင်းဖြစ်လျှင် ဖွတ်မိကျောင်းဖြစ်သလို ပြင်စလူရွာ ညက်ညက်ကြေလိမ့်မည်။

လောလောဆယ် သူ၏အကြံအစည်ကို ရွာခေါင်း စောမြ ရိပ်မိစေရန် ကာလသားခေါင်း ရာထူးကို လိုချင်ခြင်း ဖြစ်သည်။





ရွာခေါင်း စောမြဒင်က ဆယ်အိမ်ခေါင်း လုပ်ပါဟူသော စကားကိုပင် လက်သန်း သဘောမကျပေ။

ဆယ်အိမ်ခေါင်းဆိုသည်မှာ ဆယ်အိမ်၌သာ ဩဇာသက်ရောက်၏။ ကာလသားခေါင်းဆိုသည်မှာ တစ်ရွာလုံးရှိ လူငယ်ကာလသားများအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်၏။

သူ ကာလသားခေါင်း ဖြစ်လာလျှင် သူ့ကို နှိမ်ခဲ့သူများကို ကာလသားများနှင့် လှည့်တိုက်ပေပြီး အနိုင်ယူရန် တစ်နည်းအားဖြင့် ကြံစည်ထားခြင်း ဖြစ်၏။

ထို့ကြောင့် . . .

သူ့အား ကာလသားခေါင်းအဖြစ် ခန့်ရန် ရွာခေါင်း စောမြဒင်အား ကပ်နှူးတော့သည်။

သို့သော် . . .

ထိုကိစ္စ လက်သန်း အရှုံးနိမ့်ရုံမျှမက အကြီးအကျယ် အရှက်ကွဲရသည်။ အမှန်မှာ ကာလသားခေါင်းရာထူးမှာ ရွာခေါင်းက ခန့်နိုင်သော ဆယ်အိမ်ခေါင်းရာထူးမျိုး မဟုတ်ပေ။

ကာလသားခေါင်းရာထူးဆိုသည်မှာ ကျေးရွာရှိ လူငယ်ကာလသားများက တင်မြှောက်ခန့်ထားရသော ရာထူးဖြစ်လေသည်။ ကာလသားခေါင်းသည် ကာလသားများကို ခေါင်းဆောင်မှုပေးနိုင်သူ ဖြစ်ရမည်။

ထို့ပြင် ကာလသားများ၏ လေးစားချစ်ခင်သူ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ရွာခေါင်း စောမြဒင်က လက်သန်းအား ကာလသားခေါင်းခန့်သည်ကို ကာလသားများက လက်မခံကြပေ။

ကာလသားများက သူတို့သဘောနှင့်သူတို့ ကျောင်းဆရာ ဦးဘိုးမြစ်၏သား ကိုတင်ပြန့်ဆိုသူကို ကာလသားခေါင်းအဖြစ် တင်မြှောက်ကြ၏။ အမှန်ကား ကိုတင်ပြန့်မှာ လက်သန်းထက် ပညာတတ်ပြီး ရွာကျောင်းတွင် လက်ထောက်ဆရာ ဝင်လုပ်နေသူ ဖြစ်၏

ထို့ပြင် ရွာ၏ကောင်းကျိုး ကျေးလက်ပြုပြင်ရေး လုပ်နေသူ ဖြစ်သည်။ ထို့ကြောင့် ပြင်စလူရှိ ကာလသားများက ရွာခေါင်း၏အမိန့်ကို အာခံပြီး သူတို့လေးစားကြည်ညိုသော ကိုတင်ပြန့်ကို ကာလသားခေါင်းအဖြစ် တင်မြှောက်ခြင်း ဖြစ်သည်။

ပထမတွင် လက်သန်းက ရွာခေါင်းခန့်သော ကာလသားခေါင်းအဖြစ် တင်းခံနေသေးသည်။

သူ စည်းရုံးရသော လူငယ်အနည်းငယ်နှင့် ကာလသားခေါင်း လုပ်နေသေးသည်။ ရွာတစ်ရွာထဲတွင် ကာလသားခေါင်းနှစ်ယောက် ဖြစ်နေသည်။

ပြင်စလူရှိ လူကြီးများက ရွာတစ်ရွာထဲတွင် ကာလသားခေါင်းနှစ်ယောက် ဖြစ်နေခြင်းမှာ ကာလသားများကို သွေးကွဲပါစေသည်ဟုဆိုပြီး ရွာလူကြီးများက တယ်ပင်ကိုင်းသူကြီးအား သွားတိုင်လေသည်။

ထို့ကြောင့် တယ်ပင်ကိုင်းသူကြီး ဦးထွန်းသာက ပြင်စလူ



သို့ လိုက်လာပြီး ကာလသားများကို စုရုံးကာ လက်သန်းနှင့် ကိုတင်ပြန့်တို့ကို ကာလသားခေါင်း ရွေးခိုင်းလေသည်။

ပြင်စလူရှိ ကာလသားအားလုံးလိုလိုက ကိုတင်ပြန့်အား ကာလသားခေါင်းအဖြစ် ရွေးချယ်လိုက်ကြသည်။

ရွာခေါင်းခန့်သော ကာလသားခေါင်း လက်သန်း မရှုမလှရှုံးပြီး အကြီးအကျယ် အရှက်ကွဲရလေတော့၏။

အရှုံးကြီးရှုံးပြီး ရှက်စိတ်နာရသော လက်သန်းသည် ပြင်စလူရွာသားများကို ပို၍ မုန်းတီးမိပြန်သည်။

ပြင်စလူ ကာလသားများအနေနှင့်လည်း လက်သန်းသည် သေထိစရာ သတ္တဝါကြီး ဖြစ်သွားလေသည်။

ရာဇဝင်လူဆိုး ကျွန်းကျ၏သားက ရွာသားလူငယ်များကို ခေါင်းဆောင်ရှေ့ရွက်ပြုသည့် ကာလသားခေါင်း ရာထူးရရန် ကြိုးစားသည်ဟူသော အဖြစ်မှာ ရှက်စရာအဖြစ်ကြီး ဖြစ်နေသည်။

လက်သန်း ဆက်တိုက်ကျူးလွန်သော အမှားနှစ်ခုမှာ ဤအမှားသည် ပထမအမှားဖြစ်သည်။

ဤအမှားသည် ပြုပြင်၍ရသောအမှား ဖြစ်သည်။

ပြုပြင်၍ မရသော အမှားကား . . .

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၈]

ဤအဖြစ်မျိုးကား သင်းအဖေ လူရွှဲမျိုးမို့ သူဆိုးနဲ့ခေ
ကိစ္စမျိုးသာ ဖြစ်သည်။ ဘယ်လိုမှ ပြုပြင်မရသော အမည်းစက်
ကိစ္စမျိုးကို လက်သန်း လုပ်ရက်လေသည်။

လက်သန်း၏ အပြုအမူမှာ ပြင်စလူရွာသားများသာ
မိခင်ရင်း ဒေါ်ဖွေးလှနှင့် အစ်ကိုရင်း နတ်ပန်းကပင် လက်မခံနိုင်သော
အပြုအမူမျိုး ဖြစ်သည်။

လက်သန်းသည် ရွာလယ်ပိုင်းမှ မသဲနုဆိုသော မိန်းမ
ယောက်ကို ခိုးပြေးသွားသည်။

မသဲနုမှာ ပြင်စလူရွာသူ ဖြစ်သော်လည်း ငယ်ငယ်ကတ
က ရန်ကုန်တွင် သွားနေခဲ့ပြီး ရွာသို့ ပြန်ရောက်လာသည်မှာ မ





လှသေးပေ။

မသဲနုကား ရုပ်ရည်ချောမောလှပခြင်း ရှိရုံမျှမက ဖွံ့မက်စရာကောင်းလှသော ခန္ဓာကိုယ်က လုံးကြီးပေါက်လှနှင့် ဖြစ်သည်။

ထို့ပြင် မသဲနုမှာ ရန်ကုန်မှာ နေသူပီပီ အဖြီးအလိမ်း အပြင်အဆင် အခြယ်အသ ကောင်းသည်။

အဝတ်အစား ဝတ်လျှင်လည်း ခေတ်ဆန်ဆန် ဖက်ရှင်ကျကျ ဝတ်တတ်သည်။ သို့သော်လည်း ဘီအေဆံထိုးလိုလို၊ ပျားအုံလိုလို၊ မုန့်စိမ်းပေါင်း ခေါင်းပေါ်တင်ထားသလို ဆံထိုးမျိုး ဘယ်တော့မှ မထုံး။

ယဉ်စစနှင့်ရှိသော နောက်တွဲဆံထိုးကိုသာ ထုံးပြီး နပူးပေါ်မှာ ဆံစများကို ချထားတတ်သည်။ ပဒုမ္မာအကျီကို အနားနှင့် လက်များကို တက်တင်းထိုးပြီး ဝတ်သည်။

တိုဘရာကိုး ထဘီအရောင်အသွေး ကျကျကို ဝတ်သည်။ မန္တလေးပုံတော်ဖိနပ်ကို စီးသည်။ ပုသိမ်ထီးကို ဆောင်းသည်။

ပြင်စလူရွာ၌ ကျော်ကြားသည်မှာ မသဲနု၏ မျက်ခုံးမွေး ဖြစ်သည်။ မသဲနု၏ မျက်ခုံးမွေးကား သေးသေးတင်၊ သုံးရက်လ ခုံးမျက်လို ဟန်ချီသည်။

ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း မြင်သူငေးလောက်သော အချိုးအဆစ်ရှိသည်။ ပြင်စလူရွာသူများသည် မသဲနုထံတွင် အလှသင်တန်းတက်ကြရသည်။

တစ်ရွာလုံးက အပျိုများကလည်း ''မမနု၊ မမနု''နှင့် မသဲနု



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်ကြသည်။

ရောက်စက ရန်ကုန်တွင် အနေကြာခဲ့သော မသဲနုသည်
ဤရွာတွင် မနေတတ် မထိုင်တတ်ဘဲ အလွန်ပျင်းရိလေသည်။ ကြာ
သော် ပြင်စလူရွာသူရွာသားများ၏ ရိုးသားမှုနှင့် ရိုင်းပင်းကူညီမှု
က မသဲနုအား ဖမ်းစားလေ၏။

ထို့ကြောင့် ဘိုင်စကုတ်မရှိ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲသာ တစ်ခါ
တစ်ရံ ရှိတတ်သော ပြင်စလူရွာတွင် မသဲနု ပျော်လာသည်။

မသဲနု ကိုယ်တိုင်ကလည်း လိုက်လျောညီထွေ နေတတ်သူ
စိတ်ရင်းမဆိုးသူဖြစ်၍လည်း ပြင်စလူတွင် အထာကျလာသည်။

မသဲနုကို တစ်ရွာလုံးရှိ ကာလသားများက မျက်စိကျကြ
သော်လည်း ခည်သူမှ မကပ်ဝံ့။

လက်သန်းကတော့မှ သူလိုချင်တာကိုသာ သိသူဖြစ်၍
မည်သူ့ကိုမှ ဂရုမစိုက်။ မသဲနုကိုလည်း အတင်းချစ်ရေးဆိုတော့သည်။

မသဲနုမှာ ရွာထဲတွင် လက်သန်းလို မင်းသားချောချောသူ
ကို မတွေ့ဖူး။ သူ့အလှနှင့် လက်သန်း၏ ချောမောမှုတို့ လိုက်ဖက်
သည်ဟု တွေးသော်လည်း လက်သန်း၏ သတင်းများကြောင်း ချစ်တုံ့
မပြန်ဝံ့။

လက်သန်းသည် လက်ကြောတင်းအောင် မလုပ်သူမှန်း
မသဲနု သိထား၏။ လက်သန်းတို့သားအမိ စီးပွားဥစ္စာ ဖူလုံကာ
တင့်တောင်း တင့်တယ် နေရသည်မှာ လယ်ထဲတွင်နေပြီး နွားနှင့်ဖက်





န်းနေသော နတ်ပန်းကြောင့်မှန်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့်
သဲနု သိထားသည်။

ယနေ့အထိ လက်သန်း ဘာလုပ်စားသည်ဟု လက်ညှိုး
ိုး၍ ပြစရာမရှိ။ လက်သန်းသည် ကစားစရာကောင်းသော ချစ်စရာ
ရုပ်ကလေးမျှသာ ဖြစ်၏။

သေတပန် သက်တစ်ဆုံး ပေါင်းဖက်သင့်သော လင်
ာကျြား မဟုတ်မှန်း မသဲနု ရိပ်စားမိသည်။ ထို့ကြောင့် မသဲနုက
က်မခံ။

ထိုအခါ လက်သန်းက မသဲနုကို မရလျှင် မနေနိုင်ဖြစ်သော
သဲနု အိမ်သားများမရှိခိုက် မသဲနုတို့ အိမ်ပေါ်သို့ တက်ကာ မသဲနု
ခိုးယူထွက်ပြေးခြင်း ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ထိုအချိန်၌ နတ်ပန်းသည် သူ့လယ်တဲရှိ နဘဲပင်ကြီး
အောက်တွင် ဟွန်းတယော ထိုင်ထိုးနေ၏။

နတ်ပန်းသည် ဟွန်းတယောထိုးတိုင်း သူ့စိတ်နှလုံး၌ နှး
ညွံ့နေသည်။ ထို့ကြောင့် ဂီတသံကို ငြိမ်းချမ်းသော တေးသံဟု သူ
ထင်ခဲ့ခြင်း ဖြစ်သည်။

တယောထိုးရင်း သူတို့ညီအစ်ကို နှစ်ယောက်အပေါ် ပြင်
စလူရွာက မုန်းမာန်ဖွဲ့ထားသော အငြိုးအတေးများ ကုန်ဆုံးလွင်
ပျောက်ပါစေဟု ဆုတောင်းနေ၏။

တစ်နေ့သော အခါတွင် လဇ္ဇီပေသလ ရဟန်းဘဝဖြင့် ဤ
ပြင်စလူရွာ၏ ကောင်းကျိုးချမ်းသာအမှုကို သူပြုနိုင်လိမ့်မည်ဟု





နတ်ပန်း စိတ်ကူးယဉ်နေသည်။ ထိုစဉ်ပင် သေနတ်သံ နှစ်ချက်ကို
နတ်ပန်း ကြားရပြီး ခေါင်းထောင်သွားသည်။

နတ်ပန်း စိတ်ထဲတွင် သေနတ်သံဟူ၍တော့ မယူဆပေ။
ငှားမီးလှုံ့ရန် မီးစထည့်ရင်း ဝါးလုံးများကို ထည့်ရာမှ ဝါးလုံးများ
ပေါက်ကွဲသံဟု ထင်သည်။

သူ့လယ်တဲမှ ပြင်စလူနှင့် တစ်မိုင်ခန့် ဝေးသဖြင့် သေနတ်
သံကို ပီပီသသ မကြားနိုင်။

လေသင့်ပြီး ညဘက် လူခြေတိတ်ချိန်မို့ ခပ်သဲ့သဲ့ ကြားရ
ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်လျှင် သေနတ်သံကို ကြားနိုင်စရာ
ရှိပေ။ ပြင်စလူရွာဘက်မှ ဆူဆူညံညံ အသံကို ကြားရသလို စိတ်
ထဲက ထင်မိသည်။

သို့သော် မသေချာလှပေ။

ဝေးလွန်းနေသည်။ သူ့စိတ်ထဲက ထင်နေခြင်းလည်း ဖြစ်
နိုင်ဖြစ်မည်။ ထို့ကြောင့် ကြိုးစားမေ့ပျောက်ပြီး သူ၏ဟွန်းတယော
လေးကိုသာ ဆက်၍ထိုးနေ၏။

ဟွန်းတယောထိုးရာတွင် ကြက်ဖတညင်သီချင်းကို ထိုးရ
သာ သူ့လက်အတွေ့ဆုံးဖြစ်သည်။

ကြက်ဖတညင် ထိုးရတာ နားထောင်လို့လည်း ကောင်း
၏။ လက်သံလည်း စုံအောင် ထိုးရသည်။

ဘိုးတော်ကိုလည်း အမျိုးမျိုး လှည့်ပြောင်းရသည်။ အကူး



www.burmeseclassic.com

www.burmeseclassic.com



အပြောင်း မြန်သည်။ ပညာသားပါသည်။

ကြက်ဖတညင် သီချင်းသည် ပြင်စလူရွာနှင့် သူတို့ညီအစ်ကို ဖြစ်နေသော အဖြစ်အပျက်နှင့် တူသည်ဟု ထင်သည်။

သို့သော် ကြက်ဖတညင် သီချင်းကို သူက ပြောင်းပြန်ပြန်တွေးသည်။ ကြက်ဖတညင်လည်း တောသို့မဝင်ပါနှင့်။ မောင်ရင်လည်း လေးနှင့်မပစ်ပါစေနှင့်။ ကြက်တက်လည်း မရှူးပါစေနှင့်။

ခွပ်လိုက်ကြစို့လည်း စိန်မခေါ်ကြနှင့်။ သူတို့ကြက်လည်း မရှုံးပါစေနှင့်။ ငါ့ကြက်လည်း မနိုင်ပါစေနှင့်။ ကြေးဖလားလည်း မဖြစ်ပါစေနှင့်။ ရွှေဖလားလည်း မဖြစ်ပါစေနှင့်။ မေတ္တာရေစင်သို့ သွန်းလောင်းမည့် ငွေဖလားသာ ဖြစ်ပါစေ။

သူသည် တယောသံ၌ စိတ်ကူးကို မြှုပ်နှံ၍ မေတ္တာတေးသံများကို ပြင်စလူရွာထဲ လေညှင်းနှင့် သယ်ပို့ချင်နေ၏။

သေနတ်သံလိုလို ဆူဆူညံညံ ကြားရပြီး တစ်နာရီနီးပါးခန့် ကြာသောအခါ သူသည် တယောထိုးခြင်းကို ရပ်သည်။

သူ၏ ဟွန်းတယောလေးကို ယုယစွာနှင့် ကတ္တီပါအိတ်ထဲ ထည့်သည်။

တစ်နေ့တွင် ဟွန်းတယောပိုင်ရှင် ဆရာကိုထွန်းလူသည် ဟွန်းတယောလေးကို ပိုက်၍ သူတစ်ယောက်တည်းနေသော လယ်ထဲသို့ ရောက်လာသည်။

ဆရာကိုထွန်းလူမှာ နိုင်ငံရေးသမားတစ်ဦး ဖြစ်၏။





အင်္ဂလိပ်အစိုးရက ဖမ်းဆီးရန် ဝရမ်းထုတ်ထားသဖြင့် တိမ်းရှောင်ထွက်ပြေးလာခြင်း ဖြစ်သည်။

ဆရာထွန်းလူမှာ နတ်ပန်း၏ လယ်တဲတွင် ပုန်းအောင်းခြင်း နှစ်လ သုံးလခန့် သောင်တင်သွားသည်။

ဆရာကိုထွန်းလူက နတ်ပန်းအား တယောထိုး သင်ပေးခဲ့သည်။ ပညာသင်ရာတွင် ဉာဏ်မပေါက်သေး၍လည်း ဂီတတွင်မူ နတ်ပန်း ပါရမီရှိပုံရသည်။

ဆရာကိုထွန်းလူ အံ့သြရလောက်အောင် နတ်ပန်းသည် အတတ်မြန်သည်။ နတ်ပန်းကား တယောထိုး သင်ပေးရုံမျှမက နိုင်ငံရေး၊ စီးပွားရေး၊ ဗဟုသုတနှင့် အတွေးအခေါ်တို့ကိုပါ သင်ကြားပေးသည်။ ဆရာကိုထွန်းလူ ပြန်သွားသောအခါ တယောတစ်လက်သာမက စာဖတ်သောဝါသနာပါ နတ်ပန်း ရလိုက်သည်။

ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းနှင့် လယ်တီတရား သတင်းစာအထိ နတ်ပန်း ဖတ်သည်။

နတ်ပန်းသည် ဆရာကိုထွန်းလူအကြောင်း အတွေးဆုံးသော နဘဲပင်အောက် ဝါးကွပ်ပျစ်ကလေးမှ ထလိုက်သည်။

ထိုစဉ် မီးအိမ်ကို လက်ဆွဲပြီး လာနေသူတစ်ဦးကို တွေ့ရသည်။ မီးအိမ်ကို ဆွဲလာသူမှာ တစ်ခါတစ်ရံ ပြေးလိုက်၊ တစ်ခါတစ်ရံ လမ်းလျှောက်လိုက်နှင့် ခြေလှမ်းမှန်ပုံမရ။

မီးအိမ်မှာလည်း ယိမ်းလွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တဲမှ တစ်ခေါ်လောက် အကွာအဝေးသို့ ရောက်သော အခါ မီးအိမ်ရှင်မှာ လဲကျသွားပုံရသည်။

မြေကြီးပေါ်သို့ မီးအိမ်ပြုတ်ကျသွားသလိုလို နတ်ပန်း မြင် ရသည်။

နတ်ပန်းသည် ထူးဆန်းသော မြင်ကွင်းကို ဆက်မကြည့် တော့ အိမ်ထဲသို့ ဝင်လိုက်သည်။

ဟွန်းတယောလေးကို ထရံတွင် ချိတ်လိုက်သည်။

အိပ်ရန်အတွက် တဲခေါင်းရင်း ကဲလားလေးကို ဖြုတ်စဉ် မီးအိမ်ရှင်မှာ ထပြီး လမ်းလျှောက်လာပြန်၏။

ယခုတစ်ကြိမ်တော့ မီးအိမ်ရှင်မှာ ခပ်ဖြည်းဖြည်း လာနိုင် ပုံရသည်။ တဖြည်းဖြည်းသာ ရွေ့လာသည်။

ဗိုဂ်ျ ယိမ်းထိုးနေသည်ဟု ထင်ရသည်။

မီးအိမ်မှ ဟုတ်ပါရဲ့လားဟု နတ်ပန်း သံသယပွားမိလိုက် သည်။ နတ်ပန်းမှာ မီးအိမ်ကို ကြည့်ပြီး သင်္ကာမကင်း ဖြစ်မိလေ သည်။ နတ်ပန်း ကြက်သီးမွေးညင်း ထသွားသည်။

မီးအိမ်မှ ဟုတ်ပါရဲ့လား။

ရွာသူတို့၏ စုန်းမီးတောက်ခြင်းလော။

စုန်းမီးသည် သူ့တဲရှိရာသို့ ဦးတည်လာနေခြင်းလော။

နတ်ပန်းမှာ နှလုံးတုန်ပြီး ရင်တထိတ်ထိတ် ခုန်လာသည်။

မီးအိမ်မှာ တဖြည်းဖြည်း နီးလာသောအခါ စုန်းမီးမဟုတ်





မှန်း သေချာသွားသည်။

လူတစ်ယောက် မီးအိမ်နှင့် သူ့တဲရှိရာသို့ လာနေခြင်း ဖြစ် သည်။ တဲအနီးသို့ ရောက်သောအခါ အသံတစ်သံကို ကြားလိုက် ရသည်။

''လူကလေး မောင်နတ်ပန်း၊ အမေ့ကို လာကြည့်ပါဦး''

နတ်ပန်းသည် သူ့မိခင် ဒေါ်ဒွေးလှ၏ အသံကို နားနှင့် ဆတ်ဆတ်ကြားလိုက်ရသောအခါ အလွန်အံ့ဩသွားသည်။

ဒေါ်ဒွေးလှသည် အဘယ်ကြောင့် ညကြီးအချိန်မတော် သူ့တဲသို့ လာရသနည်း။

ဒေါ်ဒွေးလှမှာ ညဘက်တဲသို့ လာလေ့လာထ မရှိပေ။

နတ်ပန်း တဲအပြင်သို့ ထွက်လိုက်သည်။

ထိုအချိန်တွင် မီးအိမ်ရှင်မှာ နတ်ပန်းတဲမှ ခဲတစ်ပစ် မရှိ တရှိတွင် လဲကျသွားသည်။

''အမေ''

နတ်ပန်းသည် သူ့မိခင် ဒေါ်ဒွေးလှ လဲကျနေရာသို့ ပြေး သွားသည်။ ဒေါ်ဒွေးလှသည် ကန်သင်းရိုးဘေး လယ်ကွက်ထဲတွင် ခွေခွေကလေး လဲကျနေသည်။

မီးအိမ်ကလည်း ဒေါ်ဒွေးလှနှင့် တစ်လံလောက်အကွာတွင် ကျနေသည်။ သို့သော် မီးအိမ်က မငြိမ်းသေးပေ။

နတ်ပန်းသည် သူ့အမေ ဒေါ်ဒွေးလှကို ပြေးပွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စီးထန်းသော အရည်များကို စမ်းမိသည်။

ထို့နောက် မိခင် ဒေါ်ဒွေးလှ၏ ပင်ပန်းခက်ခဲစွာ ရှူနေသော အသက်ရှူသံကို ကြားရသည်။

နတ်ပန်းမှာ သူ့မိခင်ကို ပွေ့ထားရင်းမှ ရှေ့တစ်လံလောက်သို့ တိုးလိုက်သည်။ လဲကျနေသော မီးအိမ်ကို လှမ်းဆွဲပြီး မီးရောင်နှင့် သူ့မိခင်ကို ကြည့်လိုက်သည်။

ကြည့်ရက်စရာမရှိပေ။

ဒေါ်ဒွေးလှ၏ မျက်နှာတစ်ခုလုံး သွေးများ ဖုံးလွှမ်းနေသည်။

ခေါင်းတွင်လည်း ဓားဒဏ်ရာများ တွေ့ရသည်။

အင်္ကျီအဖြူ ရင်ဘတ်ပေါ်တွင်လည်း သွေးကွက်ကြီးများကို တွေ့ရသည်။

ဒေါ်ဒွေးလှ၏ အဖြစ်ကို ကြည့်ပြီး နတ်ပန်း ရုတ်တရက် စကားပြောမရ။ ဘာပြော၍ ပြောရမှန်းလည်း မသိ။

အတန်ကြာမှ နတ်ပန်း၏ အက်ကွဲဆို့နင့်သော အသံကြီး ထွက်လာသည်။

''ဘယ်လိုဖြစ်တာလဲ အမေရယ်''

သူ့အမေသည် ဘယ်လိုအဖြစ်ဆိုးနှင့် ကြုံရသနည်းဟု နတ်ပန်း သိချင်နေသည်။

ဒေါ်ဒွေးလှမှာ မောပန်းနေပုံရသည်။

ရုတ်တရက် ဖြေနိုင်ပုံမရ။





နတ်ပန်းက သူ့အမေ၏ အဖြစ်ဆိုးကြီးကို သိချင်နေသည်။

''ဘယ်လိုဖြစ်ရတာလဲ အမေရယ် ပြောစမ်းပါဦး၊ အမေပြောမှ ကျွန်တော် သိရမှာပါ''

''လက်သန်းက မသဲနုကို အတင်းဆွဲပြေးတော့ ,မသဲနု အော်သံကြောင့် ရွာသားတွေ ဝိုင်းလိုက်ကြတယ်၊ အမေ . . အမေလဲ အိမ်ဝိုင်းထဲကအထွက် ရွာသားတွေကလဲ လက်သန်းနောက် အလိုက်မှာ အမေနဲ့ လူအုပ်ကြီးနဲ့ဆုံတော့ အမေက တောင်းပန်မလို့ ပြေးအသွားမှာ လူအုပ်အပြင်ဖက်က ပြေးလာတဲ့လူဆိုတော့ လက်သန်းအမှတ်နဲ့ ဓားနဲ့လှမ်းခုတ်လိုက်တာ အမေ့ကို ထိသွားတာပါပဲကွယ်''

''အမေနဲ့ လက်သန်းပုံစံက အကွာချည်းပဲ၊ သူတို့က လူမှားတာ ဖြစ်နိုင်ပါ့မလား''

နတ်ပန်းက မခံမရပ်နိုင် မေးလေသည်။

''သစ်ပင်အကွယ်မှာ ရိပ်ခနဲ ဖြတ်သွားတာဆိုတော့ မှားသွားနိုင်တာပေါ့ကွယ်''

''လက်သန်း . . လက်သန်း . . လက်သန်းက သဲ . . သဲနုကို ခိုးပြေးတာ ရွာသားတွေက ဝိုင်း . . ဝိုင်းလိုက်တော့ လက်သန်းက သေနတ်နဲ့ပစ် . . ပစ်လို့ လူတွေထိသတဲ့''

ဒေါ်ဒွေးလှက အားတင်းပြီး ပြောလိုက်သဖြင့် နတ်ပန်း နားလည်လိုက်ပါပြီ။ လက်သန်းက ရွာလယ်ပိုင်းမှ မသဲနုကို ခိုးပြေး၍ ရွာသားတွေ ဝိုင်းလိုက်ရာ သေနတ်နှင့် ပစ်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ နဘဲပင်အောက်တွင် တယောထိုးနေစဉ်က ကြားရသော အသံမှာ သေနတ်သံဖြစ်သွားမှန်း သေချာပြီ။

အဖြစ်ကတော့ အလွန်ရိုင်းလှပြီ။

လက်သန်း ပြုသမျှဒဏ်ကို မိခင်ဒေါ်ဖွေးလှ ခံလိုက်ရပြီ။

နတ်ပန်းက သူ့အမေ့ကို ဓားနှင့်ခုတ်သော သူများကို မေး လိုက်သည်။

''အမေ့ကို ဓားနဲ့ခုတ်တာ ဘယ်သူလဲ၊ ကျွန်တော့်ကို ပြောစမ်းပါ အမေရာ''

ဒေါ်ဖွေးလှက လေသံသဲ့သဲ့နှင့် . . .

''အမေ . . အမေ သိပါတယ်ကွယ်၊ ဒါ . . ဒါ . . ဒါပေမယ့် အမေ . . မ . . မ . . မပြော . . ''

ဒေါ်ဖွေးလှသည် ထိုမျှသာ ပြောသွားပြီး ဇက်ကျိုးကျသွား သည်။ နတ်ပန်းသည် သူ့အမေ၏ အဖြစ်ကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်သွားသည်။

ရင်ဘတ်အနီးသို့ ကပ်၍ အသက်ရှူသံ နားထောင်သည်။ ရင်ခုန်သံ သဲ့သဲ့မျှပင် မကြားရတော့ပေ။

''အမေ သေပြီ၊ အမေ သေပြီ၊ သူတို့ အမေ့ကို သတ်လိုက် ကြပြီ''

နတ်ပန်းသည် သူရူးတစ်ယောက်လို ပြောနေသည်။

''အမေ့ကို သူတို့သတ်လိုက်ကြပြီ၊ အမေ့မှာ ဘာအပြစ်





ရှိလို့လဲ''

''ဟီး . . ဟီး . . ဟီး . . အပြစ်ဆိုးလှချည့်လား အမေရဲ့၊ လင်လူမိုက်ကိုယူလို့ အရှက်ကွဲခဲ့ရပြီး၊ သားလူမိုက်မွေးလို့ အသက် သေရပြီလား။ ကျွန်တော် မချိဘူးဗျ''

''အပြစ်ဆိုးလို့ သနားလှချည့်ရဲ့ အမေရယ်၊ အမေ့ကို သတ် တဲ့လူတွေကို ဘာဖြစ်လို့ ပြောမသွားတာလဲ အမေရဲ့''

နတ်ပန်း၏ တဟီးဟီးနှင့် ငိုသံကြောင့် တဲနီးချင်းများ ပြေး လာကြသည်။ သူတို့တွင် လက်နှိပ်ဓာတ်မီးများ၊ မီးအုပ်ဆောင်းများ ပါသည်။

နတ်ပန်း၏ တဲနီးချင်းကမှ နတ်ပန်းအကြောင်းကို အစင်း သိမို့ နတ်ပန်းကို ခင်သည်။ နတ်ပန်းကလည်း ပထမတုန်းကသာ ခပ်တန်းတန်းနေခဲ့သည်။

ကြာသော် တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ် ဖြစ်လာပြီး ခင်မင်နေကြသည်။

''ဘယ်လိုဖြစ်တာလဲ နတ်ပန်းရ''

နတ်ပန်းက အနီးမှလူအများကို မော့ကြည့်ပြီး . . .

''မြင်တဲ့အတိုင်းပါဗျာ အမေ့ကို သူတို့သတ်လိုက်ကြပြီ''

''ဘယ်သူတွေလဲ''

''ရွာကပေါ့''

''ဘယ်လိုဖြစ်လို့လဲ၊ လိပ်ပတ်လည်အောင် ပြောစမ်းပါဦး''


www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းက သူသိသမျှကို ပြောပြလိုက်သည်။ လက်သန်း မွေးလိုက်သော စံနက်ပီးသည် သူ့အမေ ဒေါ်ခွေးလှ အသတ်ခံရပြီး ဖန်တီးလိုက်ကြောင်း ပြောပြသည်။

တဲနီးချင်းများလည်း ဒေါ်ခွေးလှ သေရသောအကြောင်းကို လိပ်ပတ်လည်သွားသည်။

''ကဲ .. ဒါဖြင့်ရင်လဲ ဒီလိုချည်း ပွေ့မထားပါနဲ့ကွာ၊ မင်းတဲကိုရွှေ့ရအောင်''

''ဟင့်အင်း .. အမေ့ကို ရွာပြန်ပို့မယ်''

ထိုမျှသာ နတ်ပန်းက ထုတ်ပြောလိုက်သည်။

နတ်ပန်း၏ စိတ်ထဲတွင်မူ ..

''အမေ့ကို ရွာပြန်ပို့မယ်၊ အမေ့အိမ်ကို ပြန်ပို့ပြီး လှလှကြီး သင်္ဂြိုဟ်မယ်၊ အမေ ဒီလိုတဲမျိုးမှာ မနေရအောင်လို့ ဝါ သုံးရာသီလုံး နွားနဲ့ဖက်ရုန်းနေတာ အမေ့ကို ဒီမှာ မသင်္ဂြိုဟ်နိုင်ဘူး။ အမေ့ကို ဇရပ်မှာ ညည့်သည်ဆုံးသလို ဟောဒီမှာ မသင်္ဂြိုဟ်နိုင်ဘူး။ အမေ့မှာ အိမ်ရှိတယ်။ အမေ့အိမ်မှာ အမေ့ကို သင်္ဂြိုဟ်ရမယ်''

ဟု ပြောနေသည်။

နတ်ပန်းသည် သူ့ပါးပြင်တွင် စီးကျနေသော မျက်ရည်များကို လက်ဖဝါးနှင့် သုတ်လိုက်ပြီး အံကို ကြိတ်လိုက်သည်။

ထို့နောက် နတ်ပန်းသည် သူ့အမေကို ပွေ့ထားလျက်နှင့် ျခုမှ ထလိုက်သည်။





''မင်း ဘယ်သွားမလို့လဲ မောင်နတ်ပန်း''

တဲနီးချင်းမှ ဦးခါရုံက မေးလိုက်သည်။

နတ်ပန်းက မချိတင်ကဲအသံနှင့် . . .

''အမေ့ကို ရွာပြန်ပြီး သင်္ဂြိုဟ်မယ်''

ဦးခါရုံက လူကြီးပီပီ ပြေရာပြေကြောင်း ပြောလိုက်သည်။

''ဒီမှာ သင်္ဂြိုဟ်တာ အဆင်အပြေဆုံး ဖြစ်လိမ့်မယ် ထင်ပါတယ်ကွာ''

''အို .. အဘခါရုံရယ်၊ ကျွန်တော့်အမေမှာ အိမ်ရှိတာပဲ၊ အမေဟာ ပြင်စလူရွာသူပဲ၊ ပြင်စလူမှာပြန်ပြီး သင်္ဂြိုဟ်ရမှာပေါ့''

ဦးခါရုံက တစ်စုံတစ်ရာ ကြိုတင်ပူပန်နေသလိုနှင့် . . .

''မသွားပါနဲ့ လူကလေးရယ်၊ ဒီမှာပဲ သင်္ဂြိုဟ်လိုက်ပါ၊ အဘတို့ ကူညီပါ့မယ်။ ဟိုမှာ ဟိုမှာဆိုရင် . . .''

''ဘာလဲ လူမလာမှာ စိုးလို့လား အဘ၊ လူမလာရင်လဲ အကုန်သက်သာတာပေါ့''

''မဟုတ်ဘူး .. ဟိုဒင်း .. ဟိုဒင်း ..''

ဦးခါရုံသည် တစ်စုံတစ်ရာကို နှုတ်မှထုတ်ပြောရမှာကို ခန်လေးနေသဖြင့် လျှောချလိုက်သည်။

''လူကလေး နတ်ပန်းရယ်၊ ဒီမှာပဲ သင်္ဂြိုဟ်တာ အကောင်းဆုံးပါကွာ''

နတ်ပန်းသည် ဦးခါရုံကို ဘာမျှပြန်မပြောတော့ဘဲ သူ့အ



www.burmeseclassic.com

www.burmeseclassic.com

မေအလောင်းကို ပွေ့ကာ ပြင်စလူရွာဘက်သို့ လျှောက်လှမ်းသွားသည်။ ဦးခါရုံသည် ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

အခြားတဲနီးချင်းများက ယခုမှသတိရပြီး မီးအိမ်ကိုင်သူကိုင်၊ လက်နှိပ်ဓာတ်မီး ထိုးသူထိုးနှင့် နတ်ပန်းနောက်မှ ပြေးလိုက်သွားသည်။

နတ်ပန်းသည် တစ်မိုင်နီးပါးခရီးကို သူ့အမေအလောင်းကို ပွေ့ပြီး စောက်စောက်နှင့် လျှောက်သွားသည်။

သူသည် ပထဝီမြေကြီးနှင့် စိတ်ဆိုးနေသလို မြေကြီးပေါ် ဆောင့်နင်းပြီး လျှောက်သွားသည်။

ပြင်စလူရွာ၌ လက်နှိပ်ဓာတ်မီးရောင်ဖွေးဖွေးနှင့် လူအုပ်စုတစ်ခုကို လှမ်းတွေ့ရသည်။

ဝေးနေသေးသဖြင့် သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော် ထိုလူအုပ်၏ ဆူညံသောအသံက ဆီးကြိုနေသည်။

ထို့ပြင် ထိုလူအုပ်သည် တုတ်၊ ဓား၊ လှံစသော လက်နက်များကို ကိုင်ဆောင်ထားပုံရထားသည်။

ထိုလူအုပ်သည် မီးအိမ်အလင်းရောင်ကြောင့် ဒေါ်ခွေးလှ၏ အလောင်း သယ်လာသော နတ်ပန်းတို့လူအုပ်ကို တွေ့သွားပုံရသည်။

''ဟော့ . . ဟော့ . . ဟိုမှာ လာနေပြီ၊ လာနေပြီ''

သူတို့အသံများကို နတ်ပန်း ကြားလိုက်ရသည်။





နတ်ပန်းက နာကျင်ခံစားရသော လေသံကြီးနှင့် လှမ်းလိုက်သည်။

''ဟုတ်တယ်ဗျို့ ဒေါ်ခွေးလှရဲ့ အလောင်းကို ပိုက်ပြီး သူ့နတ်ပန်းလာပြီ''

နတ်ပန်းသည် လူအုပ်ကိုတွေ့လေ ခြေပိုသွက်လေဖြစ်ကာ ရွာဝ ဒီဒူးပင်ကြီးအောက်သို့ လျှောက်သွားသည်။

ပြင်စလူရွာထိပ်တွင် နတ်ပန်းနှင့် လူအုပ် သွားဆုံသည်။

နတ်ပန်းနှင့် လူအုပ်သည် ဝါးတစ်ရိုက်လောက် ကွာနေသည်။ နတ်ပန်းက ရပ်တန့်မည့်ပုံမပေါ်ဘဲ ရှေ့သို့ ခြေလှမ်း...က်နှင့် လျှောက်သွားသည်။

ထိုအချိန်တွင် ရွာသားများက လက်နှိပ်ဓာတ်မီး ငါးလက် ...ပြီး နတ်ပန်းကို ကြည့်သည်။ ဒေါ်ခွေးလှအလောင်းကို ကျစ်...အောင် ပိုက်ထားသော နတ်ပန်းကို တွေ့ရသည်။ ငိုထားသော နတ်ပန်း၏ မျက်လုံးကြီးမှာ နီ၍မို့နေသည်။

လူအုပ်ထဲမှ ကျယ်လောင်သောအသံကြီး ထွက်လာသည်။

''ဟေ့ . . နတ်ပန်း၊ အလောင်းကြီးနဲ့ ရွာထဲဝင်မလာနဲ့''

ရွာထဲ အဝင်မခံလိုသဖြင့် တားဆီးပိတ်ပင်လိုက်သော ...ားရသောအခါ နတ်ပန်း အံ့သြသွားသည်။

''ဘာဖြစ်လို့ မဝင်ရမှာလဲဗျ၊ အမေ့အလောင်းကို ကျွန်...အိမ်ရှေ့မှာ ပြင်မလို့၊ အလောင်းကို သယ်လာတာ''


www.burmeseclassic.com

www.burmeseclassic.com



"မင်း အမေအလောင်းကို တို့ရွာထဲ အဝင်မခံနိုင်ဘူး"

လူအုပ်ထဲမှ လှမ်းအော်ပြန်သည်။

"ဘာဖြစ်လို့ အဝင်မခံရမှာလဲဗျ၊ အမေက ပြင်စလူရွာ ပဲ၊ အမေသေတာလဲ ပြင်စလူရွာမှာပဲဟာ"

"ရွာပြင်မှာ သေတာကို ရွာထဲအဝင်ခံလို့ မဖြစ်ဘူး"

အသံတစ်သံ ထွက်လာပြန်သည်။

"ဘာဖြစ်လို့လဲဗျ"

နတ်ပန်းက မေးပြန်သည်။

"ရွာနာတယ်ကွ"

"ရွာထဲကို အလောင်းပြန်သယ်လို့ ရွာမနာပါဘူးဗျာ ထဲမှာ အသိဉာဏ်မရှိတဲ့လူတွေများမှ ရွာနာတာပါ"

နတ်ပန်းက သူ၏နာကြည်းချက်ကို အချက်ကျကျ လိုက်သည်။

"မလိုချင်ဘူး .. မင်းအမေအလောင်းကို တို့ရွာထဲ မခံနိုင်ဘူး"

နတ်ပန်းသည် အသေခံပြီး ရွာထဲသို့ သူ့အမေအလော ကို သယ်သွားဝံ့သောသတ္တိ ရှိပါသည်။

သို့သော် နတ်ပန်းက သူ့ဘက်ကအမှား အဖြင် သဖြင့် တောင်းပန်လိုက်ပါသည်။

"အမေဟာ ပြင်စလူရွာသူပါဗျာ၊ ပြင်စလူရွာ





စလူရွာမှာ မသေရအောင် ဘာအပြစ်ရှိလို့လဲ၊ အမေ့မှာ ဘာအ ရှိလို့ ခင်ဗျားတို့ သတ်လိုက်တာလဲ၊ အမေဟာ လက်သန်း မ ဘူးနော်၊ လက်သန်းအလောင်းကို ကျွန်တော် ပိုက်လာတာ ဘူး။ ဒေါ်ဗွေးလှအလောင်းကို ပိုက်လာတာ၊ ဒေါ်ဗွေးလှမှာ ရှိတယ်၊ သူ့အိမ်မှာ သူ့ကို သင်္ဂြိုဟ်ရမှာပေါ့၊ အမေ ကောင်းရာ တိလားဖို့ ဘုန်းကြီးဆွမ်းကျွေးရမှာပေါ့"

နတ်ပန်းက ဒေါသဖြစ်နေသော်လည်း လေသံမမာစေရန် ိုက်၍ ပြောလိုက်သည်။

"မလိုချင်ဘူး ရွာထဲကိုတော့ အဝင်မခံနိုင်ဘူး၊ မင်းအမေ သင်္ဂြိုဟ်ချင်ရင် သချိုင်းဇရပ်ကို သယ်သွား"

ထိုစကားကို ကြားရသောအခါ နတ်ပန်း သူ့ဒေါသကို နိုင်တော့ပေ။ နတ်ပန်း၏အသံသည် ကျယ်လောင်သွားသည်။

"ဇရပ်မှာ ညှော်သည်လို သင်္ဂြိုဟ်ရအောင် အမေဟာ ညှော် မဟုတ်ဘူးဗျ၊ အမေဟာ ပြင်စလူရွာသူ၊ ပြင်စလူရွာမှာ မွေး ပြင်စလူရွာမှာ ကြီးတာ"

"စကားရှည်မနေနဲ့၊ ဘယ်နည်းနဲ့မှ မင်းအမေရဲ့ အလောင်း ရွာထဲ အဝင်မခံနိုင်ဘူး၊ သချိုင်းဇရပ်ကို ယူသွား"

နတ်ပန်းသည် သူ့အမေအလောင်းကို ပွေ့ပိုက်ထားရ မှာ လက်ညှောင်းလှပြီ။

တစ်မိုင်ခရီးကို စိတ်ဆောင်၍ ပွေ့ခဲ့ရသည်မှာ မမော။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို ရွာပြင်မှာ သေတာ အလောင်းကို ရွာတွ
အဝင်မခံသူများနှင့် တွေ့သောအခါ နတ်ပန်း ပို၍ မောရသည်

ထိုလူအုပ်မှာလည်း ဘယ်နည်းနဲ့မျှ ရွာတွင်းသို့ အ
မည့်ပုံ မပေါ်ပေ။ နတ်ပန်းက အမျိုးမျိုးတောင်းပန်လျှင်လည်း
ညောင်းရုံရှိမည်။

အကျိုးသင့်အကြောင်းသင့် စဉ်းစားဆင်ခြင်မည့်ပုံ
မပေါ်။ အာဃာတ ဖုံးလွှမ်းပြီး လွဲမှားသော အယူအဆ
ထုံးစံကြီးက ကြီးစိုးနေရာ နတ်ပန်း၏ အယူခံလွှာမှာ ထိရောက်
မဟုတ်ပေ။ ထို့ကြောင့် နတ်ပန်းသည် အရှုံးပေးလိုက်သည်။

''ကောင်းပါပြီဗျာ .. အမေ့ကို ဇရပ်မှာ ညှိသည်
လိုပဲ သင်္ဂြိုဟ်ပါ့မယ်၊ ခင်ဗျားတို့ ကျေနပ်ဝမ်းမြောက်ကြပါစေ

နတ်ပန်းသည် ရွာဘေးမှ ပတ်ပြီး သချိုင်းဇရပ်သို့
မေဒေါ်ဒွေးလှအလောင်းကို သွားပို့ရသည်။

သချိုင်းဇရပ်သို့ ရောက်သောအခါ နတ်ပန်းသည်
မေ၏အလောင်းကို ဖြည်းညင်းစွာ ချထားရသည်။

နတ်ပန်း၏ လက်မောင်းနှင့် လက်ချောင်းများမှာ
ပြီး နာကျင်ကိုက်ခဲနေသည်။

နတ်ပန်းတို့ သချိုင်းဇရပ်သို့ ရောက်သောအခါ
နီးချင်း လိုက်ပို့သော လူငယ်ကလေးများ ပြန်ချင်စိတ်ပေါက်နေ

လူငယ်များသည် သချိုင်းကို ကြောက်လန့်နေပုံ





လူငယ်များ ဖင်တကြွကြွနှင့် ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်
ကို ရိပ်မိသည်။ ထို့ကြောင့် နတ်ပန်းက လူငယ်သုံးယောက်ကို ပြန်ခိုင်း
လိုက်သည်။ သချိုင်းဇရပ်၌ မီးအိမ်တစ်လုံး၊ ဒေါ်ဒွေးလှ အလောင်းနှင့်
နတ်ပန်းတို့သာလျှင် ကျန်ရစ်ခဲ့သည်။

နတ်ပန်းသည် တစ်ခါမျှ အားမငယ်စဖူး အားငယ်သွားပြီး
မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး မချိတင်ကဲ ငိုချလိုက်မိလေသည်။

''ဟီး .. ဟီး .. အမေ့ကို သတ်တဲ့အမှုထက် အမေ့အ
လောင်းကို ရွာထဲသယ်တဲ့အမှုက ပိုကြီးနေသမျှ အမေရ''

ဒေါ်ဒွေးလှ၏ အလောင်းကို ရွာထဲအဝင်မခံသည်မှာ ဓလေ့
ထုံးစံ၏ အကျဉ်းသားဖြစ်နေသော အာဃာသစိတ်ကြောင့်လော။

အစဉ်းစားမှားနေ၍လော နတ်ပန်း မတွေးတတ်ပါ။

နတ်ပန်း တွေးမိသည်။

ရွာသူရွာသားများသည် ဒေါ်ဒွေးလှအပေါ် တရားမျှတမှု
မရှိစွာ ဆက်ဆံလိုက်သည်ကိုသာ မြင်သည်။

နတ်ပန်း၏ နှလုံးသား၌ အမုန်းတရားများ လွှမ်းမိုးသွား
သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၀]

ဒေါ်ဒွေးလှ၏အလောင်း သင်္ဂြိုဟ်ရာ သချိုင်းသို့ အခြားရွာမှ အပေါင်းအသင်းများနှင့် ပြင်စလူရွာတွင်းမှ မလွဲသာသော ဆွေမျိုးအချို့သာ လာကြသည်။

ရက်စက်စွာ အသတ်ခံရသည်ထက် ရက်စက်စွာ စွန့်ပစ်ခံရသည်က ပို၍နာကြည်းစရာ ဖြစ်နေသည်။

ဒေါ်ဒွေးလှအလောင်းကို သရဏဂုံတင်သော ကိစ္စမှာ သာမန်ရဟန်းငယ်တစ်ပါးနှင့် ပြီးစီးနိုင်သော ကိစ္စဖြစ်ပါလျက် ဆရာတော်ကိုယ်တိုင် ကြွလာသောအခါ ခြောက်ကပ်ကပ် ဖြစ်နေသော ပရိသတ်သည် အံ့ဩနေသည်။

တရားဓမ္မနှင့် မွေ့လျော်ပြီး လောကဓံတရားတို့ကို ကြံ့ကြံ့





ခံနိုင်ခဲ့သော ဦးဝိမလ၏မျက်နှာသည် ညှိုးရိပ်သန်းနေလေသည်။

ဆရာတော်သည် ဗုဒ္ဓ၏သားတော်ပီပီ နတ်ပန်းအား ဆုံးမတော်မူရှာပါသည်။ ဆရာတော်ဟောသော တရားမှာ 'ရောဟနီမြစ်ရေကြောင့် နှစ်ပြည်ထောင် စစ်မက်ဖြစ်ပွားရသော တရား' ဖြစ်သည်။

ကောလိယနှင့် ကပိလဝတ်တို့သည် လယ်များထဲသို့ ရေသွင်းစိုက်ပျိုးရန်အတွက် ရောဟနီမြစ်ရေလုရင်း နှစ်နိုင်ငံစစ်မက်ဖြစ်ပွားရန် တပ်ချင်းမျက်နှာဆိုင်နေကြသည်။

ထိုအချိန်တွင် သုံးလောကထွတ်ထား မြတ်စွာဘုရားက တရားရေအေး အမြိုက်ဆေးတိုက်ကျွေး၍ မေတ္တာရေကို ဝေယူကြသည်။ ဆရာတော်က ရောဟနီမြစ်ရေကို သွေးနှင့် အရောင်မခြယ်ဖို့နှင့် မေတ္တာစိမ့်စမ်းရေအဖြစ် ခွဲဝေသုံးစွဲဖို့ တရားနာနာ ဖိဟောပါသည်။

သို့သော် နတ်ပန်း၏ နာကျင်စိတ်သည် ဆရာတော်၏ တရားရေအေး၌လည်း မျောမပါ။

ရောဟနီမြစ်ရေ၌လည်း မျောမပါတော့။

အသုဘကိစ္စပြီးသောအခါ နတ်ပန်းသည် အိမ်ကိုဖျက်ပြီး ရွာဦးကျောင်းအတွင်း၌ ကျောင်းဆောက်ပြီး လှူဒါန်းသည်။

ထိုကျောင်း၌ ''ရာဇဝင်လူဆိုးကြီး ဦးသိုင်းနှင့် ရှိင်းစိုင်းမှ အသတ်ခံရသော ဒေါ်ဒွေးလှ ကောင်းမှု'' ဟု စာတန်းထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ဤစာတန်းကို မထိုးရန် တားမြစ်သော်လည်း နတ်ပန်းက ဤစာတန်းအတိုင်း ထိုးရမှ သူ့ရင်ထဲက အလုံးကြီးကျသွားမှာမို့ ခွင့်လွှတ်ပါဟု မျက်ရည်လည်ရွဲနှင့် တောင်းပန်သည်။

လယ်နှင့် နွားများကို ရောင်းပြီး စာတိုက်တွင် ငွေစုစာအုပ်ဖွင့်ထားသည်။

ဤရက်အတွင်း နတ်ပန်းသည် ကာလသားများကို အရက်တိုက်၍တစ်ဖုံ၊ လာဘ်ထိုး၍ တစ်နည်း၊ သူ့အမေ ဒေါ်ဒွေးလှအား ခားနှင့်ခုတ်သတ်သူကို လျှို့ဝှက်စွာ စုံစမ်းသည်။

နောက်ဆုံးတွင် သတင်းအတိအကျ ရတော့သည်။

ဖြစ်ပျက်ပုံမှာ . . .

လက်သန်းက နှစ်လုံးပြူးသေနတ်နှင့် ခံပစ်သဖြင့် လူငါးဦးခန့် ဒဏ်ရာရသည်။

ထိုဒဏ်ရာရသူ ငါးဦးအနက် ဦးကြာယုံ ဆိုသူမှာ ဒဏ်ရာပြင်းထန်သည်။ သေမလို အခြေအနေမျိုး ဖြစ်နေသည်။

လပွတ္တာဆေးရုံသို့ ရောက်သောအခါ ဦးကြာယုံ မသေ၊

သေနတ်ဒဏ်ရာရသူ ငါးယောက်စလုံးမှာ ဘာမှမဖြစ်ပေ

ထိုညက ဒေါ်ဒွေးလှ အိမ်ကထွက်လာသည်ကို လူအုပ်ကြီးက မသိ။ ရွာထဲရှိ ဒေါ်ဒွေးလှအိမ်ကိုလည်း လက်သန်း ပြေးမည်ဟု မထင်။





လူအုပ်ထဲတွင် သေနတ်ထိခံထားရသော ဦးကြာယုံ၏သားတက်လူက ထိပ်ဆုံးမှ ဖြစ်၏။

တက်လူသည် သူ့အဖေ သေနတ်ဒဏ်ရာ ရထားတာကို သေမည်ဟု ထင်သည်။ ထို့ကြောင့် လက်သန်းကို အသေသတ်လိုဇောက ကြီးမားနေသည်။

ထိုအချိန်တွင် ဒေါ်ဒွေးလှက လူအုပ်ရှေ့မှ ဖြတ်ပြေးသောအခါ ဒေါသထွက်နေသော တက်လူက မည်းမည်းမြင်ရာကို လှမ်းခုတ်လိုက်သဖြင့် ဒေါ်ဒွေးလှခမျာ သေခြင်း ဖြစ်သည်။

ဒေါ်ဒွေးလှမှာ ခားဒဏ်ရာနှင့် ကြောက်အားလန့်အားဖြင့် နတ်ပန်းရှိရာသို့ ဆက်ပြေးသွားသဖြင့် ရွာသားများမှာ တက်လူ ဒေါ်ဒွေးလှကို ခုတ်လိုက်မှန်း မသိလိုက်ပေ။

တက်လူမှာ ဒေါ်ဒွေးလှကို မှားခုတ်လိုက်မှန်း သိသော်လည်း သူ အပြစ်ဖြစ်မည်စိုး၍ အသာငြိမ်နေလိုက်၏။

သိလိုက်သူများကလည်း လက်သန်းကို မုန်းတီးနေသူများဖြစ်၍ ဤကိစ္စကို မသိဟန်ဆောင်နေလိုက်ကြသည်။

ယခုလို အိမ်ဖျက်ပြီး ကျောင်းဆောက်လှူကာ လယ်နှင့်နွားများကို ရောင်းချလိုက်သောအခါ ရွာသားများက နတ်ပန်းသည် ဤရွာတွင် မနေရဲတော့သဖြင့် လက်ငုတ်လက်စများ ဖြတ်နေသည်ဟု ထင်သည်။

နတ်ပန်းကလည်း ဤရွာက သူတို့ညီအစ်ကိုအား မလို



www.burmeseclassic.com

www.burmeseclassic.com



လားသဖြင့် ဤရွာမှာ မနေတော့ဟု သတင်းလွှင့်ထားသည်။

နတ်ပန်းသည် ဘုန်းကြီးကျောင်းတွင် ကပ်နေရာမှ တစ်ည တွင် မြနေအောင်သွေးထားသော ဂှက်ကြီးတောင်ဓားကို ပါးစပ်က ကိုက်ကာ တက်လူတို့အိမ်ပေါ်သို့ တွယ်တက်သည်။ ရေနွေးကြမ်း ထိုင်သောက်နေသော မိသားစုအနက်မှ တက်လူကို ရွေး၍ ဓားနှင့် ခုတ်ပိုင်းသည်။

ထို့နောက် နတ်ပန်းသည် အိမ်ရှေ့ဝရန်တာမှ ခုန်ချပြီး မှောင်ရိပ်ထဲသို့ ဝင်သွားသည်။

''အောင်ပယ်လေး ကယ်ကြပါဦးတော့၊ နတ်ပန်းရယ် တက်လူကို သတ်သွားလို့''

တက်လူ၏အမေက ဝရန်တာမှ ထွက်အော်သည်။

တက်လူ၏အမေအော်သံကြောင့် ရွာသားများ တုတ်၊ ဓား၊ လှံ လက်နက်မျိုးစုံကိုင်၍ ဝိုင်းလာကြသည်။

လက်နက်မျိုးစုံ ကိုင်ဆောင်ထားသော ရွာသားများသည် နတ်ပန်း ထွက်ပြေးရာလမ်းကြောင်းအတိုင်း လိုက်ကြသည်။

ကမ်းနားသည် ထွက်ပေါက်ဖြစ်သဖြင့် လူအများက နတ်ပန်းသည် ကမ်းနားသို့ ဆင်းပြေးမည်ဟု ထင်နေကြသည်။ ရွာသားများက ကမ်းနားသို့ ကြိုဆင်းသည်။

သို့သော် နတ်ပန်းသည် ကမ်းနားသို့ မဆင်းဘဲ တယ်ပင်ကိုင်းရွာသို့ ထွက်လမ်းဘက် ပြေးသည်ကို ရွာသားအချို့က တွေ့





လိုက်သည်။ ထို့ကြောင့် လူအုပ်ကြီးသည် တယ်ပင်ကိုင်းရွာဘက်သို့ ထွက်ရာလမ်းသို့ လိုက်ကြသည်။

ရွာပြင်သို့ရောက်လျှင်ပင် ရှေ့က နတ်ပန်း ပြေးသွားသည်ကို တွေ့ရသည်။ နတ်ပန်း၏ လက်နှစ်ဖက်စလုံး၌ ဓားလိုလိုအရာကို ကိုင်ထားသည်။

''ရှေ့မှာ လူသတ်သမားဟေ့၊ လိုက်ကြ မလွတ်စေနဲ့''

ရွာသားများက ညာသံပေး၍ နတ်ပန်းနောက်သို့ လိုက်ကြသည်။ လူအုပ်ကများသဖြင့် ဒရောသောပါး ဖြစ်သည်။

နတ်ပန်းသည် ပြင်စလူနှင့် တယ်ပင်ကိုင်းရွာအကြား ရိုးကလေးကိုဖြတ်သော သစ်သားတံတားငယ်သို့ ဦးတည်၍ ပြေးနေသည်။

''ပြေးပါဟ . . ဟိုကောင် တံတားနားကို ရောက်တော့မယ်''

ရှေ့မှပြေးနေသော လူအုပ်ကို နောက်ကလူအုပ်က တိုက်တွန်းနေသည်။ ထိုအချိန်တွင် နတ်ပန်းသည် သစ်သားတံတားပေါ်သို့ ရောက်သွားသည်။

ရှေ့ဆုံးက ပြေးနေသူများအနက် သတ္တိနည်းသူများမှာ တဖြည်းဖြည်း ခြေလှမ်းတုံ့နေရာ နောက်က လိုက်သူများအဖို့ လမ်းပိတ်သလို ဖြစ်နေပြီး တုံ့ဆိုင်းနေသည်။

ညာသံသာပေးသော်လည်း အသံနောက် လူကမလိုက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းကမူ ကြောက်လန့်တကြားနှင့် ရှေးက ပြေးသည်။ လူအုပ်ကလည်း နောက်က ထပ်ကြပ်မကွာ လိုက်သည်။

နတ်ပန်းသည် သည်တံတားတစ်ဘက်သို့ ရောက်သောအခါ အသင့်ဆောင်လာဟန်ရှိသော မီးတုတ်တစ်ခုကို မီးရှို့လိုက်သည်ကို ရွာသားများ အံ့သြစွာ တွေ့လိုက်ရပါသည်။

ရွာသားများက နတ်ပန်းသည် သူတို့ကို မီးတုတ်နှင့် လှမ်းပစ်မည်ဟု ယူဆနေသည်။ ထို့ကြောင့် ရှေ့သို့ အရမ်းမတက်ရဲပေ။

လူအုပ်က လှမ်းအော်သည်။ နတ်ပန်းအား ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။

''ဟေ့ကောင် လူသတ်သမား၊ မင်း အဖမ်းခံမလား မခံဘူးလား''

နတ်ပန်းက ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးနှင့် ရယ်မောလိုက်သည်။

''ဟား . . ဟား . . ဟား . . ကျုပ်ကို လူသတ်သမားတဲ့ ဟုတ်လား၊ ကျုပ်ကိုတော့ ဖမ်းမလို့တဲ့ ဟုတ်လား၊ ကျုပ်အမေကို သတ်တဲ့ တက်လူကိုတော့ ဘာလို့မဖမ်းတာလဲ၊ ခင်ဗျားတို့သာ သူ့ကို လူသတ်မှုနဲ့ဖမ်းရင် ကျုပ် သူ့ကို သတ်မှာ မဟုတ်ဘူး''

''ဒါက ငါတို့အလုပ်မဟုတ်ဘူး၊ ပုလိပ်အလုပ်ပဲ''

ရွာသား ခပ်ကြီးကြီးတစ်ယောက်က လှမ်းပြောသည်။

''ကျုပ်ကို ဖမ်းဖို့ကျတော့ ခင်ဗျားတို့အလုပ်လား''





''မင်းအဖေက ရာဇဝင်လူဆိုးကိုးကွ''

''ကျွန်တော့်အဖေက ရာဇဝင်လူဆိုးဆိုပေမယ့် ခင်ဗျားတို့ပြင်စလူရွာကို ဘာဒုက္ခပေးခဲ့သလဲ၊ သူ့ဘာသာ အညာမှာ ဓားသွားတိုက်လို့ ကျွန်းကျသွားတာ၊ ကျွန်တော်တို့ညီအစ်ကိုကရော ခင်ဗျားတို့ရွာကို ဘာလုပ်လို့လဲ''

''အခုတော့ လူဆိုးရဲ့သားဟာ လူဆိုးတွေရဲ့ အကျင့်အတိုင်း လုပ်သွားပြီ မဟုတ်လား''

''အဲဒီလို လူဆိုးရဲ့သားဟာ လူဆိုးလိုဖြစ်အောင် ခင်ဗျားတို့ ဝိုင်းပြီး တွန်းပို့တာ''

နတ်ပန်းနှင့် ရွာသားများ အချီအချ စကားပြောနေစဉ် ခြားရွာသားများက တံတားကို ဖြတ်ကူးဖို့ ချဉ်းကပ်သွားသည်။

''ဟေ့ကောင် နတ်ပန်း၊ မင်း အဖမ်းခံမလား မခံဘူးလား''

နတ်ပန်းက ချက်ချင်းပင် ငြင်းဆန်လိုက်သည်။

''ကျုပ် အဖမ်းမခံနိုင်ဘူး၊ ခင်ဗျားတို့က တရားစီရင်မယ့် တွေ မဟုတ်ဘူး၊ လက်တုံ့ပြန်မယ့်လူတွေ၊ ခင်ဗျားတို့ကိုယ်ကို ားတို့ တရားမျှတတဲ့ ဒိုင်သူကြီးတွေလို့ ထင်မနေနဲ့၊ တကယ် ော့ ခင်ဗျားတို့ဟာ ကစားဝိုင်းက အောက်တန်းအကျဆုံး အလံ တွေ။ ခင်ဗျားတို့သာ တရားမျှတမှုရှိပြီး တက်လူကို ကျုပ် သတ်မှုနဲ့ ပုလိပ်ကို တိုင်ရင် ကျုပ်တောင် လူသတ်မှု ကျူးလွန် မလိုဘူး။ ကျုပ် လူသတ်ရအောင် ခင်ဗျားတို့က ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားတာ။ ဒါမှ ခင်ဗျားတို့က လူဆိုးရဲ့သားဟာ လူဆိုးလိုလာမှာပဲလို့ ပြောနိုင်မှာ မဟုတ်လား''

''တက်လူ သတ်မှန်း ငါတို့မှ မသိတာ''

''ဟား . . ဟား . . ဟား . . ခင်ဗျားတို့လောက် ဖြောင့်လိမ်ဖြောင်စားလုပ်တဲ့လူတွေ ကျုပ်တစ်သက် မတွေ့ဖူးသေးဘူး။ ဘယ်ဘက်လက်က လုပ်တာကို ညာဘက်လက်က မသိဘူးလို့ လိမ်ဦးမလို့လား၊ ရှေ့လျှောက် ခင်ဗျားတို့ ဘယ်လောက်လိမ်ဦးမလဲ''

လူအုပ်သည် တံတားအနီးသို့ ချဉ်းကပ်မည်ပြုစဉ် နတ်ပန်းသည် စောစောက မီးတုတ်နှင့် သစ်သားတံတားကလေးကို မီးတင်ရှို့လေသည်။

တံတားမီးလောင်သဖြင့် နတ်ပန်းနှင့် လူအုပ်သည် ရှိုး လေးခြားသွားသည်။

လူအုပ်က ပြင်စလူဘက်တွင် ကျန်ရစ်သည်။ နတ်ပန်းကား တယ်ပင်ကိုင်းရွာဘက်သို့ ရောက်သွားသည်။

သို့သော် လူအုပ်ထဲ၌ ထိုမျှစွန့်စားမည့်သူ မပေါ်ပေ။ လူအုပ်အားကိုးနှင့်သာ သတ္တိပြောင်နေရာ ယခုလို ပင်ကိုသတ္တိရွေးချယ်ပြီး ချောင်းကူးလိုက်ရန်ကိုကား မည်သူမျှ မစဉ်းစားမိကြပေ။

မီးဟုန်းဟုန်းတောက်လောင်နေသော တံတားကိုသာ ရွာသားများ ငေးမောကြည့်နေကြသည်။

''ခင်ဗျားတို့ ပြန်ကြတော့၊ တက်လူရဲ့ အသုဘဆွမ်းကျွေး





မှာ လက်သီးဆုပ်လောက်ရှိတဲ့ ဝက်သားဟင်းစားဖို့ ပါးစပ်ပြင်ပြီး သွားဝိုင်းလုပ်ကြ''

''ကျုပ် ဒီကိစ္စကို ဥပဒေအတိုင်း ဖြေရှင်းမယ်၊ လပွတ္တာ ဂိတ်တဲမှာ ကျုပ် သွားအဖမ်းခံမယ်၊ ဥပဒေက စီရင်တာ ကျုပ် နာခံမယ်''

နတ်ပန်းသည် ထိုနေရာမှ လှည့်ပြီး မှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလုမှ တစ်စုံတစ်ရာကိုပြောရန် သတိရ၍ လှည့်လာပြီး ပါးစပ်တွင် လက်ဝါးအုပ်၍ အော်ပြောပြန်သည်။

''ဒီမှာ ကျုပ်ဟာ ပြင်စလူရွာသား ပြင်စလူမှာ မွေးဖွား ကြီးပြင်းလာခဲ့တာ။

ပြင်စလူကို ကျုပ် ချစ်တယ်၊ ပြင်စလူရွာရဲ့ ကောင်းကျိုးကို နောက်ဆုံးအချိန်အထိ ကျုပ် လုပ်သွားမယ်ဆိုတာ ကတိပေးတယ်။

ပြင်စလူရွာကို ကျုပ် ဘယ်တော့မှ မမုန်းဘူး၊ ပြင်စလူရွာထဲက အမြင်ကျဉ်းသဘောသေး ဣသာမိစ္ဆာရသမားတွေကိုသာ ကျုပ် မုန်းတာ''

www.burmeseclassic.com

## အခန်း [၁၁]

နတ်ပန်းသည် ဆိုခဲ့စေ မြဲစေသမားဖြစ်သည်။

ပြင်စလူရွာသားများကို ကတိပေးထားသည့်အတိုင်း လပွတ္တာဂါတ်တဲတွင် လူသတ်မှုနှင့် သွားရောက်အဖမ်းခံလေသည်။

နတ်ပန်းက တက်လူကို သတ်မှုဖြင့် သွားရောက် အဖမ်းခံမှ ဝေါ်ဒွေးလှ အသတ်ခံရသောကိစ္စ လပွတ္တာဂါတ်တဲမှ သနား… သက်ညှာရုံမျှမက လေးစားကြသည်။

ထို့ကြောင့် လပွတ္တာဂါတ်တဲတွင် နတ်ပန်း အနေချောင်… သည်။ ပျင်းရင်းစရာကောင်းသော အချုပ်ခန်းထဲတွင် အချို့က… ကျားထိုးကြသည်။ စကားပြောကြသည်။

နတ်ပန်းကမူ သူ၏ဟွန်းတယောကလေးကိုသာ ထိုး…



…သည်။ အချို့ အချုပ်သားများက နတ်ပန်း တယောထိုးသည်ကို …ငြီးသည်ဆိုပြီး ပူညံပူညံလုပ်သည်။

အချို့ အချုပ်သမားများက နတ်ပန်း တယောထိုးသည် … သဘောကျသည်။ နတ်ပန်းက ပူညံပူညံလုပ်သူများကို ပဲကြီး …ဆော်နှင့် ထန်းလျက်ကျွေးပြီး လာဘ်ထိုးရသည်။

အစားအသောက် စားရသဖြင့် နားငြီးသည်ဆိုသူများက … နတ်ပန်း၏ လက်သံမှာ တယောပိုးဝိုလောက်နီးနီး ကောင်းသည် … ဆိုကြသည်။ လပွတ္တာဂါတ်တဲတွင် နတ်ပန်းနှင့် အခင်မင်ဆုံး …ကြီးမှာ ဒေါက်တာပေါက်တူးဆိုသော လူကြီးဖြစ်၏။

ဒေါက်တာပေါက်တူး၏ နာမည်ရင်းမှာ ဦးအေးစိုး ဖြစ်…သည်။ မြောင်းမြဆေးရုံတွင် ကွန်ပေါင်ဒါအဖြစ် လုပ်ကိုင်ခဲ့သည်။

ဆေးရုံမှ ဆေးများခိုးရောင်းမှုနှင့် အလုပ်ပြုတ်သည်။

ဦးအေးစိုးအား သူ၏နောက်ကွယ်တွင် ဝိုသံကြားကောလိပ် …ဒေါက်တာဘွဲ့ရလာသော ဒေါက်တာပေါက်တူးဟု ခေါ်ကြသည်။

ဦးအေးစိုးက နတ်ပန်း တယောထိုးသည်ကို ကြည့်ပြီး ပြုံး…သည်။ ဦးအေးစိုးက . . .

''မင်း တယောထိုးတာ ငါကြားဖူးတဲ့ တယောသမားပုံ…လို ဖြစ်နေတယ်''

နတ်ပန်းက . . .

''ဘယ်လိုလဲ ဦးလေးရဲ့၊ ပြောပြပါဦး''

www.burmeseclassic.com



ဦးလေးစိုးက တယောသမားပုံပြင်အကြောင်း ပြောပြလေသည်။ တစ်ခါတွင် ခရိုင်ဆေးရုံကြီးတစ်ခု၏ အဆုတ်နာရောဂါကု အဆောင်သို့ လူနာတစ်ယောက် ရောက်လာသည်။

ထိုလူနာတွင် ဟွန်းတယောကလေးတစ်ခု ပါလာလေသည်။

လူနာသည် ခုတင်ဆယ့်လေးလုံးနှင့် လူနာဆယ့်လေးယောက်ရှိသော အခန်းကလေးထဲတွင် နေရသည်။

သူ့ တယောသံကြားလျှင် လူနာများ နားငြီးမည်စိုး၍ သူ့တယောကို မထိုးရဲပေ။ ထိုတယောသမား လူနာသည် ရောဂါဆိုးလာပြီး တဖြည်းဖြည်း အားအင်ဆုတ်ယုတ်လာသည်။

မကြာမီ သေဆုံးတော့မည့် နိမိတ်လက္ခဏာများ ပြလာသည်။ ထိုအခါ တယောသမားလူနာက အခန်းစောင့် သူနာပြု ဆရာမအား ဆရာဝန်ကို ခေါ်ခိုင်းလေသည်။

ဆရာဝန် ရောက်လာသောအခါ တယောသမား လူနာက လေသံသဲ့သဲ့နှင့် တောင်းပန်လေသည်။

''ဆရာရယ် ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်ဟာ သိပ်ကို နီးကပ်နေပါပြီ၊ ကျွန်တော့်ကို တယောထိုးခွင့်ပြုပါ''

ဆရာဝန်က ဝမ်းနည်းစွာနှင့် ခေါင်းခါရသည်။

''မဖြစ်နိုင်ပါဘူးဗျာ . . ဒါဟာ ဆေးရုံပါ၊ ဒီအခန်းထဲမှာတင် ခင်ဗျားနဲ့အတူ လူနာဆယ့်လေးယောက် ရှိနေတာပဲ၊ သူတို့ နားငြီးကြမှာပေါ့၊ ဒါတော့ ခွင့်မပြုပါရစေနဲ့''



''မဟုတ်ပါဘူး ဆရာရယ်၊ သေခါနီးလူတစ်ယောက်ရဲ့ ဆန္ဒကို ဆရာ မလိုက်လျောနိုင်ဘူးလား၊ ကျွန်တော်ကလဲ တယော ဘယ်လောက်ကြာကြာ ထိုးနိုင်တော့မှာလဲ''

ဆရာဝန်မှာ တွေဝေသွားသည်။

လူနာက တယော ဘယ်လောက်ကြာကြာ ထိုးနိုင်မှာလဲ ဟူသော စကားကိုလည်း သဘောကျသွားသည်။

လူနာကိုလည်း သနားသွားသည်။

သေတော့မည့်ဆဲဆဲ လူနာ၏ နောက်ဆုံးဆန္ဒကိုလည်း လိုက်လျောချင်လာသည်။

တယောသမားလူနာက သူ့စကားကို ဆက်ပြန်သည်။

''ဆရာရယ် ကျွန်တော့်ဘဝမှာ ညီမရယ်၊ ဂီတရယ်ပဲ ရှိပါတယ်။ ညီမလေးက သစ္စာသွေဖည်ပြီး တစ်ပါးသူ ရင်ခွင်ထက်မှာ ပျော်မွေ့နေပြီမို့ ကျွန်တော့်ဘဝမှာ ဂီတပဲရှိပါတော့တယ်။

ဂီတဟာ ကျွန်တော့်ရဲ့ဘဝ၊ ကျွန်တော်ရဲ့ ကိုယ်ပွားပါပဲ၊ နောက်ဆုံးအချိန်မှာ ကျွန်တော် တယောကလေးကို ဖက်ပြီး ကျွန်တော် အသက်ထွက်ချင်ပါတယ်''

''ကျွန်တော်ရဲ့ နောက်ဆုံးဆန္ဒကို လိုက်လျောပါခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်''

ဆရာဝန်သည် တယောသမားလူနာကို သနားသွားသဖြင့် တယောထိုးခွင့်ပြုလိုက်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကန့်သတ်ပေးလိုက်သည်။

တယောကို ညခြောက်နာရီမှ ခုနစ်နာရီအထိသာ ထိုးခွ
ပြုသည်။ ထိုည ခြောက်နာရီခွဲတွင် အခန်းစောင့် သူနာပြုဆရာ
သည် ဆရာဝန်၏နေအိမ်သို့ ဒရောသောပါးနှင့် ပြေးသွားသည်။

ဆရာဝန်သည် ပညာတတ်ပီပီ အလွန်အကင်းပါး၏။

ရှေ့ရေးကိုလည်း မျှော်တွေးတတ်သည်။

ချက်ဆိုလျှင် နားကွက်က မီးတောက်သည်။

အဆုတ်နာ လူနာဆောင်မှ အခန်းစောင့်တာဝန်ကျ သူ
ပြုဆရာမ ရေးကြီးသုတ်ပြာနှင့် လာပုံထောက်ကတည်းက တယော
သမားလူနာ သေဆုံးသွားသည်ကို ဆရာမ သတင်းလာပို့ခြင်း ဖြ
သည်ကို နားလည်လိုက်သည်။

ဆရာဝန်က သူ့လက်မှ နာရီကို ကြည့်လိုက်သောအခါ ည
နေခြောက်နာရီခွဲနေသည်ကို တွေ့ရသည်။

ထိုကြောင့် ဆရာဝန်က သူခမျာ နာရီဝက်တည်း တယော
ထိုးသွားပြီး လူ့လောကထဲက ထွက်သွားရှာပါလားဟု စဉ်းစား
လိုက်သည်။

ဆရာဝန်သည် အမြော်အမြင်ကြီးမားသော ပညာတတ်
၏ညဉ်၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသော စိတ်ဓာတ်၊ ပြဿနာ
ကို ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သော အမှုအရာတို့နှင့် အ
ခန်းထဲဝင်လာသော ဆရာမကို မော့ကြည့်လိုက်၏။



ထို့နောက် ဆရာဝန်က စုံထောက်ကြီး ဦးစံရှား လေသံနှင့်
မေးလိုက်သည်။

''ဘယ်လိုလဲ ဆရာမ၊ တယောသမားလူနာ သေသွားပြီ
မဟုတ်လား''

အမောတကော ပြေးလာရသဖြင့် မောပန်းနေသော သူ
နာပြုဆရာမက . . .

''သူ . . သူမသေဘူး၊ သူ့တယောသံကြားလို့ သူ့အခန်း
ထဲမှာရှိတဲ့ လူနာဆယ့်လေးယောက်စလုံး သေသွားပြီ'' ဟူ၏။

ဒေါက်တာပေါက်တူး ဦးစိုးအေး၏ ပြက်လုံးကို ကြားရသော
အခါ အချုပ်ခန်းအတွင်းရှိ အချုပ်သားများသာမက ဂါတ်စောင့်နေ
သော စန္တရီများပါ ဝိုင်းရယ်ကြသည်။

''ဟား . . ဟား . . ဟား''

ဒေါက်တာပေါက်တူးက သူ၏စကားကို ဆက်ပြန်သည်။

''နတ်ပန်းရယ် . . မင်းက မကြံကောင်း မစည်ရာတွေ
ကြံနေပြီ ထင်တယ်''

နတ်ပန်းက အံ့သြသလိုနှင့် . . .

''ဘာကြံစည်ထားလို့လဲ ဦးလေးရဲ့''

''မင်းရဲ့ တယောသံကြားရင် အချုပ်ခန်းထဲက အချုပ်သား
တွေနဲ့ စန္တရီတွေအားလုံး သေကုန်တော့ အချုပ်ဖောက်ပြေးမလို့
လား''

www.burmeseclassic.com

www.burmeseclassic.com



''ဝါး . . ဟား . . ဟား . . ဟား''

ဒေါက်တာပေါက်တူးက မည်မျှပင် တားမြစ်သော်လည်း နတ်ပန်းသည် တယောမထိုးရလျှင် မနေနိုင်။

သူ တယောထိုးလျှင်လည်း 'ကြက်ဖတညင် တောကိုဝင်' သီချင်းပင်။ နတ်ပန်းသည် ထိုသီချင်းကို တယောထိုးရင်း စိတ်မချမ်းမသာ ဖြစ်ရလေသည်။

ယခုတော့ ကြက်ပတညင်လည်း အချုပ်ခန်းထဲသို့ ဝင်လေပြီ။ ပြင်စလူရွာသားများကလည်း လေးနင့်ပစ်ခဲ့ပေပြီ။

သူ့အမေကို သတ်ခဲ့သော တက်လူလည်း ကြက်တက်ရူး၍ သေရလေပြီ။

သွားပြီ . . သွားပြီ။

နတ်ပန်းသည် ပြင်မရသော အမှားကို ကျူးလွန်ခဲ့လေပြီ။

နတ်ပန်းသည် သာသနာ့အာဇာနည် ရဟန်းအသွင် ပြင်စလူရွာကို သာသနာ့ပြုမည့် စိတ်ကူးယဉ် အိပ်မက်ကြီးသည်လည်း ရောဟနီမြစ်ရေ၌ မျောပါသွားလေပြီ။

ပြည်သို့ပင်ဖြစ်စေ ပြင်စလူရွာကို အကြွေးဆပ်ရန် သူ၌ အတုံ့အတင် ရှိနေသည်ကို နတ်ပန်း ခံယူမိသည်။

တစ်နေ့နေ့ပေါ့။

* * * * *



နတ်ပန်းအား လူသတ်မှုတရားစွဲရန်အတွက် လပွတ္တာမှာ မြို့နယ်အဆင့်သာရှိ၍ နတ်ပန်း၏ လူသတ်မှုကို မစစ်ဆေးနိုင်ပေ။

လပွတ္တာတွင်ရှိသော မြို့ပိုင်နှင့် တရားသူကြီးမှာ တရားစစ်ဆေးစီရင်ရန် ပထမတန်းအာဏာသာရသည်။

ထို့ကြောင့် လူသတ်မှုကို စစ်ဆေးရန် အာဏာမဆန့်ပေ။

လူသတ်မှုကို စက်ရှင်မင်းကြီးရုံးကသာ စစ်ဆေးနိုင်လေသည်။ ထို့ကြောင့် နတ်ပန်းကို စက်ရှင်မင်းကြီးရုံးရှိရာ မြောင်းမြသို့ ပို့ရသည်။

ထို့ကြောင့် ရှေးအခါက မိမိ၏ သားလူဆိုးကို ဗန်းတင်လေ့ရှိသော မိခင်များကို သရော်လေ့ရှိသော စကားတစ်ခွန်း ရှိလေသည်။

ထိုစကားမှာ ''ကျွန်မသားကလေးက အမှုကိစ္စနဲ့ ပတ်သက်ရင် ဆယ်အိမ်ခေါင်းအိမ်တောင် မရောက်ဖူးပါဘူး၊ အမှုဖြစ်လိုက်ရင်တော့ စက်ရှင်မင်းကြီးရုံးကိုပဲ တိုက်ရိုက်တက်တယ်'' ဟူ၏။

ယခု ပြင်စလူရွာသား နတ်ပန်းကို ပြင်စလူရွာကို ပိုင်သော လပွတ္တာမြို့နယ်တွင် စစ်ဆေးရန် အာဏာမဆန့်သဖြင့် မြောင်းမြသို့ ပို့ရလေပြီ။ ရှေးအခါတုန်းကဆိုလျှင် မြောင်းမြ၌ စက်ရှင်မင်းကြီးရုံးရှိ၍ လူသတ်မှုဖြစ်လျှင် ပုသိမ်သို့ တိုက်ရိုက်ပို့ရလေသည်။

နတ်ပန်းအား လပွတ္တာမှ မြောင်းမြသို့ ပြေးဆွဲနေသော ရှာဝတီသင်္ဘောနှင့် လပွတ္တာဂါတ်တဲမှ ပုလိပ်နှစ်ယောက်က လိုက်ပို့သည်။ လပွတ္တာနှင့် မြောင်းမြမှာ ရေလမ်းခရီးအားဖြင့် ၅၈-မိုင်

မိုးဆမ်းပန်းစာမူ

www.burmeseclassic.com

www.burmeseclassic.com



ဝေးလေသည်။

လပွတ္တာမှ မြောင်းမြသို့ သွားလိုလျှင် လမ်းတွင် ကျောက်မော်၊ ကျောက်ဖြူ၊ ကြာကန်၊ ကြာကွင်းနှင့် လူထောတို့ကို ဖြတ်သန်းသွားရလေသည်။

နတ်ပန်း ကျူးလွန်သော အမှုမှာ အရေးကြီးသော လူသတ်မှုဖြစ်၍ ယခုလို အချုပ်ပြောင်းရာတွင် နတ်ပန်းအား အနီရောင်ရဲရဲ ဝတ်ရုံကြီး ဝတ်ပေးထားသည်။ လူသတ်တရားခံတစ်ယောက်ကို အနီရောင်ရဲရဲ ဝတ်ရုံကြီး ဝတ်ပေးထားသည်မှာ နယ်ချဲ့အစိုးရ၏ ရည်ရွယ်ချက်များ ရှိပုံရလေသည်။

အနီရောင်ဝတ်ရုံကြောင့် လူသတ်တရားခံမှန်း အလွယ်တကူ ခွဲခြားသိသာနိုင်ပြီး အကယ်၍ ထွက်ပြေးလျှင်လည်း အသေပစ်သတ်နိုင်ရန် ဖြစ်ပုံရလေသည်။

နတ်ပန်းသည် လက်ထိပ်နှစ်ဖက်ခတ်ခံရပြီး အချုပ်ပြောင်းရသည်ကို မရှက်သော်လည်း အနီရောင်ဝတ်ရုံကြီး ဝတ်ရသည်ကို ရှက်လေသည်။

ဝိဇ္ဇာလိုလို ဇော်ဂျီလိုလို တပသီလိုလိုနှင့် တူလေသည်။

သို့သော် အနီရောင်ဝတ်ရုံ ဝတ်ထားသော တရားခံမှာ အလွန်ဘုန်းကြီးလေသည်။ လူသတ်တရားခံမှန်း သဘော၀စီး ခဲ့သည်များ ကြိုတင်သိထားသဖြင့် မည်သူမျှ နတ်ပန်းအား ရဲရဲမကြည့်ံကြချေ။





မိန်းကလေးများဆိုလျှင် နတ်ပန်းနှင့် မျက်လုံးချင်းဆုံရမည်ကို အလွန်ကြောက်ကြလေသည်။

နတ်ပန်းသည် ရုပ်ဆိုးသူဖြစ်ရာ လူသတ်တရားခံနှင့်လည်း ပို၍တူလေသည်။ နတ်ပန်း၏ ရုပ်ရည်ကိုကြည့်ပြီး လူသတ်ကောင် မဖြစ်နိုင်ဟု မည်သူမျှ မငြင်းကြပေ။

နတ်ပန်း၏ စိတ်ထဲတွင် . . .

''ငါ အရုပ်ဆိုးတာ ဒီတစ်ခါပဲ ဟန်ကျဖူးတယ်''

ဟု ထင်နေလေသည်။

ရောဝတီသင်္ဘောသည် ရေတက်ရေကျ အခြေအနေအရ လပွတ္တာမှ နံနက်ရှစ်နာရီ မိုးမလင်းမီ ထွက်ရသည်။

နံနက် ဆယ်နာရီခန့်တွင် ကုန်တင်ကုန်ချလုပ်ရန် ကြာကွင်းရွာသို့ သင်္ဘောဆိုက်လေသည်။

ထိုအချိန်တွင် ကြာကွင်းရွာမှ အသားဖြူဖြူ၊ ဟာဝေယံ ရုပ်အကျီ လက်ရှည်၊ ဘောင်းဘီရှည်နှင့် ဖော့ဦးထုပ်ဆောင်းထားသော သွားခေါ်ခေါ် ရွှေသွားပြောင်ပြောင်နှင့် တရုတ်သွားစိုက် ဆရာဝန်တစ်ယောက် သင်္ဘောပေါ်တက်လာသည်။

သူ့နောက်တွင် ကြက်ခြင်းထမ်းလာသော မြန်မာတစ်ဦးနှင့် ကုလားတစ်ဦး ပါလာသည်။

တရုတ်သွားစိုက်ဆရာသည် သူ၏သွားနှုတ်သည့် ကိရိယာ သေတ္တာကလေးကို ကိုင်ပြီး ခေါင်းငိုက်စိုက်နှင့် သင်္ဘောပေါ်တက်လာသည်။

www.burmeseclassic.com



တရုတ်သွားစိုက်ဆရာသည် နတ်ပန်းနှင့် အစောင့်လိုက်ပါ လာသော ပုလိပ်အမှုထမ်းအနီးသို့ ရောက်သောအခါ ပုလိပ်များကို ကြောက်၍လော၊ လူသတ်ကောင် နတ်ပန်းကိုပင် ကြောက်၍လော မသိ။ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

ဝတ်ရုံနီနှင့် နတ်ပန်းကလည်း တရုတ်၏ အမူအရာကို ကြည့်ပြီး သဘောကျသွားသည်။

ကြောက်ရွံ့သော ကလေးများကို ကျီစယ်သည့်အနေနှင့် ပို၍ ခြောက်လှန့်ချင်သော လူ့သဘာဝ ရှိလေသည်။

ထို့ကြောင့် နတ်ပန်းသည် တရုတ်အား ပါးစပ်ဖြဲ၊ မျက်လုံး ကြီးပြူး၍ ကြည့်လိုက်သည်။

ယခုတစ်ကြိမ်တွင်မူ သွားစိုက်ဆရာတရုတ်သည် နတ်ပန်းကို သနားသလို ကြည့်ပြီး ပုလိပ်အမှုထမ်းအနီးသို့ ချဉ်းကပ်လာသည်။ သွားစိုက်ဆရာတရုတ်က ပုလိပ်အမှုထမ်းအနီးသို့ ကပ်လာသည်။

ထို့နောက် ငါးကျပ်တန် ရော့ဘုရင်ခေါင်း ငွေစက္ကူတစ်ရွက် ပြပြီး နတ်ပန်းအား လက်ညှိုးထိုးကာ . . .

''ဆရာကီး . . ဆရာကီး၊ ရှု့ကို ဝထီမင်းကျွေးပါရစေ''

''ဘာဖြစ်လို့လဲ''

''ဝ ရှု့ကို စနားလို့''

''ဘာဖြစ်လို့ သနားသာလဲ''





''ပြည်ကီးမှာ ကျန်ရစ်တဲ့ ဝအီကိုနဲ့ တူတယ်''

ထိုစကားကို ကြားရသောအခါ ဘုဆတ်ဆတ် ပြောသော ပုလိပ်အမှုထမ်းသည် ပြုံးရယ်သွားပြီး . .

''ကြဲကြဲဖန်ဖန် တရုတ်ရယ်၊ ဒီလောက် အသားမည်းနေတဲ့ ချစ်တီးရုပ်ကိုများ မင်းအစ်ကိုနဲ့ တူရတယ်လို့''

''စီရုတ်ပြည်မှာ ရှု့ထက် အီသားမီးတဲ့ စီရုတ်တွေ အများကီးပါ၊ တောင်ပိုင်း တုံကင်နီကဆိုရင် အသားမီးတယ်''

''ကဲ . . တရုတ်၊ သွား . . သွား၊ လာမရှုပ်နဲ့''

''မီရှုပ်ပါဘူး ဆရာကီးရယ်၊ ဒီငွေငါးကျပ်နဲ့ ဆရာကီးတို့ အတွက် ထီမင်းနဲ့ အီရက်လဲ ဝယ်ပါ။ ရှု့ကိုလဲ ထီမင်းဝယ်ကျွေးပါ''

သွားစိုက်ဆရာ တရုတ်က ပုလိပ်အမှုထမ်း တစ်ယောက်၏ လက်ထဲသို့ ငွေငါးကျပ် အတင်းထိုးထည့်လေသည်။

ထိုအခါ စောစောက ဘုဆတ်ဆတ်ပြောသော ပုလိပ်အမှုထမ်းသည် မျက်နှာအချိုး တစ်မျိုးပြောင်းသွားလေသည်။

သွားစိုက်ဆရာတရုတ်က နတ်ပန်းကိုသာမက သူတို့နှစ်ယောက်ကိုပါ ထမင်းကျွေး၊ အရက်တိုက်မည်ဖြစ်ရာ ပုလိပ်အမှုထမ်းသည် သွားရည်ယိုသွားပုံ ရလေသည်။

ထိုငွေငါးကျပ်မှာ လူသုံးယောက် ထမင်းစား၊ အရက်သောက်ပြီးလျှင်ပင် ပုလိပ်အမှုထမ်းတစ်ယောက်လျှင် တစ်ကျပ်ကျော် ဝေစုရနိုင်သေးသည်။ ပုလိပ်အမှုထမ်းက တရုတ်ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ငွေငါးကျပ် လှမ်းယူလိုက်သည်။

''ကောင်းပြီ . . ကောင်းပြီ၊ အခုပဲ ကြာကွင်းက ထမင်းဆိုင်မှာ ဝယ်ကျွေးလိုက်မယ်၊ ဟော့ . . နတ်ပန်း၊ မင်း ဘာဟင်းစားမလဲ''

ပုလိပ်အမှုထမ်းသည် သွားစိုက်ဆရာတရုတ်ကို ပြောနေရာမှ နတ်ပန်းအား လှည့်မေးလိုက်သည်။

နတ်ပန်းက . . .

''ငါးရံ့အူနဲ့ တစ်ထုပ်၊ ပုဇွန်ထုပ်နဲ့ တစ်ထုပ်၊ ထမင်းထုပ်နှစ်ထုပ်၊ လိုက်ပွဲသုံးပွဲ ဝယ်ခဲ့ဗျာ''

ပုလိပ်အမှုထမ်းက . . .

''ဟော့ကောင်ရ၊ မင်းကလဲ တရားခံ လောဘအနန္တပါလား၊ ထမင်းတစ်ထုပ်ဆိုရင် တော်ရောပေါ့''

''ကျုပ်က ခင်ဗျားတို့လို မြို့သားမဟုတ်ဘူး၊ တောသားဗျ တောသား၊ ထမင်းထုပ်နှစ်ထုပ်တောင် ချွေတာစားရမှာ၊ ကြက်သည်းကြက်မြစ်နဲ့ တစ်ထုပ်တောင် စားချင်သေးတယ်။ ခင်ဗျားကိုအားနာလို့ နှစ်ထုပ်တည်း ဝယ်ခိုင်းတာ၊ ခင်ဗျားကလဲ အလှူရှင်ထက် ဟင်းချက်တဲ့သူက ပိုပြီး နမျောနေပြန်ပြီ၊ ခင်ဗျားတို့အတွက်ငွေအများကြီး ပိုပါသေးတယ်ဗျ''

ထိုပုလိပ်အမှုထမ်းသည် နတ်ပန်းကို မကျေနပ်သလို လှမ်းကြည့်လိုက်ပြီး . .





''ကြက်တောင်ပံရိုးနဲ့ ခြေထောက်စားပါကွာ၊ ဟင်းများများ စားရတာပေါ့၊ ငါ မင်းအတွက် ထမင်းများများ ပိုဝယ်ခဲ့ပါ့မယ်၊ ချေးလဲသက်သာ များများလဲ စားရတာပေါ့''

''တောင်ပံရိုးနဲ့ ခြေထောက်စားရအောင် ကျုပ်က ဂေါ်ရဂီတုလားမှ မဟုတ်ဘဲဗျ''

ပုလိပ်အမှုထမ်းက စိတ်မရှည်ဟန်နှင့် . .

''အေးပါကွာ ပစ်ကြိုက်တာ ငါ ဝယ်ခဲ့ပါ့မယ်''

ကြာကွင်းရွာသည် ထမင်းဟင်း အချက်အပြုတ် ကောင်းပြီး ဈေးပေါသဖြင့် ထိုအချိန်တွင် သင်္ဘောပေါ်ရှိ ခရီးသည်တော်တော်များများမှာ ကမ်းနားသို့ တက်၍ ထမင်းစားနေသည်။

ကုန်တင်ကုန်ချ လုပ်နေသူများသာ သင်္ဘောပေါ်ရှိနေလေသည်။ ထိုပုလိပ်အမှုထမ်းသည် ကြာကွင်းကမ်းနားဆိပ်ရှိ ထမင်းဆိုင်သို့ ထမင်းဝယ်ရန် ထွက်သွား၏။

နတ်ပန်းအနီးတွင် ပုလိပ်အမှုထမ်းတစ်ယောက်သာ ကျန်ခဲ့သည်။ ထိုပုလိပ်အမှုထမ်းသည် မှုးစေ့နှစ်စေ့နှင့် မုတ်ဆိတ်မွေးများကို နှုတ်ရင်း ဇိမ်ခံနေ၏။

မျက်လုံးနှစ်ဖက်ကို မှိတ်၍ ဇိမ်ယစ်နေ၏။

ထိုအချိန်တွင် နတ်ပန်းသည် ထူးဆန်းသော မြင်ကွင်းကိုမြင်လိုက်ရ၏။ သွားစိုက်ဆရာ တရုတ်သည် လက်အလွန်မြန်လှသည်။

မှုးစေ့နှစ်စေ့နှင့် မုတ်ဆိတ်မွေးနှုတ်နေသော ပုလိပ်အမှုထမ်း



www.burmeseclassic.com

www.burmeseclassic.com



၏ မေးရိုးကို ပြင်းထန်သော လက်သီးနှင့် ထိုးလိုက်လေသည်။

လက်သီးမှာ လျှင်မြန်ပြင်းထန်လွန်းသဖြင့် နတ်ပန်း၏ နားထဲတွင် . . .

''ဗိုး . . ဒုတ်''

ဟူသော အသံကြားရ၏။

နောက်ဆက်တွဲအနေနှင့် တစ်မူးစေ့နှစ်စေ့ ကြမ်းပြင်သို့ ကျသွားသော . . .

''ချွင် . . ချွင်''

ဟူသော အသံကို ကြားလိုက်ရသည်။

ထို့နောက် ပုလိပ်အမှုထမ်း၏ ပေါင်ကြားတွင် ညှပ်ထားသော မတ်စကက်သေနတ်ကို သွားစိုက်ဆရာ တရုတ်က ဆွဲယူလိုက်သည်။ သူ့ကို စောင့်ကြပ်လာသော ပုလိပ်အမှုထမ်းကို ဘာမပြော ဘာမဆိုနဲ့ လက်သီးသရမ်းလိုက်သော တရုတ်ကို နတ်ပန်းက မခံချင်ဖြစ်သွား၏။

နတ်ပန်းက အော်ဟစ်အကူအညီတောင်းမည်ဟု စိတ်ကူးပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

အထပ်ထပ်ပုံထားသော ငါးခြောက်အိတ်များက ကွယ်ထားသဖြင့် နတ်ပန်းသည် ဘယ်သူ့ကိုမှ မတွေ့ရ။

သူတို့ကိုလည်း ဘယ်သူမှ မတွေ့နိုင်။

နတ်ပန်းတို့မှာ အခန်းကလေးထဲ ရောက်နေသလို ဖြစ်နေ





သည်။ နတ်ပန်းသည် သွားစိုက်ဆရာတရုတ် ယူလာသည့် သွားတိုက်ရစ်ဘီး ကီရိယာကလေးကို ဆတ်ခနဲ ကောက်ယူလိုက်ကာ သွားစိုက်ဆရာတရုတ်အား စုံကန်ရိုက်လိုက်၏။

''ဗိုး . . ''

သွားစိုက်ဆရာတရုတ်က ငိုချလိုက်သည်။

နတ်ပန်း အရှိန်လွန်ပြီး လဲကျသွားရာ စောစောက အထိုးခံလိုက်ရသော ပုလိပ်အနီးသို့ လဲကျသွား၏။

''အစ်ကို လူမှားမယ်၊ ကျွန်တော် လက်သန်းလေ''

သွားစိုက်ဆရာတရုတ်က ပြောလေသည်။

နတ်ပန်းက အံ့သြခြင်းကြီးစွာနှင့် သွားစိုက်ဆရာတရုတ်ကို မော့ကြည့်မိ၏။

လက်သန်းကပဲ ရုပ်ပြောင်းရုပ်လွှဲ ကောင်းသလား။

နတ်ပန်းကပဲ အ၍လားမသိ။

နတ်ပန်းသည် လက်သန်းကို လုံးဝမမှတ်မိပေ။

နတ်ပန်းက လက်သန်းကို မင်တက်မိသလို ငေးကြည့်နေသည်။ လက်သန်းကမူ မင်သက်မိရန် အချိန်မရှိ။

သူ့လက်များက ဖယ်စက်သလို လှုပ်ရှားနေ၏။

ပုလိပ်အမှုထမ်းများ၏ အင်္ကျီအိတ်ထဲမှ လက်ထိပ်သော့ကို ယူပြီး နတ်ပန်းကို လက်ထိပ်ဖြုတ်ပေးလိုက်၏။

တစ်ဆက်တည်းမှာပင် ထိုလက်ထိပ်တစ်ကွင်းကို ပုလိပ်အ



www.burmeseclassic.com

www.burmeseclassic.com



မှုထမ်းအား ပြန်ခတ်ထားလေသည်။

ထိုပုလိပ်အမှုထမ်းမှာ လက်ငွေ့သမား လက်သန်း၏ လက်
သီးဒဏ်ကြောင့် သဘော်ကြမ်းပြင်ပေါ်တွင် ခွေခွေကလေးလဲနေသည်

လက်သန်း၏ အပြုအမူကို နတ်ပန်းက အံ့သြပြီးရင်း အံ့ဩ
နေသည်။ နားမလည်နိုင်လောက်အောင်လည်း ဖြစ်နေ၏။

''ဟော့ကောင် လက်သန်း၊ မင်း ဘာလုပ်နေတာလဲ''

''အစ်ကိုကို လာကယ်တာလေ''

''နတ်ပန်းက သဘောမကျသလို လက်သန်းအား မျက်
မှောင်ကြုတ်၍ ကြည့်ပြီး . . .

''မင်း ငါ့ကို အမှုမသေးအောင် လာလုပ်နေတာလား၊ ငါ
မကယ်နဲ့ ငါ ဥပဒေအရ ဖြေရှင်းမယ်''

''ဥပဒေအရ ဖြေရှင်းမနေနဲ့ အစ်ကို့အမှုက နောက်
လမ်းကြားထဘီခိုးတဲ့ အမှုမဟုတ်ဘူး၊ လူသတ်မှု''

''ဘာအမှုပဲဖြစ်ဖြစ် ငါ ဥပဒေအရ ဖြေရှင်းမယ်''

''လုပ်မနေနဲ့ အစ်ကို၊ အစ်ကို ကံမကောင်းရင် စက်တိုင်
တက်သွားရမယ် နားလည်လား၊ ဒါကြောင့် အစ်ကို့ကို လာကယ်
တာ''

စက်တိုင်ဟူသော စကားကို ကြားရသောအခါ နတ်ပန်း
လည်ပင်းသည် ယားသွားသည်။ ကြက်သီးလည်း ထသွားသည်
နတ်ပန်းသည် ဥပဒေအရ ဖြေရှင်းရန် ကြောက်သွားလေသည်။





''ကဲ . . လာအစ်ကို ဆလင်အခန်းထဲသွားမယ်၊ ဆလင်
ကို သေနတ်နဲ့ချိန်ပြီး သဘော်ထွက်ခိုင်းရမယ်၊ အချိန်မရှိဘူး''

''နေပါဦးကွ၊ ငါ ထမင်းဆာလို့ ဟိုပုလိပ်ကို ငါးရံ့အူနဲ့
ဗူးစွန်ထုပ်ဆီပြန် ဝယ်ခိုင်းထားတယ်။ ဘုရားဒကာပုလိပ်က စေတနာ
ပေါက်ပြီး မင်းပေးလိုက်တဲ့ ပိုက်ဆံငါးကျပ်နဲ့ ကြက်သည်းကြက်မြစ်
ပါ ဝယ်လာချင် ဝယ်လာမှာ''

''မထင်ပါနဲ့ အစ်ကိုရာ၊ ဘဲဥချဉ်ရည်ဟင်းပဲ ပါလာမှာပါ၊
အစ်ကို စားချင်တဲ့ဟင်းတွေ မရှိဘူးလို့ ပြောမှာပေါ့''

ထိုအချိန်တွင် ထမင်းသွားဝယ်သော ပုလိပ်အမှုထမ်းသည်
ထမင်းထုပ်ခြောက်ထုပ်နှင့် အရက်တစ်ပုလင်း ဆွဲကာ သဘော်ပေါ်
တက်လာသည်။

''လက်မြှောက်''

ထိုပုလိပ်အမှုထမ်း ငါးခြောက်အိတ်များကြားသို့ ရောက်
သည်နှင့် လက်သန်းက မတ်စကက်သေနတ်နှင့် ထိုးချိန်လိုက်သည်။

ကြက်ခြင်းထမ်းလာသော မြန်မာနှင့် ကုလားက ထိုပုလိပ်
အမှုထမ်းကို ဝိုင်းညှပ်ပြီး လှက်ထိပ်ခတ်လိုက်ပြန်၏။

ထို့နောက် ကြက်ခြင်းထဲမှ ထမ်းပိုလိုလို အဝတ်ပတ်ထား
သော အရာတစ်ခုကို ဆွဲထုတ်လိုက်သည်။

အဝတ်ကို ဖြေလိုက်ရာ နှစ်လုံးပြူးသေနတ်တစ်လက် ဖြစ်
နေသည်။ မြန်မာက နှစ်လုံးပြူးသေနတ်နှင့် ပုလိပ်နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ချိန်၍ ဆလင်ခန်းထဲသို့ ခေါ်သွင်းသွား၏။

ကုလားက ကြက်ခြင်းကိုယူပြီး ဆလင်ခန်းသို့ ဝင်သော နေရာကို ပိတ်လိုက်သည်။

နတ်ပန်းက သူတို့နှင့်အတူ ဆလင်ခန်းထဲသို့ လိုက်မသွားပေ။ နတ်ပန်းသည် အနီရောင်ဝတ်စုံကြီးကို ကိုယ်မှချွတ်ကာ လုံးထွေးပြီး ရေထဲပစ်ချလိုက်၏။

ထို့နောက် ထမင်းဆာနေသော နတ်ပန်းသည် ထမင်းစားရန် ထမင်းထုပ်ကို ဖြေလေသည်။ ထမင်းထုပ်ထဲတွင် ပါဝင်သော ဟင်းသည် ငါးရံ့အူလား၊ ပုစွန်ထုပ်လား။

ကြက်သား အသည်းအမြစ်လားဟု နတ်ပန်း တွေးမိသည်။

ထမင်းထုပ်ကို ဖြေလိုက်ရာ ဘာဟင်းမှ မပါဘဲ ချဉ်ပေါင်ကြော်ကိုသာ တွေ့ရ၏။

နတ်ပန်းသည် မကျေနပ်သဖြင့် ထမင်းထုပ် နောက်တစ်ထုပ် ဖြေပြန်သည်။ ချဉ်ပေါင်ကြော်သာ ပါသည်။

နတ်ပန်းသည် ထမင်းထုပ် တတိယထုပ်ကို ဖြေပြန်သည်။ ချဉ်ပေါင်ကြော်သာ ပါသည်။

ထမင်းထုပ် စတုတ္ထထုပ်နှင့် ပဉ္စမထုပ်ကိုလည်း ဖြေပြန်လေသည်။ ချဉ်ပေါင်ကြော်သာ ဖြစ်နေသည်။

နတ်ပန်းသည် ဒေါပွပြီး တောက်ခေါက်လိုက်သည်။

''တော်တော် စေတနာနည်းတဲ့လူကွာ၊ လက်သန်းရေ မင်းပြောတဲ့ ဘဲဥချဉ်ရည်ဟင်းဆိုရင်တောင် တော်ပါသေးတယ်ကွာ၊ အခုတော့ ချဉ်ပေါင်ခင်းတစ်ခုလုံး သင်္ဘောပေါ် ရောက်လာသလိုပါပဲလား''

နတ်ပန်းသည် ထမင်းထုပ်များကို မြစ်ထဲပစ်ချလိုက်လေသည်။ စိတ်ထဲတွင်ကား ဒီထမင်းကို လာစားတဲ့ငါးတွေတော့ ငါးချဉ်မသိပ်ရဘဲ ငါးချဉ်ဖြစ်ကုန်မှာပဲဟု တွေးနေမိသည်။

ထို့နောက် နတ်ပန်းသည် သူ၏ ဗွန်းတယောကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ပတ်ဝန်းကျင်ကို လှစ်ကြည့်လိုက်သည်။

★ ★ ★






www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၁၂]

လပ္ပတ္တာမြို့၏ အရှေ့ခြမ်း ကကရံကြီးဝိုင်းအတွင်း၌ ဖြစ်သည်။ ကကရံကြီးဝိုင်းမှာ ကျွန်းကြီးတစ်ခုပေါ်တွင် တည်ရှိသည်။ ထိုနေရာကို ကကရံ ထင်းတောဟုလည်း ခေါ်သည်။

လမုပင်၊ ကနစိုပင်၊ မဗြူးပင်၊ သင်ပေါင်း၊ မြင်းခ၊ သမဲ့၊ ခ နှင့် ခနဲ့စသော အပင်မျိုးစုံတို့ ပေါက်ရောက်သည်။

အများအားဖြင့် မြင်းခနှင့် ကနစိုများ ပေါများသဖြင့် ကက ရံကြီးဝိုင်းကို ထင်းတောဟု ခေါ်ခြင်းဖြစ်သည်။

သစ်မာအမျိုးအစားဖြစ်သော တန်မဝင်ဖြစ်သည့် နဘဲ ထောက်ရှာ၊ မအူ၊ ပျဉ်းမဲ၊ အင်၊ ကညင်၊ ဒီးဒူး၊ တောင်ပိန္နဲ စသော အပင်မျိုးများလည်း ပေါက်သဖြင့် အချို့က လှစင်ထောင်ပြီး သစ်





ခိုက်ကြလေသည်။

တောမှာ စိမ့်ကြီး၊ ဂနိုင်ကြီး လျှိုကြီးများနှင့် စိမ်းစိုမြမှိုင်းနေသည်။ ကမ်းစပ်ကိုင်းတောများမှာ လူတိုး၍ မပေါက်နိုင်အောင် ယှပ်ထွေးပြီး အတွင်းပိုင်း၌ကား တန်မဝင်သစ်များ ပေါက်လေသည်။

ထိုကကရံ ကြီးဝိုင်းအတွင်း၌ နေပြောက်မထိုးနိုင်လောက်အောင် တောနက်သည်ဟု ဆိုသည်။

အချို့ကလည်း ခွေးမျက်စိ လည်လောက်အောင် တောနက်သည်ဟု ဆိုသည်။

ထိုကကရံအတွင်းမှ မြစ်များ၊ ချောင်းများ၊ ရိုးကလေးများသည် ပြင်စလူမြစ်၊ ပြာမလော့မြစ်၊ ရွှေမြစ်တို့ အတွင်းသို့ စီးဝင်နေပြီး ချောင်းမြောင်းလည်း အလွန်ပေါလေသည်။

ဒူးထောင်ချောင်း မြစ်ကမ်းဘေးတွင် လှစင်ကြီးတစ်ခု ရှိလေသည်။ ထိုဒူးထောင်ချောင်းဘေး၌ လက်သန်း တောပုန်းလုပ်နေသော စခန်းတစ်ခု ရှိလေသည်။

ထိုဒူးထောင်ချောင်းစခန်း၌ သင်ပေါင်းတိုင်များကို တိုင်ထူပြီး ခနီမိုး၊ ခနီကာနှင့် တဲသုံးတဲ ရှိလေ၏။

တဲတစ်တဲတွင် လက်သန်းနှင့် မသဲနုတို့ နေသည်။ တဲတွင်းတွင် လက်သန်း၏တပည့် မြန်မာနှင့် ကုလားတို့ နေသည်။

ကျန်တဲတစ်တဲကို ထမင်းချက်ရုံထားပြီး သူတို့၏ ရိက္ခာတဲဖြစ်သည်။ လက်သန်း၏တပည့် မြန်မာ၏ နာမည်မှာ ပေါကြွယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ကိုယ်လုံးတွင် ပွေးမြုံနေသဖြင့် ပွေးကြွယ်ဟုပင် ခေါ်ဖို့ကောင်းသည်။ အရပ်ပု ဂင်တိုတို မျက်လုံးမှေးမှေး မျက်နှာပေါက်ဆိုးဆိုးနှင့် ဖြစ်သည်။

လက်သန်း၏ ကုလားတပည့်မှာ ရန်းဂါးဖြစ်သည်။

ရန်းဂါးမှာ အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ် ဆံပင်ကောက်ကောက်၊ မျက်တွင်းချိုင့်၍ နှာတံပေါ်သလော၊ နှာတံပေါ်၍ မျက်တွင်းချိုင့်သလောမသိ။

မျက်တွင်းလည်း အလွန်ချိုင့်သည်။ နှာတံကလည်း သိမ်းငှက်နှုတ်သီးကောက်လို ကောက်နေသည်။

အလုပ်တစ်ခုခိုင်းလျှင် ရမ်းရမ်းကားကား လုပ်သဖြင့် ရမ်းကားဟူ၍ပင် ခေါ်ဖို့ကောင်းလေသည်။ နတ်ပန်းတို့ စခန်းရောက်ပြီး နောက်တစ်နေ့တွင် ပေါ့ကြွယ်နှင့် ရန်းဂါးတို့ ခရီးထွက်သွားသည်။

လက်သန်းက ဓားပြဂိုဏ်းဖွဲ့ရန်အတွက် လူစုဆောင်းရန် ထွက်သွားကြခြင်း ဖြစ်သည်။ ထို့ကြောင့် နတ်ပန်းသည် ပေါ့ကြွယ်နှင့် ရန်းဂါးတို့နေသောတဲတွင် နေရသည်။

ထိုနေ့တွင်ပင် လက်သန်းသည် သူ ခိုးယူလာသော မသဲနုကို လှည်းထောင်စုမှ သွားခေါ်လာသည်။ လက်သန်းက သူ့ဇနီးအချော အလှ မသဲနုကို နတ်ပန်းနှင့် မိတ်ဆက်ပေးသည်။

ထိုနေ့က မသဲနုက သူတို့ကို လိပ်သားဟင်း ချက်ကျွေးသည်။ လက်သန်းက လိပ်သားဟင်း အမြည်းနှင့် အရက်ကလေး





တမြမြ ဖြစ်နေ၏။

နတ်ပန်းကမူ အရက်မသောက်ပေ။

မသဲနု စားချင်သည်ဆိုပြီး ငါးရံ့ကို အရှင်နှုတ်ပြီး အကောင်လိုက် မီးကင်ထားသော ငါးရံ့ကင်ကိုသာ စားသည်။ နတ်ပန်းသည် လိပ်သား မစားပေ။ လက်သန်းက သူ့မိန်းမ၏ ငါးရံ့ကင်ကို တစ်ကောင်လုံးကုန်အောင် စားပစ်နေသော နတ်ပန်းကို မကျေနပ်သလို ကြည့်ပြီး ပြောလေသည်။

''အစ်ကိုကလဲ ငါးရံ့ခြောက်စားချင်ရင် မီးဖုတ်ခိုင်းတာ မဟုတ်ဘူး၊ သူစားချင်တဲ့ ငါးကင်ကို သွားစားရသလား''

နတ်ပန်းက . . .

''ငါက လတ်လတ်ဆတ်ဆတ် ငါးကင်ပဲ စားချင်တာကွ၊ သူများနေလှန်းထားလို့ ခြောက်သယောင်နေပြီး ကျပ်ခိုးတင်ထားတဲ့ ငါးခြောက်ကို ဘာလုပ်မှာလဲ၊ မင်းသာ သူများလှန်းထားတဲ့ ငါးခြောက်ကို ကြိုက်တာ၊ ငါတော့ လတ်လတ်ဆတ်ဆတ်ပဲ ကြိုက်တယ်''

လက်သန်းက ထိုကိစ္စနှင့် ပတ်သက်ပြီး ဘာမှမပြောတော့ပဲ သူ့စိတ်ထဲတွင် ရည်ရွယ်ထားသော အချက်များကို ထုတ်ပြောလေ၏။

''အစ်ကိုလာတာနဲ့ အတော်ပဲ၊ ကျွန်တော်လဲ ဓားပြဂိုဏ်းဖွဲ့မလို့၊ ဟောဒီ ပေန်း၊ ရွှေး၊ ပြာမလော့၊ ပြင်စလူမြစ်ထဲမှာ ရေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းခေါ်ပြဖွဲ့မလို့''

''လှေလှော်င်းနဲ့ ရေကြောင်းခေါ်ပြဖွဲ့မလို့ ဟုတ်လား။ မင်းမှားမှာပေါ့၊ ဘာလို့ လုပ်ရမှာလဲ၊ ပြင်စလူမှာ မင်း သေနတ်နဲ့ ပစ်ခဲ့တဲ့လူငါးယောက်စလုံး တစ်ယောက်မှ မသေဘူး။ သေနတ်ပစ်မှုနဲ့ မင်း သွားအဖမ်းခံ၊ အေး . . အပြစ်က လွတ်ရင်တော့ ပြင်စလူမှာ မနေနဲ့တော့၊ အိမ်ကိုဖျက်ပြီး ရွာက ကျောင်းကို ဝါလှူလိုက်ပြီး ဟောဒီမှာ နွားနဲ့လယ် ရောင်းလို့ရတဲ့ငွေကို စာတိုက်မှာ စုထားတယ်၊ အဲဒါယူပြီး မင်းပြန်တော့''

နတ်ပန်းက သူ့ အင်္ကျီအတွင်းမှ အပြာရောင်စာတိုက်ငွေစုစာအုပ်ကလေးကို ထုတ်ပြီး လက်သန်းအား ပေးလိုက်သည်။ ငွေစုစာအုပ်ကလေးသည် ပွင့်ရက်သား ကျသွားရာ ငွေသားထောင်ငါးရာကျပ် စုထားသည်ဟု ရေးသားထားလေသည်။

လက်သန်းက ထိုစာအုပ်ကို နတ်ပန်းအား ပြန်ပေးလိုက်သည်။

''အစ်ကိုပဲ ယူထားပါ၊ ကျွန်တော်က ပြင်စလူကို စိတ်နာတယ်၊ လူကောင်း မဖြစ်ချင်တော့ပါဘူး၊ ကျွန်တော်တို့ ဒီလိုလူဆိုးဖြစ်အောင် ပြင်စလူရွာက တွန်းပို့တာပဲ၊ လူဆိုးရဲ့သားဟာ လူဆိုးဖြစ်ရမယ်ဆိုတဲ့ ခေါက်ရိုးချိုးနေတဲ့ စိတ်ယုတ်မာနဲ့ တွန်းပို့ခဲ့တာ၊ အခုတော့ ကျွန်တော်တော့ လူဆိုးခေါင်းဆောင်အညွှန့်ကို နောက်မတွန့်အဲလုပ်တော့မယ်''





လက်သန်း၏စကားကို နတ်ပန်းက သဘောမကျသလို ခေါင်းခါသည်။

''မင်းက လူဆိုးဘဝထဲကို ခုန်ဆင်းသွားတာပါကွာ၊ မင်းကို ဘယ်သူမှ ဒီဘဝရောက်အောင် တွန်းမပို့ပါဘူး။ မင်းက မိန်းမခိုးပြီး ထွက်ပြေးတာပါ၊ အဲဒါကို ရွာက မှန်တာလုပ်ပြီး ဝိုင်းလိုက်တာပါ။ မင်းက မတရား ဗိုလ်ကျပြီး ရွာခေါင်းသေနတ်နဲ့ ပစ်သွားတာပါ။ မင်း စနက်မီးကြောင့် အမေရဲ့အသက်ကို အဆစ်ပေးလိုက်ရတာပေါ့ကွာ''

မှန်ပါသည်။

လက်သန်းကို လူဆိုးဖြစ်အောင် မည်သူကမျှ တွန်းမပို့ပါ။ လက်သန်းကသာ မသဲနုကို ခိုးပြေးရင်း လူဆိုးဘဝထဲ ခုန်ဆင်းသွားခြင်းသာ ဖြစ်ပါသည်။

သေချာစွာ ဆန်းစစ်လျှင် နတ်ပန်းကိုလည်း မည်သူကမျှ လူဆိုးဘဝသို့ တွန်းမပို့ပါ။ လူဆိုးဘဝသို့ တွန်းပို့သူမှာ နတ်ပန်း ကိုယ်တိုင်ပင် ဖြစ်ပါသည်။ ဘယ်သူမှ ကိုယ့်ဘဝကို ဖျက်ဆီး၍ မရပါ။

ကိုယ့်ဘဝကို ကိုယ်သာ ဖျက်ဆီးနိုင်ပါသည်။

ဘဝကို ဖျက်ဆီးပြီး ဒုစရိုက်လောကသို့ တွန်းပို့သူ ရှိနိုင်သော်လည်း မိမိ၏ ကိုယ်ပိုင်အားမာန်နှင့် ရုန်းကန်တွန်းလှန်နိုင်ပါသည်။ မထူးဘူးဟူသော အပျော့စား အညံ့စားစိတ်ဓာတ် ဝင်လာသည်နှင့် ကြံ့ခိုင်သော စိတ်ဓာတ်များ ပြိုပျက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အညံ့စားစိတ်ဓာတ်သည် ဆုံးပါးသောဘဝ တွင်းပို့တော့သည်။ နတ်ပန်းက လူသာ သတ်ခဲ့သော်လည်း သူ့ စိတ်ဓာတ်က လူဆိုးစိတ်ဓာတ် မဟုတ်သေးပေ။

သူသည် လူသတ်ကောင် ဖြစ်သော်လည်း ဥပဒေအတိုင်း ဖြေရှင်းခဲ့ပါသည်။

ယခု လက်သန်းက စက်တိုင်နှင့် လှည့်ခြောက်ပြီး ကာ တင်သဖြင့် သူက တရားခံပြေး ဖြစ်နေသော်လည်း သူ့ရင်တွင်းမှ စိတ်ကောင်းစိတ်မြတ်များမှာမူ တရားခံပြေး မဟုတ်သေးပေ။

ဖြစ်ချင်းဖြစ်လျှင် သူသာ လူဆိုးဖြစ်ချင်သည်။

သူ့ညီ လက်သန်းကိုမူ လူကောင်းဖြစ်စေချင်သည်။

နတ်ပန်းက ကရုဏာလွှမ်းသော လေသံနှင့် . . .

''ဘယ်လိုမှ စိတ်ကူးမလွဲပါနဲ့ ငါ့ညီရယ်၊ မင်း ပြန်ပါ။ ဥပဒေ အရ ဖြေရှင်းပါ။ မင်း အလွန်ဆုံး ထောင်ကျရင် သုံးနှစ်ပေါ့။ မင်းဘဝ က လူကောင်း ပြန်ဖြစ်နိုင်ပါသေးတယ်''

လက်သန်းက လေးလေးနက်နက် စဉ်းစားနေရာမှ ခေါင်း ခါလိုက်သည်။

''ဘာထူးမှာလဲ အစ်ကို၊ လူဆိုးရဲ့သားဟာ လူဆိုးမဖြစ် အောင် ကျွန်တော်တို့ညီအစ်ကို ဘယ်လောက် ကြိုးစားခဲ့သလဲ။

ကျွန်တော်တို့ ဘာပြစ်မှုမှ မကျူးလွန်ဘဲ ကံကြမ္မာအရ လူဆိုးရဲ့သားဖြစ်ရတာနဲ့ ကျွန်တော်တို့ကို လူဆိုးလို့ စီရင်ချက်ချနေ





တဲ့ မတရားတဲ့ လောကကြီးကို ကျွန်တော်တို့ကလဲ မတရားတဲ့ နည်းနဲ့ပဲ တုံ့ပြန်တော့မယ်။

ဆိုးပြီဆိုမှတော့ ခါးပြ ပဲ လုပ်တော့မယ်''

လက်သန်း၏ စကားကို လက်မခံနိုင်ဟန်ဖြင့် နတ်ပန်းက မျက်မှောင်ကြုတ်ပြီး . . .

''အေး . . လူဆိုးရဲ့သားမှာ လူဆိုးသွေးပါလို့ ကိုယ့်ဇီဇ က ဆိုးလို့ လူဆိုးဖြစ်ရတာ၊ ဟိုလူလွဲချ ဒီလူလွှဲချတာတော့ မလုပ် နဲ့ကွာ။ ငါ့ဝမ်းပူဆာ မနေသာလို့ ဆိုးတယ်လို့သာ ရဲရဲကြီး ပြော လိုက်ပါ။ အပေါင်းအသင်း မကောင်းလို့၊ ပတ်ဝန်းကျင်က လို့ဆော် လို့တော့ မလုပ်ပါနဲ့''

''မလုပ်ပါဘူး အစ်ကို၊ လူတွေဟာ မွေးကတည်းက ဘယ် သူမှ လူဆိုးမဖြစ်ချင်ကြပါဘူး၊ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ဟာ သူ့ဘဝကို ဖန်တီးသွားတာပါပဲ''

''သမာဓိသတ္တိရှိရင် ဇီဇဟာ နတ္ထိပါကွာ၊ အပေါင်းအသင်း ဘာလဲ. ကြည့်ပေါင်းရမှာပေါ့။

ကိုယ်က မျက်စိမမြင်ရတောင် နှလုံးသားက သိပါတယ်။ ဒီလူဟာ လူဆိုးလား လူကောင်းလားဆိုတာ ဦးနှောက်ကရော နှလုံး သားကရော ရွေးချယ်နိုင်ပါတယ်''

''အစ်ကို ဘာပြောပြော ကျွန်တော်တော့ ပြင်စရာမရှိ တော့ဘူး၊ ကျွန်တော့်အမေကို သတ်တဲ့ရွာ၊ ကျွန်တော်တို့ ညီအစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုနှစ်ယောက်ရဲ့ ဘဝကို ဖျက်ဆီးတဲ့ရွာကို ကျွန်တော် ကျေနပ်နိုင်ပါ့ရိုးလား''

နတ်ပန်းက စိတ်မရှည်နိုင်သလို သက်ပြင်းကြီးချပြီး . . .

''ဒီကောင် မွေးကတည်းက မျက်စိမမြင်တဲ့ အကန်းကို နှင်းဆီပန်းအကြောင်း ပြောရသလိုပါပဲလား''

နတ်ပန်းက စကားပြောရသည်မှာ စိတ်မောဟန်နှင့် ဆက်မပြောတော့ပေ။ လက်သန်းက အရက်ကို ရေမရောဘဲ သောက်လိုက်ခွက်ကို မလိုက်သည်။

နတ်ပန်းက လှမ်းတားလိုက်သည်။ နတ်ပန်းက . . .

''ဟေ့ကောင် ရေမရောရင် အသေစောလိမ့်မယ်''

လက်သန်းက သူ့အစ်ကို့စကားကို နားထောင်ပြီး အရက်ထဲသို့ ရေရောပြီး သောက်လိုက်သည်။

ထို့နောက် လက်သန်းက မျက်နှာကို ရှုံ့မဲ့ပြီး . . .

''အစ်ကိုကလဲ ရေရောလိုက်တာ ချက်ကြီးပါ ပျက်စီးသွားတာပဲ''

နတ်ပန်းက . .

''လူကို ဖျက်တာ အရက်ကွ၊ အရက်ကို ဖျက်တာကတော့ အရက်ရောင်းတဲ့ လူတွေပဲ''

လက်သန်းက အရက်တစ်ခွက်ကို ရေရောပြီး နတ်ပန်း ရှေ့တိုးပေးလိုက်သည်။





နတ်ပန်းက ငါးရံ့ကင်ကို ပလုတ်ပလောင်း စားနေရာမှ ခေါင်းခါလိုက်သည်။

''မသောက်ချင်ပါဘူးကွာ ငါ့ကို တယောထိုး သင်ပေးသွားတဲ့ ဆရာကိုထွန်းလူက ပြောတယ်ကွ၊ လူတွေဟာ ပင်လယ်နဲ့ မြစ်ချောင်းအင်းအိုင်ထဲက ရေထဲမှာ ရေနစ်သေတာထက် အရက်ဖန်ခွက်ထဲမှာ ရေနစ်သေတာ ပိုများသတဲ့''

နတ်ပန်း၏ စကားသံကို ကြားရသောအခါ လက်သန်း ခေါင်းထောင်သွားသည်။ ဟိုတုန်းက နတ်ပန်းမှာ စကားကို လေးလုံးကွဲအောင် ပြောတတ်သူ မဟုတ်။

လက်သန်းကသာ ဝေဝေဆာဆာပြောတတ်သည်။

နိုင်ငံရေးသမား ဆရာကိုထွန်းလူ နတ်ပန်း၏ဘဝတွင် တီမိးရှောင်ရင်း နတ်ပန်းကို စာဖတ်ဝါသနာပါအောင် မျိုးထောင်ပေးသွားသည်။ လယ်လုပ်ငန်း အားသည်နှင့် စာအုပ်နှင့်မျက်နှာ မခွာသော နတ်ပန်းမှာ စကားပြောကောင်းလာသည်။

ဆရာကိုထွန်းလူကြောင့် နတ်ပန်း၏ ဘဝမှာ ပြောင်းလဲသွားရလေသည်။ လက်သန်းမှာ နတ်ပန်းကို ကြည့်ရင်း အံ့သြနေသည်။ နတ်ပန်းကမူ လက်သန်း အရက်သောက်သည်ကို သဘောမကျပေ။

''ဟေ့ကောင် မင်းက ဘယ်လိုဖြစ်လို့ အရက်သောက်နေရတာလဲ၊ ရွာမှာတုန်းက မင်း အရက်မသောက်ပါဘူး၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်းကျရာဇဝင်လူဆိုးကြီး ဖြစ်ပေမယ့် အရက်ကို မသောက်ဘူး''

''တောပုန်းကြီးဖြစ်နေပြီပဲ အစ်ကိုရာ၊ လူဆိုးဖြစ်မှတော့ မကောင်းတာမှန်သမျှ အကုန်လုပ်မှာပဲ၊ ကျွန်တော်က ခွက်ကိုင်ပြီး စက်တိုင်တက်သွားမယ့်ကောင်ပါ''

''တော်စမ်းပါ မင်းက ခြေဝါမောက်ပြားပါ''

''ခြေဝါမောက်ပြားဆိုတာ ဘာလဲ အစ်ကိုရဲ့''

''ခြေဝါမောက်ပြားဆိုတာ တိုက်ကြက်တွေထဲမှာ အညံ့ဆုံးပေါ့၊ ခြေထောက်ကလဲဝါ၊ အမောက်ကလဲ ပြားပြားနဲ့၊ ခြေဝါမောက်ပြား သေမှာကို အကြောက်များဆိုသလိုပေါ့၊ တိုက်ကြက်ဆိုတာ ဝိုင်းထဲမှာသာ အသေခံမယ် ဘယ်တော့မှ မပြေးဘူး၊ ခြေဝါမောက်ပြားကတော့ မခွပ်မီက ပြေးနှင့်တဲ့အကောင်''

''အစ်ကိုကလဲဗျာ ကျွန်တော့်ကို ဒီလိုမပြောပါနဲ့''

''အမေသေတုန်းက မင်း ရွာကို လာရဲလို့လား၊ ဒါမှာ တစ်ယောက်တည်း ဘယ်လောက် ဗျာများရတယ် ထင်သလဲ၊ ငါသာ ဆိုရင် စစ်တပ်နဲ့ ဝိုင်းထားတောင် အမေ့အလောင်းကို လာကြည့်မှာပဲ''

''အဲဒါတော့ ခွင့်လွှတ်ပါ အစ်ကိုရာ၊ အမေ့ကို သတ်ခဲ့တဲ့ ပြင်စလူရွာကို အတိုးရော အရင်းပါ တောင်းရမယ်''

''ဟေ့ကောင် ပြင်စလူရွာထဲမှာ လူဆိုးရဲ့သားဟာ လူဆိုး ဖြစ်ရမယ်ဆိုတဲ့ အမြင်ကျဉ်းသဘောထား သေးသိမ်တဲ့လူတစ်စု





ကသာ တို့ကိုနှိမ်တာ။ ပြင်စလူတစ်ရွာလုံးက နှိမ်တာမဟုတ်ဘူး၊ ပြင်စလူရွာကို မင်း မုန်းစရာမလိုဘူး''

''ပြင်စလူသားတစ်ယောက်အနေနဲ့ ပြင်စလူရွာရဲ့ တိုးတက်ရေးကို အမြဲဆောင်ရွက်ပေးရမယ်။ ဒါမှ ပြင်စလူက တို့ကို မွေးဖွားရကျိုးနပ်မှာ''

''ဟင့်အင်း ကျွန်တော်တော့ ပြင်စလူကို မုန်းတယ်၊ တစ်ရွာလုံးကို မြေလှန်ပစ်ရမယ်''

''မင်း ဒီလိုမလုပ်ရဘူး၊ အဲဒီလိုလုပ်ရင် ပြင်စလူရွာသားဖြစ်တဲ့ ငါနဲ့အရင်ဆုံး တွေ့မယ်''

လက်သန်းက သိုင်းပညာ၊ လက်ဝှေ့ပညာမျိုးစုံ တတ်ထားသော်လည်း သူ့အစ်ကို နတ်ပန်းကိုမူ ရှိန်သည်။

နတ်ပန်းမှာ ကိုယ်ခံပညာ ဘာမျှမတတ်သော်လည်း သူ့ရ သတ္တိရှိသည်။ တရားမျှတမှု ရှိသည်။

အမှန်တရားဘက်ကသာ နေသည်။

ညီအစ်ကိုနှစ်ယောက် လူမှန်းသိတတ်စ အချိန်ကစပြီး နတ်ပန်းသည် သူ့ညီလက်သန်းအပေါ် ဘယ်တော့မှ အနိုင်ကျင့်နှိပ်စက်ခြင်းမပြုပေ။ ညီလေးအပေါ် ညှာတာသည်။

အနစ်နာခံစရာရှိလျှင်လည်း သူကသာ အနစ်နာခံသည်။

လက်သန်း မည်မျှပင် ရိုင်းစိုင်းသော အလုပ်ကို လုပ်လုပ် နတ်ပန်း သည်းခံသည်။ လက်သန်း သူများအပေါ် ယုတ်ယုတ်မာမာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီဆိုလျှင်မူ နတ်ပန်းသည် တဆုံးတဆပင် လက်သန်းအား ဆုံးမတတ်သည်။

နတ်ပန်းသည် ငယ်စဉ်ကပင် ''ရိုင်းချင်ရိုင်းပါစေ၊ မယုတ်မာပါနှင့်'' ဟူသော ဆရာတော်ဦးဝိမလ၏ အယူအဆကို သဘောပေါက်ပြီး လေးစားခဲ့သည်။

ဆရာတော်သည် သူ့ကျောင်းသားများ ဆဲရေးတိုင်းထွာခြင်း ရိုင်းစိုင်းခြင်းကို ခွင့်လွှတ်လေ့ရှိသည်။

ယုတ်ယုတ်မာမာ ကြံစည်လုပ်ကိုင်သည်ဆိုလျှင် ဆရာတော်သည် 'တစ်ခါရိုက်လေ ညက်ညက်ကြေမည် သားရေလွှမ်းတော မင်းတို့ကျော ဆိုတာလို' ဆုံးမလေ့ရှိသည်။

နတ်ပန်း ကိုယ်တိုင်ကလည်း ရိုင်းချင်ရိုင်းသည်။

မယုတ်မာပေ။

နတ်ပန်းသည် ယဉ်ကျေးမှုဟု သူတို့ခေါ်ကြသော လောကွတ်နှင့် ကျောပွတ်ကာ မသတီလှစွာသော စိတ်ထားကို ပီယဝါစကားနှင့် ဖုံးအုပ်ထားသူများကို အလွန်မုန်းသည်။

ယခု လက်သန်း ခေးပြဂိုဏ်းထောင်မည်ဟူသော စကားကို နတ်ပန်း သဘောမကျပေ။

ထို့ကြောင့် သူ့ညီလေးကို လူဆိုးမဖြစ်ရန် နတ်ပန်းက အကြီးအကျယ် အကြောက်အကန် တားဆီးကန့်ကွက်နေခြင်း ဖြစ်သည်။





''မင်းက အခု ခေးပြဂိုဏ်းဖွဲ့မလို့ပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ အစ်ကို၊ တောထဲမှာ ဒီလိုတောပုန်းဘဝနဲ့ နေရင် ဘယ်သူက ထမင်းကျွေးမှာလဲ၊ စားဖို့ သောက်ဖို့ကိုတော့ ရှာရမှာပေါ့''

''မင်းကို ငွေယူပြီး မြို့မှာသွားနေဖို့ ပြောတာကို မင်းက လက်မခံဘဲကိုး၊ တောပုန်းလုပ်ရင်လဲ ငါးရှာစားလို့ရတယ်ကွ၊ ခေးပြတိုက်စားစရာ မလိုပါဘူး၊ ခေးပြတိုက်စားလို့ကတော့ ဘယ်ချောင်မှာ သေမလဲဆိုတာ မင်းရဲ့သချိုင်းကို အရင်ကြည့်ထားကွ၊ ထောင်ဆိုတာလဲ လူဆိုးတွေရဲ့ လူအိုရုံပဲ၊ တချို့လူဆိုးတွေဟာ အပြင်ဖက်မှာ ဆိုးရတာက နည်းနည်းပါ၊ ထောင်ဆိုတဲ့ လူအိုရွာမှာ အိုမင်းရတာပါ''

''ဘာပဲဖြစ်ဖြစ် အစ်ကိုရာ၊ ကျွန်တော်ရဲ့ ရည်မှန်းချက်အရ ကျွန်တော် နောင်တမရနိုင်သေးဘူး၊ နောင်တမရချင်သေးဘူး၊ ကျွန်တော် ဆိုးဦးမယ်၊ မိုက်ဦးမယ်၊ တေဦးမယ်''

''မင်း ရည်ရွယ်ချက်က သိပ်ကောင်းတာကိုး၊ ပြင်စလူရွာကို ဒုက္ခပေးဖို့ မဟုတ်လား''

''ဟုတ်တယ်''

လက်သန်းက သံပြတ်နှင့် ယတိပြတ် ပြောချလိုက်လေသည်။ လက်သန်း၏ စိတ်ထဲတွင် နိုင်မာစွာ ဆုံးဖြတ်ချက်ချပြီး သော သံ၊ ဘယ်သူဖျက်ဖျက် မပျက်တော့ဘူးဟု သန္နိဋ္ဌာန်ချပြီး မသာ



www.burmeseclassic.com

www.burmeseclassic.com



လေသံနှင့် ဖြစ်သည်။

နတ်ပန်းက . . .

''ငါတော့ ပြင်စလူရွာကို ချစ်တယ်။ ငါတို့ကို အထင်သေး တာ ပြင်စလူရွာသားအချို့ပါ။ ပြင်စလူတစ်ရွာလုံးက မဟုတ်ဘူး ကမ္ဘာလောကကြီးတစ်ခုလုံးကို အလင်းရောင်ပေးနေတဲ့ လမင်းကြီး ဝါးလုံးခေါင်းထဲတင် မသာတာနဲ့ အလင်းရောင်မဲ့တယ်လို့ပြောရင် တရားမလား။ ပြင်စလူတစ်ရွာလုံးက တို့ကို မုန်းတာမှ မဟုတ်တာ''

လက်သန်းက စကားကို တိုတိုပင် ပြန်ပြောသည်။

''ကျွန်တော်ထော့ ပြင်စလူကို မုန်းတယ်''

နတ်ပန်းက ဘာမျှ မပြောတော့ပေ။

သို့သော် သူ့ညီကို စိတ်ပျက်သော အမူအရာနှင့် . . .

''ငါတော့ ဘာမှမပြောချင်တော့ဘူး။ မင်းကို ပြောရတာ ငါ့ပါးစပ်ကိုတောင် ငါ သနားသွားတယ်၊ ဟောရင်းသာ လျှာပြတ် မယ်- နပ်မယ့်ကောင် မဟုတ်ဘူးဆိုတာ မင်းလိုလူစားပဲ''

ထို့နောက် နတ်ပန်းသည် စကားလုံးဝမပြောတော့ပေ။ လက်သန်းကလည်း ရသေ့ရှစ်သောင်း ဘုရားလောင်းချွတ်လျှင်ပင် ကျွတ်မည့်ပုံ မပေါ်ပေ။

လက်သန်းတို့ ဖူးထောင်ချောင်းစခန်းတွင် နတ်ပန်းသည် ငါးရှာစားလိုက်၊ တယောထိုးလိုက်နှင့် အချိန်ဖြုန်းနေလေသည်။

လက်သန်းနှင့် မသဲနတို့ကလည်း တဲတစ်လုံးတွင် ပီပေ





ပင်နှင့် တရော်ရောပြီး အချွဲပြိုင်နေကြသည်။

မသဲနက နတ်ပန်းကို ပရောပရိလုပ်သော်လည်း နတ်ပန်း က စကားမပြောပေ။ နတ်ပန်းသည် သူနေသော တဲကလေးမှ မာဃ ဒေဝလင်္ကာများကို ဘုရားစာရွတ်သလို ရွတ်ဆိုနေသည်။

''ပေါ်ဆမ်းပျားရည်၊ ယိုစိမ့်သည်ဟု ထွေလီထိုထိုးတောင် ကြီးမျို၍၊ ရွတ်ဆိုနှုတ်က၊ ကျိန်သမျှလည်း၊ မိန်းမသစ္စာ၊ မုသားသာ တည့်''

''စစ်ထက်ယောကျ်ား၊ မြွေသမားနှင့် ရေသွားခရီး၊ ဆင်စီး အမျှ၊ စိတ်ခါဘယ်ခါ၊ မချရာတည့်၊ သဘာဝဆိုး၊ မိန်းမမျိုးတို့၊ အရိုး သည်းပါ၊ အကောက်များ၏၊ သားတစ်ရာမြင်၊ လင်တစ်ထောင်မျှ စိတ်မချဘူး၊ မိန်းမတို့ငြမ်း၊ သဘောတမ်းထား၊ ညစ်ညမ်းယုတ်မာ၊ ကြီးဣစ္ဆာနှင့်၊ အာသာရမ္မက်၊ မျက်သက်ပြင်းထန်၊ စောမာန်ဝင်သည်၊ ဆင့်စည်းမဲ့ပြား၊ အကောက်များ၏။

မိန်းမတို့ဇာတ်၊ မပြတ်လောလီ၊ မတည်အာရုံ၊ မြင်တိုင်း သို့၊ လမ်းဆုံသစ်ရိပ်၊ ရေဆိပ်အလား၊ တံတားသဖွယ်၊ ဈေးလယ် တွေ့ပ် သေသောက်အိမ်သို့၊ မတွေ့မှရှောင်၊ မီးနှယ်ထောင်၏။

လင်ကွဲ့လင်သေ၊ ကိုယ်နေပျက်ပြီး၊ မိန်းမကြီးတို့၊ နပ်ပြီး ကြကုန်၊ အင်း . . အဲ''

''အစ်ကို . . အစ်ကို''

နတ်ပန်းက မာဃဒေဝ လင်္ကာသစ်များကို ဘုရားစာရွတ်

www.burmeseclassic.com



သလို ရွတ်နေစဉ် လက်သန်းက လာခေါ်သဖြင့် နတ်ပန်းသည် မာဃဒေဝလင်္ကာရွတ်ရာမှ ရပ်တန့်သွားသည်။ နတ်ပန်းက . . .

''ဘာလဲကွ''

လက်သန်း မကျေနပ်သလိုနှင့် မျက်နှာကြီးနီပြီး . . .

''အစ်ကို ဘာဖြစ်နေတာလဲ''

''ဘာဖြစ်ရမှာလဲကွ၊ ငါ့ဘာသာ မိန်းမအန္တရာယ်ကင်းတဲ့ ဂါထာ ရွတ်နေတာပေါ့၊ သရဲတစ္ဆေ စုန်းကဝေ ကြောက်လို့ အန္တရာယ် ကင်းဂါထာရွတ်သလို ငါလဲ မိန်းမကို ကြောက်လို့ မိန်းမအန္တရာယ် ကင်းဂါထာ ရွတ်နေတာကွ''

''အစ်ကို့ဘာသာ ရွတ်ရင်လဲ စိတ်ထဲက တိုးတိုးရွတ်တာ မဟုတ်ဘူး''

''ဟော့ကောင် ဘုန်းကြီးတွေ ပရိတ်ရွတ်ရင် စိတ်ထဲက တိုးတိုးရွတ်သလား၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေသရဲကင်းဂါထာကြားရင် စကြဝဠာတံတိုင်း အပြင်ဖက်ကို ထွက်ပြေးအောင် အသံကျယ်ကျယ်နဲ့ ရွတ်ရတယ် မဟုတ်လား''

''မသဲနုကို အားနာပါဦး အစ်ကိုရာ''

''မင်းလဲ မန်လည်ဆရာတော်ကြီးကို အားနာပါဦးကွာ''

''ကျွန်တော်က ဘာဖြစ်လို့ မန်လည်ဆရာတော်ဘုရားကြီးကို အားနာရမှာလဲ''

''ဟ . . မိန်းမတွေ မကောင်းကြောင်း မာဃဒေဝတွေ





မန်လည်ဆရာတော်ဘုရားခမျာ အပင်ပန်းခံပြီး ဒီလောက်ရေးထားရဲ့သားနဲ့ မိန်းမနိုင်ငံမှာ ကျေးကျွန်ခံနေတာကိုးကွ''

လက်သန်းသည် သူ့အစ်ကိုကို ပြောမရသဖြင့် သူ့တဲသို့ ပြန်သွားလေသည်။ နတ်ပန်းက မာဃဒေဝလင်္ကာကို ဆက်ဆိုနေသည်။

''နန်းတက်ပျော်ပြီး မင်းသမီးဖြစ်လျက် မနီးမျိုးနွယ် ညှိုးသယ်ယောကျ်ား၊ ဒွန်းစဏ္ဍားနှင့် ယဉ်ပါးရော့ယှက်၊ ကျင့်ကမ်းတက်၏၊ စားချင် ငင်းငင်း၊ အာသာပြင်းသို့၊ အတွင်းက ယား ယောကျ်ားအလို၊ လူမဆိုသေး၊ ခွေးကိုသော်မျှ ကပ်ငြိကြတဲ့ . . ''

ထိုနေ့က နတ်ပန်းသည် သူ၏ ဟွန်းတယောကလေးကို ထိုးသောအခါ ခါတိုင်းကဲ့သို့ သူ့အကြိုက်ဆုံး ကြက်ဖတာညင်သီချင်းကို မထိုးပေ။

''မိန်းမဆိုတာ ဆောင်းလေပမာအညီ လေနှင့် မြင်းလို အတွင်းသဘောတွေ မညီ . . စီးရာလူနောက်ကိုသာ လိုက်ကြပါသည်''

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၁၃]

ပေါ်ကြွယ်နှင့် ရန်းဂါး ပြန်လာပြီးနောက် သူတို့နောက်တွင် လူငယ်ဆယ်ယောက်ခန့် ပါလာသည်။ ထိုလူငယ်များမှာ လူဆိုးလုပ်ကြမည်ဟုဆိုသော် လက်သန်းက အားရသည်။ နတ်ပန်းကမူ မြ... လေသည်။

လက်သန်းက ထိုလူငယ်များကို ဓားပြတိုက်လျှင် ရွှေ... ကျောက်သံပတ္တမြား ဘယ်လောက်ရမည်ဟု မစားရ ဝခမန်းစကား... များနှင့် မြှူဆွယ်နေ၏။

လူငယ်ကလေးများမှာ ဇာတိခံဖြစ်သော အသိဉာဏ်မရှိ... ရာ သူတို့ဆရာကြီး လက်သန်း၏ အောက်တန်း အလွန်ကျလှသော အောက်လမ်းနည်းဖြင့် မက်လုံးပေး ဆွဲဆောင်မှုကို လွှတ်အောင် ...



ရှောင်နိုင်ကြပေ။

မွေးရာပါ ဆင်ခြင်တုံတရားမရှိဘဲ သတ်ချင်ဖြတ်ချင်စိတ်သာ ရှိသော လူငယ်ကလေးများမှာ သူတို့ဘဝ သူတို့နာမည် ပျက်စီးတော့မည်ကို သတိမရဘဲ သူတို့ဆရာကြီး လက်သန်းကို ကမ္ဘာ့ကျေးဇူးရှင်ကြီးဟု ထင်နေလေသည်။

အမှန်မှာ လက်သန်းသည် သူတို့၏ စွမ်းရည်သတ္တိ၊ ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တတို့ကို ဖျက်ဆီးလိုက်သူ ဖြစ်သည်။

ထိုအကြောင်းကို သိရှိရန် သူတို့ဉာဏ်မမီပေ။

နတ်ပန်းကမူ ငယ်ငယ်ရွယ်ရွယ်နှင့် လက်သန်း၏ စေသည့်ကျွန် ထွန်သည့်နွား ဖြစ်နေရှာသော ဓားပြပေါက်စများကို သနားသည်။ ထို့ကြောင့် နတ်ပန်းသည် ဒူးထောင်ချောင်း ရေစပ်ရှိ သောင်ခုံကြီးပေါ်တွင် လူငယ်များကို မေးလေ၏။

နတ်ပန်း မေးသော လူငယ်မှာ ဆိုးပေဆိုသော လူငယ်ကလေးဖြစ်သည်။

''ဟေ့ကောင် ဆိုးပေ၊ မင်းက ဘာဖြစ်လို့ လူဆိုးလုပ်ချင်ရတာလဲ''

ဆိုးပေက စိတ်အားထက်သန်စွာနှင့် . .

''ပါးစပ်မှာ လက်ကိုင်ပဝါစည်းပြီး မြင်းစီးချင်လို့ဗျ''

''ငါလခွီးမှပဲ၊ အဲဒါ ဘိုင်စကုတ်ထဲမှာသာ လူဆိုးလိုက် ပါးစပ်မှာ လက်ကိုင်ပဝါစည်းပြီး မြင်းစီးတာကွ၊ တကယ်ဓားပြသွား

www.burmeseclassic.com



တိုက်လို့ မြင်းကြီးစီးသွားရင် ပုလိပ်က သေနတ်နဲ့ ပစ်ချလိုက်ရင် ကားခနဲ သေပြီး အလောင်း ဘယ်ဈေးလဲ ဖြစ်သွားမှာ''

နတ်ပန်းက သံချောင်းဆိုသော လူငယ်ကို မေးပြန်သည်။

''မင်းကကော ဘာဖြစ်လို့ လူဆိုးဖြစ်ချင်ရတာလဲ''

''သူဌေးဖြစ်ချင်လို့''

''ဓားပြတွေ ဘယ်တော့မှ သူဌေးမဖြစ်ဘူးကွ၊ ခွေးဖြစ်သွားတာ များတာပဲ''

နတ်ပန်းက ထိုက်အောင်ဆိုသော လူငယ်ကလေးကို မေးရန် ကြည့်လိုက်သည်။ ထိုလူငယ်ကလေးမှာ ရုပ်ရည်ချောမောပြီး မိုက်ကန်းကန်းနှင့် တိုက်ရဲခိုက်ရဲသော ပုံစံမျိုးဖြစ်၏။

''ဟေ့ကောင် ထိုက်အောင်၊ မင်းကကော ဘာဖြစ်လို့ ဓားပြဖြစ်ချင်ရတာလဲ''

''လူဆိုးတွေကို မုန်းလို့ဗျ''

ထိုစကားကို ကြားရသောအခါ နတ်ပန်း အံ့သြသွားလေသည်။

''ဘာကွ လူဆိုးတွေကို မုန်းလို့ဟုတ်လား၊ လူဆိုးကို မုန်းရင်လဲ ပုလိပ်လုပ်ရောပေါ့ကွာ''

''ပုလိပ်လုပ်ရင် သတ်လို့မရဘူးဗျ၊ ဥပဒေအရပဲ ဖြေရှင်းရမှာ''

''မင်းက ဘယ်သူ့ကို သတ်ချင်လို့လဲ''





''ကျွန်တော်တို့အိမ်ကို ဓားပြတိုက်သွားတဲ့ ဓားပြတွေကိုပေါ့ဗျာ၊ ကျွန်တော် ပုလိပ်လုပ်နေရင် သူတို့အကြောင်း ဘယ်လိုလုပ် သိမလဲ၊ ပြီးတော့ သူတို့အနီးကပ်ဖို့ သူတို့က ဘယ်ယုံမလဲ၊ အခု ကျွန်တော် ဒီမှာ ဆရာလက်သန်းနဲ့အတူ ဓားပြလုပ်ပြီး လုပ်သက်ရရင် သူတို့ထဲ ဝင်ပြီးမှ သူတို့ကို သတ်လို့ရမှာပေါ့ဗျ''

''မင်းတို့အိမ် ဓားပြတိုက်သွားတာ ဘယ်သူလဲကွ''

''ဒါတော့ မသိချင်ပါနဲ့ဗျာ''

''အေး . . ကောင်းပါတယ်ကွာ၊ မင်းရဲ့စိတ်ကူးက ဘာနဲ့တူသလဲဆိုတော့ ပုလိပ်ကိုမုန်းတဲ့ ဆိုက်ကားသမားလိုပါပဲ''

ထိုက်အောင်က စိတ်ဝင်စားသွားဟန်ဖြင့် . . .

''ပုလိပ်ကိုမုန်းတဲ့ ဆိုက်ကားသမားက ဘယ်လိုလဲ ဦးလေးရယ်''

နတ်ပန်းက ပြုံးလိုက်ပြီး . .

''ဟား . . ဟား . . ဟား၊ ဆိုက်ကားသမား တစ်ယောက်ကို ပုလိပ်က ပါးရိုက်တယ်တဲ့ကွ၊ အဲဒါနဲ့ ဆိုက်ကားသမားက မခံချင်ဘဲ ဝါ ပုလိပ်ထဲဝင်ပြီး အဲဒီပုလိပ်ကို လက်စားချေမယ်ဆိုပြီး ပုလိပ်ထဲဝင်သတဲ့''

ထိုက်အောင်က သိချင်ဇောနှင့် . . .

''အဲဒီဆိုက်ကားသမားက ပုလိပ်လဲဖြစ်ရော သူ့ကို ပါးရိုက်တဲ့ ပုလိပ်ကို ပါးပြန်ရိုက်သလား''



www.burmeseclassic.com

www.burmeseclassic.com



''မရှိက်ဘူးကွ၊ အဲဒီဆိုက်ကားသမားက ပုလိပ်ဖြစ်တဲ့လူက ပုလိပ်လဲဖြစ်ရော သူနဲ့ဘဝတူချင်းဖြစ်တဲ့ ဆိုက်ကားသမားတွေကိုချည့်ပဲ ပါးရိုက်သတဲ့''

''ဟာဗျာ''

''မင်းလဲ ဒီလိုပဲပေါ့ကွာ၊ လူဆိုးတွေကိုမုန်းလို့ လူဆိုးတွေကို လက်တုံ့ပြန်ဖို့ လူဆိုးလုပ်တာ နောက်တော့ မင်းနဲ့ဘဝတူ လူကောင်းတွေကိုပဲ ပါးရိုက်ပေါ့ကွ''

''ဟာဗျာ''

''မဟာဗျာပါနဲ့ကွာ မင်းလဲ ဒီကိန်းဆိုက်မှာပဲ၊ ပုလိပ်က ဆိုက်ကားသမားကို ပါးရိုက်တာ မခံချင်လို့ ပုလိပ်ထဲဝင်၊ ပုလိပ်ထဲလဲရောက်ရော ကိုယ့်ဘဝတူ ဆိုက်ကားသမားတွေ ပါးပြန်ရိုက်ပေါ့ ဒါဟာ သဘာဝပါပဲ''

ထို့နောက် နတ်ပန်းက လူဆိုးဘဝ မုန်းတီးရေးတရားကြီးကို ဟောလေတော့သည်။

''ဟေ့ကောင်တွေ မင်းတို့ လူဆိုးလုပ်မယ်ဆိုရင် ဒါတွေ ခံနိုင်ရဲ့လား စဉ်းစားဦးကွ၊ လူဆိုးဆိုတာ လူတောမတိုးဝံ့ဘဲ တောပုန်းဘဝနဲ့ အရိုးထုတ်ရတာကွ၊ မင်းတို့ တောထဲမှာ တောကောင်လိုနေပြီး တောကောင်တွေရဲ့ အန္တရာယ် ငှက်ဖျားရဲ့အန္တရာယ်ကို ခံနိုင်ရဲ့လား''

ခေါးပြလောင်းလျာများက . .



''ခံနိုင်ပါတယ်''

''လူတွေရှေ့မှာ ကိုယ့်အဖေကို တွေ့ရဲ့သားနဲ့ အဖေလို့ မခေါ်ဝံ့။ မင်းတို့အဖေကလဲ မင်းတို့ကို သားလို့ မခေါ်ဝံ့နဲ့။ အဖေမခေါ် သားမတော်နဲ့ ဆွေတော်မျိုးကွဲ တစ်ယောက်တည်း အထီးကျန်သားရှပ်ပြုလို့မှ သားစုမခေါ်နိုင်တဲ့ ဘဝမျိုး မင်းတို့ရင်ဆိုင်ရဲရဲ့လား''

''ရင်ဆိုင်ရဲပါတယ်''

''အေး . . သူကြီးအိမ်မှာ ရေသောက်၊ အချုပ်ခန်းမှာ သေးပေါက်၊ ထောင်ထဲမှာ အိမ်ဆောက်ပြီး ချေးပုံးဆွဲ၊ သေးပုံးထမ်း ဆန်ကြမ်းထမင်းကို ကျောက်ခဲလိုမျို၊ တီကောင်ရောထွေး ချဉ်ပေါင်ဟင်းလေးနဲ့စားပြီး နဖူးကချွေး ဖင်ကြားယိုအောင် အလုပ်ကြမ်းလုပ်ပြီး၊ ဘာသာက ရိုက်၊ ဝါဒါကရိုက်နဲ့ ထောင်သားချင်းခေါးထိုး တအားဆိုးပြီး တိုက်ပိတ်လို့ ကော်စား၊ ဖင်ထဲနီလန်အောင် ကြိမ်ဒဏ်ကိုပေး၊ အသက်ဆွေးပြီး လူအိုမစွမ်းထိ။ ထောင်ထဲမှာ အရိုးဆွေးရတဲ့အဖြစ်။ စကိတိုင်မှာ မနီလာကြိုးနဲ့ လည်ပင်းချုပ်ပြီး ဒေါက်ဖြုတ်သတ်မှာကိုကား သေဝံ့ရဲ့လား''

''သေဝံ့ပါတယ်''

''ပြောကြသေးတာပေါ့ကွာ၊ ထောင်ထဲမရောက်ခင် ပုလိပ်က အမှုမပေါ်ရဲကောင်းလားဆိုပြီး ညို့သံကျိုးကို မျက်လုံးနဲ့လိမ့်၊ ကက်ဘုတ်တုပ် ခေါင်းမှာ ဖောက်ထိုးဆွဲ၊ ကျင်စက်နဲ့တို့၊ မျက်နှာ ဒက်နဲ့အုပ် ရေလောင်း၊ နားအုံကွဲအောင် လက်နှစ်ဖက်နှင့် ပြိုင်တူ



www.burmeseclassic.com

www.burmeseclassic.com



ရှိက်၊ ရေနွေးပူလောင်း၊ စီးကရက်မီးနဲ့တို့၊ လူစင်စစ်က ဖွဲ့အိတ်ဖြစ်အောင် ထောင်းနမောင်း ကြေအောင်ရိုက်၊ နည်းမျိုးစုံနဲ့ ညှဉ်းဆဲတာကို မင်းတို့ ဖွဲ့တင်းနိုင်ပါ့မလား''

''ဖွဲ့တင်းနိုင်ပါတယ်''

''အေး . . ပြောကြသေးတာပေါ့ကွာ၊ လူဆိုးတစ်ယောက် ပြောသလို စားရမလားလို့ ခေးပြသွားလုပ်တာ ပုလိပ်ရိုက်လို့ ကိုယ့်ရှိတဲ့ အစာအိမ်ဟောင်းထဲကဟာတွေတောင် ပုလိပ်ကို ကြောက်ပြီး လမ်းကြောင်းပြောင်းပြီး ပြောင်းပြန် ပြန်ထွက်သတဲ့။ အခိုပွာယ်ကတော့ ပုလိပ်ရိုက်လို့ ပါးစပ်က ချေးအံတာကို ပြောတာ''

နတ်ပန်းသည် လူငယ်များကို ခေးပြ မလုပ်စေချင်သဖြင့် ခေးပြဘဝ ကြောက်ရွံ့စရာကောင်းကြောင်း တရားဟောနေခြင်း ဖြစ်သည်။

ကျည်းထန်းရှင်ကြီးက . . .
မှိုမျှစ်ကို နှုတ်ချင်၏။
ကျဉ်တုတ်ခံဝံ့၊ မခံဝံ့။
ပဲဟင်းကို ရှုတ်ချင်၏။
နှုတ်ခမ်းမွေး အနှုတ်ခံဝံ့၊ မခံဝံ့။
မင်းမှာ လုပ်ချင်၏။
ကင်းကုပ်မှာ အချုပ်ခံဝံ့၊ မခံဝံ့။
ဟု စပ်ဆိုထားပါသည်။





နတ်ပန်းကလည်း . . .
လူဆိုးမှာ လုပ်ချင်၏။
အချုပ်ခန်းမှာ အရိုက်ခံဝံ့။ မခံဝံ့။
ထောင်ကျမှာ လုပ်ချင်၏။
ထောင်ထဲမှာ အိုမင်းသည်အထိ နေဝံ့။ မနေဝံ့။
လူသတ်ထောင်မှာ လုပ်ချင်၏။
စက်တိုင်မှာ သေဝံ့။ မသေဝံ့။

နတ်ပန်း တရားဟောကောင်းသဖြင့် ပေါ်ကြွယ်နှင့် ရန်ကဲ တို့ ခေါ်လာသော လူရွယ်ကလေး ဆယ်ယောက်အနက် ငါးယောက် ပြန်ပြေးသွားလေသည်။

ထိုအခါ လက်သန်းသည် စိတ်ဆိုးမာန်ဆိုးနှင့် နတ်ပန်းထံသို့ ရောက်လာပြီး . . .

''အစ်ကို ဘယ်လိုလုပ်တာလဲ''

နတ်ပန်းက မထီတရီပြုံးပြီး . . .

''ငါ ဘာလုပ်လို့လဲကွ''

''အစ်ကို လူဆိုးဘဝ မကောင်းကြောင်း လူငယ်ကလေးတွေကို စိတ်ပျက်အောင် တရားဟောလို့ လူငယ်ကလေးတွေ ပြန်ပြေးကုန်ပြီ''

''ငါပြောတာ မဟုတ်ဘူးလား၊ မင်းကွာ အာမကောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းသန် ခြသေ့်နဲ့ နပန်းလုံးမယ့် လူငယ်ကစလေးတွေကို ချေးတွင်းတူးခိုင်းနေတာကို း''

''အစ်ကိုက သူတို့ထွက်ပြေးသွားအောင် လုပ်ပစ်တဲ့အတွက် ကျွန်တော်တို့ခေးပြအဖွဲ့ထဲမှာ အစ်ကို ပါရမယ်''

''ဟော့ . . တော် တော်၊ စိန်စီတဲ့ခေးဟာ ခွေးဝဲစားကို မခုတ်ဘူးကွ''

* * *

ဆန်း၊ ကွန်ပျူတာစာစီ၊ ဒီဇိုင်းနှင့် သင်တန်း
၁၂၆၊ မြိတ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း



## အခန်း [၁၄]

လက်သန်းတို့ ခေးပြအဖွဲ့သည် နှစ်ထပ်သင်္ဘောကြီးတစ်ကို စီးပြီး ခေးပြတိုက်ရာ စိန်ရွှေရတနာနှင့် ငွေသားတစ်သောင်းချော်ဖိုးခန့် ရလိုက်သည်။

လက်သန်းတို့ ခေးပြအဖွဲ့သည် အလွန်ပျော်ရွှင်ပြီး အောင်သအောင်သား စားနေကြသည်။

ဝက်တစ်ကောင်လုံး ပေါ်သည်။ ဝမ်းတွင်းသားကို အရက်နှင့်ည်းသည်။ ဝက်တစ်ခြမ်းကို ဟင်းချက်သည်။

ဝက်တစ်ခြမ်းကို မီးကျီးခဲပေါ်တင်၏။ နတ်ပန်းက ဝက်တစ်မ်းကို ကင်ပေး၏။ မသဲနုက ဝက်တစ်ခြမ်းကို လက်သီးဆုပ်ာက်တုံးပြီး ဝက်သားနှီချက်၏။ နတ်ပန်းသည် သူကိုယ်တိုင်ကင်



www.burmeseclassic.com

www.burmeseclassic.com



သော ဝက်နံကင်ကိုသာ ပလုတ်ပလောင်းစားသည်။

မသဲနုချက်သော ဝက်ကလီဇာနှင့် ဝက်သားနီချက်ကို လုံးဝ မစားပေ။ ထိုက်အောင်ဆိုသော လူငယ်စားပြလေးက နတ်ပန်းစားရန် ဝက်သားနီချက်ဟင်းနှင့် ဝက်ကလီဇာဟင်းကို လာပို့၏။

နတ်ပန်းက မစားလိုကြောင်း ငြင်းဆန်လိုက်သောအခါ မသဲနုကိုယ်တိုင် ဟင်းခွက်လာပို့သည်။

''စားကြည့်စမ်းပါ မောင်လေးရဲ့၊ မမနုကိုယ်တိုင် ချက်ထားတာပါ၊ ဝက်သားတွေက နူးအိပြီး ဇွန်းနဲ့တောင် ဖဲ့စားလို့ရပါတယ်''

''စားစမ်းပါ မောင်လေးက အရက်မသောက်တော့ ဒီ တောင်အရသာတွေ့မှာ၊ ဟောဒီ ဝက်ကလီဇာဟင်းကလဲ မဆလာ နိုင်လို့ မွှေးနေတာပဲ၊ ဟိုမူးတွေကတော့ ဘာအရသာတွေ့မှာလဲ မောင်လေးကသာ အရသာတွေ့မှာ''

မသဲနုက အမူပိုသလို မြူသလို မျက်နှာထားနှင့် ဝက်သား ဟင်းခွက်များကို ထိုးပေးနေသည်။

''နေပါစေဗျာ ကျွန်တော်က ဝက်သားမီးကင်ကို ပိုကြိုက် လို့ပါ''

''ဝက်သားမီးကင်က ဒီအတိုင်းစားလို့ပဲ ကောင်းမှာပေါ့ ကွယ်၊ ထမင်းနဲ့စားလို့ ဘယ်လိုက်ဖက်မလဲ၊ ဝက်သားနီချက်နဲ့ ဝက် ကလီဇာကသာ ထမင်းနဲ့စားလို့ လိုက်ဖက်တော့မှာပေါ့။ မမနုလက် ရာကို စားကြည့်ပါဦး''





''မစားကြည့်ပေမယ့် ဟင်းကြည့်တာနဲ့ ကောင်းမှန်း သိပါ တယ်ဗျာ၊ စားကြည့်စရာ မလိုပါဘူး''

''ဒါဖြင့်ရင် ဘာဖြစ်လို့ မစားတာလဲ''

နတ်ပန်းအဖို့ အလွန်အဖြေရကျပ်နေ၏။

ဝက်သားကင်သာ ကြိုက်လို့ ဝက်သားကင်သာစား ကြောင်း ပြောသော်လည်း ယုတ္တိမတန်ဖြစ်နေသည်။

မမနုက မျက်လုံးထောင့်ကပ်ကြည့်ကာ နတ်ပန်းကို မရို့ မချိပြုံးကြည့်ပြီး . . .

''ဘာလဲ အဆိပ်ခတ်ထားတယ် ထင်လို့လား''

နတ်ပန်းမှာ စိတ်မရှည်တော့ပေ။ ထို့ကြောင့် . . .

နတ်ပန်းက . . .

''ဒီမှာ မသဲနု ခင်ဗျားဟင်းခွက်တွေ သေသေချာချာ နမ်း ကြည့်စမ်း''

မသဲနုက မျက်စိမျက်နှာ ပျက်သွားပြီး ဟင်းခွက်နှစ်ခွက် ကို ကပျာကယာ နမ်းကြည့်လေသည်။

ထို့နောက် မသဲနုက ဣန္ဒြေဆည်ပြီး အပြုံးပန်းဝေကာ

''မောင်လေးကလဲ လျှောင်တတ်သားပဲ၊ ဘာဖြစ်လို့လဲ ဟင်းက မွှေးနေတာပဲ၊ ကောင်းကင်သိကြားမင်း စားဖိုချောင်မှာ တောင် မွှေးသွားမယ့်ဟင်းပါကွယ်''

နတ်ပန်းက အောက်ကလိအာသော လေသံကြီးနဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



''သေသေချာချာမှ နမ်းမကြည့်ဘဲ ခင်ဗျားဟင်းတွေက ညှီနေတယ်ဗျ''

''အို . . ရှင်''

နတ်ပန်းသည် ထိုမျှသာပြောပြီး ချာခနဲ လှည့်ထွက်ခဲ့လေသည်။ ထို့နောက် သူ့တဲကလေးသို့ ပြန်လာသည်။

ပြီးလျှင် သူ၏ဟွန်းတယောကလေးကို ယူပြီး သောင်ခုံသို့ ထွက်ခဲ့သည်။ လက်သန်းတို့အုပ်စုကား သောက်စားမူးယစ်ဆဲ ဖြစ်လေသည်။ လူငယ်တစ်စုက နတ်ပန်းထံ ရောက်လာသည်။

သူတို့ သီချင်းဆိုပြီး ကချင်သဖြင့် တယောထိုးပေးရန် တောင်းပန်လေသည်။

နတ်ပန်းက လေသံခပ်ပြင်းပြင်းနှင့် . . .

''ဘာလဲ မင်းတို့ မူးမူးရူးရူးနဲ့ အရက်မူးပြီး ကမှာကို ငါက တယောထိုးပေးရမယ် မဟုတ်လား၊ ဟော့ကောင်တွေ ငါက ဂုဏ်သိက္ခာ တန်ဖိုးထားတဲ့လူ၊ မင်းတို့လို အမူးသမားတွေ ယဉ်ကျေးမှုကို ဖျက်ဆီးတဲ့ အရူးသမားတွေကို ဘယ်တော့မှ ဂုဏ်တန်နဲ့ မဖျော်ဖြေဘူး''

နတ်ပန်းက ဟောက်လွှတ်သဖြင့် အမူးသမားတစ်စုက . .

''အို . . ဦးလေးနတ်ပန်းကလဲ ပျော်ပျော်ပါးပါးပေါ့''

''အရက်မူးပြီး သီချင်းအော်ဆိုတာ ပျော်စရာကောင်းတယ် ထင်သလား၊ ကိုယ်အရှက်နည်းတာ လူတကာကို ကြော်ငြာတာ''

''ဟောဒီ တောကြီးမျက်မည်း ဒူးထောင်ချောင်းကြားမှာ





ဘယ်သူရှိလို့လဲ ဦးနတ်ပန်းရာ''

''ဘယ်သူမှ မရှိပေမယ့် ကိုယ့်လိပ်ပြာကိုယ် ပြန်ရှက်ရတယ်ကွ''

နတ်ပန်း၏ အနေတည်ပုံ မျက်နှာထားတင်းပုံတို့ကြောင့် အမူးသမားတို့သည် သူတို့ဘာသာ လက်ခုပ်တီး၍ ကခုန်ပြီး သီချင်းဆိုကြသည်။

အတန်ကြာသော်အခါ ဒူးထောင်ချောင်းဘေးတွင် ငြိမ်သက်သွားသည်။ စခန်းတစ်ခုလုံး အသက်မရှိတော့သလို အိပ်မောကျသွားသည်။ နတ်ပန်းသည် သူ့ညီလက်သန်း၏ တဲရှိရာသို့ တိတ်တ ဆိတ် ချဉ်းကပ်သွားသည်။

အရက်မူးမူးနှင့် လက်သန်းသည် ကုလားသေကုလားမော အိပ်နေသည်။ ဟောက်သံများက သစ်ခုတ်သမား လွှဆွဲသလို အချိန်ခုန်မှန် ထွက်နေသည်။

နတ်ပန်းသည် လက်သန်း၏ ရတနာပစ္စည်းများ ထည့်သော အိတ်ကိုလွယ်ပြီး သူ့ညီလက်သန်းကို ထမ်းကာ ဒူးထောင်ချောင်းဘေး ကိုင်းတောထဲတွင် ချထားသည်။

နတ်ပန်းမှာ သူ့တဲသို့ ပြန်သွားကာ ရွာခေါင်း၏ နစ်လုံးပြူးသေနတ်ကို ယူကာ သူ့ညီလက်သန်း၏ နံဘေးတွင် လာထိုင်နေသည်။ နတ်ပန်းမှာ တစ်ညလုံး မအိပ်တော့ပေ။

ညနှစ်ချက်တီးခန့်တွင် သူတို့စခန်းဆီမှ သေနတ်သံကြား



www.burmeseclassic.com

www.burmeseclassic.com



ရပြီး ဘူးထောင်ချောင်းမှ ကကရံကြိုးဝိုင်းထဲသို့ တောတိုးသွားသ ကြားရသည်။ နတ်ပန်းက သဘောကျသလို ခေါင်းကို တဆတ်ဆတ် ညိတ်ပြီး သူ့ညီနံဘေးတွင် ဝင်အိပ်လိုက်သည်။

နတ်ပန်း အိပ်ရာမှ နိုးသောအခါ လက်သန်း၏ ဟော ဘွာ ဟောင်ဘွာနှင့် ဆူဆူညံညံအသံကို ကြားရသည်။

ဘူးထောင်ချောင်းဘေး စခန်းတစ်ခုလုံးသည် ကြွက်ကြွ ညံနေသည်။ နတ်ပန်းက ဘူးထောင်ချောင်းဘေးတွင် မျက်နှာသစ်ပြီး သောအခါ သေနတ်ကိုလွယ်ပြီး လက်သန်းရှိရာသို့ လျှောက်သွား သည်။ လက်သန်းမှာ ဒေါသထွက်ပြီး မျက်နှာကြီးမှာ ကြောက် ရာကောင်းနေသည်။

နတ်ပန်းကမူ မထေမဲ့မြင်ပြုံးပြီး . .

''ဟေ့ကောင် လက်သန်း ဘာဖြစ်နေတာလဲ''

''ဘာဖြစ်ရမှာလဲ အစ်ကိုရ၊ ဟိုကောင်မ သဲနုနဲ့ ထိုက် အောင်တို့ မရှိတော့ဘူး။ ကျွန်တော့်တဲတစ်ခုလုံးလဲ ရစရာမရှိအော မွှေသွားပြီ၊ တဲတစ်ခုလုံး ယမ်းငွေ့နံ့တွေ မွှန်နေတာပဲ''

လက်သန်းက ဒေါသထွက်နေသော်လည်း နတ်ပန်းက ဟားတိုက်ရယ်မောနေသည်။

''ဒီကောင်နဲ့ ဒီကောင်မ ထွက်ပြေးတာက အရေးမ ဘူး။ ကျွန်တော်တို့ ဝေစုမခွဲရသေးတဲ့ ရတနာတွေ ပါသွားတယ်ဗျ''

နတ်ပန်းက မျက်နှာထားတည်လိုက်ပြီး . .





''ရှိပါတယ်ကွာ ဒီအရေးတွေ မြင်လို့၊ မင်းကိုရော မင်းရဲ့ ရတနာတွေကို ညက ငါရွှေ့ပြောင်းထားတာပေါ့''

''ထိုက်အောင်က တဲထဲမှာ ကျွန်တော် ရှိတယ်ထင်ပြီး သေနတ်နဲ့ ပစ်တာဗျ၊ အစ်ကိုသာ ကျွန်တော့်ကို နေရာရွှေ့မထား ရင် ကျွန်တော် ညက အသေပဲ''

''အေး . . ငါထင်သားပဲ၊ မင်းတို့ ဒီလောက်အပျော်ကြူး နေရင် တစ်ခုခုဖြစ်မယ်လို့ ငါထင်သားပဲ။

ငါကြောက်တာက ပုလိပ်တွေ စခန်းကို လာဝိုင်းမှာပဲ၊ ပြီး တော့ ထိုက်အောင်ဆိုတဲ့ ကောင်လေး ဒီလိုလုပ်မယ်ဆိုတာ ငါ ထင် သားပဲ''

''ဘာလဲ ထိုက်အောင်က ပုလိပ်သူလျှိုလား''

''ဘယ်က ပုလိပ်သူလျှိုရမှာလဲ၊ သဲနုနဲ့ ပေါင်းကြံတဲ့ ကောင် ပါ''

''ဗျာ''

လက်သန်း အံ့သြသွားသည်။

''အစ်ကို သူတို့ထွက်ပြေးမှာ ကြိုတင်သိနေတာပေါ့''

''သိတာပေါ့ကွ၊ မင်းတို့စားတဲ့ ဝက်သားဟင်းထဲမှာ အိပ် ဆေးတွေထည့်ပြီး မင်းကိုသတ်၊ ရတနာပစ္စည်းတွေယူပြီး ထွက်ပြေး မယ်ဆိုတာ ငါသိသားပဲ၊ မင်းက မူးရူးနေလို့ ဘယ်သိမှာလဲ''

''ဒါနဲ့များ အစ်ကိုရာ ကျွန်တော့်ကို ဘာဖြစ်လို့ မပြော



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''ဘာဖြစ်လို့ ပြောရမှာလဲကွဲ၊ မင်းကလဲ ဆင်ခြင်ဉာဏ် ရှိတာမဟုတ်ဘူး၊ ဟိုကလဲ ဆင်ခြင်ဉာဏ် ရှိတာမဟုတ်ဘူး။ ဆင်ခြင်ဉာဏ်မရှိတဲ့ လူနှစ်ယောက်တွေ့ရင် ဘာဖြစ်မလဲ။ ပြီးတော့ ခြံခုန်ချင်တဲ့လူကို ခြံစည်းရိုး နိမ့်ပေးထားတာ၊ ကိုယ့်ခြံစည်းရိုးလဲ မပျက်ဘူး အန္တရာယ်မတွေ့ဘူးပေါ့''

''ဟာ . . ဘယ်ဟုတ်မလဲ၊ ဒီလိုမိန်းမမျိုးကို ဒဏ်ခတ်ရမှာပေါ့၊ သင်းတို့နှစ်ယောက်ကို ကျွန်တော် မြေလှန်ရှာမယ်''

နတ်ပန်းက ခေါင်းကို ခါယမ်းလိုက်ပြီး . . .

''အောင်မယ်လေးကွာ မြောင်းပုပ်ရေတွေ စီးဆင်းသွားတာများ မင်းက လွမ်းနာထနေရသေးတယ်''

''မဟုတ်ဘူး ကျွန်တော် သင်းတို့ကို လိုက်သတ်ရဦးမယ်''

''ဘာသတ်စရာ လိုသလဲကွာ၊ မင်းက ထိုက်အောင်ကို ကျေးဇူးတင်ရမယ်၊ မင်းမိန်းမ မသဲနုဟာ တကယ်တော့ ဖြုတ်မှာခေါင်းပါကွာ၊ ဖြုတ်မှာခေါင်း လက်ပြောင်းသွားတယ်လို့ သဘောထားပြီး ထိုက်အောင်ကို ကျေးဇူးတင်လိုက်စမ်းပါ''

''ဟင့်အင်း . . သူတို့သွေးကို သောက်ရမှ ကျွန်တော် ကျေနပ်နိုင်မယ်''

''လူယုတ်မာရဲ့သွေးဆိုတာ သွေးဆိုးပြည်ပုပ်ကွ၊ သွေးစက်စင်တာနဲ့ ပွဲးကွက်ထင်တာပဲ''



## အခန်း [၁၅]

ညတစ်ည . . .

လက်သန်းတို့ ဓားပြအဖွဲ့သည် လပွတ္တာမြို့နယ် ကျောင်းကုန်းရွာသို့ ရောက်နေသည်။

ကျောင်းကုန်းရွာသည် ပြာမလေ့မြစ်နှင့် ရွှေးမြစ်၏ ချောင်းလက်တက်ဖြစ်သော ကညင်တစ်ပင်ချောင်းတို့ဆုံရာ မြစ်ခွဆုံဖြစ်သည်။ ကျောင်းကုန်းရွာမှ လှမ်းကြည့်လျှင် ကျွန်းကြီးတစ်ခုခြားလျက် ဘီတွတ်ရွာကို တွေ့နိုင်သည်။

ကျောင်းကုန်း၏ မြောက်ဘက်၌ ကံဘဲ့ရွာ ရှိသည်။

လက်သန်းတို့ ကျောင်းကုန်းရွာသို့ ရောက်နေခြင်းမှာ ဓားပြတိုက်ရန် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြာမလေဘုမြစ်ထဲမှ ဖြစ်စေ၊ ရွှေးမြစ်ထဲမှ ကညင်တစ်ပင် ချောင်းအတွင်း ဖြတ်သန်းလာသော လှေသမ္ဗာန်၊ မော်တော်၊ သင်္ဘော တွေ့သမျှကို ဓားပြတိုက်ရန်ဖြစ်၏။

ညဆယ့်နှစ်နာရီခန့်တွင် ကျွန်း၏ အနောက်ဖက်ကမ်း ကျောင်းကုန်းရွာ၏ မြောက်ဘက် ကံဘဲ့ရွာဘက်မှ ရေကျနှင့်အတူ လှေတစ်စီးလိုလို ဖောင်တစ်ခုလိုလို ဆင်းလာ၏။

ထိုလှေလိုလို၊ ဖောင်လိုလိုပေါ်တွင် မီးရောင်လဲ့လဲ့ တွေ့ရသည်။ ဖောင်ပေါ်မှ လူသံသူသံ မကြားရ။

တိတ်ဆိတ်ငြိမ်သက်နေသည်။

နတ်ပန်းက ထိုရေကျနှင့် မျောလာသော လှေလိုလို ဖောင်လိုလို အရာကို ကြည့်ပြီးနောက် ဓားပြတိုက်ရလောက်အောင် ပစ္စည်းပါပုံမရဟု ယူဆသည်။

လက်သန်းကမူ ငါးပို့လှေဖြစ်စေ သူတို့ရိက္ခာအတွက် ဓား ပြတိုက်ရမည် ဆိုသည်။

သူတို့အဖွဲ့၌ ရိက္ခာပြတ်နေပြီဟု ဆိုသည်။

မျောလာသော ရေယာဉ်သည် တဖြည်းဖြည်းနှင့် နီးလာ သည်။ မြင်ကွင်းက ရှင်းလာသည်။

ထိုအရာသည် လှေမဟုတ်ပေ။ ဖောင်သာ ဖြစ်သည်။

အုံးသြစရာကောင်းသည်က ဓါတိုင်းတွေ့နေကျ သစ်ဖောင် များလို အကြီးကြီးနှင့် အရှည်ကြီးမဟုတ်ပေ။





ဖောင်က ခပ်သေးသေးသာ ဖြစ်သည်။

ထိုဖောင်ပေါ်တွင် တဲကလေးတစ်လုံးပါသည်။

ထိုတဲကလေးမှ မီးရောင်လဲ့လဲ့ကို မြင်ရခြင်း ဖြစ်သည်။

တဲမှာလည်း ခပ်သေးသေးဖြစ်ပြီး ဖောင်ကို ကာရံထားပုံ ရသည်။ လက်သန်းက ကညင်တစ်ပင်ချောင်းစပ်တွင် လူလုံးဖျောက် ထားသော သူ့လှေနှစ်စီးမှ လူများကို အသင့်ပြင်ခိုင်းသည်။

အကယ်၍ ဖောင်ရပ်မပေးပါက လိုက်လံတိုက်ရန် ဖြစ် သည်။ လက်သန်းက ပါးစပ်ပေါက်အေးတွင် လက်ဝါးကပ်ပြီး လှမ်းအော်သည်။

ဖောင်ပေါ်မှ တုတ်တုတ်မှ လှုပ်သံ မကြားရ။

လူများလှုပ်ရှားသည်ကိုလည်း မတွေ့ရပေ။

လက်သန်းက အော်ပြန်သည်။

''ဟေ့ . . ဟိုဖောင်ပေါ်က လူတွေ မကြားဘူးလား၊ ငါ အမိန့်ပေးနေတာ မကြားဘူးလား၊ လက်သန်းတဲ့ဟေ့''

''ဟေ့ . . ဟိုဖောင်ဆီကို လိုက်သွား၊ ဖောင်ပေါ်မှာတွေ့တဲ့ လူအားလုံး အရှင်ဖမ်းခဲ့၊ ငါ့အမိန့်ကို အာခံတဲ့လူတွေ ငါကိုယ်တိုင် ဆုံးမမယ်၊ ကြိုးတုတ်ပြီး ခေါ်ခဲ့''

ကညင်တစ်ပင်ချောင်းထဲမှ ဘောက်တူနှစ်စီးသည် အလျှင် မြန်နေသည်။ ဘောက်တူနှစ်စီးသည် မျောပါနေသော သစ်ဖောင်ဆီသို့ ဦးတည်ပြေးလွှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောက်တူပေါ်မှ ခါးပြမျှားကလည်း ဖောင်ကလေးဆီသို့ လှမ်းအော်လေသည်။

''ဟေ့ . . ဟိုဖောင်ပေါ်ကလူတွေ ဖောင်ကို အရှိန်သတ်စမ်း၊ မသတ်ရင် ပစ်ထည့်လိုက်မယ်''

ဖောင်သည် ရေစီးတွင် မျောပါဆဲပင်။

မကြာမီပင် ဘောက်တူကြီးနှစ်စင်းသည် ဖောင်ကို မီသွားပြီး ဝိုင်းလိုက်ကြသည်။

ထို့နောက် လှေပေါ်မှ လူအချို့ ဖောင်ပေါ်တက်သွားသည်ကို မြင်ရသည်။

''ဖောင်ထဲမှာ လူတစ်ယောက်ပဲ ပါတယ် အာကိုဂျီး''

ဖောင်ပေါ်သို့ တက်သွားသော လက်သန်း၏တပည့် ကုလားရန်းဂါးက လှမ်းအော်သည်။

လက်သန်းက လှမ်းအော်ပြီး အမိန့်ပေးလိုက်သည်။

''အဲဒီလူကို လက်ကြိုးချည်ပြီး ဒီကိုခေါ်ခဲ့''

ရန်းဂါးက လှမ်းအော်သည်။

''လူမဟုတ်ဘူး အာကိုဂျီး၊ ဘုန်းကြီး . . ဘုန်းကြီး၊ စကားလဲ မပြောဘူး၊ မေးလို့လဲမရဘူး''

''ဘုန်းကြီးသော ဘာသော နားမလည်ဘူး။ ကြိုးချည်ပြီး ဒီကိုခေါ်ခဲ့၊ ဝစီပိတ်တရား ကျင့်နေတာနဲ့ တူတယ်ကွ''

ဘောက်တူကြီးနှစ်စီးသည် ဖောင်ကလေးကို ညှပ်ပြီးလျှင်





ကျောင်းကုန်းရွာသို့ ခေါ်လာကြသည်။

လက်သန်းသည် ဘောက်တူလှေနှစ်စီးနှင့် ဖောင်ကလေးကို လည်တဆန့်ဆန့်နှင့် မျှော်ကြည့်နေသည်။

လက်သန်း၏ မျက်နှာသည် စိတ်မရှည်နိုင်ပုံ ပေါ်နေလေသည်။ မကြာမီ ဘောက်တူနှစ်စီးက ညှပ်ခေါ်လာသော ဖောင်ကလေးသည် ကျောင်းကုန်းရွာ ကမ်းစပ်ဆီသို့ ရောက်လာလေသည်။

ထူးဆန်းသည်မှာ ဖောင်ကလေး၏ ပတ်လည်တွင် ဝါးရာဇမတ်ကာနှင့် ဖြစ်သည်။

ခါးပြဗိုလ်ကြီး လက်သန်းသည် သူ့ကို အာဏာဖီဆန်ပြီး ဆက်မျောချသွားသော ဖောင်ပေါ်မှလူကို ဆုံးမရန် ကမ်းစပ်သို့ ပြေးဆင်းသွားသည်။

လက်သန်းသည် လက်နှိပ်ဓာတ်မီးကို ကိုင်ပြီး ကြီးမားသော ရာဇဏ္ဍူမြွေနှင့် ဖောင်ကလေးပေါ် လှမ်းတက်သွားသည်။

လက်သန်းသည် တဲကလေးအတွင်း ထိုင်နေသော သင်္ကန်းဝါဝါနှင့် ရဟန်းကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်လေသည်။

အဝေးက ကြည့်သောအခါ ဖောင်ပေါ်မှ တဲကလေးဟု ထင်ရသည်။ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သောအခါ တဲမဟုတ်ဘဲ ကျောင်းဆောင်ခပ်ကြီးကြီး ဖြစ်နေသည်။

ထို့ပြင် ဖောင်ပတ်ပတ်လည်ကို ဝါးရာဇမတ်ကာထားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟိုက် . . .''

လက်သန်း ပါးစပ်မှ အာမေဋိတ်သံ ကျယ်လောင်စွာ ထွက်သွားသည်။

လက်သန်း အံ့သြမည်ဆိုပါကလည်း အံ့သြစရာပင်။

ဖောင်ပေါ်ရှိ တဲကလေးထဲတွင် သီတင်းသုံးနေသည့် သက်ရှိရဟန်းတစ်ပါး မဟုတ်ပေ။

ရှင်ဥပဂုတ်ကိုယ်တော် သစ်သားရုပ်ပွားတော်ပင် ဖြစ်လေသည်။ ပန်းပုထုသူနှင့် ဆေးခြယ်သူ လက်ရာမြောက်သဖြင့် ရဟန်းတစ်ပါးနှင့် တူနေသည်။

ရှင်ဥပဂုတ်ကိုယ်တော်သည် သပိတ်ကို လက်နှိပ်၍ လက်ကို စောင်းကာ နေကြည့်နေပုံမှာ ပီပြင်လှသည်။

ဆရာမှာလျှင် မှာသည့်အတိုင်းသာ လုပ်တတ်သော ရန်ဂါးက ရှင်ဥပဂုတ်ကိုယ်တော်အား ကြိုးနှင့်တုပ်ထားလေသည်။

''ဟိုက် . . ဗုဒ္ဓေါ မြတ်စွာဘုရား''

ရှင်ဥပဂုတ္တမထေရ်ကို ကြိုးတုပ်ထားသည်ကို တွေ့ရသဖြင့် လက်သန်း အံ့သြထိတ်လန့်သွားပြန်သည်။

''ဟေ့ကောင် ရန်ဂါး၊ မင်း လုပ်လိုက်မှ သောက်ရမ်းချည်းပဲ၊ ရှင်ဥပဂုတ် ကိုယ်တော်မြတ်ကြီးကို ကြိုးချည်ရလား၊ အခုချက်ချင်း ကြိုးဖြေပေးလိုက်''

ရန်ဂါးကား စောဒက တက်နေသေးသည်။





''အာကိုကျီးပဲ ကြိုးချည်ဆို''

ရန်ဂါးသည် ဖောင်ပေါ်တက်ပြီး ကြိုးဖြေပေးနေသည်။

ရှင်ဥပဂုတ်ကိုယ်တော်ကြီးရှေ့တွင် မီးအိမ်တစ်လုံး ရှိနေပြီး ဆွမ်း၊ ရေချမ်း၊ ပန်းများ၊ ဝေဝေဆာဆာ ကပ်ထားကြလေသည်။

နတ်ပန်းသည် ကမ်းစပ်သို့ ဆင်းလာသောအခါ ရှင်ဥပဂုတ်ဖောင်တော်မှန်း သိသွားလေသည်။

နတ်ပန်းသည် အသံပြကြီးနှင့် တဟားဟား ရယ်မောလေတော့သည်။

''အောင်မယ်လေး လက်သန်းရယ် မြန်မာပြည်မှာ ငါ တစ်ခါမှ မကြားဖူးဘူး။ ရှင်ဥပဂုတ်ဖောင်တော် ခေးပြတိုက်ခံရတယ်လို့ ခင်းလက်ထက်ကျမှပဲ ကြားဖူးတယ်၊ ကမ္ဘာကို ကျော်ရောကွာ၊ ကြားလို့တောင် မကောင်းဘူး။ ဟား . . ဟား . . ရှင်ဥပဂုတ်ဖောင်ကိုတောင် ခေးပြတိုက်တဲ့ကောင်''

နတ်ပန်းသည် ပြောရင်း ခွက်ထိုးခွက်လန် ရယ်နေလေသည်။ လက်သန်းလည်း လွန်စွာရှက်သွားသည်။

သူ့အဖြစ်ကလည်း အလွန်ထူးဆန်းလှသည်။

ရှင်ဥပဂုတ်ကိုယ်တော်ကို ခေးပြတိုက်သူအဖြစ် လူကြားလျှင် လွန်စွာရယ်စရာကောင်းနေလေသည်။

နတ်ပန်းသည် ရယ်ကြောကို အတော့မသတ်နိုင်သေးပေ။

''ဟား . . ဟား . . အရပ်ရပ် နေပြည်တော် ကြားလို့မှ



www.burmeseclassic.com

www.burmeseclassic.com



မတော်ဘူး၊ ရှင်ဥပဂုတ်ဖောင်တော် ဓားပြတိုက်တဲ့ကောင်၊ အဲ့ရော ကွာ မြန်မာပြည်မှာ ရှင်ဥပဂုတ်ဖောင်ကို ဓားပြတိုက်တာ မြန်မာ ရာဇဝင်မှာ မင်းတစ်ယောက်ပဲ ရှိတယ် လက်သန်း . . အောင်မယ် လေးဟဲ့''

လက်သန်း စိတ်ရှုပ်နေသည်။

နတ်ပန်းကလည်း အလိုက်ကန်းဆိုး မသိဘဲ ဟားတိုက် ရယ်မောနေရာ လက်သန်း စိတ်မရှည်နိုင်တော့ပေ။

''အစ်ကိုကလဲ ရယ်ပဲရယ်နေတာပဲ''

နတ်ပန်းက အရယ်မရပ်သေးဘဲ . .

''ဟား . . ဟား . . ဟား . . ရယ်မှာပေါ့ကွ၊ ဆရာနဲ့ တပည့်က လိုက်လဲလိုက်ပါ့ကွာ၊ ရှင်ဥပဂုတ်ကိုယ်တော် ရုပ်တုကို စကားလဲ မပြောဘူး၊ မေးလို့မရဘူး ရန်းဂါး ပြောတာ၊ မင်းက ဝစီ ပိတ်တရား ကျင့်နေတာတဲ့၊ ဆရာတပည့် လိုက်လဲ လိုက်ပါ့ကွာ၊ ဘုန်းကြီးရူးနဲ့ လှေလူးဆိုတာ အဲဒါပေါ့''

''အို . . အစ်ကိုကလဲ သူက ဘုန်းကြီးဆိုတာကိုး ဗျ''

''ဘုန်းကြီးမှန်းသိရင် ဘာဖြစ်လို့ ကြိုးချည်နိုင်းရသလဲ၊ အခုတော့ ရှင်ဥပဂုတ်ကိုယ်တော်ကြီး ကြိုးချည်ခံရတယ်ကွာ၊ မင်း လက်ထက်ကျမှ ရှင်ဥပဂုတ်ကိုယ်တော်ကို ကြိုးချည်ထား၊ ဟား . . ဟား . . ဟား''

ရိက္ခာပြတ်နေသဖြင့် တွေ့သမျှ လှေ၊ သမ္ဗန်၊ မော်တော်၊





သင်္ဘောတို့ကို ဓားပြတိုက်မည်ဟု စိတ်ကူးထားသော လက်သန်း တို့အဖွဲ့သည် ရှင်ဥပဂုတ်ဖောင်တော်ကို ဓားပြတိုက်မိရာ လက် သန်းသည် စိတ်ပျက်နေမိသည်။

နတ်ပန်းက လက်သန်းကို ခြောက်လှန့်လိုက်ပြန်သည်။

''ရှင်ဥပဂုတ်ဖောင်တော် ကမ်းကပ်ရင် အလှူအတန်း ပေးရ တယ်နော်၊ အကောင်းဆုံးကတော့ မင်း ဓားပြမတိုက်တော့ပါဘူးလို့ လှူလိုက်''

လက်သန်းက စိတ်မရှည်သော လေသံနှင့် . . .

''အို . . မလှူနိုင်ပါဘူး''

''အေး . . ဓားပြဘဝကို မလှူနိုင်ရင် ပစ္စည်းတော့လှူ''

''အို . . ဘယ်လိုလုပ် လှူမှာလဲ၊ ရိက္ခာပြတ်လို့ ဓားပြ တိုက်ပါတယ်၊ ရှင်ဥပဂုတ်ကိုယ်တော်ကို ဘယ်လိုလှူမှာလဲ''

''မလှူရင် မြန်မြန်မျှောလိုက်။ ရှင်ဥပဂုတ်ကိုယ်တော် ဖောင် ဆိုက်ရင်တော့ ဖောင်ဆိုက်တဲ့ ကျေးရွာက ဝမ်းသာအားရ လှူကြတာ။ တချို့မြို့ကြီးတွေများဆိုရင် ရှင်ဥပဂုတ်ဖောင်တော်ဆိုရင် ဝမ်းသာလွန်းလို့ လှူဒါန်းရုံတင် မကဘူး၊ ပွဲတွေ၊ အငြိမ့်တွေတောင် ခံကြတယ်''

မှန်သည်။

နတ်ပန်း ပြောသည့်အတိုင်းပင် ဧရာဝတီတိုင်း အတွင်း၌ ရှင်ဥပဂုတ်ဖောင်တော်မျှောသော ဓလေ့ပိုရှိပြီး အလှူအတန်း ပြု



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုရှင်ဥပဂုတ် ဖောင်တော်ပေါ်တွင် ဆန်၊ ဆီ၊ ဆား၊ ငါး ခြောက်စသော ရိက္ခာများကို ထည့်ပေးပြီး လှူဒါန်းတတ်သည်။

ဖောင်ဆိုက်ရာ ရပ်ရွာမှ ထိုဖောင်နှင့်အတူ ပါလာသော ရိက္ခာနှင့် သံဃာတော်များကို ဆွမ်းကပ်သည်။

ဖောင်ဆိုက်ခံရသော ရွာကလည်း ထပ်မံ၍ ဆန်၊ ဆီ၊ ငါး ခြောက်စသော ရိက္ခာများ ဖောင်ပေါ်တင်ပြီး လှူဒါန်းရသည်။

ယခု သူတွေ့ရသော ဖောင်ပေါ်၌ကား ဆန်၊ ဆီ၊ ဆား၊ ငါး ခြောက် စသော ရိက္ခာခြောက်များကို မတွေ့ရသည်မှာ ဆန်းနေပြန်သည်။ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့မှ မျှောချလိုက်သော ရှင်ဥပဂုတ်ဖောင်တော်သည် တစ်ခါတစ်ရံ လေကြောင်းသင့်ပါက တစ်ကျွန်းခေါ် အက်ဒမန်ကျွန်းသို့ ရောက်သွားလေ့ရှိသည်။

အက်ဒမန်ကျွန်းတွင် ကျွန်းကျလူဆိုးကြီးများမှ ပေါက်ဖွားလာသော မြန်မာလူမျိုးများ အများကြီး ရှိနေကြလေသည်။

ရှင်ဥပဂုတ်ဖောင်တော် အက်ဒမန်ကျွန်း၌ ဆိုက်ပြီဆိုလျှင် မြန်မာလူမျိုးများ မျက်ရည်ဝဲရသည်ဟု ဆိုသည်။

အဘယ်ကြောင့်ဆိုသော် ရှင်ဥပဂုတ်ဖောင်တော်သည် သူတို့ချစ်သော မြန်မာနိုင်ငံမှလာပြီး မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးစံ အငွေ့အသက်များကို သယ်ဆောင်လာသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံမှ ရှင်ဥပဂုတ်ဖောင်တော် အက်ဒမန်ကျွန်းတွင်





ဆိုက်လျှင် ထိုကျွန်းရှိ မြန်မာများသည် မြန်မာနိုင်ငံကို အလွန်လွမ်းပြီး ပြန်ပြေးလာချင်စိတ်ပင် ပေါက်သည်ဟု ဆိုကြလေသည်။

"ကဲ . . ရှင်ဥပဂုတ်ဖောင်တော်ကို ပြန်မျှောလိုက်ကြ၊ ဘယ်နှယ်ဗျာ မရှိလို့ ဓားပြတိုက်စားပါတယ်၊ လှူရဦးမယ်ဆိုတော့"

လက်သန်းက သူ့တပည့်များကို အမိန့်ပေးလိုက်သည်။

ဘောက်တူတစ်စင်းက ရှင်ဥပဂုတ်ဖောင်တော်ကို ဆွဲပြီး ရေစီးကြောင်းရှိရာသို့ ဆွဲသွားသည်။

ဖောင်တော်သည် ရေစီးကြောင်းသို့ ရောက်သွားသောအခါ ဆက်မျှောသည်။ ဖောင်ပေါ်၌ မီးရောင်လှဲ့လှဲ့သည် ဝေးသွားသည်။

ထိုညက အာရုံတက်သည်အထိ ပြာမလော့မြစ်ထဲ၌လည်းကောင်း၊ ရွှေးမြစ်မှလာသော ကညင်ပင် ချောင်းထဲ၌ လည်းကောင်း၊ မည်သည့်လှေမှ မတွေ့ရသဖြင့် နတ်ပန်းနှင့် လက်သန်း ပြန်ရန် ပြင်ဆင်ကြသည်။

နတ်ပန်းနှင့် လက်သန်းတို့ ဘောက်တူနှစ်စီးပေါ်သို့ ရောက်သွားသည်။ ဘောက်တူထဲ၌ ဆန်နှစ်အိတ်၊ ဆီပုံးနှင့် ငါးခြောက်များကို တွေ့လိုက်ရသည်။ အလာတုန်းက ဘောက်တူပေါ်တွင် ဘာမျှမရှိပေ။ ယခုမူ ဆန်၊ ဆီ၊ ဆားနှင့် ရိက္ခာအပြည့် ဖြစ်နေသည်။

လက်သန်းက အံ့ဩသွားပြီး ပေါကြွယ်ကို မေးလိုက်သည်။

"ဟေ့ . . ပေါကြွယ်၊ ဒီ ဆန်၊ ဆီ၊ ဆားနဲ့ ငါးခြောက်ပြား

www.burmeseclassic.com



တွေက ဘယ်ကလဲ၊ အလာတုန်းက တို့လှေပေါ်မှာ ဘာမှမပါပါဘူး''

ပေါကြွယ်က ဂုဏ်ယူသော လေသံနှင့် . . .

''ဘာရမလဲ ဆရာ၊ ခုနက ရှင်ဥပဂုတ် ကိုယ်တော်ကြီး ဖောင်ပေါ်မှာ ပါလာတဲ့ ရိက္ခာပစ္စည်းတွေလေ၊ ဆန်နှစ်အိတ်နဲ့ ဆီ တစ်ပုံး၊ ပြီးတော့ ငါးခြောက်တွေပါ ယူထားလိုက်တာပေါ့။ ကျွန်တော် တို့မှာ ရိက္ခာပြတ်နေတယ် မဟုတ်လား''

လက်သန်းသည် လွန်စွာအံ့ဩသွားပြီး . . .

''သေဟဲ့ . . နန္ဒိယ''

စောစောက မှားယွင်းပြီး ရှင်ဥပဂုတ်ဖောင်တော်ကို ဓား ပြတိုက်ရန် ကြံစည်ခြင်းမျှသာ ဖြစ်သည်။

ယခုမှ ရှင်ဥပဂုတ် ဖောင်တော်ထံမှ တကယ်ဓားပြတိုက် ထားလိုက်ပြီဖြစ်ကြောင်း လက်သန်း သိလိုက်ရသည်။

နတ်ပန်းသည် ဆန်အိတ်နှစ်အိတ်နှင့် ဆီပုံးကို မြင်ပြီး ပေါကြွယ်၏ စကားကို ကြားရကတည်းက ရယ်နေပြန်သည်။

''ဟား . . ဟား . . ဟား၊ ကောင်းရောကွာ မင်း တပည့် တွေကတော့ တောက်ပြောင်အောင် အရှုံးပေးရမယ်၊ လက်ကျလက်စ က တယ်ကောင်းသကိုး၊ စောစောက လူမှားပြီး ဓားပြတိုက်တာ အခုမှ တကယ့်ကို ရှင်ဥပဂုတ်ကိုယ်တော်ကြီး ဓားပြတိုက်ခံရတာ ဟား . . ဟား . . ဟား''

နတ်ပန်းသည် ခွက်ထိုးခွက်လန် ရယ်ပြန်သည်။





''ဟား . . ဟား . . မင်းတပည့်တွေ လုပ်တာနဲ့ ရှင်ဥပဂုတ် ကိုယ်တော်ကြီးတော့ လမ်းမှာ ဆွမ်းတော် ငတ်တော့မှာပဲ၊ ဘယ့် နှယ် မင်းတို့က ကိုယ်တော်ကြီးရဲ့ ရိက္ခာတွေကို ဆွဲယူထားလိုက် တာကိုး''

လက်သန်းသည် ဘောက်တူလှေပေါ်တက်ပြီး မတ်တတ် ရပ်လိုက်သည်။ ပြာမလော့မြစ်ထဲ မျောသွားသော ရှင်ဥပဂုတ် ဖောင်တော်ကို လက်သန်းသည် မျှော်ကြည့်နေသည်။

မီးငြိမ်းသွား၍လားမသိ ရှင်ဥပဂုတ်ဖောင်တော်ကိုလည်း မတွေ့ရ။

မီးရောင်လဲ့လဲ့ကိုလည်း မတွေ့ပေ။

သူ့တပည့်များ ရှင်ဥပဂုတ်ဖော်တောင်ပေါ်မှ ဆွဲချထား သော ဆန်အိတ်နှင့် ဆီပုံးများကို လက်သန်းသည် ပြန်ပေးလိုဟန် ရှိသည်။ သို့သော် ရှင်ဥပဂုတ်ဖောင်တော်ကို မတွေ့ရတော့ပေ။

နတ်ပန်းက . . .

''ဟော့ကောင် လက်သန်း၊ ဘာလဲ မင်းက ရှင်ဥပဂုတ်ဖောင် တော်ကို ကြည့်နေတာလား၊ ဘယ်ရှိမလဲ၊ မင်းတို့ဓားပြတွေ ကြောက် လို့ ကိုယ်တော်ကြီးလဲ သုတ်ခြေတင်ရတာပေါ့၊ အေး . . ငါတို့ ဒီလို သာ ရှင်ဥပဂုတ်ဖောင်တော်ကို မကြာခဏ ဓားပြတိုက်ရင် နောင် နှစ် ရှင်ဥပဂုတ်ဖောင်တော် မျောတဲ့အချိန်ရောက်ရင် ရှင်ဥပဂုတ် ကိုယ်တော်ကြီးက သူ့ဖောင်ပေါ်မှာ ပုလိပ်အစောင့် လိုက်ခိုင်းပါလို့



www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်တွေကို အိပ်မက်ပေးပြီး တောင်းလိမ့်မယ်၊ မယုံရင် ကြည့်နေ''

လက်သန်းက သူ့အစ်ကိုကို စိတ်မရှည်တော့ဘဲ

''မဟုတ်ပါဘူး အစ်ကိုကလဲ ရယ်ဖို့ပဲ သိတယ်၊ ကျွန်တော်က ဖောင်ပေါ်က ယူချလာတဲ့ ပစ္စည်းတွေ ဖောင်ပေါ် ပြန်တင်မလို့၊ ဒါကြောင့် ဘောက်တူကာခ်စင်းကို လိုက်ခိုင်းမလို့''

''မင်းရဲ့ ဘောက်တူကို တွေ့တာနဲ့ ရှင်ဥပဂုတ်ကိုယ်တော်ကြီး ကျောင်းတော်ထဲက ဆင်းပြီး ရေတဲဆင်းငုပ်နေမှာ။ စောစောက ပစ္စည်းတင်ယူပြီး အခု ရှင်ဥပဂုတ်ကိုယ်တော်ကြီးကို ပြန်ပေးဆွဲမယ်လို့ ထင်နေမှာ၊ ပစ္စည်းကို ယူချင်ယူပါ၊ လူကိုတော့ ချမ်းသာပေးပါလို့ ရှင်ဥပဂုတ်ကိုယ်တော်ကြီးက ပြောသွားသကွ''

★ ★ ★



## အခန်း[၁၆]

နတ်ပန်းသည် လက်သန်းတို့ ဓားပြအဖွဲ့မှ လမ်းခွဲထွက်ပြီး တစ်ကိုယ်တည်း နေထိုင်လေသည်။ နတ်ပန်းသည် လက်သန်း၏ အပြုအမူ အကျင့်စရိုက်များကို မကြိုက်သည်မှာ ကြာလေပြီ။

တခေါက ပုစွန်ဖောင်တစ်ခုကို ဓားပြတိုက်သော ကိစ္စကိုမူ နတ်ပန်း တော်တော်မကျေမနပ် ဖြစ်မိသည်။

လက်သန်း၏ အပြုအမူမှာ ရက်စက်ယုတ်မာလွန်းသည် ဟု ထင်သည်။

ထိုစဉ် နတ်ပန်းသည် ဒူးထောင်းချောင်းထဲတွင် စခန်းစောင့်အဖြစ် ကျန်ရစ်သည်။ လက်သန်းနှင့် သူ့တပည့်များ ဟိုင်းကြီးကျွန်း အနီးရှိ ပုစွန်ဖောင်တစ်ခုကို ဓားပြသွားတိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုစွန်ဖောင်မှာ အကျများသဖြင့် ငွေရေးကြေးရေး ချောင်သည်။ ပုစွန်ဖောင်လုပ်သည်မှာလည်း နှစ်ပရိစ္ဆေဒကြာပြီဖြစ်၍ ငွေကြေးစုဆောင်းမိနေပြီ ဖြစ်သည်။

ထို့ကြောင့် လက်သန်းတို့အဖွဲ့က ထိုပုစွန်ဖောင်ကို မျက်စိကျနေသည်မှာ ကြာပြီဖြစ်သည်။

ပုစွန်ဖောင်ကို သွားတိုက်သောအခါ ထင်သလောက် ငွေမရပေ။ ပိုင်ရှင်ဦးစံဖြောက သူတို့သည် ပုစွန်ဖောင်သို့ ငွေယူလာလေ့မရှိ။ ရသမျှ ပုစွန်များကို ရန်ကုန်–ပုသိမ် အစရှိသော ငါးဒိုင်များကို ထည့်သွင်းရာတွင်လည်း ချက်ချင်း ငွေချေလေ့မရှိ။

နှစ်လတန်သည် သုံးလတန်သည် သို့မဟုတ် ရာသီကုန်သောအခါမှ ငွေကို ချေလေ့ရှိကြောင်း ရှင်းပြသည်။

လက်သန်း လိုချင်လျှင် တိုင်းကြီးသို့ ပြန်ပြီး ငွေယူပေးမည် စောင့်ပါဟု ပြောသည်။ ထို့ကြောင့် လက်သန်းသည် ပုစွန်ဖောင်ကို ရောက်နေသော ဦးစံဖြောသမီး မွှေးချောရီဆိုသူကလေးကို ပြန်ပေးဆွဲသွားသည်။ လက်သန်းက ငွေနှင့်ရွေးရမည်ဟု ချိန်းခဲ့သည်။

ထိုအချိန်တွင် လက်သန်းတို့နောက်သို့ ဘောက်တူလှေနှစ်စင်းနှင့် လိုက်နေသော ငပုတောမြို့မှ ပုလိပ်များက လက်သန်းတို့ကို သေနတ်နှင့် လိုက်ပစ်သည်။

လက်သန်းတို့ လက်လွတ်ထွက်ပြေးရသည်။

နတ်ပန်းကမူ ဤအပြုအမူသည် ရက်စက်ယုတ်မာသည်





ု ထင်သည်။

ထို့ကြောင့် နတ်ပန်းသည် သူ့ညီလက်သန်းတို့နှင့် လမ်းခွဲခြင်း ဖြစ်သည်။ နတ်ပန်းသည် လုံးထွင်းလှေကလေးကို သူ့ဘာသာင်းပြီး သူ၏ပွန်းတယော၊ လက်သန်းထံမှ ယူခဲ့သော ရွာခေါင်း၏ ်လုံးပြူးနှင့် စားအိုးစားခွက်များကို ပေါင်းမိုးထဲထည့်ကာ ထွက်ခဲ့သည်။

ပထမတွင် နတ်ပန်းသည် ငါးဖမ်းပိုက်တစ်စုံဝယ်ပြီး သူ့ုံးထွင်းလှေကလေးနှင့် ငါးရှာကြည့်သေးသည်။

သူ့ဝမ်းရေးကို သူ ရိုးရိုးသားသား ရှာဖွေရန် ဖြစ်သည်။

သို့သော် သူကိုယ်တိုင်က ပိုက်တန်းချရာတွင် မကျွမ်းကျင်သဖြင့် ငါးမမိပေ။ ထို့ပြင် သူနှင့်အတူ ငါးရှာစားကြသော တံငါရေမျိုးမှုဆိုးတို့က သူ့ကို သင်္ကာမကင်းဖြစ်ကြသည်။ ရင်းရင်းနှီးနှီး မပေါင်းကြပေ။

ရှင်းရှင်းဆိုရသော် တံငါရေမှုဆိုး အသိုင်းအဝိုင်းမှ နတ်ပန်းကို လက်မခံလိုကြပေ။ အားလုံးက နတ်ပန်းကို ဝိုင်းပယ်ကြသည်။

နတ်ပန်းသည် မည်သူ့ကိုမှ ရန်မလုပ်ဘဲ သူ့လုံးထွင်းလှေင့် ရှောင်ထွက်ခဲ့သည်။ ထိုစဉ်တွင် နတ်ပန်းသည် ဆရာမွေးချင်သော ထော်ကြီးဆိုသူနှင့် တွေ့ရသည်။

ထော်ကြီးသည် တံငါအလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်သဖြင့် ပင်ပန်းသည် ထင်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်က ပြန်လာသူဖြစ်ရာ ရန်ကုန်တွင်လည်း မည်မျှ ရရအလုပ် မလုပ်ခဲ့ဘဲ ရွှေကြိုယောင်ယောင် ခါးပိုက်နှိုက်ယောင်နှင့် ယောင်သုံးဆယ်လုပ်ခဲ့သူ ဖြစ်သည်။ ထိုစဉ်က နတ်ပန်းသည် ... တောမြို့၌ ဝေနမြစ်ရိုးရှိ သစ်ပုတ်ဆိပ်၌ စခန်းချနေသည်။

ထော်ကြီးသည် လေ့ပေါ်၌ နတ်ပန်း ဟွန်းတယောထိုးသည်ကို လာနားထောင်းရင်း နှစ်လုံးပြူးသေနတ်ကို တွေ့သွားလေသည်။

ထော်ကြီးသည် မြင်ရုံနှင့် ပျင်းရိမည့်သူမှန်း သိသာလောက်အောင် ခါးကြော့ရှည်သူ ဖြစ်၏။

အရပ်ကြီး မိုးထိုးနေသည်။

သွားများက အလွန်ခေါနေရာ ပါးစပ်ကို စေ့မရအောင် ဖြစ်နေ၏။ ထော်ကြီးသည် နတ်ပန်းကို ဆရာမွေးတော့၏။

ထော်ကြီးက ' အရင်းမရှိ အဖျားမရှိ ပြောလေသည်။

''တကယ်ပါပဲ အာစရိရာ၊ အာစရိရုပ်နဲ့ဆိုရင် ကျွန်တော် ပြောတဲ့အလုပ်က သိပ်ကိုက်တာပဲ''

''ဘာအလုပ်လဲကွ''

''ခါးပြတိုက်ဖို့ပေါ့ဗျ''

''ဓားပြတိုက်တာနဲ့ ငါ့ရုပ်နဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ဗျ။ အာစရိရုပ်က ဓားပြရုပ်ပဲ''

''ဟေ ...''

''မဟေနဲ့ အာစရိက မည်းမည်းကြုတ်ကြုတ် ထောင်





ထောင်မောင်းမောင်းနဲ့ မျက်လုံးကပြူးပြူး၊ ပါးစပ်ကပြဲပြဲ၊ နှာခေါင်း ကလန်လန်နဲ့ဆိုရင် ထုတ်မပြောဘဲ မျက်စိနဲ့ ကြည့်တာနဲ့ ဓားပြမှန်း သိပါတယ်''

''ဟေ ... ငါ့ရုပ်က ဒီလောက်တောင် ဆိုးသလား''

''ဆိုးတာတော့ မဟုတ်ပါဘူး၊ ဓားပြရုပ်ကို ပေါက်တာ ပြောတာပါ။ အာစရိကို တွေ့တာနဲ့ လူတွေ အလိုလိုကြောက်ပြီး ရှိသမျှပစ္စည်း ချန်မထားဝံ့ဘဲ အကုန်ထုတ်ပေးမှာ''

နတ်ပန်းက သူ့ကို ရုပ်ဆိုးသည် ပြောသဖြင့် ကျွဲမြီးတိုသွားသည်။

''မင်းပြောသလိုဆိုရင် ငါ့ကို ရုပ်ဆိုးဆိုးမွေးရလားလို့ အမေ့ကို ငါမကျေနပ်နေတာ၊ အခုတော့ ငါ့ကို ဓားပြရုပ်ပေါက်အောင် မွေးခဲ့လို့ အမေ့ကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ။ ပြီးတော့ ငါရုပ်ဆိုးလွန်းလို့ ငါ့ကိုယ်ငါ မကျေနပ်ဖြစ်နေတာ၊ ဒီတစ်ခါတော့ ဝမ်းသာရလို ဖြစ်နေပြီ၊ ငါ ရုပ်ဆိုးတာ ဒီတစ်ခါပဲ ဝမ်းသာမိတယ်ကွာ''

နတ်ပန်းက ဝေ့ပြောလိုက်ခြင်း ဖြစ်၏။ ထော်ကြီးကမူ

''လူတွေမှာ ဥပဓိရုပ် အရေးကြီးတယ် အာစရိ၊ အာစရိဆိုရင် ပါးစပ်က ထုတ်မပြောရလောက်အောင်ကို ဓားပြရုပ်ပေါက်တယ်''

နတ်ပန်းကလည်း ထော်ကြီး၏ ရှေ့သို့ ငေါထွက်နေသော သွားခေါကြီးကို ကြည့်ပြီး ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါ ဓားပြလုပ်ရင်လဲ မင်းနဲ့ ဘယ်တော့မှ မလုပ်ဘူး''

''ဘာဖြစ်လို့လဲ''

''မင်းက ပါးစပ်လုံမှာ မဟုတ်ပါဘူး''

''ဟာ . . အာစရိကလဲ ဘာဖြစ်လို့ ပါးစပ်မလုံရမှာလဲ''

''ဘယ်လိုလုပ် မင်းက ပါးစပ်လုံမှာလဲ၊ မင်းက သွားအလွန်ခေါတဲ့အကောင်ပဲ၊ မသေမချင်း မှတ်ထား၊ သွားခေါတဲ့လူဟာ ပါးစပ်က မလုံတတ်ဘူးကွ''

''ဟာ . . အာစရိကလဲ ကျွန်တော်က တကယ်အောက်မေ့လို့၊ ဟား . . ဟား . . ဟား''

ထော်ကြီးက နတ်ပန်း၏ ပြက်လုံးကို သဘောကျသွားသဖြင့် ဟားတိုက်ရယ်မောလေသည်။

''ဟား . . ဟား . . ဟား''

နတ်ပန်းကလည်း သူ့ပြက်လုံးကို သူသဘောကျကာ တဟားဟားမောနှင့် ရယ်မောပြန်သည်။ နတ်ပန်းသည် တံငါရေမျိုး ရေလုပ်ငန်းအဖြစ် သူ့ဝမ်းသူ ကျောင်းလိုသော်လည်း အဆင်မပြေသဖြင့် သူ့ကာယ ဓားပြအဖြစ် တစ်စင်ထောင်ရတော့သည်။

သို့သော် . . .

နတ်ပန်းမှာ စိတ်ရင်းကောင်းသူဖြစ်၍ သူ၏ ဓားပြဘဝမှာလည်း အဆင်ပြေလှသည်ဟု မဆိုသာပေ။

တစ်ညတွင် နတ်ပန်းနှင့် ထော်ကြီးတို့သည် ရွာတစ်ရွာ





အနီးရှိ အိမ်စုကလေးသို့ ဓားပြသွားတိုက်သည်။

ထိုအိမ်မှာ တစ်ရွာလုံးတွင် အကောင်းဆုံးဖြစ်၏။

ခြေတံရှည်ပျဉ်ခင်း ပျဉ်ကာသွပ်မိုးနှင့် ဖြစ်၏။

ထိုအိမ်တွင် နေထိုင်သူမှာ ပိုက်ဆံရှိသော အပျိုကြီး ကျောင်းဆရာမတစ်ဦးဟုလည်း လက်ထောက်ချသူက သတင်းပေးထားသည်။ အိမ်ကြီးတစ်လုံး၌ အဒေါ်တစ်ယောက်နှင့် နေသည်ဟု သိရသည်။ ထို့ကြောင့်

ထိုကျောင်းဆရာမ အပျိုကြီးအိမ်ကို ဓားပြတိုက်ရလျှင် ဘန်ကျမည်ဟု သူတို့နှစ်ယောက် စိတ်ကူးယဉ်နေကြသည်။ သူတို့မှာ နှစ်ယောက်တည်းဖြစ်၍ ဓားပြတိုက်၍ မဖြစ်။

အိမ်တံခါးကို အတင်းအဓမ္မ ဖွင့်ခိုင်းသံကြားလျှင် အိမ်နားနီးချင်းများ ဝိုင်းလာနိုင်သည်။ ထို့ကြောင့် အနုကြမ်းစီးရန် စီမံရ၏။

အိမ်တံခါးကို ပရိယာယ်နှင့် ဖွင့်ခိုင်းပြီး ဝင်ရန်ဖြစ်သည်။

အနုကြမ်းစီးမည့် ညသို့ ရောက်သောအခါ မှန်အိမ်ကိုင်ပြီး ဆရာမအပျိုကြီး အိမ်ရှေ့မှ သွားခေါ်သည်။

''ဆရာမ . . ဆရာမ ကျွန်တော်တို့ ငပုတောမြို့ကပါ၊ ညာအုပ်က ကျောင်းစစ်လာမယ့်အကြောင်း ကြိုတင်ပြီး လာပြောခိုင်းလို့ပါ''

ဆရာမအပျိုကြီးသည် ပညာအုပ်ဟူသော အသံကြားသည်နှင့် တံခါးကို အလွယ်တကူ ဖွင့်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး အသက်လေးဆယ်ခန့်ရှိပြီး လည်ပင်းတွင် ရွှေဆွဲကြိုး၊ လက်တွင် ရွှေလက်ကောက်၊ နားတွင် နားကပ်၊ အင်္ကျီတွင် ရွှေကြယ်သီး၊ ခေါင်းက ဘီးစပတ်တွင် ရွှေဆံထိုးနှင့် ဖြစ်ရာ ပတ်လို့ရသမျှ အကုန်ဝတ်ထားရာ ဓားပြများ ဝမ်းသာသွားကြသည်။ အိမ်အတွင်းသို့ ရောက်သည်နှင့် သူတို့နှစ်ယောက်သည် ဆရာမအပျိုကြီးကို ဖမ်းဆီးလိုက်တော့သည်။

နတ်ပန်းက နှစ်လုံးပြူးသေနတ်ကို ပြသည်။

ချိန်ရွယ်ခြင်း မပြုပေ။

နတ်ပန်းက မျက်လုံးပြူးကြီးပြူး၍ ခြိမ်းခြောက်လိုက်ပြီး

''ကဲ .. ဆရာမ၊ ရွှေတစ်ဆယ်သားနဲ့ ငွေတစ်ထောင် ထားတာ၊ အခုချက်ချင်းပေး မပေးရင် ဒီဘဝမှာ လင်မရဘဲ အပျိုကြီးဘဝနဲ့ သေသွားရမယ်''

ဆရာမကြီးသည် ရုပ်ဆိုးသလောက် နှုတ်ချိုပြီး စာအသင် အပြနှင့် အပြောအဟော ကောင်းသည်ဟု ကျော်ကြားသူ ဖြစ်သည်။ ဆရာမကြီးက ကြောက်ရွံ့တုန်လှုပ်သွားဟန်နှင့် ပြောပြောရာ ပြောလိုက်သည်။

''အောင်မယ်လေး လူကိုတော့ ချမ်းသာပေးပါရှင်၊ ပစ္စည်းကိုတော့ မထိခိုက်ပါနဲ့''

ထိုစကားကို ကြားသောအခါ ထော်ကြီးက ကျွဲမြီးတိုသွားပြီး ...





''လူကိုတော့ ချမ်းသာပေးပါ၊ ပစ္စည်းကိုတော့ မထိခိုက်ပါ ဆိုတော့ ကျုပ်က ဘာယူရမလဲ ပြောပါဦး''

ဆရာမကြီး ကြောက်ရွံ့ပြီး စကားမပြောနိုင်ပေ။

''ဪ .. အင်း .. အင်း''

''ပြောစမ်းပါဦးဗျ ဓားပြလဲ လူပါပဲ၊ သူ့ဘက်ကိုယ့်ဘက် ကြည့်ပြီး စဉ်းစားမှပေါ့၊ ကိုယ်ချင်းစာမှပေါ့။ ခင်ဗျားကို ဓားပြတိုက်ပါတယ်ဆိုမှ ပစ္စည်းလိုချင်လို့ပေါ့။ ပစ္စည်းမရရင် လူသတ်ရမှာပေါ့။ ခင်ဗျားက ပစ္စည်းလဲ မယူပါနဲ့၊ လူလဲ မသတ်ပါနဲ့ဆိုတော့ ဘာသွားယူရမှာလဲ။ ခင်ဗျားကို ဓားပြ လာတိုက်မယ့်အစား အိမ်မှာ အိပ်နေတာက ကောင်းဦးမယ်''

ဆရာမအပျိုကြီးသည် စိတ်တည်ငြိမ်မှု ရစေရန် ကြိုးစားပြီး ...

''ဒီလိုပါ''

''ဘယ်လို ဒီလိုပါလဲ''

''ဆရာမ ရှင်းပြပါရစေကွယ်''

''ရှင်းပြပါ''

''ကဲ .. မင်းတို့အားလုံး လက်ပိုက်လိုက်စမ်း၊ ဆရာမ ရှင်းပြမယ်''

နတ်ပန်းနှင့် ထော်ကြီးတို့သည် ယောင်ရမ်း၍ လက်ပိုက်လိုက်သည်။ နောက်မှ စာသင်ရခြင်း မဟုတ်ဘဲ ဓားပြတိုက်ရခြင်း

www.burmeseclassic.com



ဖြစ်ကြောင်း သတိရမိလေသည်။

နတ်ပန်းက ယောင်ပြီး လက်ပိုက်နေရာ နှစ်လုံးပြူး နတ်ကြီးကိုပါ ပိုက်ထား၍ သေနတ်သည် မိုးပေါ်ထောင်နေသည်။

ထော်ကြီးက ကပ်၍ သတိပေးရသည်။

"ဓားပြတိုက်နေတာနော် ဓားပြတိုက်နေတာ"

ဆရာမကြီးက . . .

"မင်းတို့ကွယ် . . မိန်းမသားတန်မယ့် ရှာထားတဲ့ ပစ္စည်း ကို ယောကျ်ားကြီးတန်မယ့် လိုချင်ရတယ်လို့၊ ကြား . . ကြား ပေါင်ကွယ်"

ထော်ကြီးက . . .

"အခု ကြားဖူးပြီ မဟုတ်လား၊ ဆရာမကြီး သိထား ကျွန်တော်တို့ ဆရာမကြီးကို ဓားပြတိုက်နေတာနော်၊ ဘုရားရ စေ၊ အလှူခံနေတာ မဟုတ်ဘူး"

"ပြီးတော့ မင်းတို့ စဉ်းစားကြည့်စမ်း၊ ကျောင်းဆရာ အလုပ်ဟာ အလွန်မွန်မြတ်ပြီး သမ္မာအာဇီဝလုပ်ငန်းကွယ့်၊ ဒီ ငန်းက ရတဲ့ငွေကို ဓားပြတိုက်ရင် ငရဲသိပ်ကြီးတာ၊ မင်းတို့ မကြား ဖူးဘူးလား"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

နတ်ပန်းက ပြောလိုက်သည်။

"ပြီးတော့ ကျောင်းဆရာဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတ





ထားရတာကွယ့်၊ မင်းတို့ ကျောင်းဆရာကို ဓားပြတိုက်ရင် ဘုရားကို ဓားပြတိုက်သလိုပဲ၊ အဲဒီလို ဘုရားနဲ့ တစ်ဂိုဏ်းတည်းဖြစ်တဲ့ ကျောင်းဆရာကို ဓားပြတိုက်ရင် ဥပစ္ဆေဒကံ ထိုက်တယ်ဆိုတာ မင်းတို့ မကြားဖူးဘူးလား"

"ပဉ္စာနန္တရိယကံပါ ဆရာမ"

ဘုန်းကြီးကျောင်းတွင် အတန်ကြာ နေခဲ့ဖူးသော နတ်ပန်းက ဆရာမကြီး၏ အမှားကို ပြင်ပေးလိုက်ရသည်။

"အေး . . အေး၊ ပဉ္စာနန္တရိယကံ ထိုက်တယ်"

ထိုအခါ ထော်ကြီးက စကားဝိုင်းထဲ ဝင်လာသည်။

"ကျွန်တော်တို့က ပဉ္စာနန္တရိယကံ ထိုက်မှာထက် ဒုဗ္ဘိက္ခန္တရကပ်ကို ပိုကြောက်လို့ ဓားပြတိုက်ရတာပါ၊ ကျွန်တော်တို့ကို ပဉ္စာနန္တရိယကံထိုက်မှာစိုးရင် ဆရာမကြီးကပဲ ပေးကမ်းစွန့်ကြဲလှူဒါန်းတဲ့ အနေနဲ့ လှူလိုက်ပါ"

"ဘယ်လောက် လှူရမှာလဲ"

"ရွှေတစ်ဆယ်သားနဲ့ ငွေတစ်ထောင်ပါ"

"အောင်မယ်လေး . . တစ်ခါမှ ဒီလောက် ပစ္စည်းကို အိပ်မက်တောင် မမက်ဖူးဘူး"

ထော်ကြီးက အိမ်ကြီးခေါင်မိုးကို လက်ညှိုးထိုးပြလိုက်ပြီးလျှင် . . .

"အိမ်ကြီးကိုလဲ အားနာပါဦး ဆရာမရယ်"



www.burmeseclassic.com

www.burmeseclassic.com



''အောင်မယ်လေး . . မင်းတို့က ဒီအိမ်ကြီးကို ကြည့်ပြီး ဆရာမကို အထင်ကြီးနေတာကိုး၊ မင်းတို့ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုတာ ကြားဖူးသလား''

ထော်ကြီးက ခေါင်းညိတ်ပြီး . .

''ဟုတ်ကဲ့ ကြားဖူးပါတယ်''

ဆရာမကြီးက နတ်ပန်းဘက်သို့ လှည့်ပြီး . . .

''မင်းကော နေတော့ ပျဉ်ထောင်၊ စားတော့ ချဉ်ပေါင်းဆိုတာ ကြားဖူးသလား''

နတ်ပန်းက . . .

''ဟုတ်ကဲ့ ကြားဖူးပါတယ် ဆရာမ''

''အေး . . ဆရာမ ဘဝမှာလဲ အဲဒီလိုပါပဲ၊ ဒီအိမ်ကြီးအကြောင်းကို ပြောလိုက်ရရင် မင်းတို့အားလုံး မျက်ရည်တောက်တောက် ကျလိမ့်မယ်။ ဒီအိမ်ကြီးက ဒီးစကြိုတ်ကောင်စီကျောင်းရဲ့ ငွေက ခဏာလှည့်ပြီး ဆောက်ရတာ၊ သစ်တွေကလည်း ကျောင်းဆောက်ဖို့ ပိုပြီးဝယ်ထားလို့ရတာ၊ သွပ်တွေကလဲ ဒီလိုပဲ ကျောင်းဆောက်ဖို့ ပိုတဲ့ထဲက သွပ်တွေ။ ဒါတောင် လက်သမားခမရှိလို့ ရှိတဲ့ လက်ဝတ်လက် စားကလေးတွေ ထုခွဲရောင်းချပြီး ပေးလိုက်ရတာ၊ ရှိသမျှကုန်တဲ့အပြင် ငွေချေးရတာ၊ အခုတောင် အတိုးဆပ်ရတုန်းပဲ''

ထော်ကြီး ဆရာမကြီး၏ခန္ဓာကိုယ်တစ်ခုလုံးပေါ်တွင် ဝတ်လို့ရသမျှ အတုန်ဝတ်ထားသော ရွှေလက်ဝတ်ရတနာပစ္စည်းများ





ကို လက်ညှိုးထိုးပြပြီး . . .

''ဒါ . . လက်ဝတ်ရတနာတွေက ဘာတွေလဲ''

ထိုအခါ ဆရာမကြီးက လည်ပင်းမှဆွဲကြိုးနှင့် လက်မှ လက်ကောက်များကို ဆွဲချွတ်လိုက်ပြီး ပတ်ဝန်းကျင်တွင် တစ်စုံတစ်ယောက် ကြားသွားမည့်အလား လှည့်ကြည့်လိုက်ပြီး အသံခပ်အုပ်အုပ်နှင့် ပြောလိုက်သည်။

''ပြောရမှာလဲ ရှက်ပါတယ်၊ ဒါက လူရှိသေ ရှင်ရှိသေ ဝတ်ထားရတာကွယ်၊ အားလုံးက ခနေပြုဦးဖိုးချမ်းရဲ့ ပစ္စည်းတွေ အတုတွေချည်းပဲ၊ မင်းတို့လိုချင်ရင် ယူသွားပါ။ တော်တော်ကြာ မင်းတို့ကွရောက်မှာ ဆရာမက သနားလို့၊ ခါးပြတိုက်တာမမိဘဲ ရွှေကိုသွားရောင်းမှ အတုကြီးဆိုပြီး အဖမ်းခံရမှာစိုးလို့''

ပြောပြောဆိုဆို ဆရာမကြီးက ရွှေဆွဲကြိုးနှင့် လက်ကောက်များကို အတင်းထိုးပေးနေသည်။

''မယူပါဘူးခင်ဗျ၊ မယူပါဘူး''

နတ်ပန်းနှင့် ထော်ကြီးတို့က အတင်းအဓမ္မ ငြင်းရလေသည်။ ထိုအခါ ဆရာမကြီးသည် ဆွဲကြိုးနှင့် လက်ကောက်တို့ကို တော်တော့ဘဲ အခန်းထောင့်သို့ ပစ်စလက်ခတ် ပစ်ချလိုက်သည်။

ထိုပစ္စည်းများ တန်ဖိုးမရှိလေဟန် အမူအရာနှင့် ဖြစ်သည်။

နတ်ပန်းနှင့် ထော်ကြီးတို့ကလည်း ယခုလို ပစ်စလက်ခတ် ထားသဖြင့် အတုတွေပါဟု ယုံကြည်သွားသည်။ အမှန်မှာ ရတနာ



www.burmeseclassic.com

www.burmeseclassic.com



အစစ်များ ဖြစ်သည်။

ထော်ကြီးကမူ မကျေနပ်ဟန်နှင့် သူ့သွားခေါကြီးများပေ
အောင် ပါးစပ်ဟ၍ ခပ်မာမာနှင့် ပြောလေသည်။

''ရွှေတွေက အတုတွေဆိုရင် ငွေတော့ ပေးလိုက်ဗျာ၊ ခင်
ဗျားဆီက ဘာမှမယူဘဲ ပြန်သွားရင် ခေးပြသိက္ခာကျတယ်ဗျ''

ဆရာမကြီးက မျက်လုံးပြူးသွားပြီး . . .

''အောင်မယ်လေး . . ငွေ . . ငွေ ဟုတ်။ ဒီနေ့ ဘယ်နှ
ရက်နေ့လဲ သိလား၊ နှစ်ဆယ့်သုံးရက်ကွယ့်။ အစိုးရအမှုထမ်းတွေအ
တွက် ပြတ်တုန်းလတ်တုန်း နှစ်ဆယ့်သုံးတဲ့။ ဒီလိုငွေမရှိတဲ့နေ့က
မင်းတို့က ခေးပြလာတိုက်ရသလားကွယ့်။ ဆရာမ အားနာလိုက်
တာ၊ မင်းတို့ကလဲ အစိုးရအမှုထမ်းတွေအိမ် ခေးပြတိုက်မယ်ဆိုရင်
လဆန်းရက် တိုက်ရတယ်ကွယ့်၊ နောက်ကို မသေမချင်း မှတ်ထား
ကွယ့်။ ဒါမှ လခထုတ်ပြီး ရက်ကလေးဆိုတော့ မင်းတို့ အစဉ်ချော
ရတာပေါ့''

ထော်ကြီးက မရမကချိုင်ပြီး ငွေတောင်းသော်လည်း ဆရာမ
ကြီး ရှင်းပြပုံကြောင့် စိတ်ပျက်သွားသည်။

ထော်ကြီးက တစ်စုံတစ်ရာ ပြောမည်ပြုစဉ် ဆရာမကြီးက
စကားဆက်ပြန်သည်။

''ဒီမှာ မင်းတို့မှိုလို ပြောရဦးမယ်၊ အခု မင်းတို့က ငွေ
တောက ပညာအုပ်က လွှတ်လိုက်တယ်ဆိုတော့ ဆရာမခေါင်းတို





ကြီးသွားတာပဲ။ ဆရာမက ဒီစတြိတ်ကောင်စီကပေးတဲ့ ကျောင်း
ရန်ပုံငွေကိုကော အစိုးရက ကျောင်းအတွက် ထုတ်ပေးထားတဲ့ အသုံး
စရိတ်ကော ယူသုံးထားမိတာ၊ အဲဒီငွေတွေတောင် ဘယ်လိုပြန်
ထည့်ရမလဲ မသိဘူး၊ ဟီး . . ဟီး . . ဟီး . .။ တကယ်လို့ ပညာအုပ်
လာပြီး ကျောင်းစစ်လို့ကတော့ အလုပ်လဲပြုတ်၊ ထောင်လဲကျမှာပဲ၊
ဟီး . . ဟီး . . ဟီး . .''

ဆရာမကြီးသည် ပြောရင်းဆိုရင်းနှင့် ဝမ်းနည်းသွားဟန်
နှင့် ငိုချနေလေသည်။ ထိုအခါ နတ်ပန်းက ထော်ကြီးကို မျက်စပစ်ပြပြီး

''ကိုင်း . . သွားစို့ကွာ၊ တော်တော်ကြာ ငွေတစ်ပြားမှ
မရတဲ့အပြင် ကျောင်းရန်ပုံငွေကိစ္စ တို့ကို အမှုပတ်လာဦးမယ်၊ တို့
မှာလဲ စိုက်ပေးစရာမရှိဘူး''

နတ်ပန်းသည် နှစ်လုံးပြူးသေနတ်ကြီးကို ပိုက်ထားရာမှ
စိတ်ပျက်လက်ပျက်နှင့် ပြန်ရန်ပြင်လေသည်။

ထော်ကြီးကမူ ဆရာမကြီးကို ရွံရှာစက်ဆုပ်သလို ကြည့်
ပြီး . . .

''ဆရာမကြီး ဒီလိုတော့ မရက်စက်နဲ့ဗျာ၊ ကျွန်တော်တို့
ခေးပြတွေဘက်ကလဲ ပြန်စဉ်းစားဦး၊ ဆရာမကြီးရဲ့အိမ် ခေးပြလာ
တိုက်ပြီး ငွေတစ်ပြားမှ မရဘူးဆိုရင် ခေးပြသိက္ခာကျတယ်၊ အဲဒီ
တော့ . . .''

ဆရာမကြီးသည် မျက်ရည်ကိုသုတ်ပြီး နှပ်ညှစ်နေရာမှ . .



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ ဆရာမ မင်းတို့အတွက် ဘာလုပ်ပေးရမလဲ''

ထော်ကြီးက . .

''စတီအဖြစ် ငွေတစ်မတ်တော့ ပေးလိုက်ဗျာ၊ ကျွန်တော်တို့ ခားပြတိုက်တာ ဆရာမကြီးအိမ် ဈေးဦးပေါက်ပဲ။ ဈေးဦးပေါက်မှာ တစ်ပြားမှ မရဘူးဆိုရင် ကျွန်တော်တို့ ခားပြတွေအဖို့ လာဘ်တိတ်တယ်ဗျ''

ဆရာမကြီးသည် သူ၏ချွေးခံအိတ်ထဲမှ ငွေကို နှိုက်ထုတ်လိုက်ရာ မတ်စေ့မပါဘဲ မူးစေ့သာ ပါလာသည်။

''အားနာပါတယ်၊ အကြွေတစ်မတ် မရှိဘူး၊ တစ်မူးပဲ ယူသွားပါ။ ရပါတယ်ကွယ်၊ စတီသဘောမျိုးပဲဟာ၊ မတ်စေ့ဆိုရင် ဘူးတို့ခနဲ့ တူနေဦးမယ်၊ နိမိတ်မကောင်းဘူး''

ထော်ကြီးသည် ဆရာမကြီးလက်ထဲမှ ငွေတစ်မူးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

သူတို့စခန်းသို့ ပြန်ရောက်သောအခါ စတီအဖြစ် ယူလာသော ငွေတစ်မူးမှာ အစစ်မဟုတ်ဘဲ ခဲမူးစေ့ကြီး ဖြစ်နေတော့သည်။

''ရက်စက်ပါပေ့ ဆရာမကြီးရယ်''

နတ်ပန်းက . . .

''ရက်စက်တာတော့ မပြောနဲ့ဟေ့၊ ကျောင်းရန်ပုံငွေတွေကို ခားပြတိုက်သွားတယ်လို့ ပြောချင်ပြောဦးမှာ၊ တို့ ငွေတစ်ပြားမှ မရခဲ့တာ ဘယ်သူမှ မသိဘူး''



## အခန်း[၁၇]

ရွှေးမြစ်၊ ဝေန်မြစ်၊ ပြာမလေဘ့မြစ်ဟု မြစ်သုံးစင်းတို့၌ နတ်ပန်းသည် ရေကြောင်း ခားပြကြီး ဖြစ်နေလေပြီ။

နတ်ပန်း၏တပည့်ထော်ကြီး၏ စည်းရုံးမှုကြောင့် နတ်ပန်းတို့အဖွဲ့တွင် ခားပြအင်အား တစ်ဆယ်ခန့်မျှ စုမိလေပြီ။

နတ်ပန်းသည် ရေကြောင်းခားပြဖြစ်သော်လည်း ခားပြတိုက်ရာတွင် အလွန်ညာတာစိတ် ရှိသည်။

နတ်ပန်းသည် ဘယ်သောအခါမျှ လူမသတ်။ မုဒိန်းမကျင့်ပြန်ပေးမဆွဲပေ။ ရဟန်းသံဃာ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးသူငယ်များဆီကမူ ပစ္စည်းများကို ဘယ်သောအခါမှ မယူပေ။

ထို့ပြင် ခားပြတိုက်၍ ရသမျှပစ္စည်းများကို ပိုင်ရှင်ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



စုပုံပြီး နှစ်ပုံခွဲကာ တစ်ပုံကိုသာ ယူသည်။ ကျန်တစ်ပုံကို ပိုင်ရှင်များကို ပြန်ပေးသည်။ ထို့ကြောင့် ရေကြောင်းဓားပြ နတ်ပန်းသည် အမှန် သမာဓိစိတ္တရှိသည်ဟု ကျော်ကြားလေသည်။

နတ်ပန်းတပည့် ထော်ကြီးကမူ နတ်ပန်းကို အလွန်စိတ်ပျက်လေသည်။

''ဒီလောက်တောင် ဖြစ်ရင်လဲ ဘာဖြစ်လို့ ဓားပြတိုက်နေရတာလဲ အာစရိရယ်၊ ဘုန်းကြီးပဲ ဝတ်နေပါရော့လား''

ဟု ပြောယူရသည်။

နတ်ပန်းက . . .

''ဟော့ကောင်၊ ငါက ဘုန်းကြီးဝတ်ဖို့ ငယ်စဉ်ကတည်းက စိတ်ကူးထားတာ၊ လူသတ်မိလို့ကွ၊ ငါဘုန်းကြီးဝတ်ရင် လူသတ်ကောင်က ဘုန်းကြီးဝတ်တယ်ဆိုပြီး ဘုန်းကြီးလောက နာမည်ပျက်မှာ စိုးလို့ကွ''

ဟု ပြန်ပြောလေ့ရှိသည်။

နတ်ပန်းသည် ကလေးလည်ပင်းတွင် ဆွဲထားသော 'ပစ္စည်းများကို ဘယ်တော့မှ ချွတ်မယူဟု သိရသောအခါ လူအများသည် နတ်ပန်းဟု အသံကြားသည်နှင့် ကလေးများ၏ လည်ပင်းတွင် သူတို့၏ဆွဲကြိုးများကို ဆွဲပေးထားတော့သည်။

နတ်ပန်းက ကလေးများ၏ လည်ပင်းတွင် ဆွဲထားသော ရတနာပစ္စည်းများကို 'ခမဲ'ဟု သဘောထားသောကြောင့် မယူခြင်း





ဖြစ်၏။

ဓားပြတိုက်ခံရသော လူများကမူ ကလေး၏လည်ပင်းသည် သူတို့ပစ္စည်းကို လုံခြုံစွာ သိမ်းဆည်းထားသော မီးခံသေတ္တာဟု ထင်လေသည်။

တစ်ခါတုန်းက မင်္ဂလာဆောင်သွားသော မော်တော်တစ်စီး နတ်ပန်းတို့အဖွဲ့က ဓားပြတိုက်ရာ အမျိုးသမီးများက သူတို့၏ ဆွဲကြိုးများကို ကလေး၏ လည်ပင်းတွင် ဆွဲပေးထားရာ ဆွဲကြိုးပေါင်း ဆယ်ကိုးမကာ ရှိနေလေသည်။

နတ်ပန်းသည် ဆွဲကြိုးဆယ်ကိုးခန့်နှင့် ကလေးကို ကြည့်ပြီး ဟားတိုက်ရယ်မောလေသည်။

ထော်ကြီးကမူ ကလေးလည်ပင်းမှ ဆွဲကြိုးဆယ်ကိုးခန့်ကို ယူရန် ကြိုးစားလေသည်။ နတ်ပန်းက မယူရန် တားဆီးလေသည်။

ထိုအခါ ထော်ကြီးက . . .

''အာစရိရ ခင်ဗျားကတော့ ကလေးလည်ပင်းကို ခမဲလို့ သဘောထားတယ်၊ ကျွန်တော်ကတော့ အမဲလိုပဲ သဘောထားတယ်၊ ဒါ ဘာမှမဟုတ်ဘူး၊ ခင်ဗျားက ကလေးလည်ပင်းက ရဏနာဆိုရင် ခမဲလို့ သဘောထားပြီး မယူဘူးဆိုတာနဲ့ ဓားပြတိုက်ခံရတဲ့ လူတွေက လူလည်ကျပြီး သူတို့ရှိသမျှဆွဲကြိုးတွေကို ကလေးလည်ပင်းမှာ ဆွဲပေးထားတာ၊ ဒါဟာ လူလည်ကျတာ သက်သက်ပဲဗျ၊ ဒါကို ယူကိုယူရမယ်''



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းက မျက်လုံးကြီးပြူးပြီး ထော်ကြီးကို ပြောလိုက်သည်။

''ယူရဲရင်ယူလေ၊ မင်း သတ္တိရှိရင် ကလေးလည်ပင်းဆီကို လက်ရွယ်ကြည့်လေ၊ စမ်းကြည့်ပါလား ဟော့ကောင်၊ ဒါဟာ ငါထုတ်ထားတဲ့ ဥပဒေပဲ၊ ကလေးလည်ပင်းက ရတနာကို ခမဲလို့ သဘောထားပြီး ဥပဒေထုတ်ထားတာ ငါပဲ၊ ဓားပြပေမယ့် ကိုယ်ထုတ်ထားတဲ့ ဥပဒေကို ကိုယ်လေးစားရတယ်ကွ''

ထော်ကြီးက မကျေမနပ်နှင့် . . .

''ဒါ . . လူလည်ကျတာဗျ၊ ကလေးလည်ပင်းကို ဆွဲကြိုးတွေ စွပ်ထားလိုက်တာ ကြည့်စမ်းပါဦး၊ ဘိုးဘိုးကြီး နတ်ရုပ်ကို ပန်းကုံးစွပ်ထားသလိုပါပဲ၊ ဒါ လူလည်ကျတာ''

နတ်ပန်းက . . .

''လူလည်ကျတာလို့ ယူဆလို့ရသလို လိမ္မာပါးနပ်တာလို့ ယူဆလို့ရတယ်၊ ဥပဒေ လိုက်နာတာလို့လဲ ယူဆလို့ ရတယ်ကွ''

ထော်ကြီးက . . .

''ဓားပြတိုက်တာပဲဗျာ ဝိနည်းကလဲ သိပ်များတာပဲ၊ ရတဲ့ ပစ္စည်းကျတော့လဲ တစ်ဝက်စီပုံပြီး ပြန်ပေးရတယ်''

''ဟော့ကောင် တို့ဓားပြတိုက်တာ ဆင်းရဲသားတွေကွ၊ သူတို့ရှိသမျှ သေတ္တာအောက်ဆုံးက ပစ္စည်းတွေပါလုန်ပြီး အလှူရှိလို့ မင်္ဂလာဆောင်ရှိလို့ ဝတ်လာတာ၊ အကုန်ယူလိုက်ရင် တစ်ခါတည်း





မွဲသွားမှာပေါ့၊ အေး . . နိုင်ငံခြားက ဘဏ်သူဌေးတွေ တွေ့ရင်တော့ တွေ့တဲ့ပစ္စည်းအကုန်ယူလဲ ဘာမှမဖြစ်ဘူး၊ သူတို့ပစ္စည်း အများစုက ဘဏ်မှာ အပ်ထားတာကွ၊ တို့မြန်မာတွေ ရှိသမျှပစ္စည်းကို ဘဏ်မှာအပ်တာ မဟုတ်ဘူး၊ သေတ္တာအောက်ခံမှာ ဝှက်ထားတာ''

ဓားပြတိုက်ခံရသူများကလည်း အလွန်ပါးနပ်ကြသည်။

နတ်ပန်းက ကိုယ်ဝန်ဆောင်များကို ဓားပြမတိုက်ဟု ဆိုသည်နှင့် ဓားပြတိုက်ခံရသော မိန်းမများသည် သူတို့၏ အဝတ်အစားများကို ဗိုက်ပေါ်တင်ပြီး ထဘီနှင့်ပတ်ကာ ဗိုက်ကြီးသည်ဟန် ဆောင်တတ်သည်။

တစ်ခါက အသက်ခုနစ်ဆယ်ခန့် အဘွားကြီးသည် အယောင်ယောင် အမှားမှားနှင့် ဗိုက်ကြီးသည်ဟန်ဆောင်ရာမှ ဗိုက်အောက်မှ အဝတ်ထုပ် ပြုတ်ကျဖူးလေသည်။

နတ်ပန်းကမူ အသက်ခုနစ်ဆယ်ကျော်မှ ဗိုက်ကြီးသည် ဟန်ဆောင်သော အဘွားကြီးကို ကြည့်ပြီး အသံပြဲကြီးနှင့် ဟားတိုက်ရယ်မောလေသည်။

တစ်ခါက နတ်ပန်းတို့အဖွဲ့သည် သမ္ဗန်တစ်စီးကို ဓားပြတိုက်လေသည်။ ထိုသမ္ဗန်ကြီးမှာ ပစ္စည်းထုပ်များ အစုလိုက်၊ အပြုံလိုက် ပါလာရာ နတ်ပန်းတို့အဖွဲ့သည် ရိက္ခာတော့ ဖူလုံပြီဟု ယူဆပြီး ဝမ်းသာသွားသည်။

ဓားပြလှေသည် သမ္ဗန်အနီးသို့ ချဉ်းကပ်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



လှေသမားသုံးယောက်အပြင် ပေါင်းမိုးထဲ၌ အသက်ငါးဆယ်ခန့် ရှ
ကြီးတစ်ယောက်နှင့် အသက်ဆယ့်ငါးနှစ်ခန့် ယောကျ်ားကလေ
တစ်ယောက် ပါလာလေသည်။

နတ်ပန်းတို့ ခရီးသည်အဖွဲ့ သမ္ဗန်ပေါ်သို့ ရောက်သွားသော
အခါ ထိုလူကြီးနှင့် ကလေးတို့သည် တစ်ယောက်နှင့် တစ်ယော
ဖက်ပြီး ပေါင်းမိုးထဲ၌ ပုန်းနေကြသည်။ နတ်ပန်းက ထိုလူကြီးနှ
ကလေးငယ်ကို ခေါ်ထုတ်လိုက်သည်။ ကလေးငယ်က နတ်ပန်း
ခြေထောက်ကို ဖက်ပြီး . .

''ဦးလေးရယ် ကျွန်တော်တို့ ပစ္စည်းတွေကို မယူပါနဲ့၊ ကျွ
တော် ရှင်ပြုချင်လို့ပါ ဦးလေးရဲ့၊ ကျွန်တော် ရှင်ပြုချင်လို့ပါ ဦးလေ
ရဲ့၊ ကျွန်တော် ရှင်ပြုချင်တာ ကြာပါပြီ ဦးလေးရဲ့''

ကလေးငယ်က ငိုကြီးချက်မနှင့် ငိုကြွေးရင်း ရှိုက်ကြီးတ
နှင့် ပြောလေသည်။

''ဟေ . .''

ကလေးငယ်က ရှင်ပြုချင်သည်ဟု ပြောသောအခါ န
ပန်းသည် လွန်စွာအံ့သြသွားလေသည်။

အသက်ငါးဆယ်ခန့် နှုတ်ခမ်းမွေးကျယ်စွယ်နှင့် ဥပဓိရု
ကောင်းကောင်းနှင့် လူကြီးကလည်း မျက်နှာအောက်ချ၍ နတ်ပ
ကို တောင်းပန်လေသည်။

''ဟုတ်ပါတယ် မောင်ရင်ရယ်၊ ဦးလေးတို့မှာ ဒီက တ





တည်းသော သားကလေးကို အရွယ်ရောက်စကတည်းက ရှင်ပြုဖို့
ကြိုးစားခဲ့တာ၊ အခု ဆယ့်ငါးနှစ်မှ ရှင်ပြုနိုင်ပါတယ်ကွယ်၊ မောင်ရင်
ကြည့်ရင် သိနိုင်ပါတယ်၊ ဒီကလေးဟာ ရှင်ပြုရမယ့်အရွယ် ကျော်
လွန်ခါ နီးပါပြီကွယ်''

သားကလေးက တောင်းပန်ပြန်သည်။

''ဟုတ်ပါတယ် ဦးလေးရယ်၊ ကျွန်တော်တို့ ပါလာတဲ့ ပစ္စည်း
တွေကို မယုံရင် ဖွင့်ကြည့်ပါ၊ သင်္ကန်း၊ ပရိက္ခရာ၊ နိဗ္ဗာန်ကုန်ပစ္စည်း
တွေချည့်မို့ အလှူမှာကျွေးဖို့ ပစ္စည်းတွေချည့်ပါပဲ''

နတ်ပန်းသည် ပစ္စည်းများကို ဖွင့်ကြည့်ချင်စိတ်ပင် မရှိပါ။
နတ်ပန်းသည် ငိုင်ကျသွားသည်။ သူနှင့် သူ့ညီ လက်သန်းတို့ ရှင်ပြု
သော ငယ်ပျိုကာလသို့ စိတ်က ရောက်သွားသည်။

ထိုစဉ်က သူက ဆယ့်ခြောက်နှစ်၊ သူ့ညီ လက်သန်းက
ယခု သူ့ရှေ့ကလေးအရွယ် ဆယ့်ငါးနှစ်ရှိကြပြီ။

သူတို့ညီအစ်ကို ရှင်ပြုတုန်းကလည်း အချိန်လွန်မှ ရှင်ပြု
ခဲ့ရသည် မဟုတ်ပါလော။ သူ့အဖေ ဦးသိုင်းသည် သူ၏သား
နှစ်ယောက်ကို ခမ်းခမ်းနားနား ရှင်ပြုချင်သဖြင့် ခရီးပြတိုက်ပြီး ရှင်
ပြုခဲ့သည် မဟုတ်ပါလော။

ဦးသိုင်းသည် သားနှစ်ယောက်ကို ရှင်ပြုစဉ်က ပြုံးပျော်
ကြည်နူးနေပြီး ယခုအခါ တစ်ကျွန်းတွင် သေပြီလား၊ ရှင်ပြီလား
မသိသော သူ့အဖေ ဦးသိုင်းကို သတိရလွမ်းဆွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဩော် .. အဖေ .. အဖေ၊ သားတွေကို ခမ်းခမ်းနားနား ရှင်ပြုချင်လို့ ခေါးပြတိုက်ပြီး ရှင်ပြုတာ၊ ပုလိပ်တွေက သဘောကောင်းလို့ ရေစက်ချသွားရပေမယ့် သာဓုခေါ်မယ့်လူ မရှိတဲ့အလှူကို ပြုသွားရရှာပါလား''

ဟု နတ်ပန်းက တွေးရင်း သူ့အဖေအတွက် စိတ်မကောင်းဖြစ်မိသည်။

တစ်ကျွန်းတွင် သူ့အဖေ ဘယ်လိုဝဋ်ဒုက္ခတွေ ခံစားနေရမလဲဟု နတ်ပန်းသည် တွေးပူလိုက်ပြန်သည်။

ထိုစဉ်တွင် အလှူရှင် လူကြီးက . . .

''ဦးလေးတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဆင်းရဲသားတွေအဖို့ ရှင်ပြုဖို့ဆိုတာ အလွန်ကြီးစားအားထုတ်ရပါတယ်။ ဘယ်လောက်ပဲ ဆင်းရဲပြီး ကျူရိုးတိုင်ထူပြီး မြေကြီးမှာ အိပ်ရတဲ့ လယ်ကူလီဖြစ်ပါစေ သားယောကျ်ားကလေးမွေးရင် ရှင်ပြုချင်ကြပါတယ်။ အခုဟာလဲ ပိုက်ဆံချမ်းသာလို့ ရှင်ပြုတာ မဟုတ်ဘူး၊ ဟို ကလှည်းဒီကချေး၊ ဆွေမျိုးတွေက ထောက်ပံ့နဲ့ လုပ်ရတဲ့ အလှူပါကွယ်။ မောင်ရင်လဲ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဆိုရင် ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်''

ထိုစကားသည် နတ်ပန်း တစ်ကိုယ်လုံးကို ကြက်သီးတဖျန်းဖျန်း ထသွားစေသည်။

မှန်သည်။ နတ်ပန်း ကိုယ်ချင်းစာရမည်။

မောင်ရင်လောင်းကလေးကလည်း တောင်းပန်ပြန်သည်။





''ဦးလေးရယ် ဦးလေးသာ ကျွန်တော်တို့ပစ္စည်းတွေ ယူထားလိုက်ရင် ဒီတစ်သက် ကျွန်တော် ရှင်ပြုရမှာ မဟုတ်တော့ဘူး ဦးလေးရဲ့၊ ရွာထဲက သူငယ်ချင်းတွေကလဲ မင်း ရှင်မပြုသေးဘူးလား၊ မင်း ရှင်မပြုသေးဘူးလားနဲ့ မေးနေတာ ရှက်လှပါပြီ ဦးလေးရယ်၊ ကျွန်တော်တို့ ရှင်ပြုအလှူကို မဖျက်ဆီးပါနဲ့ ဦးလေးရယ်''

မှန်သည်။ နတ်ပန်းတို့ ငယ်စဉ်တုန်းကလည်း ရွာထဲမှ သူငယ်ချင်းများက . . .

''မင်းတို့ ရှင်မပြုသေးဘူးလား''

ဟု တစာစာမေးပြီး နှိပ်စက်ခဲ့သည် မဟုတ်ပါလော။

နတ်ပန်းက မောင်ရင်လောင်းကလေး၏ ခေါင်းကို ပွတ်လိုက်ပြီး . . .

''စိတ်ချပါကွာ၊ မင်း ရှင်ပြုရပါစေ့မယ် စိတ်ချပါ၊ မင်းတို့ ရှင်ပြုအလှူ မဖျက်စီးစေရပါဘူး။ ဦးလေး မင်းတို့လေ့ကို ခေါးပြမတိုက်တော့ပါဘူး''

နတ်ပန်းသည် သူ့၏ စိတ်ဆုံးဖြတ်ချက်ကို ထုတ်ပြောလေသည်။ ထိုအခါ မောင်ရင်လောင်းကလေးက နတ်ပန်းအား ထိုင်ကန်တော့သည်။

မောင်ရင်လောင်း၏ ဖခင် အသက်ငါးဆယ်ခန့် လူကြီးကပါ ထိုင်ကန်တော့ရန် ဟန်ပြင်နေသဖြင့် နတ်ပန်းက တားဆီးကာ ထွက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

''မလုပ်ပါနဲ့ဗျာ၊ ကိုင်း . . ကိုင်း . . ထစမ်းပါ၊ ဦးလေးတို့ သမ္မန်ကို ကျွန်တော် ဓားပြမတိုက်ပါဘူး၊ ဒါပေမယ့် တရားတော့ နည်းနည်းဟောချင်တယ်၊ ဒါနဲ့ ပကာသန ရှင်းစမ်းပါဦး၊ ဦးလေးက တရားထောက်တဲ့အနေနဲ့ ကျွန်တော်မေးတာ နည်းနည်းဖြေပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ပါ မောင်မင်းကြီးသားရယ်''

''ဦးလေးသားရဲ့ ရှင်ပြုမှာ ရှင်လောင်းလှည့်ဦးမှာလား''

နတ်ပန်း၏ အမေးကို ထိုလူကြီးက မဆိုင်းမတွပင် ဖြေလိုက်သည်။

''ရှင်လောင်း မလှည့်နိုင်ပါဘူးကွယ်၊ မြင်းတစ်ကောင်က အစိတ်တောင် ပေးရမှာ''

''ကောင်းတယ် . . ကောင်းတယ်၊ မြင်းနဲ့ ရှင်လောင်းမလှည့်နဲ့ အလကားပဲ၊ ကျွန်တော်တို့ရွာတုန်းက ဆရာတော် ဦးဝိမလက တရားဟောသွားတယ်၊ ရှင်ပြုတွေမှာ မြင်းတစ်ကောင်ကိုတော့ ရှင်လောင်းလှည့်ဖို့ ငွေအစိတ်ပေးငှားပြီး ဘုန်းကြီးတစ်ပါးတော့ ငွေငါးကျပ်လှူသတဲ့၊ ဘုန်းကြီးက ပြင်းလောက်တောင် မမြတ်လို့ မြင်းကိုသာ ရေစက်ချ တရားဟောခိုင်းသတဲ့''

ထိုစကားကို ကြားရသောအခါ မောင်ရင်လောင်းအဖေ လူကြီးသည် ပြုံးယောင်သမ်းသွားသည်။

''ဒါနဲ့ ရှင်ပြုမှာ ပွဲတွေ၊ အငြိမ့်တွေကော ထည့်ဦးမလား''





''ကြဲကြဲဖန်ဖန်ကွယ် မထည့်နိုင်ပါဘူး၊ ဆရာတော်ဘုရားက ဆိုင်းထည့်ရင်တောင် သူ့ကျောင်းမှာ ရှင်မပြုရဘူးဆိုလို့ ဆိုင်းတောင် ထည့်ပါဘူး''

''ကောင်းတယ် . . ကောင်းတယ်၊ ကျွန်တော်တို့ ရှင်ပြုတုန်းကတော့ ရပ်ရွာက ကာလသားတွေ မြှောက်ပေးလို့ အငြိမ့်တောင်ထည့်တာ၊ သူများသစ်တွေနဲ့ ဓာတ်စင်ထိုးတာ၊ ဓာတ်စင်မီးလောင်လို့ သစ်တွေ လျော်ရတာ၊ ကျွန်တော်တို့ လက်ထက်အထိ လျော်ရတုန်းပဲ''

ထိုလူကြီးက . . .

''ရှင်ပြုမှာ အငြိမ့်သာထည့်ရင် ဆရာတော်ကြီးက ကြိမ်နဲ့လိုက်ဆော်မှာ''

နတ်ပန်းက . . .

''ကောင်းတယ် . . ကောင်းတယ်၊ ဒါနဲ့ အလှူမှာ ဘာကျွေးမလဲ''

''ဝက်သားဟင်းနဲ့ ငါးသလောက်ပေါင်း''

ထိုစကားကို ကြားရသောအခါ နတ်ပန်း ငိုင်သွားပြန်လေသည်။ သူတို့အလှူတုန်းကလည်း ဝက်သားဟင်းနှင့် ငါးသလောက်ပေါင်းကျွေးခဲ့သည် မဟုတ်ပါလား။

နတ်ပန်းက . . .

''ဘုန်းကြီးပွဲကော ဒါပဲလား''


www.burmeseclassic.com

www.burmeseclassic.com



''ဒါပဲပေါ့''

''ဒါတော့ မကောင်းဘူး၊ ဘုန်းကြီးပွဲကို ကြက်သား[illegible] ရယ်၊ ငါးဖယ်အုန်းနို့ဆမ်းရယ်၊ ဆိတ်ကလီဇာရယ်ထည့် ကြား[illegible] အအီပြေအောင်လို့ ချဉ်ပေါင်ရွက်ဟင်းချိုနဲ့ သရက်သီးသုတ် ထည့်[illegible] ဘုန်းကြီးတွေကို ကောင်းကောင်းဆွမ်းကပ်ပါ''

''ဟုတ်ကဲ့''

''လူတွေကိုတော့ တစ်မျိုးပဲကျွေး၊ နှစ်မျိုးမကျွေးနဲ့ အ[illegible] ကားပဲ၊ ဝက်သားတုံး လက်သီးဟုံးလောက် မဟုတ်ဘူး၊ ဝက်သ[illegible] တုံးကြီးတောင်ဆုပ်လောက် ကျွေးရင်လဲ အကောင်းပြောမှာ မဟု[illegible] ဘူး။ ပေါ့သလေး၊ ငန်သလေး၊ အရိုးများသော ချေးခါးသောနဲ့ အတ[illegible] ပြောမှာ အလှူရှင်က ညှော်သည်များလို့ ဟိုလူသည်လူ ညှော်ခံ[illegible] သူတို့ကို ဂရုမစိုက်ဘူး၊ တစ်ခုခုလစ်ဟင်းလို့ မစားရရင် ရန်ငြိုးဖွဲ့[illegible] မင်းတို့ဘကြီးမသာဒတုန်းက ငါ့ကို ဂရုမစိုက်တာ မှတ်ထားပေါ့ကွာ[illegible] အခုလဲ ငါ့ဘကြီး နေမကောင်းဖြစ်နေပါပြီ ဆိုသလို ကြိမ်းလား [illegible] လားနဲ့''

အလှူရှင်ကြီးက နတ်ပန်း၏ စကားကို သဘောကျသ[illegible] ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

''အကောင်းဆုံးကတော့ အလှူလာတဲ့လူတွေကို ချဉ်ရည် ဟင်းခပ်ညှံ့ညှံ့တစ်ခွက်ရယ်၊ ငါးပိရည် တို့စရာရယ်ပဲကျွေး၊ အတင်[illegible] ပြောမယ့်အတူတူ မထူးဘူး မဟုတ်လား။ ကိုယ်က ကြိုတင်ပြီး ည[illegible]





ထားလိုက်တာ အေးရော''

ထိုစကားကို အလှူရှင်ကြီးက ပြုံးလေသည်။

နတ်ပန်းက သက်ပြင်းချလိုက်ပြီး . .

''ဦးလေးရေ အလှူလိုလို ဘာလိုလိုနဲ့ အပိုမလုပ်နဲ့ ကြားလား''

''ဟုတ်ကဲ့''

''ဒါနနဲ့ ပကာသနကို ရှင်းရှင်းသိပါစေ''

''ဟုတ်ကဲ့''

''လှူတတ်မှ မြတ်သဗျ၊ ကိုင်း . . ကိုင်း . . စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ လှူပါဗျာ၊ ဦးလေးတို့ပစ္စည်းကို စိတ်နဲ့တောင် မပစ်မှားတော့ပါဘူး''

နတ်ပန်းက သူ့စကားကို သိမ်းပြီး သမ္ဘန်ပေါ်မှာ ဆင်းမည် ပြုလေသည်။ ထို့နောက် နတ်ပန်းသည် တစ်စုံတစ်ခုကို သတိရပြီး ထော်ကြီးကို လှမ်းခေါ်လိုက်သည်။

''ဟေ့ . . ထော်ကြီး၊ ဒီကိုလာဦး''

ထော်ကြီး ချက်ချင်းပင် အနားသို့ ရောက်လာသည်။

နတ်ပန်းက . . .

''မင်းမှာ ငွေဘယ်လောက်ပါသလဲ''

''မြို့ကို ရိက္ခာမှာဖို့ ငွေအစိတ်ပါတယ်''

''ငါ့ကို ခဏပေးစမ်း''



www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်ဖို့လဲ''

''ဘာလုပ်လုပ်ကွာ၊ ပေးမှာသာ ပေးစမ်းပါ''

ထော်ကြီးက သူ့အကျီအိတ်ထဲမှ ငွေနှစ်ဆယ့်ငါးကျပ်ကို နတ်ပန်းအား ထုတ်ပေးလေသည်။

နတ်ပန်းက ထိုငွေနှစ်ဆယ့်ငါးကျပ်ကို အလှူရှင်လူကြီးအား ကမ်းပေးလိုက်သည်။ လူကြီးက နတ်ပန်းအား ကြောင်ကြည့်နေသည်။

နတ်ပန်းက . .

''ဦးလေးရဲ့သား ရှင်ပြုမှာ ဓားပြနတ်ပန်းက လှူတာပါဗျာ။ ဦးလေး အမျှဝေတဲ့အခါ ဟောဒီ ဓားပြနတ်ပန်း ဓားပြဘဝက အရှင်လတ်လတ်နဲ့ မြန်မြန်ကျွတ်လွတ်ပါစေ ဆုတောင်းပေးပါဗျာ''

နတ်ပန်းတို့ သမ္ဗန်ပေါ်က ဆင်းသွားသည့်အထိ အလှူရှင် လူကြီးသည် ငွေအစိတ်ကို ကိုင်ပြီး ကြောင်နေမိသည်။

သမ္ဗန်ကို ဓားပြလာတိုက်သော ဓားပြတွေက ပစ္စည်းတစ်ခုခု မယူသွားသည့်အပြင် ရှင်ပြုအတွက် အလှူငွေနှစ်ဆယ်ကျပ် ပေးလှူသွားသည်ဟူသော စကားကို ကြားရလျှင် မည်သူက ယုံကြမည်နည်း။ နတ်ပန်းတို့၏ စခန်းသို့ ပြန်ရောက်သောအခါ ထော်ကြီးက မကျေမနပ်နှင့် ကန့်ကွက်တော့သည်။

''တော်ပြီ . . တော်ပြီ၊ ကျွန်တော် အာစရိနဲ့အတူ ဓားပြ မတိုက်တော့ဘူး၊ ဒီလိုသာ ဓားပြတိုက်စားရင် အိမ်က မိန်းမအတန်းထဲ ရောက်လိမ့်မယ်။ ဘယ်နှယ့်ဗျာ၊ ဓားပြတိုက်ပါတယ်ဆိုမှ ပစ္စည်း





တစ်ခုမှမယူတဲ့အပြင် ကိုယ်က အလှူငွေသွားထည့်ရသေးတယ်၊ အံ့ပါ့ဗျာ ကြားကြားဖူးပေါင်''

ထော်ကြီးက စိတ်ဆိုးမာန်ဆိုးနှင့် ကန့်ကွက်နေသော်လည်း နတ်ပန်းက တဟားဟားနှင့် ရယ်မောနေသည်။

နတ်ပန်းက . . .

''ဟေ့ကောင်ရ တို့က ဟိုဘဝက ဒါနမျိုးစေ့နည်းလို့ ဒီဘဝ ဆင်းရဲရုံတင်မကဘူး၊ ဆင်းရဲတာနဲ့ တစ်လံလောက်အောက်ကျတဲ့ ဓားပြဖြစ်နေတာ၊ လှူတန်းရမယ်ကွ''

ထော်ကြီးက . . .

''တော်ပါဗျာ အင်္ဂုလိမာလမှတ်လို့ ကိုးကွယ်နေတာ၊ လက်စသတ်တော့ ဝေဿန္တရာ ဖြစ်နေတာကိုး''

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၈]

မြစ်ကြောင်းခေါ်ပြ နတ်ပန်းနှင့် လက်သန်းတို့သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်နှင့် ပုတောမြို့နယ် တစ်ဝိုက်တွင် ကြီးစိုးနေသည်။

နတ်ပန်းက ကြောက်ရွံ့တတ်သူ မဟုတ်သဖြင့် ပုလိပ်အဖွဲ့က အင်အားတစ်ရာနှင့် သူ့ကို သဲကြီးမဲကြီး လိုက်နေသည်ကို စိန်ပြေးတန်း ကစားနေသည်ဟု ထင်နေသည်။

ပုလိပ်အဖွဲ့ ဝင်လာလျှင် သူက ရှောင်သွားသည်။

ပုလိပ်အဖွဲ့ ထွက်သွားလျှင် သူက ထိုနေရာကိုပင် ပြန်လာသည်။ ထို့ကြောင့် ပုလိပ်အဖွဲ့မှာ လမ်းကြောင်းလွဲကာ အခြားနေရာသို့ လိုက်ပြန်သည်။





ကျေးရွာများမှ ရွာသားများသည် လက်သန်းတို့အဖွဲ့ကို အမှန့်ချေပစ်ချင်သော်လည်း နတ်ပန်းတို့အဖွဲ့ကိုမူ သနားနေသည်။

နတ်ပန်းကမူ အသွားအလာ မပျက်။

ပုလိပ်အဖွဲ့မှ ဝိုင်းနေသည့်ကြားမှ သူ၏ ဟွန်းတယောကြီးကို အထိုးမပျက်သေး။ တစ်ခါက ကကရိုကြိုးဝိုင်းမှ စခဲ့သော သူ့ဇာတ်လမ်းသည် ကကရိ ကြိုးဝိုင်းအတွင်းမှာ ဆုံးမလို ဖြစ်သွားလေသည်။

နတ်ပန်းတို့၏အဖွဲ့ကို လက်သန်းတို့၏ အဖွဲ့ဟု ထင်ပြီး ရွာသားတစ်ဦးက သတင်းပေးလိုက်သည်။

ထိုအချိန်တွင် နတ်ပန်းတို့အဖွဲ့မှာ ခနဲ့ကျွန်းကြီးတစ်ခုအတွင်း၌ ရောက်နေသည်။ ပုလိပ်အဖွဲ့ကို သတင်းပေးသူရှိသလို နတ်ပန်းတို့ကိုလည်း သတင်းပေးသူရှိ၍ ခနဲ့ကျွန်းအတွင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ရသည်။

ထိုသို့ ပြေးရင်းလွှားရင်း နတ်ပန်းသည် ပုလိပ်အဖွဲ့က မထင်မှတ်နိုင်သော ခြေတံရှည် သစ်တောဗိုလ်တဲကြီးတစ်ခုအပေါ်တွင် တက်ရောက်ပုန်းအောင်းနေသည်။

ထိုအချိန်တွင် ပုလိပ်အဖွဲ့က ဘယ်လိုလုပ် သတင်းရသွားသလဲမသိ။ နတ်ပန်းတို့ ပုန်းအောင်းနေသော သစ်တော ဗိုလ်တဲဆီသို့ ဦးတည်လာနေကြောင်း နတ်ပန်းတို့ သတင်းရသည်။

ထိုသို့ သတင်းရသည်နှင့် နတ်ပန်းသည် ထော်ကြီးနှင့် သူ့တပည့်များကို လှေနှင့် ထွက်ပြေးခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းသည် လှေဆိုက်ထားသော ရိုးကလေးမှ ရေတက်ရေကျ အခြေအနေကို ကြည့်ပြီး သူ့တပည့်များကိုသာ ပြေးခိုင်းပြီး သူက ဗိုလ်တဲပေါ်မှနေပြီး တစ်ယောက်တည်း ခုခံရန် ဆုံးဖြတ်လိုက်သည်။

ရေဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်း၊ တနင်္သာရီကမ်းရိုးတန်းတို့ရှိ မြစ်ချောင်းတို့တွင် ရေတက်ရေကျသည် ပြဿနာတစ်ရပ်ကို အဆုံးအဖြတ် ပေးသည်။

ရေတက်ရေကျသည် စစ်ရေးကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲစေသည်။ နတ်ပန်းပါ သူ့တပည့်များနှင့်အတူ လှေတစ်စီးနှင့် လိုက်ပြေးပါက သူတို့ ဘယ်နည်းနှင့်မှ မလွှတ်နိုင်ပေ။

ရေကျနေပြီ ဖြစ်သည်။

ပုလိပ်လှေနှင့် သူတို့လှေသည် သောင်ပြင်တစ်ခုတည်းတွင် သောင်အတူတင်ပြီး ဝိုင်းဝန်းပစ်ခတ်ခြင်းကို ခံရမည်။

ဥပမာအားဖြင့် ယခု သူတို့ရှိနေသော ဗိုလ်တဲကို လာဝိုင်းစဉ် ဗိုလ်တဲ၌ တစ်ယောက်မျှမရှိပါက ပုလိပ်အဖွဲ့သည် နတ်ပန်းတို့ ထွက်ပြေးရာသို့ ခြေရာကောက်ပြီး ဘောက်တူများနှင့် လိုက်ကြမည်။

ထိုအခါ ရေကျနေပြီဖြစ်၍ နတ်ပန်းတို့လှေရော ပုလိပ်လှေပါ ချောင်းရိုးတစ်ခုတည်းအတွင်း၊ သို့မဟုတ် သောင်ပြင်တစ်ခုတည်း အတွင်းမှာပင် သောင်တင်နိုင်သည်။





ထိုအခါ လူအင်အား၊ လက်နက်အင်အား၊ အစစအရာရာသာသော ပုလိပ်အဖွဲ့က သူတို့ကို ဝိုင်းဝန်းပစ်ခတ်ပြီး အသေသတ်ကြမည်။ အကယ်၍ နတ်ပန်းက ဗိုလ်တဲမှ အချိန်ဆွဲပြီး ခံပစ်နေပါက ပုလိပ်အဖွဲ့သည် သူ့ကို ဝိုင်းပစ်ရင်း အချိန်ကုန်သွားပါက ရေကျမိသွားလိမ့်မည်။

ထိုအခါ ပုလိပ်များသည် ဗိုလ်တဲတွင်ရှိနေသော ကျွန်းတွင် ရေပြန်တက်သော အချိန်ထိ ပိတ်မိကာ စောင့်ဆိုင်းနေရပေမည်။

ထိုအချိန်တွင် နတ်ပန်း၏ တပည့်များသည် အခြားတစ်နေရာသို့ ထွက်သွားရန် လွတ်မြောက်သွားမည် ဖြစ်သည်။

နတ်ပန်းသည် ရွာခေါင်း၏ နှစ်လုံးပြူး၊ နှစ်လုံးပြူး ကျည်ဆန်များ၊ ထိုးထားသော ယမ်းခါးပတ်နှင့် သူ၏လက်စွဲတော် ဟွန်းတယောက်လေးကို လှေထဲမှယူကာ ကုန်းပေါ်သို့ တက်လိုက်သည်။

ထော်ကြီးက နတ်ပန်း၏ အပြုအမူကို နားမလည်သလို မေးလိုက်သည်။

''အာစရိ ဒါဘာလုပ်တာလဲ''

''ငါ ဒီဗိုလ်တဲမှာ နေခဲ့မယ်ကွ''

''ဟာ . . ဘယ်ဖြစ်မလဲ၊ ပုလိပ်တွေက အာစရိကို ဝိုင်းပစ်ကြမှာပေါ့''

''အဲဒီလို ပစ်ပါစေပဲ ဆုတောင်းရမှာပဲ၊ ဒါမှ သူတို့အဖွဲ့ ဒီကျွန်းမှာ ရေကျမိသွားပြီး မင်းတို့နောက်ကို ဆက်မလိုက်နိုင်မှာ''



www.burmeseclassic.com

www.burmeseclassic.com



''လိုက်ခဲ့ပါ အာစရိရာ၊ သေအတူ ရှင်မကွာပေါ့''

''ဟော့ကောင် ဒါက သမီးရည်းစား ပြောရမှာ၊ အခုဟာ ငါက မင်းတို့ရဲ့ဆရာ၊ ငါက ကိုယ်လွတ်ရုန်းလို့ ဘယ်ဖြစ်မလဲ၊ မင်းတို့လွတ်အောင်ပြေး၊ ငါက ဒီဗိုလ်တဲကနေ အချိန်ဆွဲပြီး ခံချမှ သူတို့ ဒီကျွန်းမှာ ပိတ်မိပြီး မင်းတို့နောက် ဆက်မလိုက်နိုင်မှာ''

''လာပါ အာစရိရာ၊ အတူတူ သွားတာပေါ့''

''အတူတူသွားရင် ဒီဗိုလ်တဲမှာ ဘယ်သူမှ မရှိဘူးဆိုပြီးတော့ ငါတို့ပြေးရာကို ခြေရာခံလိုက်ရင် ချောင်းရိုးတစ်ခုတည်းမှာ ဖြစ်ဖြစ်၊ သောင်ပြင်တစ်ခုတည်းမှာဖြစ်ဖြစ် ရေကျအတူတူမိပြီး သောင်တင်မှာပဲကွ။ ကဲ . . စကားမရှည်နဲ့ ထော်ကြီး၊ မင်းတို့လှေ ထွက်တော့ ရေကျနေပြီ''

နတ်ပန်း၏ အကြောင်းပြချက်မှာ မှန်နေသည်။

တစ်ဦးဦးက အနစ်နာခံပြီး မစွန့်စားလျှင် အကုန်လုံး မလွတ်နိုင်တော့ပေ။ နတ်ပန်း၏ တပည့်များသည် နတ်ပန်းကို ကြည်ညိုလေးစားစွာနှင့် ကြည့်နေကြသည်။

အချို့ကလည်း ဝမ်းနည်းကြေကွဲစွာနှင့် ကြည့်နေကြလေသည်။ ထိုအချိန်တွင် ချိုးကူသံများ ကြားရသည်။ တကယ့် ချိုးအငေ်၏အသံများ မဟုတ်။

ပုလိပ်အဖွဲ့အချင်းချင်း ချိုးကူသံကဲ့သို့ အချက်ပေးနေခြင်း ဖြစ်သည်။ နတ်ပန်းက ပြုံးရယ်လိုက်ပြီး . . .





''ဟော့ကောင်တွေ လှေထွက်တော့၊ မင်းအမေ့လင်တွေ လာနေပြီ''

ပုလိပ်များသည် တစ်ဖက်ကျွန်းစပ်သို့ ရောက်နေလောက်ပေပြီ။

နတ်ပန်းက အကျဉ်းအကျပ်ကြားထဲတွင် ထော်ကြီး၏ သွားခေါ်ခြင်းကို နောက်ပြောင်လိုက်သေးသည်။

''ဟော့ကောင် ထော်ကြီး၊ မင်းပါးစပ် လုံပါစေနော်''

''ဟာ . . အာစရိကလဲ၊ သွားခေါ်တဲ့လူ ဘယ်လိုလုပ် ပါးစပ် လုံမလဲ''

ထော်ကြီးတို့လှေ ထွက်သွားသည်နှင့် နတ်ပန်းသည် ဗိုလ်တဲပေါ်သို့ သေနတ်ကိုလွယ်၊ ဟွန်းတယောကိုင်ပြီး ပြေးတက်သွားသည်။ နတ်ပန်းသည် ဗိုလ်တဲပေါ်ရှိသမျှ ပြတင်းပေါက်များကို လျှောက်ဖွင့်ထားလိုက်ပြီး တံခါးကိုမူ ကန့်လန့်ထိုးထားလိုက်သည်။

ဝရံတာအနေအထားကို ဂရုစိုက်လေ့လာလိုက်လေသည်။

ဝရံတာပေါ်မှ ခုန်ဆင်းနိုင်ရန် လမ်းရှင်းထားသည်။

ပြင်စလူရွာတွင် သူ့အမေကို သတ်သော တက်လူကို ခုတ်ခဉ်က ယခုလို ဝရံတာပေါ်မှ လွှားခနဲ သူခုန်ချခဲ့သည် မဟုတ်ပါလား။ ထို့နောက် နတ်ပန်းသည် နှစ်လုံးပြူးသေနတ် ခါးချိုးပြီး ပြောင်းထဲသို့ ကျည်ဆန်နှစ်ထောင့် ထိုးထည့်လိုက်သည်။

နတ်ပန်းသည် ဗိုလ်တဲတွင် လူရှိကြောင်း ပြလိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဟွန်းတယောက်ကို ကောက်ထိုးတော့သည်။

သူအကြိုက်ဆုံး ကြက်ဖတည်င် တောကိုဝင် သီချင်းပင် ဖြစ်သည်။ ထိုအချိန်တွင် ဗိုလ်တဲ၏ လေးဘက်လေးတန်သို့ ပုလိပ်များ ဝိုင်းလာပြီ ဖြစ်သည်။

တယောထိုးနေရင်းမှ နားပါးသော နတ်ပန်းသည် ပုလိပ် များ၏ခြေသံကို ကြားနေရသည်။

ပုလိပ်အဖွဲ့သည် ဗိုလ်တဲနှင့် မလှမ်းမကမ်းရှိ မြယာပင် ကနစိုပင်ကဲ့သို့ လုံးပတ်ရှိသော နေရာအချို့နှင့် သင်ပေါင်း၊ ဖြူးပင် သမဲ့၊ ခနွဲးတို့ကြားတွင် နေရာယူထားသူအချို့ကို တွေ့ရသည်။

စုစုပေါင်း ပုလိပ်ဆယ်ယောက်ခန့် ရှိသည်။

အင်စပတ်တော်တစ်ယောက်နှင့် ရာဇဝတ်အုပ်တစ်ယောက် လည်း ပါလေသည်။

သင်ပေါင်၊ ဖြူးပင်၊ သမဲ့နှင့် ခနတို့မှာ မျက်ကွယ်သာရပြီး ကျယ်ကွယ်မရသဖြင့် ထိုနေရာတွင် နေရာယူထားသူများမှာ ကျည် ကွယ်သော နေရာကောင်းကို ရှာဖွေရင်း ခြေသံများ တခွပ်ခွပ် ကြား နေရသည်။

နတ်ပန်းသည် ထိုလူအုပ်ထဲသို့ သေနတ်ကို ပစ်ထည့်လျှင် အနည်းဆုံး တစ်ယောက်နှစ်ယောက်ခန့် သေနတ်ကျည် ထိမှန်နိုင် သည်။ သို့သော် နတ်ပန်းက မပစ်ပေ။

လူသုံးလေးယောက် သေနတ်ထိမှန်ရုံနှင့် သူလွတ်မြော





မည် မဟုတ်သည်ကို နတ်ပန်း သဘောပေါက်သည်။

နတ်ပန်းသည် အချိန်ကို မှန်းလိုက်ရာ ညနေ ငါးနာရီခန့် ရှိပြီဟု ထင်မိသည်။ သူသည် ဤကျွန်းမှ မှောင်ရိပ်ခိုပြီး ထွက်ပြေး နိုင်ရန် အနည်းဆုံး သုံးနာရီခန့် အချိန်ဆွဲထားမှ ဖြစ်မည်ဟု ခန့်မှန်း မိသည်။ ည ရှစ်နာရီခန့်တွင် ဤကျွန်းတွင် အမှောင်ကြီးစိုးစဉ် ဗိုလ် တဲမှ စွန့်ခွာပြီး ဓနိတော၊ ကိုင်းတောထဲတွင် ပုန်းအောင်းနေပြီး ရေတက်ချိန်မှ ထွက်ပြေးနိုင်မည် ဖြစ်သည်။

ဤကျွန်းမှ လွတ်မြောက်ရေးအတွက် အချိန်ဆွဲနည်း ဗျူ ဟာကို သုံးရမည်ဖြစ်ကြောင်း နတ်ပန်း သဘောပေါက်မိသည်။

ဤကြောင့် နတ်ပန်းသည် လူဆယ်ယောက်ခန့်ကို အချည်း နှီးတိုက်မည့်အစား ဤကျွန်းမှလွတ်မြောက်ရန် ပရိယာယ်သုံးရမည် ဖြစ်ကြောင်း သူသဘောပေါက်မိသည်။

နတ်ပန်းသည် သူက လက်ဦးမှုယူပြီး ပစ်ခတ်နိုင်ပါလျက် တိုက်ပွဲစတင်ခြင်းအားဖြင့် အချိန်တိုတိုနှင့် ပွဲသိမ်းသွားမည်ကို မလို လားပေ။ ထို့ပြင် သူ့ယမ်းခါးပတ်ထဲတွင် ကိုးလုံးကျည် ကျည်ဆန် များက အတောင့်သုံးဆယ်သာ ရှိသည်။

ထိုသုံးနာရီအတွင်း ကျည်ဆန်သုံးဆယ်ကို ချွေပစ်ရမည် ကိုလည်း သူ နားလည်ထားသည်။

နတ်ပန်းသည် သူ့ကို ဝိုင်းနေသည်ကို သတိမထားမိဟန် နှင့် ဟွန်းတယောကိုသာ နာနာဖိထိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဗိုလ်တဲနောက်မှ အမြဲတမ်း အမိန့်ပေးနေကျ အောင်မြင်ခဲ့ညားသော အသံကြီးထွက်ပေါ်လာသည်။

"ဟေ့ . . ဗိုလ်တဲပေါ်မှာ တယောထိုးနေတာ ဘယ်သူလဲ ဗိုလ်တဲအောက်ကို ဆင်းခဲ့စမ်း"

နတ်ပန်းက မကြားချင်ယောင်ဆောင်ပြီး တယောဆက်ထိုးနေသည်။ အချိန်ဆွဲနေခြင်း ဖြစ်သည်။ အတန်ကြာသောအခါ အသံကျယ်ကြီးနှင့် လှမ်းအော်ပြန်သည်။

"ဟေ့ . . ဗိုလ်တဲပေါ်မှာ တယောထိုးနေတာ ဘယ်သူလဲကွ၊ အောက်ကို ဆင်းခဲ့လို့ဆိုတာ မကြားဘူးလား၊ ငါ တိုက်ပိုင်ဦးထွန်းဝင်း အမိန့်ပေးနေတယ်"

နတ်ပန်းက မကြားဟန် ပြုနေသည်။

"ဒိုင်း . . "

အောက်ဘက်မှ မတ်ကတတ် သေနတ်သံကြားရသည်။

တစ်ဆက်တည်းမှာပင် . . .

"ဟေ့ . . အပေါ်ကလူ နားလေးနေသလား၊ အောက်ကို ဆင်းခဲ့စမ်း"

နတ်ပန်းက အချိန်ဆွဲနေလျှင် ကြောက်ရွံ့သည်ဟု အထင်ခံရမှာစိုး၍ ဗိုလ်တဲပေါ်တွင် လူအများကြီးရှိဟန်နှင့် ဗိုလ်တဲတစ်ခုလုံး လှမ်းဇလျှောက်ပြီး ခြေသံပေးလိုက်သည်။

ထို့နောက် နတ်ပန်းက ပြတင်းပေါက်တစ်ခုမှ လူလုံးပြ





"ဘာကိစ္စရှိလဲ ကျုပ်ကို တွေ့ချင် ဗိုလ်တဲပေါ်တက်ခဲ့"

အောက်မှ တိုက်ပိုင်ဦးထွန်းက . . .

"မင်းနာမည် ဘယ်သူလဲ"

နတ်ပန်းက မခိုးမခန့်လေသံနှင့် . . .

"ခင်ဗျားတို့ လိုက်ရှာနေတဲ့ ဓားပြကြီးနတ်ပန်းလေ"

"မင်းတို့ ဗိုလ်တဲပေါ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ"

"အားလုံး ကိုးယောက်ရှိတယ်၊ သေနတ်က ငါးလက်ရှိတယ်"

လူကိုမေးသည်ကို နတ်ပန်းက ပိုပြောရုံမျှမက သေနတ်ပါ ကြော်ငြာ ခြောက်လှန့်သည့်အနေနှင့် ပြောလိုက်သည်။

"မင်းတို့အားလုံး အောက်ကိုဆင်းခဲ့ကြ၊ မင်းတို့ ဗိုလ်တဲကို တို့ဝိုင်းထားပြီးပြီ၊ မသေချင်ရင် လက်နက်ချကြ"

"ကောင်းပြီ ကျုပ်တို့ စဉ်းစားဖို့အချိန် တစ်နာရီပေးပါ။ ကျုပ်တို့ လက်နက်ချသင့် မချသင့် စဉ်းစားမယ်"

နတ်ပန်းက လုံးဝလက်နက်ချရန် စိတ်ကူးမထားသော်လည်း အချိန်ဆွဲနိုင်ရန် အခွင့်အရေး တောင်းလိုက်ခြင်း ဖြစ်သည်။

"စဉ်းစားတာ တစ်နာရီတောင် ကြာမလား၊ နာရီဝက်ဆိုရင် တော်ပြီ"

"မလိုချင်ဘူး တစ်နာရီမပေးနိုင်ရင် အခုချလေ၊ ကျုပ်တို့လဲ ခံချမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော် ဦးထွန်းဝင်းက သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ပြီး . .

''အေး . . ကောင်းပြီ၊ အခု ငါးနာရီခွဲပြီ ခြောက်နာရီခွဲမှာ လက်နက်ချမယ် မချဘူးဆိုတာ အကြောင်းပြန်။ လက်နက်မချရင်တော့ သေဖို့သာ ပြင်ပေတော့။ မင်းတို့မှာ ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားပြီ''

နတ်ပန်းက လူအများ တိုင်ပင်ဆွေးနွေးကြဟန် လေသံအမျိုးမျိုးလုပ်၍ ပြောနေပြီး အသံပေးနေသည်။

ထိုအချိန်တွင် ခန်းကျွန်းစပ်သို့ ဘောက်တူလှေတစ်စီး ထိုးဆိုက်လေသည်။ ထိုဘောက်တူပေါ်တွင် မျက်နှာဖြူရာဇဝတ်ဝန်မစ္စတာ ဝက်စ်ဖီးလ် ပါလာလေသည်။

မစ္စတာဝက်စ်ဖီးလ် ရောက်လာကြောင်း သူ၏သက်တော်စောင့် ပုလိပ်အမှုထမ်းတစ်ယောက်က လာပြောသဖြင့် တိုက်ပိုင်အင်စပက်တော် ဦးထွန်းဝင်းသည် ရာဇဝတ်အုပ်စောကျော်ဟိုးအား သတိဝီရိယနှင့် ကြည့်နေရန် မှာကြားပြီး ထွက်သွားလေသည်။

တိုက်ပိုင်ဦးထွန်းဝင်းက ရာဇဝတ်ဝန်ကို အလေးပြုပြီး သတင်းပို့လေသည်။

''နတ်ပန်းနဲ့သူ့လူ ကိုးယောက်ရှိတဲ့ ဗိုလ်တဲကို ကျွန်တော်တို့ ဝိုင်းထားပြီးပါပြီ ဝန်မင်း''

မစ္စတာ ဝက်စ်ဖီးလ်က . . .





''ခင်ဗျားလူ ဘယ်နှစ်ယောက်ရှိသလဲ ဦးထွန်းဝင်း''

''ဆယ်ယောက်ပါ''

''လူဆိုးနတ်ပန်းက ကိုးယောက်တောင် ရှိနေသလား၊ ဒါဆိုရင် ကျွန်ုပ်ရဲ့ သက်တော်စောင့်နှစ်ယောက်နဲ့ ကျွန်ုပ်ပါ အခုလာမယ်''

''ဝန်မင်း မလာပါနဲ့ ကျည်သင့်နိုင်ပါတယ်၊ ဒီလိုလုံခြုံတဲ့နေရာမှာပဲ နေပါ၊ ကျွန်တော်နဲ့ အချိန်မရွေး ဆက်သွယ်နိုင်ဖို့ ဆက်သားတစ်ယောက် ထားပါ့မယ်။ သက်တော်စောင့် နှစ်ယောက်ကိုလဲ ဝန်မင်းနားမှာပဲ ထားပါ။ နတ်ပန်းက သူ့လူကိုးယောက်လို့ ပြောပေမယ့် ကိုးယောက်အပြည့်ရှိချင်မှ ရှိမှာပါ''

''အို . . ကိုထွန်းဝင်း၊ လူဆိုးအဖွဲ့မှာ နတ်ပန်းက အကြီးဆုံး၊ ပုလိပ်အဖွဲ့မှာ ကျွန်ုပ်က အကြီးဆုံး ကျွန်ုပ်ကိုယ်တိုင် နတ်ပန်းကို ဖမ်းချင်ပါတယ်''

''နတ်ပန်းကို ရာဇဝတ်ဝန်မင်းကိုယ်တိုင် ဖမ်းစရာ မလိုပါဘူး၊ သာမန်အမှုထမ်းကတောင် ဖမ်းနိုင်ပါတယ်။ စိတ်ချပါ။ ဘေးကင်းရာကပဲ စောင့်နေပါ''

''ကျွန်ုပ် ဘေးကင်းရာမှာ ပုန်းနေဖို့ ဂျော့ဘုရင်မင်းမြတ်ဆီက လစာရိက္ခာယူထားတာ မဟုတ်ဘူး ကိုထွန်းဝင်း''

''နတ်ပန်းဟာ ရာဇဝတ်ဝန်နဲ့ မတန်ပါဘူး''

''တိုက်ပွဲဖြစ်တာ တန်တယ် မတန်တယ် မရှိပါဘူး နတ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းက ဈေးဘုရင်ကို အာခံနေတဲ့လူပဲ၊ ဘာဖြစ်လို့ ကျွန်ုပ်နဲ့ မတ
ရမှာလဲ၊ ကျွန်ုပ်ထက် အများကြီးကြီးတဲ့ ဈေးဘုရင်ကိုတောင် သူ
ကြောက်လို့ လှုဆိုးလုပ်နေတာ။ သူက ကျွန်ုပ်ထက်တောင် ကြီးသေ
တယ်''

ရာဇဝတ်ဝန် မစ္စတာဝက်စ်ဖီးလ်သည် မည်သို့မျှ တား
ဘဲ ဗိုလ်တဲအနီးသို့ ရောက်လာသည်။

ဗိုလ်တဲအနီးသို့ ရောက်လာသောအခါ ကျည်ကွယ်မျ
ကွယ်ရှိသော မြယာပင်အောက်တွင် ဦးထွန်းဝင်းက ထားလေသည်။

သို့သော် မစ္စတာဝက်စ်ဖီးလ်က မြယာပင်အောင်တွင် 
ဘဲ မိုးထိုးနေသော သူ့အရပ်ကြီးနှင့် ဗိုလ်တဲကို အကဲခတ်ကြည့်
သည်။

တိုက်ဗိုင် ဦးထွန်းဝင်းက အခြေအနေကို ရှင်းပြသည်။

''အခု နတ်ပန်းကို လက်နက်ချဖို့ ကျွန်တော်တို့ ရာ
ပေးထားပါတယ်။ နတ်ပန်းက စဉ်းစားဖို့ အချိန်တစ်နာရီ တော
ထားပါတယ်။ ခြောက်နာရီခွဲမှာ လက်နက်မချရင် ကျွန်တော်တို့ စ
တိုက်ခိုက်ပါ့မယ်''

မစ္စတာဝက်စ်ဖီးလ်က သူ့လက်မှ လက်ပတ်နာရီကို ကြ
ပြီး . . .

''ကောင်းပြီ ကိုထွန်းဝင်း''

ထို့ကြောင့် မစ္စတာဝက်စ်ဖီးလ်သည် ဗိုလ်တဲပတ်လည်တ





ဦးထွန်း နေရာယူခိုင်းထားသော လူများကို လိုက်လံစစ်ဆေးနေပြီး
ပြုပြင်သင့်သည်များကို ပြုပြင်ပေးနေသည်။

ည ခြောက်နာရီခွဲသွားနေပြီ။ မှောင်စလည်း ပျိုးလေပြီ။
ဦးထွန်းဝင်းက လှမ်းအော်ပြန်သည်။

''ဘယ်လိုလဲဟေ့ နတ်ပန်း လက်နက်ချမယ်ဆိုရင် အိမ်ရှေ့
လှေကားက မင်းလူတွေနဲ့အတူ ဆင်းလာတော့၊ မဆင်းရင်လဲ မင်း
ကို အသေဖမ်းတော့မယ် အချိန်စေ့သွားပြီ''

နတ်ပန်း လှမ်းအော်သည်။

''ကျုပ်တို့ လက်နက်မချဘူး''

နတ်ပန်းက စတင်ပစ်ခတ်ရာ ဦးထွန်းဝင်း၏ စီအိုင်ဒီ ဂေါ်
ရခါးဦးထုပ်ကြီးသည် လွင့်ကျသွားသည်။ ဦးထွန်းဝင်း ကြောက်၍
ထိတ်လန့်သွားပြီး အသံတုန်တုန်နှင့် အမိန့်ပေးလိုက်သည်။

''ပစ်''

''ဒိုင်း . . ဒိုင်း . . ဒိုင်း''

''ဒုန်း . . ဝုန်း''

လေးဘက်လေးတန် ဝိုင်းထားသော ပုလိပ်များကလည်း
တဒိုင်းဒိုင်းနှင့် ဗိုလ်တဲကို ဝိုင်းအုံ၍ ပစ်ကြသည်။

ဗိုလ်တဲပတ်ဝန်းကျင်၌ သေနတ်သံများဆူညံနေပြီး ယမ်း
ငွေ့နံ့များ မွှန်ထူသွားသည်။

နတ်ပန်းသည် လူအများကြီးရှိသည်ဟု ထင်အောင် လေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်လေးတန်ရှိ ပြတင်းပေါက်များကို နေရာပြောင်းပြီး ပစ်ခတ်နေရသည်။ ထို့နောက် . . .

နတ်ပန်းသည် သေနတ်ကျည်ဆန် မထိနိုင်သော ဗိုလ်တဲအလယ်တိုင်မကြီးဘေးရှိ ဆန်အိတ်ကြီးအနီးတွင် ဝပ်နေလေသည်။

ဦးထွန်းဝင်းက လှမ်းအော်လေသည်။

''ဟေ့ . . နတ်ပန်း လက်နက်ချ။ မင်း ဘယ်လိုမှ ပြေးလို့မလွတ်ဘူး၊ မြောင်းမြရာဇဝတ်ဝန် မစ္စတာ ဝက်စ်ဖီးလ်အဖွဲ့ကပါ မင်းကို ထပ်ဝိုင်းထားပြန်ပြီ''

နတ်ပန်းက . . .

''ဂေါ်ရာတပ်နဲ့ ဝိုင်းတာတောင် လက်နက်မချဘူး''

အပြန်အလှန် ပစ်ကြပြန်သည်။

နတ်ပန်းက ကျည်ဆန်ကို ချွေတာပြီး ပစ်နေရသည်။

မစ္စတာဝက်စ်ဖီးလ်သည် ဗိုလ်တဲပေါ်မှ ပစ်ခတ်ပုံကို လေ့လာနေရာမှ . . .

''ဗိုလ်တဲပေါ်မှာ လူကိုးယောက် မရှိဘူး ဦးထွန်းဝင်း။ ခင်ဗျားတို့ ဗိုလ်တဲပေါ်တက်နိုင်အောင် ကြိုးစားပါ''

''မလွယ်ဘူး ဝန်မင်း၊ အပေါ်မှာ သေနတ်ရှိနေတယ်၊ အပေါ်ကို တက်သွားရင် ပစ်ချမှာပေါ့၊ ဗိုလ်တဲတံခါးမကြီးတွေလဲ ပိတ်ထားတာ''

''အို . . ဝါးထရံတံခါးပဲ စောင့်ကန်ပြီး ဖွင့်လို့ရတယ်''





''အခြေအနေ စောင့်ကြည့်ပါဦး ဝန်မင်း၊ လူနည်းလေ နတ်ပန်းတို့ လက်နက်ချဖို့ မြန်မှာပါ''

''ကောင်းပြီ ခင်ဗျားတို့ ဗိုလ်တဲပေါ် မတက်ရဲဘူး မဟုတ်လား။ ကျွန်ုပ်ကိုယ်တိုင် အိပ်ရှေ့လှေကားကြီးကနေ ဗိုလ်တဲပေါ် တက်မယ်''

''မတက်ပါနဲ့ ဝန်မင်း၊ နတ်ပန်းမှာ ကျည်ဆန်အများကြီး ပါမှာ မဟုတ်ပါဘူး။ နတ်ပန်းဟာ ဘယ်တော့မှလဲ ပြေးမလွတ်တော့ပါဘူး။ ပိတ်မိနေပါပြီ၊ အရှင်ဖြစ်ဖြစ် အသေဖြစ်ဖြစ် ဖမ်းဖို့ပဲ ကျန်ပါတော့တယ်၊ သည်းခံပြီး ခဏစောင့်ပါ။ ဗိုလ်တဲပေါ် တက်စရာ မလိုဘူး။ မကြာခင် တိုက်ပွဲပြီးဆုံးတော့မှာပါ''

အချိန်မှာ ညခုနစ်နာရီ ကျော်ခဲ့လေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေပြီ။

နတ်ပန်းသည် ပရိယာယ်တစ်မျိုး ဆင်ပြန်သည်။

သေနတ်နှင့် လုံးဝပြန်မပစ်ဘဲ ငြိမ်သက်နေသောနည်း ဖြစ်သည်။ ပုလိပ်များသည် သို့လော သို့လောနှင့် ဒွိဟသံသယဖြစ် စေသောနည်း ဖြစ်သည်။

ပုလိပ်များ၏ စိတ်ထဲတွင် နတ်ပန်းသည် ယခုလို ငြိမ်သက်သွားသည်မှာ သေနတ်မှန်၍ သေသွားပြီလော။ သို့တည်းမဟုတ် ဗိုလ်တဲပေါ်မှ ထွက်ပြေးလွတ်မြောက်သွားပြီလောဟု သံသယမဖြစ်စေရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်မှ အသံများကြားရသည်။

''အပစ်ရပ်စမ်းဟေ့ အပေါ်က ဘာသံမှ မကြားရဘူး၊ သေနတ်မှန်ပြီး သေပဲသေပြီလား၊ ထွက်ပြေးပဲ ထွက်ပြေးပြီလား''

''ထွက်ပြေးတာတော့ မဖြစ်နိုင်ပါဘူး၊ လူကိုးယောက်တောင် ရှိနေတာပဲ''

''ဘယ်က လူကိုးယောက်ကမှာလဲ အပေါ်မှာ တစ်ယောက်ပဲ ရှိမှာကွ၊ လှေဆိပ်မှာ ခြေရာတွေ အများကြီး လှေပေါ်တက်သွားတာ တွေ့ခဲ့ရတယ်''

တစ်ဦးကို တစ်ဦး အကဲခတ်နေကြသည်။

တိုက်ပိုင်ဦးထွန်းဝင်းက အော်ပြန်သည်။

''ဟေ့ . . နတ်ပန်း အသက်မသေချင်ရင် လက်နက်ချပြီး ဆင်းခဲ့၊ ဗိုလ်တဲပေါ်မှာ မင်းတစ်ယောက်တည်းရှိတယ်ဆိုတာ တို့သိထားပြီ၊ မင်း ဘယ်ကိုမှ ပြေးမလွတ်တော့ဘူး''

နတ်ပန်းသည် နောက်ထပ်တစ်နာရီခန့် အချိန်ဆွဲရဦးမည်ဖြစ်ကြောင်း ခန့်မှန်းမိသည်။

ထိုအချိန်တွင် . . .

မစ္စတာဝက်စ်ဖီးလ်သည် စိတ်မရှည်ဟန် တူလေသည်။ မည်သူမှ တားဆီးထားရန် အချိန်မရလိုက်ကြပေ။

မစ္စတာဝက်စ်ဖီးလ်သည် သူ၏ခြောက်လုံးပြူးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဗိုလ်တဲရှေ့လှေကားမှ တဒိုင်းဒိုင်းနှင့် ပြေးတက်





သွားသည်။ ထို့နောက် . . .

ဝါးထရံကာ ဗိုလ်တဲ၏တံခါးမကြီးကို ခြေထောက်နှင့် ဆောင့်ကန်နေသည်။ နတ်ပန်းက ပစ်ချလိုက်သည်။

''ဒိုင်း''

မစ္စတာဝက်စ်ဖီးလ်သည် ဗိုလ်တဲအောက်သို့ လှေကားအတိုင်း နောက်ပြန် ကျသွားလေသည်။

''ဒုန်း . . ဒုန်း . . ဒုန်း''

မစ္စတာဝက်စ်ဖီးလ် ရရှိသော ဒဏ်ရာမှာ ရင်ဘတ်တစ်ပြင်လုံးရှိပြီး ဒဏ်ရာမှာ ပြင်းထန်လေသည်။

ဦးထွန်းဝင်းနှင့် ရာဇဝတ်အုပ် စောကျော်ဟိုတို့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ သူတို့အတွက် ရာဇဝတ်ဝန်၏ အသက်ဘယ်ရေးက နတ်ပန်းကို ဖမ်းဆီးရမိရေးထက် အရေးကြီးသွားလေပြီ။

အရာရှိနှစ်ယောက်စလုံးသည် မစ္စတာဝက်စ်ဖီးလ်အား ဆေးကင်းရာသို့ ပွေ့ချီသွားကြသည်။ မစ္စတာဝက်စ်ဖီးလ်က . . .

''ကျုပ်တို့ ဂရုမစိုက်နဲ့၊ နတ်ပန်းကို ဂရုစိုက် မလွတ်စေနဲ့''

''စိတ်ချပါ ဝန်မင်း၊ မလွတ်စေရပါဘူး။ ဒီညမကူးခင် နတ်ပန်းကို အသေဖမ်းပါ့မယ်''

ထို့နောက် မစ္စတာဝက်စ်ဖီးလ်ကို မြောင်းမြဆေးရုံသို့ ပို့နိုင်ရန် သူတို့ ဘောက်တူပေါ်သို့ တင်ကြသည်။

ဦးထွန်းဝင်းက စော်ကျော်ဟိုအား မစ္စတာဝက်စ်ဖီးလ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပို့ရန် တာဝန်ပေးလေသည်။

သို့သော် ရေက ကျသွားပြီ ဖြစ်သည်။

ရွှေးမြစ်ထဲတွင် ဖြစ်စေ၊ ပြာမလော့မြစ်ထဲတွင်ဖြစ်စေ၊ သွားလို့ရနေသော်လည်း ဥတိုချောင်းကလေးများနှင့် ရိုးကလေးများ ထဲတွင်မူ လှေလှော်၍ မရတော့ပေ။

ချောင်းရိုးအတိုင်း မြစ်ရှိရာသို့ လူအားနှင့် ဆွဲသွားမှ ဖြစ်မည်။ ထို့ကြောင့် ဦးထွန်းဝင်းသည် ဗိုလ်တဲ ပတ်ဝန်းကျင်တွင် ပုလိပ်စာသင် ကိုအုန်းသင်ဆိုသူနှင့် အမှုထမ်းငါးယောက်ကို ချထားခဲ့သည်။

ပုလိပ်အမှုထမ်း ငါးယောက်ကို ပြန်ရုပ်ပြီး ဘောက်တူကို ပြာမလော့မြစ်ဆီသို့ ချောင်းရိုးအတိုင်း ဆွဲသွားရန် စီစဉ်ကြရသည်။

ဘောက်တူကို ချောင်းရိုးကမ်းပါးပေါ်မှ ကြိုးနှင့်ဆွဲသူကဆွဲ ချောင်းရိုးထဲမှ တွန်းပေးသူက တွန်းပေးနှင့် လုပ်ကြရသည်။

ချောင်းရိုးနှင့် ပြာမလော့မြစ်မှာ တစ်မိုင်ခန့်ဝေးသေးသည်။

နတ်ပန်းသည် ဝရံတာပေါက်မှ ချောင်းကြည့်နေရာမှ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် သေနက်မှန်သွားသော ရာဇဝတ်ဝန် မစ္စတာ ဝက်စ်ဖီးလ်အား သယ်သွားပုံ၊ လူငါးယောက်ခန့် ရုပ်သိမ်း သွားပုံကို တွေ့ရသည်။

ဗိုလ်တဲအောက် ပတ်ဝန်းကျင်တွင် ပုလိပ်အမှုထမ်းငါး ယောက်ခန့်သာ ကျန်တော့သည်ကို နတ်ပန်း သဘောပေါက်သွား





သည်။ နတ်ပန်းသည် ထိုအချိန်တွင် ပရိယာယ်ဆင်၍ လွတ်မြောက်အောင် ကြံစည်ရတော့မည်ဟုတွေးမိသည်။

ထို့ကြောင့် နတ်ပန်းသည် သူ့စွတ်ကျယ်အကျီအဖြူကို ချွတ်ပြီး ဗိုလ်တဲကိုယ်ပေါ်မှ အကျီလွှမ်းသော ဝါးလုံးတန်းတစ်ခုတွင် ချည်လိုက်သည်။ ထိုအချိန်တွင် အောက်မှ စာသင်ကိုအုန်းသန်းက သူ့လက်စွမ်း ပြချင်ဟန်တူသည်။

''ဟော့ . . .အပေါ်က နတ်ပန်း၊ မင်း လက်နက်ချမလား မချဘူးလား'

နတ်ပန်းက . . .

'ကျွန်တော် လက်နက်ချပါ့မယ်၊ ခင်ဗျားတို့ ကျွန်တော့်ကို လာပွေ့ခေါ်ပါ၊ ကျွန်တော် သေနတ်ဒဏ်ရာ ရထားပါတယ်'

နတ်ပန်းက စောစောက မျက်နှာဖြူရာဇဝတ်ဝန် ဆောင့် ကန်ခဲ့သော ဗိုလ်တဲရှေ့ တံခါးမကြီးကို ဖွင့်လိုက်သည်။

ဝါးလုံးတန်းနှင့် စွပ်ကျယ်တို့ဖြင့် ပြုလုပ်ထားသော အလံ ဖြူကို တင်လိုက်သည်။ စာသင်ကိုအုန်းသန်းသည် ဗိုလ်တဲပေါ်သို့ မတက်ရဲပေ။

''မလိုချင်ဘူး၊ မင်းအာသာ ဗိုလ်တဲရှေ့က လှေကားကဆင်း ခဲ့''

ကိုအုန်းသန်းသည် ဗိုလ်တဲရှေ့ တံခါးကို လက်နှိပ်မီးထိုး ကြည့်ရာ အလံဖြူ တင်းထားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်း လက်နတ်ချတော့မည်ကို ယုံကြည်သဖြင့် ဗိုလ်တဲရှေ့ လှေကားမှ စောင့်ရန် သူ့လူများကို ဗိုလ်တဲရှေ့လှေကားကို လှမ်းမြင်ရသော နေရာသို့ စုရုံးထားလိုက်သည်။

နတ်ပန်းက . . .

''ကျွန်တော့်ကို လာခေါ်ပါခင်ဗျာ၊ ကျွန်တော် သေနတ်ဒဏ်ရာ ရထားပါတယ်''

''မလာနိုင်ဘူး။ မင်းဘာသာ ဆင်းခဲ့''

''ဆင်းလို့ မရလို့ပါ ခင်ဗျာ၊ ဗိုလ်တဲပေါ် တက်လာကြပါ။ ကျွန်တော် ဘာမှ မလုပ်နိုင်တော့ပါဘူး''

''ဒါဖြင့်ရင် မင်းရဲ့ သေနတ်ကို ပစ်ချ''

နတ်ပန်းက သစ်သားချောင်းတစ်ခုကို ပစ်ချလိုက်သည်။

''ဘုတ်''

ထိုအချိန်တွင် ကိုအုန်းသန်က လက်နှိပ်ဓာတ်မီးနှင့် ထိုးပြီးကြည့်လိုက်သည်။ နတ်ပန်းက လက်နှိပ်ဓာတ်မီးထိုးသော နေရာသို့ ပစ်ထည့်လိုက်သည်။

''ဒိုင်း''

ချက်ချင်းပင် ညည်းညူသံ ကြားရသည်။

''ဟာ . . ငါတော့ ထိသွားပြီဟေ့''

ပုလိပ်အမှုထမ်းအားလုံးသည် သေနတ်မှန်သူ စာသင်ကိုအုန်းသန်းအား ဝိုင်းပြီး ဘေးကင်းရာသို့ ဆွဲခေါ်နေသည်။





ထိုစဉ်တွင် နတ်ပန်းသည် ယမ်းခါးပတ်ကို ခါးတွင်ချည်ပြီး သူ၏လက်စွဲတော် ဟွန်းတယောကာလေးကို ကိုင်လိုက်သည်။

ထို့နောက် နတ်ပန်းသည် ဗိုလ်တဲနောက်ဖေး လှေကားမှ ခုန်ဆင်းကာ စနိုတောထဲသို့ ပြေးဝင်သွားလေသည်။

''ဟာ . . ပြေးပြီ . . ပြေးပြီ''

ပုလိပ်အမှုထမ်းများ သေနတ်နှင့် လိုက်ပစ်သည်။

''ဒိုင်း . . ဒိုင်း . . ဒိုင်း''

နတ်ပန်းသည် ကျွန်းကိုပတ်ပြီး စောစောက ရာဇဝတ်ဝန်၏ ဘောက်တူကို ဆွဲသွားချသော ဥတိုချောင်းအနီး၌ သွားပုန်းနေသည်။ ထိုနေရာသို့ ပြေးမည်ဟု မည်သို့မျှထင်မည် မဟုတ်သော နေရာဖြစ်၍ လုံခြုံနေသည်။

နတ်ပန်းသည် ဘောက်တူဆွဲသူ တွန်းသူအားလုံး၏ အသံကို ကြားနေရသည်။ သူက အန္တရာယ်မေးချင်လျှင် ရသေးသည်။

သို့သော် သူ၏လွတ်မြောက်ရေးအတွက် အသံမပြုဘဲ ပုန်းအောင်းနေခြင်းသာ အကောင်းဆုံးဖြစ်မည်ကို နတ်ပန်း သဘောပေါက်မိသည်။ ရာဇဝတ်ဝန်ကို တင်သွားသော ဘောက်တူသည် မိုင်ဝက်ခန့်အရောက်တွင် မစ္စတာဝက်စ်ဖီးလ်သည် သေဆုံးသွားလေသည်။

စိတ်ရင်းကောင်း ကံဆိုးသော နတ်ပန်းသည် နောက်ထပ် လူသတ်မှုတစ်ခု တိုးပြန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တက်လူကို သတ်စဉ်က လူသတ်မှု ဖြစ်သော်လည်း ယခု မျက်နှာဖြူ ရာဇဝတ်ဝန်ကို သတ်သဖြင့် လူသတ်မှုထက် ပိုကြီးမည်ကို နတ်ပန်း သဘောပေါက်တော့မည်။

မျက်နှာဖြူ ရာဇဝတ်ဝန် သေဆုံးသွားပြီးနောက် ရောဝတီပိုင်းတွင်သာမက မြန်မာပြည် တစ်ပြည်လုံးတွင်ပင် မျက်နှာဖြူရာဇဝတ်ဝန်ကို သတ်သွားသော နတ်ပန်း နာမည်ကြီးသွားလေပြီ။

အင်္ဂလိပ်အစိုးရကလည်း သူတို့လူမျိုးအား သတ်သော နတ်ပန်းကို ချက်ချင်းပင် အသေရရ၊ အရှင်ရရ ဆုငွေ ငါးထောင်ကျပ် ပေးမည်ဟု ရာဇဝတ်မှု ပြန်တမ်းတွင် ကြေညာချက် ထုတ်ပြန်လိုက်လေသည်။

နတ်ပန်းကား ဆုတော်ငွေထုတ် လူဆိုးကြီးဖြစ်သွားလေသည်။ နတ်ပန်း၏ ဦးခေါင်းသည် ငွေငါးထောင် တန်သွားပေပြီ။

* * *



## အခန်း[၁၉]

လက်သန်းသည် ကကရဲကြိုးဝိုင်း၊ ညီနောင်ကြိုးဝိုင်း၊ ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ ငွေသောင်ယံ စသောနေရာတို့တွင် လှည့်လည် ကျက်စားနေရာမှ ငှက်များ၏ သားကောင် ဖြစ်ရလေသည်။

လက်သန်းသည် သူ၏ သားကောင်ဖြစ်သော ခရီးသွားလှေများကို ဓားပြတိုက် လုယက်ဖျက်ဆီးခဲ့သည်။

ယခု လက်သန်းကိုယ်တိုင်မှာမူ ကံကြမ္မာ၏ သားကောင်အဖြစ် ငှက်ဖျားဝေဒနာရှင် ဖြစ်လာလေပြီ။ လက်သန်း၏ ငှက်ဖျားမှာ ကျွမ်းရင့်နေလေပြီ။ ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်သော ရောဂါ ဖြစ်နေလေသည်။ လက်သန်း၏ တစ်ကိုယ်လုံးမှာ မီးနေသည် နန္ဒင်းလှူးထားသလို ဝါထိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်မှာလည်း ဝါးခြမ်းပြား ထောင်ထားသလို ပိန် ကပ်နေသည်။ ဝမ်းဗိုက်နှင့် ကျောကုန်းမှာ ကပ်နေသည်။

နံရိုးများမှာ ဘယ်နှစ်ချောင်းရှိသည်ဟုပင် ရေတွက်၍ ရလေ သည်။ လက်သန်း၏ မျက်လုံးများ အတွင်းသို့ ချိုင့်ဝင်နေပြီးလျှ မျက်လုံးများမှာ ကြောက်စရာကောင်းလောက်အောင် ပြူးနေသည်

ပုစွန်မျက်လုံးဟုပင် ဆိုရပေမည်။

ယခုအခါတွင် လက်သန်း စိတ်နှလုံး ဒုံးဒုံးချမိလေတော့ သည်။ လက်သန်းက သူ့ကိုယ်သူ သိနေပါပြီ။

ဤလို တောပုန်းဘဝမျိုးနှင့်ကား ဤတောင်က ကျော်နိုင ဖွယ်ရာ မရှိတော့ပေ။ သူ့ရောဂါမှာ မြို့သို့တက်ပြီး ဆေးရုံ၌ စနစ်တက ကုသလျှင် ပျောက်ကင်းနိုင်သည်။

သို့သော်လည်း တောပုန်းဖြစ်နေသော လက်သန်းသည် သာမန်လူများ ခံစားစံစားနိုင်ခွင့်ရှိသော ဆေးကုသခွင့်များ မရှိ

သူ့ရောဂါပျောက်ရန် မြို့သို့တက်ပြီး ဆေးကုလျှင် ပျော ကင်းကောင်း ပျောက်ကင်းနိုင်သည်။ သို့သော် သူ ဆေးရုံတ နေကြောင်းကြားရသည်နှင့် သူ အဖမ်းခံရမည်။

သူ့ရောဂါ ပျောက်ချင်ပျောက်မည် ဖြစ်သော်လည်း သူ ကျူးလွန်ခဲ့သော ပြစ်မှုများက ပျောက်ပျက်လိမ့်မည် မဟုတ်ပါပေ

ထို့ကြောင့် လက်သန်းသည် ကြုံလကာချောင်းဘေးစခ ၌ ဝှက်ဖျားဒဏ်ကို ခေါင်းစင်းခံနေရသည်။





တောပုန်းလူဆိုးတို့ အားကိုးရာ ငှက်ဖျားပျောက်သည် ဆို သော ဆေးမီးတိုအမျိုးမျိုးကိုလည်း လက်သန်းသည် ရေလဲနှင့် သုံး စွဲပြီးပြီ။ လက်လှမ်းမီရာ ဗိန္ဓောဆရာများကို သူ့တပည့်များက အ နုနည်းနှင့် တစ်ဖုံ၊ အကြမ်းနည်းနှင့် တစ်သွယ် ပင့်ဖိတ်၍ လက်သန်း အား လက်သိပ်ထိုး ကုသပေးခဲ့ပြီးပြီ။

သို့သော် လက်သန်း၏ ငှက်ဖျားကား မပျောက်နိုင်တော့ ပေ။ ထို့ကြောင့် လက်သန်းသည် သေမည့်အချိန်ကိုသာ စောင့်နေ ရတော့သည်။ စိတ်ဓာတ်ကြွင်းသမျှ အရင်းမရှုံးဟု ဆိုသော်လည်း ယခုမူ လက်သန်းကိုယ်တိုင်က စိတ်လျှော့နေပြီ။

သူ ကိုယ်တိုင်က သူ သေတော့မည်ဟု စိတ်ကို ဒုံးဒုံးချ လိုက်ပေပြီ။ လက်သန်းသည် သေရမည်ဆိုလျှင်လည်း ကျေနပ်နေ မည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် တောပုန်းလူဆိုးသည် သူ လုပ်ချင် တာမှန်သမျှ လုပ်ခဲ့ရပြီ။ ပင်လယ်ပြင်နှင့် မြစ်ချောင်း အင်းအိုင်ထဲတွင် တွေ့သမျှ ပြင်စလူရှာသားများကို သူ ဒုက္ခအောင်းကောင်း ပေးခဲ့ပြီး ဖြစ်သည်။

ပြင်စလူရှာမှဆိုလျှင် သူ့လက်တွင်းမှ မလွတ်နိုင်အောင် သူက ရှာကြံ၍ နှိပ်စက်သည်။ မြစ်ချောင်းအင်းအိုင်ထဲတွင် တွေ့သ ပြင်စလူရှာမှ လှေမှန်သမျှကို သူ ဓားပြတိုက်သည်။

မခုခံဘဲ အေးအေးဆေးဆေး ဓားပြတိုက်ခံလျှင် သူက



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ကလူပြုရုံသာ ပြုသည်။ အာခံမည်၊ ဘက်ပြန်မည်၊ ခုခံမည်ဆိုလျှင်ကား အသေသတ်ပစ်သည်။

လက်သန်း၏ လက်သုံးစကားမှာ ပြင်စလူရွာမှဆိုလျှင် လှေကိုရေ၊ လူကိုသေ ဟူ၍ ဖြစ်သည်။ လှေကို ဖောက်ခွဲပစ်ပြီး ရေထဲနစ်မြုပ်ပစ်သည်။ လူကို အသေသတ်ပစ်သည်။

ပြင်စလူရွာသားများမှာ သူ့ကြောင့် ဒုက္ခရောက်သူပေါင်း မနည်းတော့ချေ။ ထို့ကြောင့် ပြင်စလူရွာအပေါ် သူ ဒုက္ခပေးရသည်ကို ကျေနပ်လောက်ပြီ။

သူ သေမည်ဆိုပါက သေပျော်ပါပြီ။

''သူ၏ရည်မှန်းချက် ပြည့်ဝသည်'' ဟု ဆိုကောင်း ဆိုနိုင်ပါသည်။

ထို့ကြောင့် လက်သန်းသည် သေရမည်ကို မကြောက်တော့ချေ။ သေရမည်ဆိုလျှင်လည်း သူ သေချင်ပါပြီ။

သို့သော် သူ၏ ရင်ထဲမှ အမုန်းကမူ ကြေချိန်တန်၍ မကြေသေးပေ။ ပြင်စလူရွာအပေါ် သူထားခဲ့သော အငြိုးကား ဒီရေတိုးသလိုသာ ရှိနေသေးသည်။

ထို့ကြောင့် လက်သန်းသည် သေခါနီးအချိန်ထိ ဂယောင်ဂယမ်း ဖြစ်နေချိန်မှာပင် ပြင်စလူရွာကို ဒုက္ခပေးဖို့ ကြံစည်စိတ်ကူးနေတုန်း ဖြစ်သည်။

လက်သန်းသည် ဘဝကို ရင်းနှီး၍ ပြင်စလူကို ဒုက္ခပေးခဲ့ရ





သည်ကို အားမရနိုင်သေး။ သူ သေပြီးနောက်တွင်ပင် ပြင်စလူရွာကို ဒုက္ခပေးချင်သေးသည်။

ဝိညာဉ်မဲ့ကင်း ရုပ်ကြွင်းခန္ဓာဘဝတွင်ပင် လက်သန်းသည် ပြင်စလူရွာကို ဒုက္ခပေးချင်သည်။ ငယ်စဉ်ယုတ်မာ ကြီးခါဆိုးဝါး၍လူစားကား တရားဘယ်မှာ ရနိုင်ပါမည်ဆိုသကဲ့သို့ လက်သန်းလို လူမျိုးကား ဘယ်သောအခါမှ တရားရမည့်လူစား မဟုတ်ချေ။

ရှင်စဉ်အခါ ဆိုးဝါးပြီး သေသွားတော့လည်း ဒုက္ခပေးဦးမည့် လူစားမျိုးဖြစ်သည်။ ထို့ကြောင့် လက်သန်းသည် ပြင်စလူရွာကို သူ့အလောင်းနှင့် ထောင်နမောင်းကြေအောင် ဖျက်ဆီးဦးမည်ဟု စိတ်ကူးလိုက်သည်။

ထို့ကြောင့် လက်သန်း တုန်ချမ်းချမ်းပြီး ဖျားနေသည့်ကြားမှ သူ့လက်စွဲတော် တပည့်နှစ်ယောက်ဖြစ်သော ပေါကြွယ်နှင့် ရန်းဂါးကို ခေါ်လိုက်သည်။ လက်သန်းက သူ၏အစီအစဉ်ကို ပေါကြွယ်နှင့် ရန်းဂါးတို့ကို ပြောပြလေသည်။

''ဟေ့ .. ပေါကြွယ်''

''ဟုတ်ကဲ့ အာစရိ၊ ကျွန်တော် အနားမှာ ရှိပါတယ်''

''ရန်းဂါးရော''

''ရှိပါတယ် အာစရိ''

''ငါတော့ နေရမယ် မထင်တော့ဘူး''

ပေါကြွယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"အာစရိကလဲ အားမလျှော့ပါနဲ့ အာစရိကို ငှက်ဖျားကျ ကောင်းတဲ့ သိလ္လာတောင်ကျောက ဆေးနီဆရာ သွားခေါ်ပေးပါ့မယ်"

"ဆေးနီဆရာ ဟုတ်လား၊ ဘာဖြစ်လို့ ဆေးနီဆရာလို့ ခေါ်တာလဲ"

"သူ့ ဆေးမှန်သမျှ ဘာဆေးပဲဖြစ်ဖြစ် အနီရောင် ဆေးလုံးချည်းပဲ၊ ဒါကြောင့် သူ့ကို ဆေးနီဆရာလို့ ခေါ်တာ၊ သူ ကိုယ်တိုင်က တော့ ဆေးကို ရွှေတလေးဆေး မြတလေးဆေးလို့ နာမည်ပေးထားတာ။

သူ့ဆေးက ရွှေလို တန်ဘိုးရှိတယ်၊ မြလို အဘိုးတန်တဲ့ပေါ့"

"ဒါဖြင့်ရင်လဲ ရွှေတလေး မြတလေး ဆရာပေါ့"

"ဟုတ်ပါတယ် အာစရိ"

"အပင်ပန်းခံပြီး ခေါ်မနေပါနဲ့တော့ကွာ၊ စိန်တလေး ပတ္တမြားတလေး ဆရာလာရင်လဲ ငါ့ရောဂါက ကုလို့ မရတော့ပါဘူး၊ ငါ့ရောဂါက ကျွမ်းနေပါပြီ။ ငါ့ဘဝလဲ မီးဇာကုန်ဆီမခမ်းပေမယ့် ငါ့လိုလူမျိုး ဆက်ပြီးအသက်ရှင်နေရင် လောကကြီး ဒုက္ခရောက်မှာစိုးလို့ လောကပါလနတ်တွေကလဲ သေစေချင်ပါပြီ၊ ငါကလဲ သေချင်ပါပြီ"

"အားမလျှော့ပါနဲ့ ဆရာ"

"အားမလျှော့ပေမယ့် စိတ်ကလျှော့နေရင် မရတော့ဘူး။





ငါက သေချင်နေပြီ။ ငါ ဆက်ပြီး အသက်ရှင်နေလို့လဲ ဘာထူးမှာလဲ၊ ဒီလိုလူဆိုးဘဝနဲ့ပဲ ဇာတ်သိမ်းရမှာပဲ။ ငါ မောလှပြီ။ ငှက်ဖျားဒဏ်ကို ခံရမှာ ငါသိပ်ကြောက်နေပြီ၊ ငါ သေချင်ပြီ"

လက်သန်း၏ မျက်နှာမှာ စကားပြောရသဖြင့် ပို၍ ပင်ပန်းလာသဖြင့် ဝါထိန်နေရာမှ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

လက်သန်း၏ အသံကမူ ခေါင်နေသေးသည်။

လက်သန်းသည် မောလာသဖြင့် အတန်ကြာ နားနေသေးသည်။ ထို့နောက် လက်သန်းက မှုန်ရီသော မျက်လုံးအစုံဖြင့် ပေါ်ကြွယ်နှင့် ရန်းဂါးတို့ကို ကြည့်ပြီး . . .

"တပည့်ထဲမှာ မင်းတို့ကို ငါ အချစ်ဆုံး၊ ဝေစုဆိုရင်လဲ အများဆုံးပေးတယ်ဆိုတာ မင်းတို့ သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ် အာစရိ"

"ဟုတ်ကဲ့ အာကိုရီး"

ပေါ်ကြွယ်ကရော ရန်းဂါးကပါ ပြိုင်တူဖြေလိုက်သည်။

"အာစရိကိုလဲ ကျွန်တော်တို့ အားကိုးပါတယ် အာစရိရယ်၊ အချစ်လဲ အချစ်ဆုံးပါ"

ပေါ်ကြွယ်က လက်သန်း စိတ်ချမ်းသာစေရန် ဖြည့်စွက်၍ ပြောလိုက်သည်။ လက်သန်းက ပြုံးရောင်သမ်းသွားပါပြီ။

"အော . . ဒီလိုဆို မင်းတို့ ငါ့ရဲ့နောက်ဆုံး ဆန္ဒကို လိုက်လျောမလား"



www.burmeseclassic.com

www.burmeseclassic.com



''လိုက်လျှောပါ့မယ် အာစရိ၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ ပြောသာပြောပါ၊ အားမနာပါနဲ့''

လက်သန်းသည် လေပြတ်သွားပြန်သည်။

လက်သန်းသည် စကားပြောရသည်မှာ အလွန်မောပန်းနေသဖြင့် နားနားပြီး ပြောရသည်။ လက်သန်းက အားယူပြီး ပြောပြန်သည်။

''မင်းတို့ သေသေချာချာ နားထောင်ကွာ၊ မရှင်းတာဆိုလဲမေး၊ ငါ စကားပြောရတာ မောလာပြီ''

''ဖြည်းဖြည်းပြောပါ အာစရိ''

''ဖြည်းဖြည်းပြောဖို့ ငါ့မှာ အချိန်မရှိတော့ပါဘူးကွာ၊ မင်းတို့ သေသေချာချာ နားထောင်ပါ၊ တစ်လွဲတစ်ချော် မဖြစ်ပါစေနဲ့။ ဟော့ကောင် ရန်းဂါ၊ မင်းလဲ သေသေချာချာ နားထောင်၊ မင်းက လုပ်လိုက်ရင် အရမ်းချည်းပဲ''

''ဟုတ်ကဲ့ အာကိုဂျီး''

လက်သန်းသည် သူ့စကားကို ဆက်မပြောသေးဘဲ နားလိုက်ရပြန်သည်။ အတန်ကြာမှ လက်သန်းက . . .

''မင်းတို့ ငါသေရင် ငါ့အလောင်းကို လက်ပြန်ကြိုးတုပ်ပြီး ပြင်စလူရွာအနီးမှာ သွားပစ်ထားပါကွာ၊ ပြီးတော့ . . .''

ရန်းဂါးက ချက်ဆိုရင် နားကွက်က မီးတောက်ဟန်ဖြင့် . .

''ဟာ . . ကျွန်တော်သိပြီ အာကိုဂျီး၊ အာကိုဂျီးက ပြင်စ





လူရွာသားဆိုတော့ ပြင်စလူရွာကို ချစ်တာကိုး။ အာကိုဂျီးကို ပြင်စလူရွာနားမှာ သွားမပစ်ထားရက်ပါဘူး။ ပြင်စလူရွာ သင်္ချိုင်းကုန်းက အာကိုဂျီးအမေရဲ့ သင်္ချိုင်းဘေးမှာ သေသေချာချာ မြှုပ်နှံပါ့မယ်။ ဘုန်းကြီးကိုလည်း ဆွမ်းကပ်ပါ့မယ်၊ စိတ်ချပါ''

လက်သန်းက စိတ်ဆိုးသွားသည်။

လက်သန်းသည် ဒေါသဖြစ်သဖြင့် စိတ်ကဆောင်ကာ အသံကျယ်လာသည်။

''ဒီကောင် ငါပြောတဲ့စကားကို သေသေချာချာ နားမထောင်ဘူး။ မင်းပြောတာ တစ်ခုမှမဟုတ်ဘူး။ ဒါကြောင့် ငါပြောတာ သေသေချာချာ နားထောင်လို့ ပြောတာပေါ့ ရန်ဂါးရယ်''

ပေါ်ကြွယ်က ရန်းဂါးကို ဝင်၍ ဟန့်လိုက်သည်။

''ဟော့ကောင် ရန်းဂါ၊ မင်း ပါးစပ်ပိတ်ထားစမ်းကွာ၊ နားမလည်ရင် ငါ့ကိုမေး၊ ငါ ရှင်းပြမယ်၊ အာစရိကို သွားမနှောင့်ယှက်နဲ့''

ရန်းဂါး ဇက်ပုပြီး ငြိမ်သွားသည်။

လက်သန်းက . . .

''ကဲ . . ပေါ်ကြွယ်ရေ၊ မင်းကပဲ သေသေချာချာ နားထောင်ပြီး ငါပြောသလို လုပ်ပေးပါကွာ။ ဟိုကောင် ရန်းဂါးပြောသလို ငါက ပြင်စလူရွာကို ချစ်လို့ ပြင်စလူသင်္ချိုင်းကို ခေါင်းချချင်တာမဟုတ်ဘူး။ ငါက သရဲအာဝနဲ့တောင် ပြင်စလူတစ်ရွာလုံး ပျက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ချင်တာ''

ပေါကြွယ်ကလည်း သူကြားဖူးသမျှနှင့် ဝင်ပြောပြန်သည်။

''ပြင်စလူကို သရဲခြောက်ချင်ရင် အခုလို ဖွက်ဖျားရော[illegible] နဲ့ ရိုးရိုးသေပြီး ခြောက်လို့မရဘူး အာစရိ။ အစိမ်းသေ သေမှ သ[illegible] ခြောက်လို့ရသတဲ့၊ သရဲတော့ မခြောက်ပါနဲ့ အာစရိရာ''

လက်သန်းက စိတ်မရှည်သော လေသံဖြင့် . . .

''တော်စမ်းပါကွာ မင်းပြောတာလဲ မဟုတ်ဘူး။ ငါ[illegible] သရဲခြောက်တယ်ဆိုတာ ဥပမာပြောတာ''

ပေါကြွယ်က . .

''ဥပမာ မပြောပါနဲ့ အာစရိရာ၊ ကျွန်တော်က လူဆိုး[illegible] မယ့် သရဲကြောက်တယ်။ အာစရိက ဥပမာလို့ပြောတာတော[illegible] ကျွန်တော် ကြက်သီးထနေပြီ''

''တော်စမ်းပါကွာ မင်းလဲ ပါးစပ်ပိတ်ထားစမ်းပါ။ မင်းတို့[illegible] ရှင်းပြနေရတာနဲ့ ငါ့စကားတောင် ဘယ်ရောက်သွားမှန်း မသိတော့ ဘူး''

လက်သန်းက ဝေါက်လိုက်မှ ပေါကြွယ် နှုတ်ဆိတ်သွား[illegible] သည်။ လက်သန်းက . . .

''ငါ ပြောတာ သေသေချာချာ နားထောင်ကွ၊ မင်းတို့[illegible] ရှင်းအောင် ပြောမယ်ကွာ။

နံပါတ်တစ် . . . ငါ သေသွားရင် ငါ့အလောင်းကို လ[illegible]





ပြန်ကြိုးတုပ်။

နံပါတ်နှစ် . . . ပြီးရင် ငါ့အလောင်းကို ညဘက် လှေနဲ့တင် ပြီး ပြင်စလူရွာကို လှော်သွား။ ပြင်စလူရွာရောက်ရင် ငါ့အလောင်းကို ရွာနဲ့ မလှမ်းမကမ်းမှာချခဲ့။

နံပါတ်သုံး . . . ဒါပြီးရင် ငါ့အလောင်းကို ဓားနဲ့ ကြိုက်သ လောက် ခုတ်ခဲ့။ ကဲ . . ပြန်ပြောစမ်း''

ပေါကြွယ်က . . .

''အာစရိရဲ့ အလောင်းကို လက်ပြန်ကြိုးတုပ်၊ ပြင်စလူရွာ မှာ သွားချထား။ ပြီးတော့ အလောင်းကို ဓားနဲ့ခုတ်။ ဓားနဲ့ထိုး ဟုတ်လား''

''ဟုတ်တယ် . . အေး ဓားနဲ့ခုတ်တဲ့နေရာမှာ အလောင်း ပျက်ချင် ပျက်ပါစေ၊ သေလောက်တဲ့ ဒဏ်ရာဖြစ်အောင် ခုတ်နော်။ ကဲ . . မရှင်းတာ ရှိသေးလား''

''ရှင်းပါတယ် အာစရိ''

''အေး . . အဲသလိုဆိုရင်လဲ ငါ ပြောသလို တစ်သဝေမတိမ်း လုပ်ကြ။ နည်းနည်းကလေးမှ မလွဲစေနဲ့''

''ဟုတ်ကဲ့ပါ အာစရိ''

''ကဲ . . ပြန်ပြောစမ်းပါဦးကွာ၊ မှတ်မိရဲ့လားလို့''

''မှတ်မိပါတယ် အာစရိရဲ့၊ အာစရိ သေရင် အလောင်းကို လက်ပြန်ကြိုးတုပ်ပြီး ပြင်စလူရွာအနီးမှာ သွားချထား။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အာစရိရဲ့ အလောင်းကို ဓားနဲ့ စိတ်ရှိသလောက် ခုတ်ပြီး မွှန်းခဲ့

တစ်ဘဝစံများသည် သက်ဆိုးရှည်သည် ဆိုသကဲ့သို့ လက်သန်းသည် တော်တော်နှင့် မသေသေးပေ။ ကျိန်ဆဲလေ အသက်ရှည်လေဆိုသကဲ့သို့ လက်သန်းသည် သုံးရက်ခန့် အသက်ရှင်နေသေးသည်။

ထို့နောက် မြို့မေတ္တာခံယူသော မြို့တော်တီးဝိုင်းအဖွဲ့ခေါင်းဆောင် လက်သန်းသည် သေဆုံးသွားလေသည်။ ထိုအခါ သူ့၏ တပည့်များက သူတို့ဆရာ၏ သေတမ်းစာအတိုင်း ပြုလုပ်ပါသည်။

ငှက်ဖျားရောဂါကြောင့် သေဆုံးသွားသော လက်သန်း၏ အလောင်းကို လက်ပြန်ကြိုးတုပ်ပြီး လှေတစ်စီးပေါ်သို့ တင်သည်။

အနှလောင်းကို စောင်အုပ်သည်။

ရန်းဂါးက လှေဦးမှလှော်ပြီး ပေါကြွယ်က လှေပဲ့မှ လှော်သည်။ သူတို့လှေသည် ပြင်စလူရွာအနီးသို့ ရောက်သောအခါ မိုးလင်းကာနီးနေပြီဖြစ်သည်။

လက်သန်း၏ အလောင်းကို ပြင်စလူရွာအနီးသို့ သွား ထားရန် အချိန်ရှိသေးသော်လည်း သူတို့ လူမြင်သူမြင် မခံဝံ့ပေ။

ထို့ကြောင့် ပေါကြွယ်နှင့် ရန်းဂါးတို့သည် လှေကို ပြင်စလူ ရွာအနီး တယ်ပင်ကိုင်း ချောင်းရိုးအတွင်းသို့ လှော်သွင်းရသည်။

တယ်ပင်ကိုင်းချောင်းရိုး၌ ပြင်စလူနှင့် တယ်ပင်ကိုင်းရွာ ကူးသော တံတားအသစ်ကလေးအနီးတွင် လက်သန်း၏ အလောင်း





ကို ချလေသည်။ ပြင်စလူရွာဘက်ကမ်းတွင် ချထားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် လက်သန်း အလောင်းကို အသင့်ပါလာသော ဓားများနှင့် စိတ်ရှိလက်ရှိ ခုတ်ကြသည်။

လက်သန်း၊ အသက်ရှင်စဉ်က အာစရိကို ချစ်ပါတယ်၊ အာကိုဂျီးကို ချစ်ပါတယ်ဆိုခဲ့ကြသော်လည်း ယခုလို အသက်မရှိတော့ဘဲ သူတို့ကို ဒုက္ခမပေးနိုင်မှန်း သိသောအခါ ပေါကြွယ်နှင့် ရန်းဂါးတို့သည် စိတ်နာနာနှင့် လက်သန်း၏ အလောင်းကို ဓားနှင့် ခုတ်ကြသည်။

စိတ်မနာဘဲ ခံနိုင်ရိုးလား။ ဓားပြတိုက်၍ ရလျှင် လက်သန်းက ဝေစုပိုယူသည်။ ပြီးတော့ ရွာခေါင်းထံမှ ယူခဲ့သော နှစ်လုံးပြူး သေနတ်နှင့် သဘောပေါ်မှ နတ်ပန်းကို ကယ်စဉ်ကရခဲ့သော မတ်စ ကာတ်သေနတ်နှစ်လက်အတွက် သေနတ်ကြေးဆိုပြီး သေနတ်နှစ်လက်ကိုလည်း ဝေစုပေးရသေးသည်။

လက်သန်း အသက်ရှင်နေတုန်းက အမြဲခေါင်းပုံဖြတ်ခဲ့သည်။ အနိုင်ကျင့်ခဲ့သည်။

ထို့ကြောင့် လက်သန်းအလောင်းကို စိတ်ရှိလက်ရှိ ဓားနှင့် ခုတ်ပြီးထားခဲ့သည်။ လက်သန်း၏ အလောင်းကို ထားခဲ့သော တံတားအသစ်မှာ နတ်ပန်း မီးရှို့ခဲ့သော တံတားကို ပြန်လည်ပြုပြင်ထားခြင်း ဖြစ်သည်။

ထို့နောက် ပေါကြွယ်နှင့် ရန်းဂါးတို့သည် လှေကိုလှော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြလေသည်။ သူတို့သည် လက်သန်းမှာသည့်အတိုင်း ပြုလုပ်ပေးခဲ့ရသော်လည်း ဘာကြောင့် ထိုသို့လုပ်ခဲ့ရသည်ကို သူတို့နားမလည်။ ဉာဏ်မမီပေ။

လက်သန်း မသေမီကလည်း ဘာကြောင့် ထိုသို့လုပ်ရမည်ကို မေးရကောင်းမှန်း သူတို့မသိခဲ့။

ထိုသို့ သူတို့ ဉာဏ်ပညာထုံထိုင်းမှုကြောင့် သူတို့ဆရာ လက်သန်းက လှည့်စားသမျှကို သူတို့လူဆိုးဘဝတစ်ခုလုံး ခံခဲ့ကြရခြင်းဖြစ်သည်။ ယခု သူတို့ ယခုကဲ့သို့ လုပ်ခဲ့သော အဓိပ္ပာယ်ကိုသာ နားလည်ပါက သူတို့ဆရာလုပ်ခိုင်းသလို လုပ်ကြမည် မဟုတ်ပေ။

ထိုနေ့ မိုးလင်းသည်နှင့် တယ်ပင်ကိုင်းမှ ပြင်စလူသို့ ဈေးလာရောင်းသူများမှာ ရွာလုံးကျွတ်ကျွတ်နီးနီး တယ်ပင်ကိုင်းချောင်းရိုးထဲမှ လက်သန်း၏အလောင်းကို လာကြည့်ကြသည်။

လက်သန်း၏ အလောင်းမှာ လက်ပြန်ကြိုးလည်း တုပ်ထားပြီး တစ်ကိုယ်လုံးလည်း ဓားနှင့် ခုတ်ထစ်ပြီး မွမ်းထားသလိုဖြစ်နေသည်။ အလောင်း၏ ပုံသဏ္ဌာန်မှာ လူသတ်ခံရသော ပုံမျိုးဖြစ်နေသည်။

လူသတ်ခံရသောပုံမှာ ရန်ငြိုးကြောင့် ရက်ရက်စက်စက် ဓားနှင့်ခုတ်ပြီး မွမ်းသောပုံမျိုး ဖြစ်သည်။

လက်သန်းကလည်း ပြင်စလူတစ်ရွာလုံးက မုန်းတီးနေသူဖြစ်ရာ လက်သန်း၏အလောင်းမှာ လူသတ်ခံရသော အလောင်းဟု





မည်သူမျှ မငြင်းနိုင်တော့ပေ။

လက်သန်း၏ အလောင်းကို ကြည့်ပြီး ရွာနှစ်ရွာစလုံး အုံးအုံးကြွက်ကြွက်ဖြစ်နေရာ တယ်ပင်ကိုင်းရွာမှ ရွာသူကြီး ဦးထွန်းသာနှင့် ပြင်စလူရွာမှ ရွာခေါင်းစောမြဒင်ကလည်း ရောက်လာကြသည်။

လူကြီးနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး လက်သန်း၏ကိစ္စကို ဆွေးနွေးကြရသည်။ လက်သန်းအလောင်းမှာ လူသတ်ခံရသော အလောင်းဖြစ်သဖြင့် အလောင်းကို ဖျောက်ဖျက်ပစ်၍ မရပေ။

ထို့ကြောင့် တယ်ပင်ကိုင်းသူကြီး ဦးထွန်းသာက လပွတ္တာဂါတ်တဲသို့ လူလွှတ်ပြီး အကြောင်းကြားလေသည်။

ထိုနေ့ညနေပိုင်းမှာပင် လပွတ္တာဂါတ်တဲမှ ပုလိပ်များရောက်လာပြီး လက်သန်း၏အလောင်းကို စစ်ဆေးသည်။ ပုလိပ်များကလည်း လက်သန်းသည် လူသတ်ခံရမည်ဟု ယုံကြည်သွားလေသည်။

ထို့ကြောင့် လပွတ္တာဂါတ်တဲမှ လူသတ်မှုဖြစ်ပြီး စစ်ဆေးလေသည်။ အလောင်းတွေ့သောနေရာမှာ ရွာနှစ်ရွာ၏ နယ်ခြားတွင်ဖြစ်၍ လက်သန်းအသတ်ခံရမှုကို ပုလိပ်များက နှစ်ရွာစလုံးကို စစ်ဆေးလေသည်။

လက်သန်း၏အလောင်း တွေ့သောနေရာမှာ ရွာနှစ်ရွာကြားသော တံတားနားတွင်ဖြစ်၍ နှစ်ရွာစလုံးက လက်သန်းကို သတ်နိုင်သည် မဟုတ်ပါလော။ ထိုသို့ လူသတ်မှု စစ်ဆေးရာ၌ လက်



www.burmeseclassic.com

www.burmeseclassic.com



သန်း၏ အလောင်းသည် ပြင်စလူရွာနှင့် တယ်ပင်ကိုင်းရွာကို ပြီး မွေ့တော့သည်။

ပထမဆုံး ပြင်စလူရွာက တယ်ပင်ကိုင်းကို စွပ်စွဲခြင်း ဖြစ်သည်။ လက်သန်းကို ပြင်စလူရွာသားများ မသတ်မှန်း ပြင်စလူရွာသားတိုင်း သိသည်။

ထို့ကြောင့် လက်သန်းကို သတ်သူမှာ ပြင်စလူရွာသားထဲက မဖြစ်နိုင်ဟု ယူဆသည်။ အကယ်၍ ပြင်စလူရွာသားများကသာ လက်သန်းအား သတ်ရိုးမှန်လျှင် ပြင်စလူရွာသား တစ်ယောက်မဟုတ်တစ်ယောက် သိရမည်။

ပြင်စလူရွာသားများက လက်သန်းကို သတ်သည်ဆိုလျှင်လည်း လက်သန်း၏အလောင်းသည် ပြင်စလူရွာထဲတွင် ရှိရမည်။

ထို့အပြင် အလောင်းကို ဖျောက်ဖျက်သည့် အနေနှင့် ဖျောက်ပစ်မည်ဆိုလျှင်လည်း ပြင်စလူမြစ်ကသာ မျှောပစ်ရမည်။

တယ်ပင်ကိုင်းချောင်းမှာ ရိုးကလေးသာသာဖြစ်၍ လက်သန်းအလောင်းကို ထိုနေရာမှ မျှောချ၍မရပေ။

ထို့ကြောင့် ပြင်စလူရွာသားများက စဉ်းစားမိသည်မှာ တယ်ပင်ကိုင်းရွာသားများကသာ လက်သန်းကို သတ်ခြင်း ဖြစ်သည်။ ထိုကြောင့်သာလျှင် လက်သန်း၏အလောင်းကို တယ်ပင်ကိုင်းရွာဘက်၌ မထားဘဲ ပြင်စလူရွာဘက်ကမ်း၌ လာချထားခြင်း ဖြစ်သည်။





တယ်ပင်ကိုင်းရွာသားများသည် ပြင်စလူရွာသားများကို အကောက်ကြံပြီး ချောက်တွန်းခြင်းမျှသာ ဖြစ်သည်ဟု ပြင်စလူရွာသားများက ယူဆသည်။ တယ်ပင်ကိုင်းရွာသားများအနေနှင့်လည်း လက်သန်းသည် သူတို့ရွာသားမဟုတ်။

သူတို့ရွာ၌လည်း လက်သန်းသည် ရာဇဝတ်မှု ကျူးလွန်ခဲ့ဖူးခြင်းမရှိ။ ထို့ကြောင့် တယ်ပင်ကိုင်းရွာအနေနှင့် လက်သန်းအား မုန်းတီးစရာမလိုပေ။ ထို့ကြောင့် တယ်ပင်ကိုင်းရွာသားများက လက်သန်းကို သတ်စရာမလိုပေ။

သတ်ခြင်းသတ်လျှင် လက်သန်းကို မုန်းတီးနေသော ပြင်စလူရွာသားများကသာ သတ်ခြင်းဖြစ်ရမည်ဟု တယ်ပင်ကိုင်းရွာသားများက ယူဆသည်။ မျက်မြင်အားဖြင့်လည်း အလောင်းသည် ပြင်စလူဘက် ကမ်း၌သာ ရှိသည်။

တယ်ပင်ကိုင်းဘက်ကမ်း၌ အလောင်းမရှိ။ လက်သန်းအသတ်ခံရမှုနှင့် တယ်ပင်ကိုင်းရွာသည် ဘာမျှမဆိုင်ပေ။

ထို့ကြောင့် လက်သန်း အသတ်ခံရမှုသည် တယ်ပင်ကိုင်းနှင့် ဘာမျှမဆိုင်။ ဘာမျှမပတ်သက်။ ပြင်စလူရွာ၏ တာဝန်သာ ဖြစ်သည်။

ပြင်စလူရွာကလည်း တယ်ပင်ကိုင်းကို မယုံသင်္ကာဖြစ်ပြီး သူလျှိုဒလန်များစေလွှတ်ကာ လူသတ်မှုကို စုံစမ်းသည်။

တယ်ပင်ကိုင်းကလည်း ပြင်စလူရွာသို့ သူလျှိုဒလန်များ

www.burmeseclassic.com



စေလွှတ်ကာ စုံစမ်းသည်အထိ တစ်ရွာနှင့်တစ်ရွာ မယုံသင်္ကာ ဖြစ်ကြသည်။ ရွာတည်စမှစပြီး ပြင်စလူနှင့် တယ်ပင်ကိုင်းသည် နှစ်ရွာတစ်ရွာ စည်းရုံးခဲ့သည်။

တစ်ရွာနှင့်တစ်ရွာ ချစ်ကြည်ခဲ့သည်။

တစ်ရွာက အကူအညီလိုလျှင် တစ်ရွာက ပေးခဲ့ကြသည်။

နှစ်ပေါင်းများစွာ သွေးစည်းခဲ့သော တယ်ပင်ကိုင်းနှင့် ပြင်စလူတို့သည် ယခုအခါ သွေးကွဲစပြုလေပြီ။

အကယ်၍ ပုလိပ်ဘက်မှ လူသတ်တရားခံကို လက်ဆုပ်လက်ကိုင်ပြနိုင်ပါက ဤပြဿနာမှာ ရှင်းလင်းသွားနိုင်ပါသည်။

သို့သော် . . .

မည်သူကမျှ မသတ်သော လက်သန်း အသတ်ခံရမှုသည် ပေါ်ပေါက်ခြင်း မရှိပေ။ ထို့ပြင်လည်း . . .

ထိုစဉ်က မှုခင်းစုံစမ်းသော လောကဓာတ်ပညာရပ် အားနည်းနေသေးရာ ငှက်ဖျားရောဂါနှင့် သေဆုံးပြီးနောက်မှ ဓားနှင့် ခုတ်ခဲ့ခြင်းဟူသော ပြဿနာကိုလည်း မဖော်ထုတ်နိုင်ပေ။

ထို့ကြောင့် . . .

လက်သန်း အသတ်ခံရမှုကို ပုလိပ်ဘက်မှ မဖော်ထုတ်နိုင်လေ ပြင်စလူရွာနှင့် တယ်ပင်ကိုင်းရွာကို ဖိထောင်းလေလုပ်တော့သည်။ ထိုသို့ ပုလိပ်အဖွဲ့က ဖိထောင်းလေ ပြင်စလူရွာနှင့် တယ်ပင်ကိုင်းမှာ တင်းမာလေ ဖြစ်လေသည်။





လက်သန်း အသတ်ခံရမှုနှင့် ပတ်သက်ပြီး တယ်ပင်ကိုင်းရွာသူကြီး ဦးထွန်းသာနှင့် ပြင်စလူရွာခေါင်း စောမြဒင်တို့ ဖြေရှင်းရင်းနှင့် တစ်ယောက်နှင့်တစ်ယောက် စကားများကာ လူကြီးနှစ်ဦး နပမ်းထလုံးတော့သည်။

တယ်ပင်ကိုင်း ရွာသားများနှင့် ပြင်စလူရွာသားများမှာလည်း လူကြီးနှစ်ဦးကိုယ်တိုင်က နပမ်းလုံးကြသဖြင့် တစ်ရွာနှင့် တစ်ရွာ ရိုက်ပွဲဖြစ်တော့သည်။

နှစ်ရွာစလုံးမှပင် ဒဏ်ရာအနာတရ ရကြသဖြင့် တစ်ရွာနှင့် တစ်ရွာ ပို၍အမုန်းပွားကြသည်။ နှစ်ရွာစလုံး ကံကောင်းသည်မှာ အသေအပျောက်မရှိ၍ ဖြစ်သည်။

အသေအပျောက် မရှိသော်လည်း အသေအပျောက်ရှိသည်ထက် ဆိုးသည်မှာ တစ်ရွာနှင့်တစ်ရွာ အဆက်အဆံ အကူးအလူးမရှိတော့ဘဲ ကင်းပြတ်သွားခြင်း ဖြစ်သည်။

နတ်ပန်း မီးရှို့သွားပြီး မကြာမီက ပြန်လည်တည်ဆောက်ထားသော တယ်ပင်ကိုင်းနှင့် ပြင်စလူကူးသောတံတားကို နှစ်ရွာစလုံးက ဖျက်ပစ်လိုက်ကြသည်။ တစ်ရွာနှင့်တစ်ရွာ အကူးအလူး အဆက်အဆံ မရှိကြတော့ချေ။

ပြင်စလူရွာသူနှင့် အိမ်ထောင်ကျသော တယ်ပင်ကိုင်းရွာသား၊ တယ်ပင်ကိုင်းရွာသူနှင့် အိမ်ထောင်ကျနေသော ပြင်စလူရွာသားများလည်း လွန်စွာအနေကြပ်ပြီး ခေါင်းယားနေရလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ရွာနှင့်တစ်ရွာ အကူးအလူးမရှိသဖြင့် ထိုဒဏ်ကို နှစ်ရွာစလုံး ခံကြရသည်။ ဥပမာအားဖြင့် ပြင်စလူရွာသားအများစုသည် စလူဆိပ်မှ သူတို့လယ်တဲသို့ သွားလိုလျှင် တယ်ပင်ကိုင်းရွာမှ ဖြတ်သန်းသွားရသည်။

ယခု တယ်ပင်ကိုင်းရွာမှ ဖြတ်သန်းမသွားရဲသဖြင့် ပင်လယ်ဘက်မှ ဖြတ်သန်းပြီး စွန့်စားသွားရသည်။

ထို့ပြင် . . .

လပွတ္တာသို့သွားသော လှေဆိပ်သည် ပြင်စလူရွာတွင်ရှိလေသည်။ တယ်ပင်ကိုင်းရွာမှ လပွတ္တာသို့သွားလိုလျှင် ပြင်စလူလှေဆိပ်မှ လှေလာစီးရသည်။

ယခု တယ်ပင်ကိုင်းရွာသားများ လပွတ္တာသို့ သွားလိုလျှင် အခြားတစ်နေရာမှ သွားရပါသည်။

ရွာသားများ ထိုသို့ဇာတ်ခေါင်းကွဲသလို တယ်ပင်ကိုင်းရွာသူကြီး ဦးထွန်းသာနှင့် ပြင်စလူရွာခေါင်း စောမြဒင်တို့လည်း တစေခင်းစေးနှင့် မျက်ချေး ဖြစ်ရလေတော့သည်။

ဦးထွန်းသာက စောမြဒင်သည် တစ်နေ့လုံး မူးနေသည်ဟု လပွတ္တာမြို့ပိုင်ကို တိုင်ကြားလေသည်။

စောမြဒင်ကလည်း ဦးထွန်းသာသည် လယ်ပျက်သဖြင့် အမတော်ကြေးလျော်ရန်ကိစ္စ၌ လာဘ်စားသည်ဟု မြောင်းမြအရေးပိုင်ထံ တိုင်ကြားလေသည်။ ထို့နောက် . . .





လက်သန်း အသတ်ခံရသော လူသတ်မှု မပေါ်သဖြင့် အဦးရဘက်မှ တာဝန်ရှိသည်ဟုထင်သော တယ်ပင်ကိုင်းရွာနှင့် ပြင်စလူရွာကို ဒဏ်ငွေရိုက်လေတော့သည်။

ကိုလိုနီခေတ်က ယခုကဲ့သို့ လူသတ်မှုမပေါ်လျှင် ကျေးရွာလက်စွဲ ဥပဒေအရ ရွာသူရွာသားများကို ဒဏ်ငွေရိုက်နိုင်လေသည်။

ယခုအစိုးရက ထိုကျေးရွာလက်စွဲဥပဒေအရ တယ်ပင်ကိုင်းရွာနှင့် ပြင်စလူရွာရှိ ရွာသားများကို အိမ်ထောင်စု တစ်စုလျှင် ဒဏ်ငွေငါးကျပ် ရိုက်လေတော့သည်။

ထိုခေတ်က ဒဏ်ငွေငါးကျပ် ဆိုသည်မှာ ဆင်းရဲသား မိသားစုများအဖို့ အလွန်ထိခိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုခေတ်က ငွေငါးကျပ်ရှိလျှင် ဆန်တစ်အိတ်နှင့် ဆီသုံးပိဿာ ရသောကြောင့် ဖြစ်သည်။

အချို့အိမ်များရှိ တစ်လစာ ဝင်ငွေပင် ဖြစ်သည်။

ထိုခေတ်က ပုလိပ်အမှုထမ်းတစ်ဦး၏ လစာမှာ ကိုးကျပ်ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်စုတစ်စုကို ဒဏ်ငွေငါးကျပ် ရိုက်သောအခါ ရွာနှစ်ရွာမှ ရွာသားများမှာ ဆွေ့ဆွေ့ခုန်ကြလေသည်။

တယ်ပင်ကိုင်းနှင့် ပြင်စလူရွာသားများမှာလည်း သူ့ကြောင့် ဒဏ်ငွေရိုက်ခံရသည်။ ငါ့ကြောင့် ဒဏ်ငွေရိုက်ခံရသည်ဟု အငြင်းပွားအပြစ်တင်ကြပြန်သည်။ ဤသို့ပင် လက်သန်းသည်ကား သုံ့မှုန်းတီးသော ပြင်စလူရွာကို သေသည်အထိပင် ဒုက္ခပေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သန်း၏ ရည်ရွယ်ချက်မှာ ပြင်စလူရွာကိုသာ ဒုက္ခပေးရန် ဖြစ်သည်။ ထို့ကြောင့် သူ့အလောင်းကို ပြင်စလူရွာထဲရှိ ချထားခဲ့ရန် မှာကြားခဲ့ခြင်း မဟုတ်ပါလော။

ယခုသော်ကား ပေါကြွယ်နှင့် ရန်းဂါးတို့က လက်ဆော့ပြီး တယ်ပင်ကိုင်း ချောင်းရိုးအတွင်း၌ လက်သန်း၏ အလောင်းကို ရေး ထားခဲ့သဖြင့် ရွာနှစ်ရွာ ပြဿနာတက်ရလေသည်။

လက်သန်း သေပြီးနောက် ပြင်စလူကို ဒုက္ခပေးရာတွင် တယ်ပင်ကိုင်းရွာကပါ အဆစ်ပေးလိုက်ရလေသည်။

''ဩော် . . လက်သန်း . . လက်သန်း အဖြူးအထေးကြီး ပါ့ကွယ်၊ သူကြီးသား ဘမှန်လိုပါပဲလား''

ဘုရားဒကာကျန်က လက်သန်းအဖြစ်ကို ကြည့်ပြီး သူငယ်စဉ်က ကြားဖူးသော သူကြီးသားဘမှန်၏ အကြောင်းနှင့် ယှဉ် ပြောလိုက်သည်။

ထိုအခါ ကာလသားခေါင်း ကိုတင်ပြန့်နှင့် ကာလများက ဘုရားဒကာကျန်အား ဝိုင်းမေးကြသည်။

''သူကြီးသား ဘမှန်က ဘယ်လိုဖြစ်တာလဲ ဘကြီးကျန်''

ဘုရားဒကာကျန်က . . .

''လက်သန်းကတော့ ခေးပြလူဆိုးပေါ့ကွယ်၊ ဘကြီး ကြားဖူးတဲ့ သူကြီးသား ဘမှန်ကတော့ ခေးပြတော့ မဟုတ်ဘူး၊ သူက လူဆိုးကွယ့်။ ပြီးတော့ သူသေတဲ့အထိ လက်သန်းလိုပဲ ရွာကို ဒုက္ခပေး





သွားတာပေါ့။ လက်သန်းက ဥပဒေအပြင်ဘက်က လူဆိုး။ ဘမှန်က ဥပဒေအတွင်းက လူဆိုးပေါ့''

ကာလသားများက ဘုရားဒကာကျန်အား ပွဲတောင်း သိုက်သည်။

''သူကြီးသား ဘမှန်အကြောင်း ကျွန်တော်တို့ကို ပြောပြပါလား''

ဘုရားဒကာကျန်က အတိတ်ကို ပြန်တွေးသလို ခပ်ငေးငေးဖြစ်သွားရာမှ ပြုံးယောင်သမ်းလိုက်ပြီး . . .

''အိမ်း . . ပြောရတာပေါ့ကွယ်၊ သူကြီးသား ဘမှန်ရဲ့အကြောင်းကတော့ ဒီလိုကွယ့် . . . ''

ဘုရားဒကာကျန်က သူကြီးသား ဘမှန်အကြောင်း ပြောပြလေသည်။ ရှေးအခါက ရောဝတီတိုင်းအတွင်းရှိ ရွာကြီးတစ်ရွာတွင် သူကြီး၏သား ဘမှန်ဆိုသူ ရှိလေသည်။

ဘမှန်သည် သူကြီး၏မျက်နှာနှင့် ရပ်ရွာအပေါ် အလွန်ဆိုးသွမ်းပြီး နိုပ်စက်ညှဉ်းပန်းသူ ဖြစ်သည်။ ဘမှန်သည် အရက်သောက်၏။ ဖဲရိုက်သည်။ ကြက်တိုက်သည်။

ရွာမှ မိန်းကလေးများကို ဖျက်ဆီးသည်။

ရွာတွင်း၌ ချစ်ချစ်ခင်ခင်နေသော လင်မယားများကို လင်မယားရန်ဖြစ်အောင် တိုက်ပေးသည်။ ကုန်းချောသည်၊ အထင်မှား အောင်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လင်မယားရန်ဖြစ်လျှင် သူ့အဖေ သူကြီးအား အရေးယူခိုင်းပြီး ဒဏ်ငွေရိုက်သည်။ ရသောဒဏ်ငွေကို အရက်သောက်ပစ်သည်။ သူ့အား အရက်အလကား မတိုက်ဘူးဆိုလျှင် ယစ်မျိုးကို လက်တို့ပြီး ဖမ်းခိုင်းသည်။

သူ့ကို ကလန်ကဆန် လုပ်သူများဆိုလျှင် ဘိန်းပစ်ဖမ်းပြီး ပုလိပ်လက်သို့ အပ်သည်။ ဘမှန်သည် တစ်ဖက်က ရွာတွင်းရှိ လူဆိုးသူခိုးများနှင့် အပေါင်းအသင်း လုပ်ထားပြီး ရွာရှိ လူကောင်းများကို အနိုင်ကျင့် စော်ကားခိုင်းသည်။

အခြားတစ်ဖက်တွင် ဘမှန်သည် ပုလိပ်သတင်းပေး လုပ်ပြန်ကာ လူဆိုးသူခိုးများကို ချုပ်ကိုင်ထားသည်။

ရွာမှ မိန်းကလေး ချောချောသူလှဆိုလျှင်လည်း ဘမှန်၏ လက်မှမလွတ်။ မြေပိုင်ရှင် မနေရှင်များ ချစ်တီးများနှင့်ပေါင်းပြီး လယ်သမား ကိုင်းသမားကိုလည်း နှိပ်စက်သည်။

ကြွေးတင်သော လယ်သမား၏ သားသမီးများကို ချစ်တီးနှင့် လှည့်ခြောက်ပြီး သူက သိမ်းပိုက်သည်လည်း ရှိသည်။

ဘမှန်သည် သူ့မယားလိုချင်လျှင် သူ့လင်လုံ့နဲ့ထိုးရန်လည်း ဝန်လေးသူ မဟုတ်ပေ။ အကယ်၍ ဘမှန်အား ရန်သတ္တရုပြုရန် ကြံစည်သည်ဆိုလျှင် ဘိန်းပစ်၍ ဖြစ်စေ၊ လက်နက်ပုန်းပစ်၍ဖြစ်စေ ဘမှန်က ရှင်းတတ်သည်။

ဘမှန်၏ အဖေ သူကြီးအား ဖယ်ရှားရန် သူကြီးရွေး





ကောက်ပွဲဝင်သူ မှန်သမျှ ချောင်းထဲတွင် [illegible] သည်။ ဘမှန်၏ နှိပ်စက်မှုဒဏ်ကို တစ်ရွာလုံးသည် ခါးစည်းအောင် ခံရလေသည်။

ခရစ်နှစ် ၁၈၈၅–ခုနှစ် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ ဖြစ်သော လက်ပြကြီးကာလတွင် ဘမှန်၏ဒဏ်ကို ခံရသော ရွာသားများက ဘမှန်တို့သားအဖကို လိုက်သတ်ကြလေသည်။

ဘမှန်၏အဖေ သူကြီး အသတ်ခံရပြီး ဘမှန်မှာမူ လွတ်မြောက်လေသည်။ တစ်ရွာလုံးက သူကြီးကို သတ်ရန်ထက် သူကြီးသား ဘမှန်ကို ပို၍ သတ်ချင်လေသည်။

သူကြီးသား ဘမှန် လွတ်မြောက်သွားသဖြင့် တစ်ရွာလုံး ကျိတ်မနိုင်ခဲမရ ဖြစ်ရသည်။ ရွာသားများသည် သူကြီးသား ဘမှန်ကို မသတ်ရသဖြင့် အံတကြိတ်ကြိတ်နှင့် ဖြစ်နေကြသည်။

အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေး တည်ငြိမ်ပြီး တိုင်းပြည်ငြိမ်းချမ်းသောအခါ ဘမှန်သည် ရွာကို ပြန်ရောက်လာလေသည်။

ဘမှန်ကို သတ်ချင်သဖြင့် အံတခဲခဲဖြစ်သော ရွာသားများသည် ဘမှန်ကို တွေ့ရသော်လည်း မတတ်နိုင်ဘဲ ထိုင်ရှိခိုးရလေသည်။

ဖြစ်ပုံမှာ ဘမှန်သည် သောနတ္တိရ် သင်္ကန်းခြုံသလို သင်္ကန်းဝတ်နှင့် ရွာကို ပြန်လာသောကြောင့် ဖြစ်သည်။

ဘမှန်က ရွာသူကြီးကို ဖိတ်ခေါ်ပြီး သူတို့သားအဖများခဲ့သမျှကို ဝန်ချတောင်းပန်သည်။ ထိုအခါ မြန်မာလူမျိုးပီပီ ရွာသား

www.burmeseclassic.com

www.burmeseclassic.com



များက ဘမှန်အား ခွင့်လွှတ်ကြလေသည်။

ထိုမျှသာမက ထိုအချိန်က ရွာတွင် သူကြီး လစ်လပ်နေ သည်။ အမြည်းမရှိလျှင် အာပူ။ သူကြီးမရှိလျှင် ရွာဆူဆိုသော စကားကဲ့သို့ သူကြီး မရှိသဖြင့် ရွာဆူလေသည်။

ထို့ကြောင့် ရွာမှ ရွာ့မိဘများက တိုင်ပင်ပြီး သူကြီးမျိုးရိုး ရှိသည့် ဘမှန်အား ဘုန်းကြီးဘဝမှ လူထွက်ပြီး ရွာသူကြီးလုပ်နေ သည်။ ဖွတ်မိချောင်းဖြစ် မြစ်မချမ်းသာဟူသော စကားကဲ့သို့ ဘမှန် သူကြီးဖြစ်သောအခါ ဇာတိပြပြီး ပြန်ဆိုးပြန်သည်။

သူ၏ အုပ်ချုပ်ရေး လွယ်ကူစေရန် ရွာကို နှစ်ခြမ်းကွဲအောင် သွေးထိုးထားသည်။ ရွာသားများက အုပ်စုကွဲသည်မဟုတ် ဘုန်းကြီး ချင်းပါ ကွဲလေတော့သည်။ မောင်နှင့်နှမ၊ သားနှင့်အဘ၊ ဆရာနှင့် တပည့်၊ စာရင်းကိုင်နှင့် စာရင်းငှားကအစ သွေးကွဲအောင် သူလုပ် ထားသည်။

ရွာသားများ သွေးကွဲလေ သူအုပ်ချုပ်ချင်တိုင်း အုပ်ချုပ် လေဖြစ်သည်။ ထို့ပြင် ဘမှန်သည် အမတော်ငွေ လယ်ယာ မြေခွန်စသော အခွန်တော်များကိုလည်း မတရားကောက်သည်။

ငါးရှာ ဖားရှာစားသူများကလည်း ဆယ်ဖို့တစ်ဖို့ ပေး သည်။ မဆိုးအမဲရလျှင် ပေါင်တစ်ပေါင် ပေးရသည်။

ရွာထဲ၌ ဝက်ပေါ် အမဲပေါ်ကအစ သူ့ကို ပေါင်ပေးရသည်။

သူကြီးမှု၌ ရွာကြေဆိုသလို ရွာသူရွာသားများမှာ



စည်း၍ ခံရတော့သည်။ ရွာသူရွာသားများသည် သူကြီးသား ဘမှန် ဘဝတုန်းကလည်း ယုတ်မာ။

သူကြီးဘမှန် ဘဝလည်း ဆိုးဝါးသော ဘမှန်ကို သူကြီးရာ ထူးမှ ဖယ်ရှားရန် လုံးပမ်းကြရတော့သည်။

သို့သော် ယခုတစ်ကြိမ်တွင်မူ ကံကြမ္မာက ဘမှန်အား ဆက်လက်ဆိုးဝါးခွင့် မပြုတော့ပေ။ ဘမှန်သည် နာတာရှည်ရောဂါ စွဲကပ်ကာ အိပ်ရာဗျာကပ်ဘဝသို့ ရောက်သွားသည်။

ထိုအခါ ဘမှန်က ရွာမိရွာဘ ရွာမျက်နှာဖုံးများကို ဖိတ် ကြားကာ တောင်းပန်လေ၏။

“ကျွန်တော် ဆိုးဝါးခဲ့တာ တောင်းပန်ပါတယ်၊ ကျွန်တော့် ရဲ့ အပြစ်တွေဟာ နောက်ဆယ်ဘဝ လူလာဖြစ်ပြီး အကြွေးဆပ် တောင် မကျေနိုင်ဘူး၊ ရွာကို ဒုက္ခပေးခဲ့တဲ့ ကျွန်တော့်ကို သေသွား ရင် ရွာမှာ မမြှုပ်ပါနဲ့။

ကျွန်တော်ဟာ ဒီရွာမှာနေဖို့ မဆိုထားနဲ့၊ ဒီရွာမှာ သေဖို့ တောင် မတန်ပါဘူး၊ ဒါကြောင့် ကျွန်တော် သေရင် ဖောင်တစ်ခု ပေါ်တင်ပြီး ရွာက ကင်းဝေးရာကို ချောင်းရိုးအတိုင်း မျှောသာ မျှော ချလိုက်ပါခင်ဗျာ”

ဘမှန်သည် ထိုသို့ မှာပုံတော်ပြုပြီး မကြာမီ သေဆုံးသွား လေ၏။ ရွာသူရွာသားများလည်း ဘမှန် မှာကြားထားသည့်အတိုင်း ဘမှန်၏ အလောင်းကို ဖောင်တစ်ခုပေါ်တင်ပြီး မျှောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘမှန်၏ အလောင်းကို တင်ထားသော ဖောင်သည် ရွာတစ်ရွာတွင် သွားကပ်လေသည်။ ထိုရွာသူကြီးသည် ဖောင်ပေါ်တွင် ဘမှန်၏ အလောင်းကို တွေ့ရကြောင်း ပုလိပ်ဘက်ကို တိုင်ကြားလေသည်။

ပုလိပ်အဖွဲ့သည် ဘမှန်၏ အလောင်းကို ဘယ်ကမျောလာသနည်းဟု တစ်ရွာပြီးတစ်ရွာ စုံစမ်းရင်း ဘမှန်တို့ရွာသို့ ရောက်လာလေ၏။ ရွာသူရွာသားများက ဘမှန် သေခါနီး အမှာစကားထားခဲ့သည့်အတိုင်း ရေတွင်မျောရကြောင်း ပုလိပ်အဖွဲ့ကို ထုချေရှင်းလင်းလေသည်။

သို့သော် သေသူမှာ သူကြီးဖြစ်နေသဖြင့် ရွာသူရွာသားများ၏ ထုချေရှင်းလင်းချက်ကို မယုံကြည်ဘဲ အလောင်းဖျောက်ဖျက်မှုနှင့် ဒဏ်ငွေငါးကျပ် ဒဏ်ရိုက်လေတော့သည်။

* * * * *



**အခန်း [၂၀]**

နတ်ပန်းကား သူ့မွေးရာဒေသ ပြင်စလူရွာကို ချစ်မြတ်နိုးသူ ဖြစ်သည်။

သူ့ညောင်ရွှေးပြီး သေမလို ဖြစ်နေချိန်တွင်ပင် ပြင်စလူရွာသို့ လုံးထွေးလှေကလေးဖြင့် အရောက်လှော်လာပြီး ရွာ၏ကောင်းကျိုးကို ပြုသူဖြစ်သည်။

ဖြစ်ပုံမှာ နတ်ပန်းသည် လက်သန်း၏ အကျင့်စာရိတ္တကို သဘောမကျသဖြင့် သူ့ဘာသာ တစ်ယောက်တည်း ခွဲနေသည်။

ထိုသို့ခွဲနေစဉ်အတွင်း မလွဲသာ၍ ဓားပြဖြစ်နေသော်လည်း လူတို့ကို အလွန်ညှာသည်။ မလွဲသာ၍ ပြင်စလူရွာသားများနှင့် ဆုံရလျှင်လည်း ဒုက္ခပေးလေ့မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ပြင်စလူရွာက လေ့ဆိုလျှင် နတ်ပန်းက ဘာမှမလုပ်ဘဲ ချမ်းသာပေးကာ လွှတ်ပစ်တတ်သည်။

ထို့ကြောင့် အခြားရွာကလေ့များကပင် ဓားပြနတ်ပန်းနှင့် တွေ့လျှင် ပြင်စလူရွာကဟုပြောပြီး ချမ်းသာရာရအောင် ကြံဆောင်လေ့ရှိသည်။

နတ်ပန်း၊ လက်သန်းတို့မှာ ညီအစ်ကိုချင်း လူဆိုးချင်း တူသော်လည်း အကျင့်စရိုက်ချင်းကား တစ်မျိုးတစ်ဘာသာစီ ဖြစ်သဖြင့် အချို့လေ့သမားများ ဒုက္ခများပြီး ငိုအားထက် ရယ်အားသန်ရလေသည်။ ရေကြောင်းဓားပြနတ်ပန်းက ပြင်စလူရွာမှဆိုလျှင် လွှတ်ပေးလေ့ရှိသည်။

လက်သန်းကမူ ပြင်စလူရွာမှဆိုလျှင် ဓားပြ နာနာဖိတိုက်သည်။ ရက်ရက်စက်စက် ညှဉ်းဆဲသည်။

အသေကား မသတ်။

ခုခံမည် အာခံမည်ဆိုလျှင်ကား အသေသတ်သည်။

လေ့ကိုရေ၊ လူကိုသေ ဆိုသည်မှာ လက်သန်း၏ လက်သုံးစကား ဖြစ်သည်။ ထို့ကြောင့် ဓားပြနတ်ပန်းနှင့် တွေ့လျှင် ပြင်စလူရွာကဆိုလျှင် သက်သာသည်။

ဓားပြလက်သန်းနှင့် တွေ့လျှင် ပြင်စလူရွာကဆိုလျှင် ပို၍ ခံရသည်။ အခြားရွာမှ လေ့များမှာ နတ်ပန်းနှင့် တွေ့လျှင် ပြင်စလူရွာကပြောပြီး ဓားပြမတိုက်ခံရ၍ ထိုနည်းကို အကြိုက်တွေ့ကြသည်။





ထို့နောက် လက်သန်းနှင့်ဆိုလျှင် လက်သန်းသည် ပြင်စလူရွာကို မုန်းမုန်းမသိ၍ ပြင်စလူရွာသား မဟုတ်ပါဘဲလျက် ပြင်စလူရွာဟု လိမ်ပြောလျှင် သေဖို့သာ ပြင်ပေတော့ဟု ဆိုရမလောက် ဒုက္ခရောက်ရလေသည်။

ထို့ကြောင့် ရွှေးမြစ်၊ ပြာမလော့မြစ်၊ ဝေန်မြစ်၊ ပြင်စလူမြစ်၊ တိုးမြစ်၊ တံခါးမြစ် စသော မြစ်အတွင်း သွားလာကြသော လေ့နာဝါများသည် မိမိတို့လေ့ ဓားပြတိုက်ခံရလျှင် ကြောက်ရွံ့ရမည့်အစား နတ်ပန်းလား လက်သန်းလား အလျင်ဆုံး ကြည့်ရလေသည်။

လက်သန်း သေဆုံးပြီးနောက် အင်္ဂလိပ်မျက်နှာဖြူ ရာဇဝတ်ဝန်ကိုယ်တိုင် နတ်ပန်းအား လိုက်လံဖမ်းဆီးလေသည်။

ထိုအခါ နတ်ပန်းသည် ခုခံရင်း၊ သေနတ်နှင့် ပြန်ပစ်ရာ မျက်နှာဖြူရာဇဝတ်ဝန် ကျဆုံးသွားလေတော့သည်။

ထိုအချိန်မှစပြီး ရောဝတီတိုင်းတွင် နတ်ပန်းသည် ကြောက်စရာအကောင်းဆုံး ရာဇဝင်လူဆိုးကြီးအဖြစ် ကိုလိုနီအစိုးရက သတ်မှတ်လေတော့သည်။

ထိုအပြင် နတ်ပန်းအား အသေရရ အရှင်ရရ ဆုငွေ ငါးထောင်ပေးမည်ဟု ရောဝတီတိုင်းတစ်ခုလုံးတွင် ဆုငွေ ထုတ်လေတော့သည်။ ထို့ကြောင့် နတ်ပန်း၏ ဦးခေါင်းသည် ဆုငွေငါးထောင် တန်ဖိုးရှိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းသည် အတင့်မရဲဝံ့တော့ဘဲ ရခိုင်ရိုးမဘက်၌ တောပုန်းကြီး လုပ်နေရတော့သည်။

နတ်ပန်း ပုန်းအောင်းနေသော စခန်းသို့ တောဆင်အုပ်ဝင်နင်းသဖြင့် နတ်ပန်းသည် ထွက်ပြေးရင်း ညှောင့်စူးလေတော့သည်။ နတ်ပန်းသည် ညှောင့်စူးသောရောဂါကို အမျိုးမျိုးကုသသော်လည်း ရောဂါမှ ငန်းမန်းလိုက်ပြီး တစ်နေ့တစ်ခြား အခြေအနေ ဆိုးဝါးလေတော့သည်။

ထိုအခါ နတ်ပန်းသည် သူ့တပည့်များကို စောင်ပုခက် လုပ်ခိုင်းပြီး သာပေါင်းမြို့အောက်ဘက် ကျောက်ချောင်းကြီးရွာသို့ ပို့ခိုင်းသည်။

ကျောက်ချောင်းကြီးရွာသို့ ရောက်သောအခါ နတ်ပန်းကသူသည် လူဆိုးအလုပ်ကို စိတ်ကုန်ပြီဖြစ်၍ အစိုးရထံ လက်နက်ချတော့မည်။ ထို့ကြောင့် သူ၏သေနတ်ကို ယူသွားမည်ဖြစ်ကြောင်းပြောဆိုလေသည်။

ထို့နောက် နတ်ပန်းက သူ့တပည့်များကို ဆက်လက်ပြီးနိုးဆိုးတိုက်ခိုက်ခြင်း မပြုတော့ဘဲ ကိုယ့်ရပ်ရွာသို့ ကိုယ်ပြန်ပြီးကောင်းကောင်းမွန်မွန် နေထိုင်ကြရန် ပြောသည်။

နတ်ပန်းက တပည့်များကို ယနေ့မှစပြီး လူဆိုးဘဝကို စွန့်လွှတ်ပြီး လူကောင်းသူကောင်းဘဝနှင့် နေပါတော့မည်ဟု ဆုံးဖြတ်သူများ သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်သည်။





အကယ်၍ လူဆိုးဘဝနှင့်ပင် ဆက်လက်ပြီး နေထိုင်မည်ဆိုပါက ကျောက်ချောင်းရွာတွင် နေခဲ့ရန် နတ်ပန်းက ရှင်းပြလေသည်။

ကျောက်ချောင်းရွာသည် လူကောင်းနှင့်လူဆိုး လမ်းခွဲညောင်ညိုပြင်စခန်းဟု နတ်ပန်းက ဆိုသည်။

လူဆိုးဘဝကို စွန့်ပြီး လူကောင်းအဖြစ်နှင့် နတ်ပန်းနောက်သို့ လိုက်မည့် အမြင်မှန်ရသူ တပည့်သုံးဦး ပေါ်လာသည်။

ထော်ကြီးနှင့် ကျန်တပည့်ငါးယောက်ကမူ လူဆိုးဘဝကိုမစွန့်လွှတ်နိုင်ကြောင်း ငြင်းဆိုကြသည်။

သို့သော် ထိုတပည့်များသည် သူတို့ဆရာနတ်ပန်း၏ အလိုဆန္ဒကို မ‌ေ‌ျ၁င့်ယှက်ကြပေ။ ယခုအချိန်တွင် လူဆိုးနှင့် လူကောင်းစည်းခြားသွားပြီ ဖြစ်သော်လည်း သူတို့သည် ချစ်ခင်စွာပင် လမ်းခွဲကြသည်။

လူကောင်းဘဝသို့ ကူးမည့်သူများကော လူဆိုးဝဘကို ဒုံရင်းသို့ ပြန်ပါမည့်သူများပါ ထော်ကြီးက ဦးဆောင်ပြီး နတ်ပန်းအားထိုင်ရှိခိုးကြသည်။

နတ်ပန်း၏ ခေါင်းဆောင်ပီသခြင်း၊ အနစ်နာခံစရာရှိလျှင်ငယ်သားများထက် ပို၍အနစ်နာခံခြင်း၊ ကျောသားရင်သား မခွဲခြားဘဲ တရားမျှတစွာ အုပ်ချုပ်ခြင်း၊ စိတ်သဘောထား မြင့်မြတ်ခြင်းတို့ကြောင့် ခွဲခွာရတော့မည်ကိုသိသော သူ၏တပည့်အားလုံး‌ပ‌ည့်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်လည်ရှဲ ဖြစ်ကြသည်။

ထော်ကြီးနှင့် လူဆိုးလုပ်လုပ်မည့် တပည့်များ၊ ကျောက်ချောင်းရွာမှ တောထဲသို့ ပြန်ဝင်သွားကြသည်။

ထိုအခါ နတ်ပန်းသည် ပေါင်းမိုးပါသော သမ္ဗန်ကြီးတစ်စီးကို ငှားပြီး တပည့်သုံးယောက်နှင့်အတူ ပြင်စလူရွာသို့ ထွက်ခဲ့လေသည်။ လမ်းတစ်ဝက်သို့ ရောက်သောအခါ လူကောင်းဘဝသို့ ပြန်သွားကြမည့် တပည့်သုံးယောက်ကို နတ်ပန်းက သမ္ဗန်ထဲတွင် စုဝေးစေသည်။

နတ်ပန်းက သူ့တပည့်များကို ဘယ်လိုဒုက္ခရောက်ရောက် လူဆိုးဘဝသို့ ပြန်မရောက်တော့ပါဟု ကျိန်စာ ဆိုစေပါသည်။

အကယ်၍ လူဆိုးပြန်လုပ်ပါက ကုန်းသွားလျှင် ကုန်းဘေး၊ ရေသွားလျှင် ရေဘေး၊ ဘေးအမျိုးမျိုးနှင့် တွေ့ရပြီး ဘဝတစ်လျှောက်လုံး မီးလိုပူ၍ ပြာလိုလွင့်ပါစေဟု ကျိန်စာဆိုစေသည်။

ပြင်စလူရွာသို့ ရောက်သောအခါ နတ်ပန်းသည် စောင်ပုခက်ဖြင့် သူ့ကို ရွာဦးကျောင်းသို့ ပို့စေသည်။

ထို့နောက် တပည့်များကို သွားလိုရာသို့ သွားခိုင်းစေသည်။

နတ်ပန်းသည် ရွာဦးကျောင်းမှ ဆရာတော် ဦးဝိမလအား ...ဟ်ပြုပြီး သူသည် လူဆိုးဘဝကို စွန့်လွှတ်ပြီး အစိုးရမင်းများထံ ...ရည်ဖြစ်၍ ရွာလူကြီးများနှင့် ရွာမိရွာဖများကို ခေါ်ပေးပါရန် ...ဘားလေသည်။





ရွာဦးကျောင်းသို့ ရွာခေါင်းစောမြဒင်၊ ဘုရားဒကာတျွန်းအဘိဓမ္မာတုတ်၊ ကာလသားခေါင်း ကိုတင်ပြန့်တို့ ရောက်လာလေသည်။ လက်သန်းသေတုန်းက ရွာကို ဒုက္ခပေးသွားသဖြင့် နတ်ပန်းရောက်လာသည်ဟု ကြားသောအခါ ရွာသူရွာသားများနှင့် လူကြီးများသည် လန့်နေကြသည်။

နတ်ပန်းက ဘာဒုက္ခပေးဦးမလဲဟု ပူပန်ကြသည်။

လူစုံသောအခါ နတ်ပန်းက ဆရာတော်နှင့်တကွ ရွာမိရွာဘလူကြီးများကို ကန်တော့ပြီး တောင်းပန်လေသည်။

''ကျွန်တော်ဟာ လူဆိုးဖြစ်ဖို့ ဘယ်လိုမှ စိတ်မကူးခဲ့ပါဘူး ခင်ဗျာ။ ကျွန်တော် လူဆိုးမဖြစ်ချင်တဲ့ အကြောင်းကတော့ ကျွန်တော့်အဖေဟာ ရာဇဝင်လူဆိုးဖြစ်ခဲ့လို့ သင်းတို့လဲ သူ့အဖေလိုဖြစ်မှာပဲလို့ အပြောခံရမှာစိုးလို့ လူဆိုးမဖြစ်အောင် ကြိုးစားခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်မွေးသမိခင်ကို တက်လူက ဓားနဲ့ ခုတ်သတ်လို့ ကျွန်တော်လဲ စိတ်မထိန်းနိုင်လို့ တက်လူကို ပြန်သတ်မိပါတယ်။ ဒါပေမယ့် ကျွန်တော် ဥပဒေအရ ဖြေရှင်းဖို့ လပွတ္တာဂါတ်တဲမှာ သွားအဖမ်းခံတာ အားလုံးအသိပါ''

''အိမ်း . . တို့လဲ ကြားပါတယ်''

''ဒါပေမယ့် ကျွန်တော် သေစား သေရမှာကြောက်လို့ ထွက်ပြေးပြီး တောပုန်းကြီးလုပ်ခဲ့ပါတယ်''

နတ်ပန်းသည် သူ့ညီလက်သန်းက သူ့အား...ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စက်တိုင်နှင့် လှည့်ခြောက်ကာ လူဆိုးလုပ်ခိုင်းသည်ကို ထည့်မပြောတော့ပေ။ နတ်ပန်းက သူ့စကားဆက်ပါသည်။

''မလွှဲသာလို့ ဓားပြဖြစ်တာတောင် ကျွန်တော် သူ့ဖို့ ကိုယ့်ဖို့မျှပြီး စဉ်းစားပြီးမှ သက်သက်ညှာညှာ ဓားပြတိုက်ခဲ့ပါတယ်''

ပြင်စလူရွာမှ လေ့များကို တွေ့လျှင် သူ ဓားပြမတိုက်ကြောင်း နတ်ပန်းသည် ထည့်မပြောတော့ပေ။ နတ်ပန်းက . . .

''ကျွန်တော့်ညီ လက်သန်းဟာ သေတဲ့အထိ ရွာကို ဒုက္ခပေးသွားတယ်လို့ ကြားရပါတယ်။ ကျွန်တော်ကတော့ ပြင်စလူရွာကို ချစ်တဲ့သူမို့ သေတဲ့အထိ ပြင်စလူရွာရဲ့ ကောင်းကျိုးကို ပြုသွားချင်ပါတယ်''

နတ်ပန်း၏ စကားကို ကြားရသောအခါ ရွာလူကြီးများက မယုံသင်္ကာဖြစ်ကြသည်။

အဘိဓမ္မာတုတ်က သံသယရှိသော လေသံနှင့် . .

''မောင်နတ်ပန်းရဲ့ မင်းက ဘယ်လိုကောင်းကျိုးပြုမှာလဲကွ၊ တို့ကတော့ လက်သန်း သေပြီးကတည်းက မင်းတို့ညီအစ်ကိုကို လန့်နေပါပြီကွယ်၊ အကြွေးငါးကျပ်တောင် မကျေသေးပါဘူးကွာ''

နတ်ပန်းက . . .

''မလန့်ပါနဲ့ခင်ဗျာ နွားတစ်ကောင်တည်းက အသားပေယ့် မိုးခိုသားဟာ အရိအရွဲထက် ပိုပြီးတန်ဖိုးရှိသလိုပါပဲ၊ တစ်ပင်





တည်းက အသီးပေမယ့် ချိုတဲ့အသီးကချို၊ ချဉ်တဲ့အသီးက ချဉ်သလိုပေါ့ခင်ဗျာ''

''သံပုရာသီးကို ထက်ခြမ်းခွဲရင်တော့ နှစ်ခြမ်းစလုံး ချဉ်သာပါပဲကွာ''

ဘုရားဒကာကျန်က အာလုတ်သံကြီးနှင့် ဝင်ပြောလေသည်။ အဘိဓမ္မာတုတ်က . . .

''မောင်နတ်ပန်းက ရွာကို ဘယ်လိုကောင်းကျိုးပြုချင်တာလဲ ပြောပါစေဦး ဘုရားဒကာရယ်''

ဆရာတော် ဦးဝိမလကလည်း . . .

''အိမ်း . . ဒကာနတ်ပန်းရဲ့ မင်းရဲ့အကြံအစည်များလဲ ပြောပါဦး''

နတ်ပန်းက . . .

''ဒီလိုပါခင်ဗျာ အားလုံးမြင်တဲ့အတိုင်းပဲ၊ ညှောင့်ရှူးတဲ့ဒဏ်ကြောင့် ကျွန်တော်ဟာ မကြာခင် သေရတော့မှာပါ။ ကျွန်တော့်ကို အင်္ဂလိပ်အစိုးရမင်းများက အသေရရ အရှင်ရရ ဆုငွေငါးထောင်ထုတ်ထားတော့ ကျွန်တော်ဟာ ညှောင့်ရှူးတဲ့ ဒဏ်ရာကို ပြင်စလူရွာကို ပြန်နိုပြီး ဆေးမိုးကုတုန်း ဖမ်းမိတယ်ဆိုပြီး အစိုးရမင်းများထံ ဖမ်းအပ်ရင် အစိုးရမင်းများက ပြင်စလူရွာသားတွေကို ဆုငွေငါးထောင် ပေးကြပါလိမ့်မယ် ခင်ဗျာ''

နတ်ပန်း၏ စကားဆုံးသောအခါ အားလုံး၏မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထိန်သွားသည်။ ရွာခေါင်းစောမြဒင်က . . .

''အိမ်း . . ဟုတ်ပေသားပဲ၊ အစိုးရက ဆုငွေထုတ်ထားတဲ့ လူကို ဖမ်းပေးရင် ဆုငွေရမယ်''

နတ်ပန်းက . . .

''ဒါတင် မကသေးပါဘူးခင်ဗျာ၊ ဟောဒီမှာ လက်သန်း ယူသွားတဲ့ ရွာခေါင်းကြီးရဲ့ နှစ်လုံးပြူးပါ''

နတ်ပန်းသည် သူ၏စောင်ပုခက်ထဲတွင် လိပ်ထားသော နှစ်လုံးပြူးသေနတ်ကို ရွာခေါင်းစောမြဒင်အား ပေးလိုက်လေသည်။

ထို့နောက် . . .

နတ်ပန်းသည် နေစီကာက်စီးကရက်သံဘူးတစ်ခုကို ထုတ်ယူလိုက်လေသည်။

''ဟောဒါကတော့ ကျွန်တော့်ရဲ့ ဓားပြသက်တမ်း တစ်လျှောက်မှာ လူတွေဆီက မတရားတိုက်ယူထားတဲ့ ရတနာပစ္စည်းတွေပါခင်ဗျာ။ ဘယ်ရွာက ဘယ်သူ့ဆီက ဘယ်ပစ္စည်းဆိုတာ စာရင်းရှိပါတယ်။ ဒါက ကျွန်တော် ရခဲ့တဲ့ ဝေစုအားလုံးပါ။ ကျွန်တော် တစ်ခုမှ မထုခွဲခဲ့ပါဘူး''

နတ်ပန်းသည် နေစီးကာက်စီးကရက်သံဘူးကို ဘုရားဒကာကျန်အား လှမ်းပေးလိုက်သည်။

ဘုရားဒကာကျန်က စီးကာရက်သံဘူးကို ဖွင့်ကြည့်ရာ အဘိုးတန် ပစ္စည်းများမဟုတ်သော်လည်း ရွှေငွေနှင့် ကျောက်မြတ်





ရတနာမျိုးစုံ ဖြစ်နေသည်။

''ဒီပစ္စည်းတွေကိုတော့ ပိုင်ရှင်တွေကို ပြန်ပေးနိုင်ဖို့ပါ ခင်ဗျာ''

ထို့နောက် . . .

နတ်ပန်းသည် သူ၏အကျႌအိတ်ထဲမှ စာတိုက်ငွေစုစာအုပ်ကလေး ထုတ်လိုက်ပြန်သည်။

အားလုံးသည် နတ်ပန်း၏အပြုအမူကို စိတ်ဝင်စားနေပြီး နတ်ပန်း ဘာလုပ်ဦးမလဲဟု မျက်တောင်မခတ် ကြည့်နေကြလေသည်။

နတ်ပန်းသည် မှော်ပညာတတ်သော မျက်လှည့်ဆရာလို ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ပြနေသည် မဟုတ်ပါလော။

လူများသည် ငွေစုစာအုပ်ပြာကလေးကို ကြည့်ပြီး နတ်ပန်း ဘာများပြောဦးမလဲဟု စိတ်ဝင်စားစွာ နားထောင်နေကြသည်။ နတ်ပန်းက အချိန်မဆွဲတော့ဘဲ . . .

''ဟောဒါက ကျွန်တော်တို့ လယ်တွေနဲ့နွားတွေရောင်းရတဲ့ ငွေပါ၊ အင်မတန် သန့်ရှင်းတဲ့ငွေပါ။ ကျွန်တော် စာတိုက်မှ စုထားတာ ငွေတစ်ထောင့်ငါးရာ ရှိပါတယ် ခင်ဗျာ။ ဒီငွေနဲ့ ကျွန်တော်တို့ အိမ်ဖျက်ထားတဲ့ မြေကွက်လပ်မှာ စာကြည့်တိုက်ဆောက်ပြီး ရွာက လူတွေ ဗဟုသုတတိုးအောင် စာကြည့်တိုက် ဖွင့်ပါခင်ဗျာ။ စာမတတ်ပေမတတ်ရင် အသိတော်ပြီး မတ်တတ်ခြောက်သည့် အဖပင်အို

www.burmeseclassic.com



ဆိုပြီး ဆရာကိုထွန်းလူက ပြောထူးပါတယ်ခင်ဗျာ''

နတ်ပန်းသည် ငွေစုစာအုပ်ကို အဘိမ္မောတုတ်၏ လက်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် . . .

နတ်ပန်းသည် သူ၏ဟွန်းတယောကလေးကို ကြည့်လိုက်သည်။ သေနတ်ပေးအပ်စဉ်က လည်းကောင်း၊ ရတနာပစ္စည်းများပါသော စီးကရက်သံဘူးနှင့် ငွေစုစာအုပ်ပေးအပ်စဉ်ကလည်းကောင်း တွန့်ဆုတ်ပေးခြင်းမရှိသော နတ်ပန်းသည် ဟွန်းတယောကလေးကို တွေ့သောအခါ သံယောဇဉ် အလွန်တွယ်နေပုံရသည်။

နတ်ပန်းသည် ဟွန်းတယောကလေးကို ကြည့်လိုက်၊ ရင်ဘတ်နှင့် အပ်ထားလိုက် လုပ်နေသည်။

နတ်ပန်းသည် ဟွန်းတယောကလေးကို မခွဲနိုင် မခွာရက်ဟန်နှင့် မျက်စိပေကလပ် ပေကလပ်လုပ်ပြီး ကြည့်မဝ ရှုမဝဖြစ်နေသည်။ ထို့နောက်နတ်ပန်းသည် လက်ကုချပြီး ဟွန်းတယောကလေးကို သံယောဇဉ် ဖြတ်လိုက်ဟန်တူသည်။

နတ်ပန်းက ဟွန်းတယောကလေးက ကာလသားခေါင်းကိုတင်ပြန့်လက်သို့ အပ်ပေးလိုက်သည်။

''ဒီဟွန်းတယောကလေးနဲ့ ရွာက ကာလသားကလေးတွေကို တယောထိုးသင်ပေးပါခင်ဗျာ။ ကျွန်တော်ဟာ လူဆိုးပေမယ့် စိတ်သဘောထား နူးညံ့တာဟာ ဟောဒီဂီတပညာရဲ့တန်ခိုး၊ ဟောဒီ





ဟွန်းတယောကလေးရဲ့ တန်ခိုးကြောင့်ဆိုရင် မမှားပါဘူးခင်ဗျာ။

ကျွန်တော်ဟာ စိတ်နှလုံးခက်ထန်နေပြီး ဒေါသမုန်တိုင်းထနေတဲ့အခါ ဟောဒီဂီတရေယဉ်နဲ့ ပက်ဖြန်းပြီး ဒေါသမီးကို ငြိမ်းရပါတယ်ခင်ဗျာ''

နတ်ပန်းသည် ရောက်လာသမျှလူတိုင်းအား ပစ္စည်းတစ်မျိုးစီ ပေးအပ်လေသည်။ မည်သူမျှ မရမရှိကြပေ။

ရွာခေါင်းကြီး စောမြဒင်အား သူ၏နှစ်လုံးပြူးသေနတ်။

ဘုရားဒကာကျန်အား ရတနာပစ္စည်းများပါသော စီးကရက်သံဘူး။ အဘိမ္မောတုတ်အား ငွေစုစာအုပ်။

ကာလသားခေါင်း ကိုတင်ပြန့်အား ဟွန်းတယောတို့ ဖြစ်သည်။ နတ်ပန်းက . . .

''ကျွန်တော့်ကိုယ်ကျွန်တော် ဟောဒီရွာလူကြီးတွေကို အပ်ပါတယ်ခင်ဗျာ။ ကျွန်တော့်ကို လပွတ္တာဂါတ်တဲကိုသာ ဖမ်းပို့ပါတော့ ခင်ဗျာ။ ဒါမှ ဟောဒီပြင်စလူရွာအနေနဲ့ အစိုးရထုတ်ထားတဲ့ ဆုတော်ငွေ ငါးထောင်ရမှာပေါ့ ခင်ဗျာ''

ထိုစကားကို ကြားရသောအခါ ရွာလူကြီးများသည် နတ်ပန်းသည် ရွာကို ကောင်းကျိုးပြုမှန်း ယုံကြည်လက်ခံသွားကြလေသည်။ ထို့နောက် . . .

နတ်ပန်းက ရွာလူကြီးများကို လက်အုပ်ချီပြီး တောင်းပန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''နောက်ဆုံးအနေနဲ့ ကျွန်တော် တောင်းပန်ချင်တာက တော့ အစိုးရဟာ ကျွန်တော့်ကို သေဒဏ်ပေးပြီး စက်တိုင်တင်သတ်မှာ ကေန်မုချပါပဲခင်ဗျာ။

အဲဒီတော့ ဟောဒီက ရွာလူကြီးတွေအားလုံးကို တောင်းပန်ချင်တာက ကျွန်တော့်ကို ကြိုးပေးသတ်ပြီးလို့ သေသွားလို့ရှိရင် မြောင်းမြမှာပဲ ကြိုးပေး၊ ပုသိမ်မှာပဲ ကြိုးပေး၊ ကျွန်တော့်ရဲ့ အလောင်းကို ဟောဒီပြင်စလူရွာက ကျွန်တော့်ရဲ့မိခင်ကြီး ဒေါ်ဒွေးလှရဲ့ မြေပုံအနီးမှာပဲ မြေမြှုပ်သင်္ဂြိုဟ်ပေးပါခင်ဗျာ။

ကျွန်တော်. ပြင်စလူရွာကို ချစ်ပါတယ်။ ပြင်စလူရွာရဲ့ သင်္ချိုင်းမှာပဲ ကျွန်တော် ခေါင်းချပါရစေ။

ကျွန်တော့်ကို ပြင်စလူရွာက သင်္ချိုင်းမြေတစ်ကွက်ပဲ ပေးသနားပါခင်ဗျာ။ ကျွန်တော်က လူဆိုးကြီးဖြစ်ခဲ့လို့ ကျွန်တော့် သင်္ချိုင်းမြေတစ်ကွက်ပေးရမှာ မငြူစူကြဖို့ တောင်းပန်ပါရစေခင်ဗျာ။

ကျွန်တော့်သင်္ချိုင်း ပြင်စလူရွာမှ ရှိနေရင် နောင်လာနောင်သား လူငယ်လေးတွေကို ကျွန်တော့်လို မမိုက်ဖို့၊ မမှားဖို့ သင်ခန်းစာ ပေးနိုင်တာပေါ့ခင်ဗျာ''

နတ်ပန်းသည် ကြေကွဲလှိုက်လှဲသော အသံကြီးနှင့် တုန်ရီစွာ ပြောလေသည်။

သူ့စကားဆုံးသောအခါ နတ်ပန်း၏ မျက်လုံးမှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလေသည်။





နတ်ပန်း၏ အဖြစ်ကို ကြည့်ပြီး ဆရာတော်ဦးဝိမလနှင့် ရွာလူကြီးများအားလုံး စိတ်မချမ်းမသာ ဖြစ်ရလေသည်။

ဆရာတော် ဦးဝိမလက ဝမ်းနည်းကြေကွဲသော လေသံနှင့်

''အိမ်း . . နတ်ပန်းရ . . . နတ်ပန်း . . နတ်ပန်းရဲ့အဖြစ်က အလွန်ကျေးဇူးသိတတ်တဲ့ လက်္ခဒီပဘုရင်တစ်ပါးလိုပါပဲ''

အဘိဓမ္မာတုတ်က . . .

''လက်္ခဒီပဘုရင်တစ်ပါးရဲ့ အဖြစ်က ဘယ်လိုပါလဲဘုရား''

ဆရာတော် ဦးဝိမလက စကားပြောရန် ဝန်လေးသွားဟန်နှင့် တုံ့ဆိုင်းသွားသည်။

ထို့နောက် . . .

ဒါယိကာများကို ရှင်းပြလိုဟန်နှင့် အာရှင်းလိုက်သည်။

ဝမ်းနည်းကြေကွဲသံ ရောစွက်နေသော လေသံဖြင့် ဆရာတော် ဦးဝိမလက လက်္ခဒီပဘုရင်တစ်ပါး၏ အကြောင်းကို ပြောပြလေသည်။

''ဒီလိုကွယ့် ရှေးတုန်းက လက်္ခဒီပလို့ခေါ်တဲ့ သီဟိုဠ်ကျွန်းမှာ ဘုရင်တစ်ပါးဟာ ကျေးကုလားတွေနဲ့ စစ်ဖြစ်ရင်း စစ်ရှုံးသွားတော့ တောထဲမှာ ပုန်းအောင်းနေရတာ ရက်ကြာလာတော့ အစာငတ်ရေငတ်နဲ့ မတ်တတ်က လဲမတတ် ဖြစ်နေတုန်း လယ်သမားလင်မယားနဲ့ သူ့သမီးတို့က အဲဒီ ရှင်ဘုရင်ကို ထမင်းကျွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လိုက်သတဲ့''

''မှန်လှပါ ဘုရား''

''ဘုရင်ကလဲ ကျေးဇူးသိတတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ့ရဲ့ အသက်သခင် ကျေးဇူးရှင် လယ်သမား လင်မယားကို ဘယ်လို ကျေးဇူးဆပ်ရမလဲလို့ စဉ်းစားရင်းက အကြံတစ်ခုရတယ်။

ဒါကြောင့် ဘုရင်က လယ်သမားသားအမိတွေကို ကျွန်ုပ်ဟာ ကျေးကုလားမင်းနဲ့ စစ်တိုက်ရာမှ စစ်ရှုံးတဲ့ ဘုရင်ဖြစ်တယ်။ ကျွန်ုပ်ရဲ့ ဦးခေါင်းကိုဖြတ်ပြီး ကျေးကုလားမင်းကို သွားဆက်ရင် သင်တို့ ဆုတော်လာဘ်တော် အများကြီးရလိမ့်မယ်လို့ ပြောတယ်''

''ဒါနဲ့ လယ်သမားမိသားစုက ဘုရင်ရဲ့ခေါင်းကို ဖြတ်ရောလား''

''ဘယ်ဖြတ်ရက်ပါ့မလဲ ဒကာတုတ်ရဲ့၊ ကိုယ့်ဘုရင် ကိုယ့်သခင်လဲဖြစ်တယ်၊ တရားမင်းမြတ်လဲ ဖြစ်တယ်၊ ကျေးဇူးလဲ သိတတ်တယ်၊ တိုင်းပြည်ကချစ်တဲ့ ဘုရင်မျိုးကို ဆုတော်လာဘ်တော်ထက် တိုင်းပြည်က ပိုချစ်တာပေါ့။ ဘယ်သတ်ရက်ပါ့မလဲ''

''အမိန့်ရှိပါဘုရား''

''တစ်လုပ်ထမင်း တလုပ်ဟင်းရဲ့ ကျေးဇူးကို တုံ့ပြန်ချင်တဲ့ ဘုရင်ကြီးဟာ သူ့ဘာသာ အမိဋ္ဌာန်ပြီး သူ့ခေါင်း အလိုလိုပြတ်သွားတော့မှ လယ်သမားမိသားစုဟာ ကျေးကုလားမင်းကို သွားဆက်တော့ ဆုလာဘ်များစွာရသတဲ့ကွယ်။ နတ်ပန်းလဲ တို့ပြင်စလူရွာ





ဆုငွေရအောင် သူ့ခေါင်း သူလာဖြတ်ပေးတာပဲကွယ့်။ အခုလို စိတ်ထားမြင့်မြတ်တာ ဘုန်းကြီးတို့ ပြင်စလူရွာသမိုင်းကို ဥဒါန်းထိုးနိုင်ပါတယ်ကွယ်။ သာဓု၊ သာဓု၊ သာဓု . . . ''

ဆရာတော် ဦးဝိမလ၏ စကားဆုံးသွားသောအခါ ရွာလူကြီးများသည် နတ်ပန်း၏ စိတ်ထားမြင့်မြတ်ပုံကို ပို၍သဘောပေါက်သွားကြသည်။

ထိုအချိန်တွင် နတ်ပန်း ရောက်လာသည် ကြားသည်နှင့် ပြင်စလူရွာသားများသည် ရွာဦးကျောင်းသို့ တဖြည်းဖြည်း စုဝေးလာကြသည်။ နတ်ပန်း၏ အစီအစဉ်ကို ကြားရသောအခါ ရွာသူရွာသားများသည် နတ်ပန်းကို လေးစားကြည်ညိုသွားကြသည်။

ထိုအချိန်တွင် ရွာခေါင်းစောမြဒင်နှင့် ရွာသူရွာသားများ ပြဿနာဖြစ်ကြသည်။

ရွာခေါင်းစောမြဒင်က နတ်ပန်းအား ချက်ချင်းပင် လပွတ္တာဂါတ်တဲသို့ သွားအပ်ရန် စီစဉ်လေသည်။

ထိုအခါ ရွာသူရွာသားများလဲ နတ်ပန်း၏ ခြေထောက်တွင် ဖြစ်ပွားနေသော ညှောင့်ရှုံးသောဒဏ်ရာကို ရွာမှ ကုသပေးပြီး ထိုရောဂါပျောက်မှ လပွတ္တာဂါတ်တဲသို့ သွားအပ်ရန် တောင်းဆိုကြလေသည်။ ရွာခေါင်းစောမြဒင်က . . .

''လုပ်လေ ကောင်းသလိုသာ ကြည့်လုပ်ကြပေါ့''

ရွာခေါင်းစောမြဒင်က လိုက်လျောရသဖြင့် ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com



များ ချက်ချင်းပင် သမ္ဗန်များဖြင့် အနာပေါက်ကုသသော ဆရာများ ရှာဖွေရန် ထွက်သွားကြသည်။

ဆရာတော် ဦးဝိမလက နတ်ပန်းကိုယ်တိုင် သူတို့အိမ်ကို ဖျက်ပြီး ဆောက်လုပ်လှူဒါန်းခဲ့သော တစ်ကျွန်းစံ ကျောင်းတော်တွင် နတ်ပန်းအား ထားလေသည်။

နတ်ပန်း စိတ်နာစဉ်အခါက ထိုကျောင်းကို ရာဇဝင်လူဆိုး ကြီးဦးသိုင်းနှင့် ရိုင်းစိုင်းစွာ အသတ်ခံရသော ဒေါ်ဒွေးလှကောင်းမှု ဟု ကမ္ပည်းထိုးခဲ့သည်။

ဆရာတော် ဦးဝိမလက ထိုကမ္ပည်းစာတန်းကို ကျောင်း အတွင်းသို့ ပြောင်းရွှေ့လိုက်ပြီး ကျောင်းကို တစ်ကျွန်းကျသွားသော ဦးသိုင်းကို ရည်မှန်း၍ တစ်ကျွန်းစံကျောင်းဟု နာမည်ပြောင်းခဲ့ခြင်း ဖြစ်သည်။

ထိုကျောင်းတွင် သားကြီးနတ်ပန်း၏ ခြေထောက် ညှောင့် နူးသော ဒဏ်ရာကို ကုသပေးရာ မကြာမီ ပျောက်ကင်းသွားလေ သည်။ ထို့နောက် တစ်ရွာလုံးလိုလို ရရာသမ္ဗန်များနှင့် နတ်ပန်း အား လပွတ္တာဂါတ်တဲသို့ သွားရောက်အပ်နှံကြလေသည်။

ရွာသူရွာသားများက မျက်နှာပြုရာဇဝတ်ဝန်ကို သတ်ခဲ့ သော နတ်ပန်းအား လက်ဖျားနှင့်မတို့ရန် လပွတ္တာဂါတ်တဲမှ ပုလိပ် များအား မေတ္တာရပ်ခံကြသည်။

နတ်ပန်းအား တက်လူသတ်မှု၊ မျက်နှာပြု ရာဇဝတ်ဝန်





မစ္စတာဝက်စ်ဖီးလ်အား သတ်မှုတို့နှင့် မြောင်းမြမြို့ စက်ရှင်မင်းကြီး ရုံးတွင် စစ်ဆေးလေသည်။

ဆုငွေ ငါးထောင်ထုတ်ထားသော နတ်ပန်းကို ဖမ်းဆီးပေး သော ပြင်စလူရွာကို အင်္ဂလိပ်အစိုးရက ဆုငွေငါးထောင် ထုတ်ပေး လေသည်။ မြောင်းမြမြို့ စက်ရှင်မင်းကြီးရုံးက နတ်ပန်းအား အမှုနှစ် ခုစလုံးတွင် သေဒဏ်နှစ်ခု ချလိုက်သည်။

အရပ်စကားအားဖြင့်ဆိုလျှင် နတ်ပန်းအား ကြိုးနှစ်ကြိုး ခံရသည်ဟု အရပ်စကားနှင့် စုတ်သပ်ကြသည်။

သူတော်ကောင်း နတ်ကောင်းမသည်ဟူသော စကားကဲ့သို့ ပင် နတ်ပန်း၏ အယူခံမှုကို တိုက်ကုတ်သို့ တင်နေစဉ်အတွင်း မြန်မာ နိုင်ငံအတွင်းသို့ ဂျပန်ဝင်လာသဖြင့် အင်္ဂလိပ်အစိုးရ ထွက်ပြေးရ လေတော့သည်။

လူ့အသက်နှစ်ချောင်း သတ်ခဲ့သော်လည်း စိတ်ရင်းကောင်း သော နတ်ပန်းသည် သူချစ်သော ပြင်စလူရွာသို့ ပြန်ခဲ့လေသည်။

နတ်ပန်းသည် ရွာဦးကျောင်းဆရာတော် ဦးဝိမလထံတွင် ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်တက်ခဲ့လေသည်။

ဆရာတော် ဦးဝိမလက ဦးဇင်းနတ်ပန်းအား သူဆောက် လုပ်လှူဒါန်းခဲ့သော တစ်ကျွန်းစံကျောင်းတွင် သီတင်းသုံးစေရာ တစ် ကျွန်းစံကိုယ်တော် ဦးဇင်းနတ်ပန်းဟု ကျော်ကြားလေသည်။

ဦးဇင်းနတ်ပန်းက ငါကလူနှစ်ယောက် သတ်ဖူးသော တစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစံနေရတာပါဟု ရွာသားများကို ပြောလေ့ရှိသည်။

ဦးဇင်းနတ်ပန်းသည် ရွာရှိကလေးသူငယ်များကို အကျင့်စာရိတ္တကောင်းစေရန်နှင့် လမ်းမမှားစေရန် ပြုပြင်ဆုံးမလေသည်။

ဂျပန်တော်လှန်ရေးနီးသောအခါ ဆရာကိုထွန်းလူ ရောက်လာပြီး ပြင်စလူ ဂျပန်တော်လှန်ရေးလုပ်ရန် စည်းရုံးပြန်သည်။ တစ်ကျွန်းစံကိုယ်တော် ဦးဇင်းနတ်ပန်းသည် ရဟန်းသိက္ခာချပြီး တော်လှန်ရေးသမား ဖြစ်ရပြန်သည်။

စစ်ကြီးပြီးချိန်တွင် တယ်ပင်ကိုင်းရွာသူကြီး ဦးထွန်းသာနှင့် ပြင်စလူရွာခေါင်း စောမြဒင်တို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားလေသည်။ ထိုအခါ တယ်ပင်ကိုင်းနှင့် ပြင်စလူရွာတို့မှ ရွာသားအားလုံးလိုလိုက နတ်ပန်းအား သူကြီးအဖြစ် တင်မြှောက်ကြတော့သည်။

ရဟန်းဘဝခွဲသာ မွေ့လျော်ချင်သော နတ်ပန်းသည် ရပ်ရွာ၏အကျိုး ရှေ့ရှု၍ နှစ်ရွာအုပ်သူကြီး ဖြစ်လာလေသည်။

သူကြီးနတ်ပန်းကား သူကြီးဘမှန်နှင့်ကား လားလားမျှမတူပါ။ ရပ်ရွာကို မိမိ၏ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်သည်။ ကျောသားရင်သား မခွဲခြားဘဲ စီရင်ဆုံးဖြတ်သည်။

ထို့ကြောင့် အသားမည်းမည်း၊ ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ဆိုးဆိုး သူကြီးဦးနတ်ပန်းအား ကြောက်ရမည့်အစား ချစ်ခင်ကြည်ညိုကြလေသည်။





ပြင်စလူရွာနှင့် တယ်ပင်ကိုင်းရွာလည်း မေတ္တာပေါင်းကူးတံတားပြန်ဆက်ကာ နှစ်ရွာတစ်ရွာ ရွှေလမ်းငွေလမ်း ဖောက်ကြလေသည်။

သူကြီး ဦးနတ်ပန်းမှာ လူပျိုကြီးဖြစ်နေသဖြင့် မိန်းမယူရန် ရွာသူရွာသားကာလသားများက တိုက်တွန်းကြလေသည်။

ရွာသူကြီးတစ်ယောက်လုံး လုပ်နေပြီး ဘုရားသွားကျောင်းတက် ကြင်ဖက်သက်နံ့မရှိသဖြင့် မတင့်တယ်ဟုဆိုကာ သူကြီးဦးနတ်ပန်းအား မိန်းမစပ်ပေးကြလေသည်။

ထိုအခါ သူကြီး ဦးနတ်ပန်းက ဟားတိုက်ရယ်မောပြီး အသံမြကြီးနှင့် . . .

''ဟေ့ . . ဟေ့ . . မလုပ်ကြနဲ့၊ မိန်းမတစ်ယောက်ကို ယူလိုက်ရင် အဲဒီမိန်းမတစ်ယောက်တည်းကိုသာ ပိုင်မှာ၊ မိန်းမ လုံးဝမယူဘဲ လူပျိုကြီးဘဝနဲ့ နေရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ မိန်းမအားလုံးနဲ့ ဆိုင်နေရတာ၊ မလုပ်ကြနဲ့''

ဟူ၏။

လူပျိုကြီး သူကြီးဦးနတ်ပန်းလက်ထက်တွင် ပြင်စလူနှင့် တယ်ပင်ကိုင်းရွာနှစ်ရွာစလုံး စည်ကားတိုးတက်လေသတည်း။

အောင်ဇင်



www.burmeseclassic.com